[ ၆၆ ] ၄၂၁။ ဣဒါနိ၊ ယခုအခါ၌။ ယသ္မာ၊ ကြောင့်။ ဧဝံ၊ ဤဆိုခဲ့ပြီးသောနည်းဖြင့်။ အဘိညာဝသေန၊ အဘိညာဉ်၏ အစွမ်းအားဖြင့်။ အဓိဂတာနိသံသာယ၊ ရအပ်ပြီးသော အာနိသင်ရှိသော။ ထိရတရာယ၊ အလွန်မြဲမြံခိုင်ခံ့သော။ သမာဓိဘာဝနာယ၊ နာနှင့်။ သမန္နာဂတေန၊ ပြည့်စုံသော။ ဘိက္ခုနာ၊ သည်။ သီလေ။ပ။ ဘာဝယန္တိ ဧတ္ထ၊ ဤပါဌ်၌။ စိတ္တသီသေန၊ စိတ်ကို ပဓာနပြုသဖြင့်။ နိဒ္ဒိဋ္ဌော၊ ပြအပ်သော။ သမာဓိ၊ ကို။ သဗ္ဗာကာရေန၊ ဖြင့်။ ဘာဝိတော၊ ပွါးစေအပ်ပြီးသည်။ ဟောတိ၊ ၏။ ပန၊ ထိုသို့ သမာဓိကိစ္စ ပြီးလတ်သော်ကား။ တဒနန္တရာ၊ (စိတ္တံ ပညဉ္စ-ဟု ဒေသနက္ကမအားဖြင့်ရင်း, ပဋိပတ္တိက္ကမအားဖြင့်ရင်း) ထိုသမာဓိ၏ အခြားမဲ့ဖြစ်သော။ ပညာ၊ ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်၏။ (ဘိက္ခုနာ-ကို ဤမှာစပ်။) စ၊ ထိုသို့ ပွါးစေသင့်သော်လည်း။ သာ၊ ထိုပညာကို။ အတိသင်္ခေပဒေသိတတ္တာ၊ ပညံ ဘာဝယံ-ဟု အလွန်အကျဉ်းအားဖြင့် ဘုရားဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ ဝါ၊ ဂါထာဝဏ္ဏနာ၌ သမာဓိ-သိလာယံ နိဃံသိတဝိပဿနာပညာသတ္ထံ-ဟု အလွန်အကျဉ်းမျှဖြင့် ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဝိညာတုံပိ၊ ဤသည်ကား ထိုပညာတည်းဟု သဘောသရုပ်အားဖြင့် သိခြင်းငှါသော်လည်း။ တာဝ န သုကရာ၊ မလွယ်တုံသေး။ ဘာဝေတုံ၊ ပွါးစေခြင်းငှါ။ န သုကရာ ပန၊ မလွယ်သည်ကား။ (ပန ကျေ) ပဂေဝ-ပဌမမေဝ၊ လက်ဦးပင်တည်း။ (နောက်မကျဟူလို။) တသ္မာ၊ ထို(သို့သိခြင်းငှါမျှ မလွယ် ပွါးစေခြင်းငှါ လွယ်သည်ဆိုရာမကျန် လက်မှန်ပဌမဖြစ်သော) ကြောင့်။ တဿာ၊ ထိုပညာ၏။ ဝိတ္ထာရဉ္စ၊ အကျယ်ကိုရင်း။ ဘာဝနာနယဉ္စ၊ ကိုရင်း။ ဒဿေတုံ၊ ငှါ။ ဣဒံ ပဉှာကမ္မံ၊ ဤပြဿနာအမှုသည်။ ဟောတိ၊ ၏။

ပညာ၊ ပညာဟူသည်။ ကာ၊ အဘယ်နည်း။ ကေနဋ္ဌေန၊ အဘယ်အနက်ဖြင့်။ ပညာ၊ ပညာဟူ၍။ ဝုစ္စတိ၊ နည်း။ အဿာ၊ ထိုပညာ၏။ လက္ခဏ။ပ။ နာနိ၊ တို့သည်။ ကာနိ၊ အဘယ်သည်တို့နည်း။ ပညာ၊ သည်။ ကတိဝိဓာ၊ အဘယ်မျှ အပြားရှိသနည်း။ ကထံ ဘာဝေတဗ္ဗာ၊ အဘယ်သို့ ပွါးစေအပ်

သနည်း။ ပညာဘာဝနာယ၊ ပညာကို ပွါးစေခြင်း၏။ အာနိသံသော၊ အာနိသင်ကား။ ကော၊၊ အဘယ်နည်း။ ဣတိ ဣဒံ၊ ကား။ ပဥှာကမ္မံ၊ မေးခြင်းအမှုတည်း၊ ဝါ၊ မေးခြင်းပယောဂတည်း။

၄၂၂။ တတြ-တသ္မိံ ပဥှာကမ္မေ၊ ၌။ ဝါ၊ တတြ-တဿ ပဥှာကမ္မဿ၊ ၏။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဝိဿဇ္ဇနံ၊ အဖြေတည်း။ ကာ ပညာတိ၊ ကာ ပညာဟူသော ပုစ္ဆာ၏။ ဝိဿဇ္ဇနံ၊ ကို။ ဝုစ္စတေ၊ ဆိုအပ်လတ္တံ့။ ပညာ၊ သည်။ ဗဟုဝိဓာ၊ ကုသိုလ်စသောအားဖြင့် များသောအပြားရှိ၏။ နာနပ္ပ-ကာရာ၊ အတ္ထဇာပိက စသောအပြား, သုတမယဉာဏ် စသောအပြားအား ဖြင့် အထူးထူးသော အပြားရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဝိဘာဝယိတုံ၊ ထင်စွာပြခြင်းငှါ။ ဝိဿဇ္ဇနံ၊ ကို။ အာရဗ္ဘမာနံ၊ အားထုတ်အပ်သည် ရှိသော်။ (တနည်း) အာရဗ္ဘမာနံ၊ အားထုတ်အပ်သော။ ဝိဿဇ္ဇနံ၊ သည်။ အဓိပ္ပေတံ၊ လိုအပ်သော။ အတ္ထဉ္စေဝ။ ဝိပဿနာဘာဝနာ, မဂ္ဂ-ဘာဝနာဟူသော အကျိုးကိုလည်း။ န သာဓေယျ၊ မပြီးစေရာ။ ဥတ္တရိ၊ အလွန်။ ဝိက္ခေပါယ စ၊ ပျံ့လွင့်ခြင်းငှါလည်း။ သံဝတ္တေယျ၊ ဖြစ်ရာ၏။ တသ္မာ၊ ထိုသို့ အပြစ်ရှုပ်မျှဖြစ်သောကြောင့်။ ဣဓ၊ ဤပညာ ဘာဝနာ အရာ၌။ အဓိပ္ပေတမေဝ၊ လိုအပ်သောအရင်းသည် ပညာကိုသာလျှင်။ သန္ဓာယ၊ ၍။ ဝဒါမ၊ ကုန်အံ့။ ကုသလစိတ္တသမ္ပယုတ္တံ၊ သော။ ဝိပဿနာ-ဉာဏံ၊ သည်။ ပညာ၊ ဤ၌လိုအပ်သော ပညာမည်၏။

၄၂၃။ ကေနဋ္ဌေန ပညာတိ၊ ကား။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိခြင်းဟူသော အနက်ကြောင့်၊ ဝါ၊ သိတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ ပညာ၊ ဟူ၍။ (ဝုစ္စတိ၊ ၏။) ဣဒံ ပဇာနနံ နာမ၊ ဤပဇာနနမည်သည်။ ကိံ၊ အဘယ်နည်း။ သဉ္ဇာနနဝိဇာနနာကာရ-ဝိသိဋ္ဌံ၊ သညာ၏ သဉ္ဇာနနာကာရ,ဝိညာဉ်၏ ဝိဇာနနာကာရတို့ထက် လွန်ကဲထူးမြတ်သော။ နာနပ္ပကာရတော၊ အထူးထူးသော အပြား အားဖြင့်။ ဇာနနံ၊ သိခြင်းသည်။ ပဇာနနံ နာမ၊ မည်၏။ ဟိ-သစ္စံ၊ ၏။ ဝါ၊ ဟိ-ပါကဋ္ဌိ ကရောမိ၊ သညာ ဝိညာဉ် ပညာတို့၏ ကွဲပြားသည်ကို ထင်ရှားပြုအံ့။ သညာဝိညာဏပညာနံ၊ တို့၏။ ဇာနနဘာဝေ၊ သိတတ် သည်၏အဖြစ်သည်။ သမာနေပိ၊ တူသော်လည်း။ သညာ၊ သည်။ နီလံ ပီတကန္တိ၊ အညို အရွှေစသည်ဟူ၍၊ ဝါ၊ အစရှိသော။ အာရမ္မဏ-

သဥ္ဇာနနမတ္တမေဝ၊ အာရုံကို အမှတ်နိမိတ်ကိုပြု၍ သိခြင်းသာမန်သည် သာလျှင်။ ဟောတိ၊ ၏။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ ဟူ၍။ လက္ခဏပဋိဝေဓံ၊ လက္ခဏာကို ထိုးထွင်း၍ သိခြင်းသို့။ ပါပေတုံ၊ ရောက်စေခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ ဝိညာဏံ၊ သည်။ နီလံ ပီတကန္တိ၊ အညို အရွှေ စသည်ဟူ၍။ အာရမ္မဏဥ္စ၊ ကိုလည်း။ ဇာနာတိ၊ ၏။ လက္ခဏပဋိဝေဓဥ္စ၊ အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာရေးကို သိခြင်းသို့လည်း။ ပါပေတိ၊ ရောက်စေ၏။ ပန၊ ကဲ့ရဲ့ဖွယ်ကို ဆိုအံ့။ ဥဿက္ကိတွာ-ဥဒယဗ္ဗယဉာဏပဒဋ္ဌာနံ-ဗါဠ္ဃယာ အာယူဟိတွာ၊ ဥဒယဗ္ဗယဉာဏ် အစဉ်ဖြင့် အားထုတ်၍။ မဂ္ဂပါတု-ဘာဝံ၊ မဂ်ထင်ရှားဖြစ်ခြင်းသို့။ ပါပေတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။ ပညာ၊ သည်။ ဝုတ္တနယဝသေန၊ ဝိညာဉ်၌ ဆိုအပ်ပြီးသောနည်းဖြင့်။ အာရမ္မ-ဏဥ္စ၊ ကိုလည်း။ ဇာနာတိ၊ ၏။ လက္ခဏပဋိဝေဓဥ္စ၊ သို့လည်း။ ပါပေတိ၊ ရောက်စေ၏။ (ပန၊ သတ္တိထူးကို ချီးကျူးဆိုအံ့။ အတ္တနော၊ ၏။ အနညသာဓာရဏေန၊ တပါးနှင့် မဆက်ဆံသော။ အာနုဘာဝေန၊ အားဖြင့်။) ဥဿက္ကိတွာ၊ ၍။ မဂ္ဂပါတုဘာဝဥ္စ၊ သို့လည်း။ ပါပေတိ၊ ၏။

ဟိ-ပါကဋ္ဌံ ကရောမိ၊ အံ့။ ဟေရညိကဖလကေ၊ ပွဲမင်း၏ ပျဉ်ချပ် ပေါ်၌။ ဌပိတံ၊ ထားအပ်သော။ ကဟာပဏရာသိံ၊ အသပြာစုကို။ ဧကော၊ သော။ အဇာတဗုဒ္ဓိဒါရကော၊ ဝေါဟာရ၌ လိမ္မာသော ဉာဏ် မရောက်သေးသော သူငယ်ငင်း။ ဧကော၊ သော။ ဂါမိကပုရိသော၊ ရွာသားလူကြီးငင်း။ ဧကော၊ သော။ ဟေရညိကော၊ ပွဲမင်းငင်း။ ဣတိ၊ သို့။ တီသု ဇနေသု၊ လူသုံးဦးတို့သည်။ [၆၇] ပဿမာနေသု၊ မြင်ကုန် လတ်သော်။ အဇာတဗုဒ္ဓိဒါရကော၊ သည်။ ကဟာပဏာနံ၊ တို့၏။ စိတ္တ-ဝိစိတ္တဒီဃစတုရဿပရိမဏ္ဍလဘာဝမတ္တမေဝ၊ နှစ်သက်ဖွယ်ရှိသည်၏အဖြစ်, ဆန်းကြယ်သည်၏အဖြစ်, ရှည်သည်၏အဖြစ်, လေးထောင့်၏အဖြစ်, ဝန်း သည်၏အဖြစ်ကိုသာလျှင်။ ဇာနာတိ၊ ၏။ ဣဒံ၊ ဤအသပြာသည်။ မနုဿာနံ၊ တို့၏။ ဥပဘောဂပရိဘောဂံ၊ အတွင်းသုံးဆောင်အပ် အပ သုံးဆောင်အပ်သော၊ ဝါ၊ အမြဲသုံးဆောင်အပ် ဆောင်၍ သုံးဆောင်အပ် သော အဝတ်ပုဆိုး လက်စွပ် ပုတီးစသော အဆောက်အဦကို ရခြင်းငှါ သင့်လျော်ထိုက်လျောက်သော။ ရတနသမ္မတံ၊ ရတနာဟု သမုတ်အပ် သော ဝတ္ထုတည်း။ ဣတိ၊ သို့။ န ဇာနာတိ၊ မသိ။ ဂါမိကပုရိသော၊

သည်။ စိတ္တဝိစိတ္တာဒိဘာဝံ၊ နှစ်သက်ဖွယ်ရှိသည် ဆန်းကြယ်သည် စသည်တို့၏ အဖြစ်ကို။ ဇာနာတိ၊ ၏။ ဣဒံ၊ ဤဝတ္ထုသည်။ မနုဿာနံ၊ တို့၏။ ပ။ ဣတိ စ၊ လည်း။ ဇာနာတိ၊ ၏။ အယံ၊ ဤအသပြာသည်။ ဆေကော-မဟာသာရော၊ များသော အနှစ်ရှိသော အသပြာတည်း။ အယံ၊ သည်။ ကုဋ္ဌော၊ စဉ်းလဲ၏၊ ဝါ၊ ကြေးနီစသည်ဖြင့်ပြီးသော အသပြာတုသာတည်း။ အယံ၊ သည်။ အဒ္ဓသာရော၊ ထက်ဝက်သာ အနှစ်ငွေသား ရှိသော အသပြာတည်း။ ဣတိအာဒိ ဣမံ ပန ဝိဘာဂံ၊ ဤသို့အစရှိသော ခွဲခြမ်းခြင်းကိုကား။ န ဇာနာတိ၊ မသိ။ ဟေရညိကော၊ သည်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ ပကာရေ၊ ထိုဆိုခဲ့ပြီးသော အပြားတို့ကို။ ဇာနာတိ၊ ၏။ ဇာနန္တော၊ သိသောပွဲမင်းသည်လည်း။ ကဟာပဏံ၊ ကို။ ဩလောကေတွာပိ၊ ၍လည်း။ ဇာနာတိ၊ ၏။ အာကောဋိတဿ၊ ခေါက်အပ်သော အသပြာ၏။ သဒ္ဒံ၊ ကို။ သုတွာပိ၊ ၍၎င်း။ ဂန္ဓံ၊ ကို။ ဃာယိတွာပိ၊ နမ်း၍၎င်း။ ရသံ၊ အရသာကို။ သာယိတွာပိ၊ လျက်၍၎င်း။ ဟတ္ထေန၊ ဖြင့်။ ဓာရယိတွာပိ၊ ချိန်ဆ၍၎င်း။ ဇာနာတိ၊ ၏။ အသုကသ္မိံ နာမ ဂါမေ ဝါ၊ ဤအမည်ရှိသော ရွာ၌၎င်း။ နိဂမေ ဝါ၊ ၌၎င်း။ နဂရေ ဝါ၊ ၌၎င်း။ ပဗ္ဗတေ ဝါ၊ ၌၎င်း။ နဒီတီရေ ဝါ၊ ဤမည်သော မြစ်ဆိပ်၌၎င်း။ ကတော၊ ပြုအပ်သော အသပြာတည်း။ ဣတိပိ၊ ဤသို့၎င်း။ အသုကာစရိယေန၊ ဤမည်သော ဆရာသည်။ ကတော၊ တည်း။ ဣတိပိ၊ ၎င်း။ ဇာနာတိ ယထာ၊ သို့။ ဧဝံ-တထာ၊ ထိုအတူ။ ဣဒံ သမ္ပဒံ၊ ဤပြည့်စုံခြင်းကို။ ဝေဒိတဗ္ဗံ၊ ၏[၁]။

ဟိ၊ ဥပမာဥပမေယျ နှိုးနှောသည်ကိုဆိုအံ့။ သညာ၊ သည်။ အဇာတ-ဗုဒ္ဓိနော၊ ဝေါဟာရကိုသိသော ပညာမရောက်သေးသော။ ဒါရကဿ၊ ၏။ ကဟာပဏဒဿနံ ဝိယ၊ အသပြာကိုမြင်ခြင်းကဲ့သို့။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) နီလာဒိဝသေန၊ ဖြင့်။ အာရမ္မဏဿ၊ ၏။ ဥပဋ္ဌာနာကာရမတ္ထ-ဂဟဏတော၊ ထင်တိုင်းသော အခြင်းအရာမျှကို ယူခြင်းကြောင့်တည်း။ ဝိညာဏံ၊ သည်။ ဂါမိကဿ၊ သော။ ပုရိသဿ၊ ၏။ ကဟာပဏဒဿနံ ဝိယ၊ သို့။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) နီလာဒိဝသေန၊ ဖြင့်။

---

၁-နှာ ၂၇၃-၌ကဲ့သို့ "ဣဒံ၊ ဤဥပမေယျကို။ ဧဝံ သမ္ပဒံ၊ ဤအတူ ပြီးခြင်းရှိသည်ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။" ဤသို့လည်းပြန်သင့်၏။ (ဆ-သံ-သော)

အာရမ္မဏာကာရဂ္ဂဟဏတော စ၊ အာရုံ၏ အခြင်းအရာကို ယူသည်၏ အဖြစ်ကြောင့်ရင်း။ ဥဒ္ဓမ္ပိ၊ ထိုထက်အလွန်လည်း။ လက္ခဏပဋိဝေဓသမ္ဘာပနတော စ၊ လက္ခဏာရေးကို သိခြင်းသို့ ရောက်စေတတ်သည်၏ အဖြစ်ကြောင့်ရင်းတည်း။ ပညာ၊ သည်။ ဟေရညိကဿ၊ ၏။ ကဟာပဏဒဿနံ ဣဝ၊ သို့။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) နီလာဒိဝသေန၊ ဖြင့်။ အာရမ္မဏာကာရံ၊ အာရုံ၏ အခြင်းအရာကို။ ဂဟေတွာ စ၊ ယူ၍ရင်း။ လက္ခဏပဋိဝေဓံ၊ လက္ခဏာရေးကို သိခြင်းသို့။ ပါပေတွာ စ၊ ရောက်စေ၍ရင်း။ တတော၊ ထိုထက်။ ဥဒ္ဓံပိ၊ အလွန်လည်း။ မဂ္ဂပါတုဘာဝပါပနတော၊ မဂ်၏ ထင်ရှားဖြစ်ခြင်းသို့ ရောက်စေခြင်းကြောင့်ရင်းတည်း။ တသ္မာ၊ ကြောင့်။ သဥ္ဉာနနဝိဇာနနာကာရဝိသိဋ္ဌံ၊ သဥ္ဉာနနဝိဇာနနအခြင်းအရာတို့ထက် လွန်ကဲထူးမြတ်သော။ နာနာပ္ပကာရတော၊ ဖြင့်။ ယံ တော် ဇာနနံ၊ အကြင်ပညာ၏ သိခြင်းသည်။ အတ္ထိ၊ ၏။ ဣဒံ၊ ဤသို့ လွန်ကဲထူးမြတ်သော အထူးထူးသော အပြားအားဖြင့် သိခြင်းကို။ ပဇာနနန္တိ၊ ပဇာနနဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဣဒံ ပဇာနနံ၊ ကို။ သန္ဓာယ၊ ၍။ ပဇာနနဋ္ဌေန ပညာတိ တော်၊ ကို။ ဝုတ္တံ၊ ပြီ။

ပန၊ ဆိုဖွယ်အထူးကို ဆိုပေအံ့။ သာ သော ပညာ၊ ထိုပညာသည်။ ယတ္ထ စိတ္တုပ္ပါဒေ၊ ၌။ သညာဝိညာဏာနိ၊ တို့သည်။ ဟောန္တိ၊ ရှိကုန်၏။ တတ္ထ စိတ္တုပ္ပါဒေ၊ ၌။ ဧကံသေန၊ စင်စစ်အားဖြင့်။ န ဟောတိ၊ ရှိသည် မဟုတ်။ ယဒါ ပန၊ အကြင်အခါ၌ကား။ ဟောတိ၊ ၏။ တဒါ၊ ၌။ တေဟိ မမ္မေဟိ၊ ထိုသညာ ဝိညာဉ်တို့နှင့်။ အဝိနိဗ္ဘုတ္တာ၊ အသီးအသီး မဝေဘန်ကောင်း၊ ဝါ၊ မကွေမကွဲ့ယှဉ်၏။ အယံ၊ ဤတရားကား။ သညာ၊ မည်၏။ ဣဒံ၊ သည်။ ဝိညာဏံ၊ တည်း။ အယံ၊ သည်။ ပညာ၊ တည်း။ ဣတိ၊ သို့။ ဝိနိဗ္ဘုဇ္ဇိတွာ၊ ခွဲခြမ်း၍။ (တေ ဓမ္မာ၊ ထိုသညာ,ဝိညာဉ်, ပညာတရားတို့သည်။) အလဗ္ဘနေယျနာနတ္တာ၊ မသိနိုင် မရနိုင်သော ထူးခြားခြင်းရှိကုန်၏။ သုခုမာ၊ သိမ်မွေ့ကုန်၏။ ဒုဒ္ဒသာ၊ မြင်နိုင်ခဲကုန်၏။ တေန၊ ထိုသို့ ခဲသောကြောင့်။ အာယသ္မာ နာဂသေနော၊ သည်။ ဒုက္ကရံ။ပ။ စိတ္တန္တိ၊ ကို။ အာဟ၊ ပြီ။

[မဟာရာဇ၊ ကြီး။ ဘဂဝတာ၊ သည်။ ဒုက္ကရံ၊ ခဲသည်ကို။ ကတံ၊ ပြုတော်မူအပ်၏။ ဣတိ၊ သို့။ ဝုတ္တော၊ သော်။ ဘန္တေ နာဂသေန၊ သိန်။

ဘဂဝတာ၊ သည်။ ကိံ၊ အဘယ်သို့သော။ ဒုက္ကရံ၊ ခဲသည်ကို။ ကတံ၊ နည်း။ ဣတိ၊ သို့။ ပုစ္ဆိ၊ ၏။ မဟာရာဇ၊ ကြီး။ ကောရမ္မဏော၊ တခုသော အာရုံ၌။ ပဝတ္တမာနာနံ၊ ကုန်သော။ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ စိတ္တ-စေတသိကာနံ၊ ကုန်သော။ ဓမ္မာနံ၊ တရားတို့တွင်။ အယံ၊ သည်။ ဖဿော၊ ဖဿမည်၏။ အယံ၊ သည်။ ဝေဒနာ၊ ၏။ အယံ၊ သည်။ သညာ၊ ၏။ အယံ၊ သည်။ စေတနာ၊ ၏။ ဣဒံ၊ သည်။ စိတ္တံ၊ ၏။ ဣတိ၊ သို့။ ယံ ဝဝတ္ထာနံ၊ အကြင် ဆုံးဖြတ်ပိုင်းခြား မှတ်သားခြင်းကို။ အက္ခာတံ၊ ဟောတော်မူအပ်၏။ တံ ဝဝတ္ထာနံ၊ ထိုဆုံးဖြတ်ခြင်းဟူသော။ ဒုက္ကရံ၊ ခဲသောအမှုကို။ ဘဂဝတာ၊ သည်။ ကတံ၊ ၏။]

[၆၈] ၄၂၄။ ပန၊ တပါး။ ကာနဿ။ပ။ ဋ္ဌော၊ ဟူသော ဤပုစ္ဆာ၌။ (ဝိဿဇ္ဇနံ၊ ကို။ ဝုစ္စတေ၊ ၏။) ပညာ၊ သည်။ ဓမ္မသဘာဝပဋိဝေဓ-လက္ခဏာ၊ (ပထဝီ ဖဿစသော ဓမ္မတို့၏ ကက္ခဠတ္တဖုသနစသော ဝိသေသလက္ခဏာ, အနိစ္စတာစသော သာမည လက္ခဏာဟူသော) တရားသဘောကို မဖောက်မပြန် အဟုတ်အမှန် ထိုးထွင်းခြင်းလက္ခဏာရှိ၏။ ဓမ္မာနံ တို့၏။ သဘာဝပ္ပဋိစ္ဆာဒကမောဟန္ဓကာရဝိဒ္ဓံသနရသာ၊ (ဝိသေသလက္ခဏာ သာမညလက္ခဏာဟူသော) သဘောကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသောမှောင်ကို ဖျက်ဆီးခြင်းကိစ္စရှိ၏။ အသမ္မောဟပစ္စုပဋ္ဌာနာ၊ ဓမ္မသဘာဝတို့၌ မတွေဝေသော အခြင်းအရာဖြင့် ယောဂီ၏ဉာဏ်အား ရှေးရှုထင်တတ်၏၊ ဝါ၊ မတွေဝေခြင်းဟူသောအကျိုးကို ဖြစ်စေတတ်၏။ ပန၊ တပါး။ သမာဟိတော၊ တည်ကြည်သော သမာဓိရှိသောသူသည်။ ယထာ-ဘူတံ၊ ဟုတ်မှန်တိုင်း။ ဇာနာတိ၊ ၏။ ပဿတိ၊ ၏။ ဣတိ၊ သို့။ ဝစန-တော၊ ဟောတော်မူသောကြောင့်။ သမာဓိ၊ သည်။ တဿာ၊ ထိုပညာ၏။ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းတည်း[၁]။

၁-ဓမ္မာနံ သကော ဘာဝေါ ဓမ္မသဘာဝေါ၊ ကက္ခဠတ္တဖုသန စသော မိမိတို့၏အသီး လက္ခဏာတည်း။ ဓမ္မာနံ သမာနော ဘာဝေါ ဓမ္မသဘာဝေါ၊ အနိစ္စတာ စသော သာမည လက္ခဏာတည်း။ ထိုနှစ်ပါးသောလက္ခဏာကို ယာထာဝ အားဖြင့် ပဋိဝိဇ္ဈနလက္ခဏာသည် ပညာဖြစ်ရကား ဓမ္မသဘာဝပဋိဝေဓလက္ခဏာပညာ-ဟူသည်။ ဃဋပဋစသည်ကို ဖုံးလွှမ်းတတ်သော ဗာဟိရအန္ဓကာရကို ဒီပါလောကစသည် ဖျောက်သကဲ့သို့ ယာဘာဝတ္တဓမ္မသဘာဝကို ဖုံးလွှမ်းတတ်သော မောဟန္ဓကာရကို ဖျောက်ခြင်းကိစ္စရှိရကား ဓမ္မာနံ။ပ။ ရသာ-ဟူသည်။

## ပညာပဘေဒကထာ

၄၂၅။ ကတိဝိဓာ ပညာတိ၊ ဟူသောပုစ္ဆာ၏။ ဝိဿဇ္ဇနံ၊ ကို။ ဝုစ္စတေ၊ ၏။ ဓမ္မသဘာဝပဋိဝေဓလက္ခဏေန၊ ထိုးထွင်းခြင်း လက္ခဏာအားဖြင့်။ တာဝ၊ စွာ။ ဧကဝိဓာ၊ တပါးအဖို့ရှိ၏။ လောကိယလောကုတ္တရဝသေန၊ လောကီပညာ, လောကုတ္တရာပညာ၏ အစွမ်းဖြင့်။ ဒုဝိဓာ၊ ၏။ သာသဝါနာသဝါဒိဝသေန စ၊ အာသဝေါ၏ အာရုံဖြစ်သောပညာ, အာသဝေါ၏ အာရုံမဟုတ်သောပညာ အစရှိသည်တို့၏ အစွမ်းဖြင့်ရင်း။ နာမရူပဝဝတ္ထာနဝသေန စ၊ နာမ်ကိုပိုင်းခြားတတ်သောပညာ, ရုပ်ကိုပိုင်းခြားတတ်သော ပညာ၏အစွမ်းဖြင့်ရင်း။ သောမနဿုပေက္ခာသဟဂတဝသေန စ၊ သောမနဿသဟဂုတ်ပညာ, ဥပေက္ခာသဟဂုတ်ပညာ၏အစွမ်းဖြင့်ရင်း။ ဒဿနဘာဝနာဘူမိဝသေန စ၊ ဒဿနဘူမိပညာ, ဘာဝနာဘူမိပညာ၏ အစွမ်းဖြင့်ရင်း။ တထာ-ဒုဝိဓာ၊ ၏။ စိန္တာသုတဘာဝနာမယဝသေန၊ စိန္တာမယပညာ, သုတမယပညာ, ဘာဝနာမယပညာ၏ အစွမ်းဖြင့်။ တိဝိဓာ၊ ၏။ ပရိတ္တမဟဂ္ဂတအပ္ပမာဏာရမ္မဏဝသေန စ၊ ကာမတရားလျှင် အာရုံရှိသောပညာ, မဟဂ္ဂုတ်တရားလျှင် အာရုံရှိသောပညာ, လောကုတ္တရာတရားလျှင် အာရုံရှိသော ပညာ၏အစွမ်းဖြင့်ရင်း။ အာယာပါယဥပါယကောသလ္လဝသေန စ၊ အစီးအပွါး၌ လိမ္မာသည်၏ အဖြစ်, အစီးအပွါးမဟုတ်သည်၌ လိမ္မာသည်၏အဖြစ်, ထိုထိုကိစ္စပြီးခြင်း၏ အကြောင်း၌ လိမ္မာသည်၏ အဖြစ်အားဖြင့်ရင်း။ အဇ္ဈတ္တာဘိနိဝေသာဒိဝသေန စ၊ အဇ္ဈတ္တသန္တာန်၌ နှလုံးသွင်းခြင်း ကျင့်ခြင်းရှိသောပညာ, ဗဟိဒ္ဓသန္တာန်၌ နှလုံးသွင်းခြင်း ကျင့်ခြင်းရှိသော ပညာ, အဇ္ဈတ္တဗဟိဒ္ဓနှစ်ပါး၌ နှလုံးသွင်းခြင်း ကျင့်ခြင်းရှိသော ပညာ၏ အစွမ်းဖြင့်ရင်း။ တထာ-တိဝိဓာ၊ ၏။ စတူသု သစ္စေသု၊ တို့၌။ ဉာဏဝသေန စ၊ သိသောဉာဏ်၏ အစွမ်းဖြင့်ရင်း။ စတုပဋိသမ္ဘိဒါဝသေန စ၊ လေးပါးသောပဋိသမ္ဘိဒါ၏ အစွမ်းဖြင့်ရင်း။ စတုဗ္ဗိဓာ၊ ၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

---

ဥပ္ပဇ္ဇမာနော ဧဝ ဟိ ပညာလောကော ဟဒယန္ဓကာရံ ဝိဓမေန္တော ဧဝ ဥပ္ပဇ္ဇတိ၊ ယထာဝုတ္တာဓမ္မသဘာဝတို့၌ အသမ္မုယှနာကာရ အားဖြင့် ယောဂီ၏ ဉာဏ်အားထင်ရကား အသမ္မောဟပစ္စုပဋ္ဌာနာ-ဟူသည်။ ကာရဏာဘူတာ ဝါ သယံ ဖလဘူတံ အသမ္မောဟံ ပစ္စုပဋ္ဌာပေတီတိ ဧဝံပိ အသမ္မောဟပစ္စုပဋ္ဌာနာ။ ဝိပဿနာပညာ၏ ဤ၌လိုအပ်သည်၏ အဖြစ်ကြောင့် သမာဓိ တဿာ ပဒဋ္ဌာနံ-ဟူသည်။ (ပြည်)

၄၂၆။ တတ္ထ၊ ထိုကောဋ္ဌာသတို့တွင်။ ကေဝိဓကောဋ္ဌာသော၊ သည်။ ဥတ္တာနတ္ထောယေဝ၊ ပေါ်သောအနက်ရှိသလျှင်ကတည်း။ ဒုဝိဓကောဋ္ဌာသော၊ ၌။ လောကိယမဂ္ဂသမ္ပယုတ္တာ၊ လောကီကုသိုလ် စိတ္တုပ္ပါဒ်တို့၌ မဂ်နှင့် ယှဉ်သောပညာသည်။ လောကိယာ၊ လောကီပညာမည်၏။ လောကုတ္တရမဂ္ဂသမ္ပယုတ္တာ၊ သည်။ လောကုတ္တရာ၊ လောကုတ္တရာ မည်၏။ ဣတိ-ဧဝံ၊ သို့။ လောကိယ။ပ။ ဝသေန၊ ဖြင့်။ ဒုဝိဓာ၊ ၏။

ဒုတိယဒုကေ၊ ၌။ အာသဝါနံ၊ တို့၏။ အာရမ္မဏဘူတာ၊ အာရုံဖြစ်၍ ဖြစ်သော ပညာသည်။ သာသဝါ၊ မည်၏။ တေသံ၊ ထို အာသဝေါတရား တို့၏။ အနာရမ္မဏာ၊ အာရုံမဟုတ်သောပညာသည်။ အနာသဝါ၊ မည် ၏။ အတ္ထတော ပန၊ သရုပ်သဘော အနက်အားဖြင့်ကား။ သော၊ ဤ သာသဝအနာသဝပညာသည်။ လောကိယလောကုတ္တရာဝ၊ လောကီပညာ, လောကုတ္တရာပညာသည်သာလျှင်။ ဟောတိ၊ ၏။ အာသဝသမ္ပယုတ္တာ သာသဝါ အာသဝဝိပ္ပယုတ္တာ အနာသဝါတိအာဒီသုပိ၊ ဤသို့ စသည်တို့၌ လည်း။ ဧသေဝ နယော၊ ဤအတ္ထတော ပနေသာ လောကိယလောကုတ္တရာဝ- ဟူသော နည်းကိုသာလျှင်။ (ဝေဒိတဗ္ဗော၊ ၏။) ဧဝံ၊ သို့။ပ။ ဒုဝိဓာ။ ၏။

တတိယဒုကေ၊ ၌။ ဝိပဿနံ၊ ကို။ အာရဘိတုကာမဿ၊ အားထုတ် လိုသော ပုဂ္ဂိုလ်၏။ စတုန္နံ အရူပက္ခန္ဓာနံ၊ လေးပါးသောနာမက္ခန္ဓာတို့ကို။ ဝဝတ္ထာပနေ၊ ပိုင်းခြားမှတ်သားခြင်း၌။ ယာ ပညာ၊ သည်။ (အတ္ထိ၊ ၏။) အယံ၊ ဤပညာသည်။ နာမဝဝတ္ထာပနပညာ၊ နာမ်ကို ပိုင်းခြား မှတ်သား ခြင်း၌ ပညာမည်၏။ ရူပက္ခန္ဓဿ၊ ကို။ ဝဝတ္ထာပနေ၊ ၌။ ယာ ပညာ၊ သည်။ (အတ္ထိ၊ ၏။) အယံ၊ သည်။ ရူပဝဝတ္ထာပနပညာ၊ မည်၏။ ဣတိ-ဧဝံ။ပ။ ဒုဝိဓာ၊ ၏။

စတုတ္ထဒုကေ၊ ၌။ ဒွီသု၊ ကုန်သော။ ကာမာဝစရကုသလစိတ္တေသု စ၊ တို့၌ရင်း။ ပဉ္စကနယေန၊ ဖြင့်။ သောဠသသု၊ ကုန်သော။ စတုက္ကဈာနိ- ကေသု၊ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်နှင့် ယှဉ်ကုန် သော။ မဂ္ဂစိတ္တေသု၊ တို့၌ရင်း။ ပညာ၊ သည်။ သောမနဿသဟဂတာ၊ ဂုတ်မည်၏။ ဒွီသု၊ ကုန်သော။ ကာမာဝစရကုသလစိတ္တေသု စ၊ တို့၌ရင်း။ စတူသု၊ ကုန်သော။ ပဉ္စမဇ္ဈာနိကေသု၊ ပဉ္စမဈာန်နှင့် ယှဉ်ကုန်သော။

မဂ္ဂစိတ္တေသု စ၊ တို့၌ရင်း။ ပညာ၊ သည်။ ဥပေက္ခာသဟဂတာ၊ မည်၏။ ဣတိ-ဝေံ။ပ။ ဒုဝိဓာ၊ ၏။

[၆၉] ပဋ္ဌမဒုကေ၊ ၌။ ပဌမမဂ္ဂပညာ၊ သောတာပတ္တိမဂ် ပညာသည်။ ဒဿနဘူမိ၊ ဒဿနဘူမိမည်၏။ အဝသေသမဂ္ဂတ္တယပညာ၊ သောတာပတ္တိမဂ်မှ ကြွင်းသော အထက်မဂ်သုံးပါး အပေါင်း၌ဖြစ်သော ပညာသည်။ ဘာဝနာဘူမိ၊ မည်၏။ ဣတိ-ဝေံ။ပ။ ဒုဝိဓာ၊ မည်၏။

၄၂၇။ တိကေသု၊ တို့တွင်။ ပဌမတ္တိကေ၊ ၌။ ပရတော၊ သူတပါးမှ။ (ဥပဒေသံ၊ ညွှန်ပြအပ်သောနည်းကို။) အသုတွာ၊ မကြားရပဲ။ ပဋိလဒ္ဓ-ပညာ၊ ရအပ်သောပညာသည်။ အတ္တနော၊ ၏။ စိန္တာဝသေန၊ ဖြင့်။ နိပ္ဖန္နတ္တာ၊ ကြောင့်။ စိန္တာမယာ၊ (သုတ-စသည်ကို ငံ့ခြင်းကင်း၍ အကြောင်းဥပါယကို ကြံစည်ခြင်းဖြင့် ပြီးသော)စိန္တာမယပညာ မည်၏။ ပရတော၊ မှ။ (ဥပဒေသံ၊ ကို။) သုတွာ၊ ၍။ ပဋိလဒ္ဓပညာ၊ သည်။ သုတဝသေန၊ ကြားနာအပ်သော ပရောပဒေသ၏ အစွမ်းဖြင့်။ နိပ္ဖန္နတ္တာ၊ ကြောင့်။ သုတမယာ၊ (ကြားနာမှတ်သားအပ်သော ပရောပဒေသဖြင့် ပြီးသော)သုတမယပညာ မည်၏။ ယထာ တထာ ဝါ၊ ဟုတ်ဟုတ်ငြားငြား ပရောပဒေသကို ကြားဘူး၍ရင်း, မကြားပဲရင်း။ ဘာဝနာဝသေန၊ မိမိအလိုလိုသာ ဘာဝနာကို အားထုတ်သည်၏အစွမ်းဖြင့်။ နိပ္ဖန္နာ၊ ပြီးသော။ အပ္ပနာပ္ပတ္တာ၊ အပ္ပနာသို့ရောက်သော။ ပညာ၊ သည်။ ဘာဝနာမယာ၊ ပညာမည်၏။ ဟိ-သစ္စံ၊ ၏။ တတ္ထ။ပ။ဘာဝနာမယာ ပညာတိ၊ ဟူသော။ ဝေံ-ဝစနံ၊ ကို။ ဝုတ္တံ၊ ပြီ။

[တတ္ထ၊ ထိုသုံးပါးတို့တွင်။ ကတမာ၊ အဘယ်ပညာသည်။ စိန္တာမယာ ပညာ၊ နည်း။ ယောဂဝိဟိတေသု၊ ပညာဖြင့်စီရင်အပ်ကုန်သော၊ ဝါ၊ ပညာဖြင့် ညှတ်စေအပ်ကုန်သော၊ ဝါ၊ သင့်သောအကြောင်းဖြင့် ပြီးစေအပ်ကုန်သော။ ကမ္မာယတနေသု ဝါ၊ အသက်မွေးခြင်း၏ အကြောင်းဖြစ်သော ကသိဝါဏိဇ္ဇစသော အမှုတို့၌ရင်း။ ယောဂဝိဟိတေသု၊ ကုန်သော။ သိပ္ပါယတနေသု ဝါ၊ အသက်မွေးခြင်း၏ အကြောင်းဖြစ်သော ဟတ္ထာ-ရောဟစသော အတတ်တို့၌ရင်း။ပ။ ဝိဇ္ဇာဌာနေသု ဝါ၊ သက်ကြည့်ဗေဒင် ဆေးဝါး မန္တန်စသော ဝိဇ္ဇာတို့၌ရင်း။ (ကောသလ္လံ ဝါ၊ တတ်သိ ကျွမ်းကျင်သော ဉာဏ်မှုလည်း ဖြစ်သော။) ကမ္မဿကတံ ဝါ၊ ဤကံသည်

သတ္တဝါတို့၏ဥစ္စာ, ဤကံသည် ဥစ္စာမဟုတ်ဟု သိသောဉာဏ်မှုလည်း ဖြစ်သော။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲသောသဘောရှိ၏။ ဣတိ ဝါ၊ ဤသို့သော အခြင်းအရာဖြင့်ရင်း။ ဝေဒနာ၊ သည်။ သညာ၊ သည်။ သင်္ခါရာ၊ တို့သည်။ ဝိညာဏံ၊ သည်။ အနိစ္စံ၊ ၏။ ဣတိ ဝါ၊ ဤသို့သော အခြင်းအရာဖြင့်ရင်း။ (ပဝတ္တံ၊ သော။) သစ္စာနုလောမိကံ ဝါ၊ သစ္စပ္ပဋိဝေဓအားလျော်သော ဝိပဿနာဉာဏ်မှုလည်း ဖြစ်သော။ ဧဝရူပိံ၊ ဤသို့သဘောရှိသော။ အနုလောမိကံ၊ အောက်၌ ဆိုအပ်ကုန်ပြီးသော ကမ္မာယတနစသည်တို့အား (မဆန့်ကျင်မြော်မြင်သဖြင့်) လျော်သော၊ ဝါ၊ သတ္တဝါတို့ အစီးအပွါးကို ကျင့်ခြင်းအားရင်း, မဂ္ဂသစ္စာအားရင်း, ပရမတ္ထသစ္စာ နိဗ္ဗာန်အားရင်း မဆန့်ကျင်သဖြင့် လျော်သော။ ခန္တိံ၊ (အလုံးစုံလည်း ဖြစ်သော ထိုဆိုအပ်ပြီးသော အကြောင်းအရာတို့ကို) မြင်ခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍ ခံသော။ ဒိဋ္ဌိံ၊ မချွတ်မြင်တတ်သော။ ရုစိံ၊ နှစ်သက်တတ်သော။ မုတိံ၊ မှန်ကန်ရမိသိတတ်သော။ ပေက္ခံ၊ သင့် မသင့်ကို နှိုင်းချင့် ရှုကြည့်တတ်သော။ ဓမ္မနိဇ္ဈာနခန္တိံ၊ (ထိုကမ္မာယတနစသော ဓမ္မတို့ကို ဤဉာဏ်ဖြင့် ရှုအပ်ကုန်သော်သာ အရှုခံ၍ ထိုကမ္မာယတနစသော ဓမ္မတို့၏)ရှုခြင်းကို ခံကြောင်းဖြစ်သော၊ ဝါ၊ ဓမ္မတို့၏ ရှုခြင်းကို ခံခြင်းရှိသော။ ယံ ပညံ၊ ယခင်ဆိုပြီးသော ပညာကို။ (ပဋိလဘတိ-၌စပ်။) ပရတော၊ မှ။ (ဥပဒေသံ၊ ကို။) အဿုတွာ၊ မကြားရပဲ။ ပဋိလဘတိ၊ မိမိအလိုလို ကြံသဖြင့် ရ၏။ အယံ၊ ဤဆရာနည်းမခံ လျောက်လျှားကြံ၍ ရအပ်သောပညာကို။ စိန္တာမယာ ပညာ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ပ။ သုတွာ၊ ကြားနာ၍။ ပဋိလဘတိ၊ ၏။ အယံ၊ ဤသူ့နည်းခံ၍ ရအပ်သောပညာကို။ သုတမယာ ပညာ၊ မည်၏ဟူ၍။ ဝုစ္စတိ၊ ၏။ သမာပန္နဿ၊ သမာပတ်နှင့်ပြည့်စုံသောသူ၏။ သဗ္ဗာပိ၊ လည်းဖြစ်သော။ ပညာ၊ သည်။ ဘာဝနာမယာ ပညာ၊ မည်၏။] ဇေံ၊ သို့။ပ။ တိဝိဓာ၊ ၏။

ဒုတိယတ္တိကေ၊ ၌။ ကာမာဝစရေ၊ ကုန်သော။ ဓမ္မေ၊ တို့ကို။ အာရဗ္ဘ၊ ၍။ ပဝတ္တာ၊ သော။ ပညာ၊ သည်။ ပရိတ္တာရမ္မဏာ၊ ပရိတ္တအာရုံရှိသော ပညာမည်၏။ပ။ သာ၊ ထို ပရိတ္တာရမ္မဏ, မဟဂ္ဂတာရမ္မဏဟု ဆိုအပ်သော ပညာသည်။ လောကိယဝိပဿနာ၊ နာမည်၏။ နိဗ္ဗာနံ၊ ကို။ အာရဗ္ဘ၊ ၍။ ပဝတ္တာ၊ ဖြစ်သောပညာသည်။ အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏာရမ္မဏ

ရှိသောပညာမည်၏။ သာ၊ ထိုအပ္ပမာဏာရမ္မဏပညာသည်။ လောကုတ္တရ-ဝိပဿနာ၊ နာပညာမည်၏။ ဣတိ ဧဝံ၊ သို့။ပ။ တိဝိဓာ၊ ၏။

တတိယတ္တိကေ၊ ၌။ ဝုစ္စိ၊ သမ္ပတ္တိတို့၏ ပွါးစီးကြောင်း တရားသည်။ အာယော နာမ၊ သမ္ပတ္တိတို့၏ လာကြောင်း ဖြစ်ကြောင်း မည်၏။ (အာယန္တိ ဧတာယ သမ္ပတ္တိယောတိ အာယော-မူ၊ ဝုစ္စိ-ရ၏။) သာ ဝုစ္စိ၊ ထိုသမ္ပတ္တိတို့၏ ပွါးကြောင်းဖြစ်ကြောင်းသည်။ အနတ္ထဟာနိတော စ၊ အနတ္ထ၏ ပျောက်ပျက်ခြင်းအားဖြင့်၎င်း။ အတ္ထုပ္ပတ္တိတော စ၊ အတ္ထ၏ ဖြစ်ခြင်းအားဖြင့်၎င်း။ ဒုဝိဓာ၊ ၏။ တတ္ထ၊ ထိုအနတ္ထ၏ ပျောက်ပျက်ခြင်း အတ္ထ၏ ဖြစ်ခြင်းလက္ခဏာရှိသော ပွါးစီးကြောင်း၌။ ကောသလ္လံ၊ လိမ္မာသောသူ၏ အဖြစ်ဟူသော ကျွမ်းကျင်သော ပညာသည်။ အာယ-ကောသလ္လံ၊ မည်၏။ ယထာဟ၊ ကား။ တတ္ထ ကတမံ။ပ။ ကောသလ္လန္တိ၊ ဟူ၍။ အာဟ၊ ၏။

[တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အာယကောသလ္လံ၊ သလ္လသည်။ ကတမံ၊ နည်း။ ဣမေ ဓမ္မေ၊ ဤတရားတို့ကို။ မနသိ ကရောတော၊ နှလုံးသွင်းသော။ မေ၊ အား။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေးသော။ အကုသလာ ဓမ္မာ စေဝ၊ အကုသိုလ်တရားတို့သည်လည်း။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဥပ္ပန္နာ၊ ဖြစ်မိပြုမိကုန်သော။ အကုသလာ ဓမ္မာ စ၊ တို့သည်လည်း။ ပဟီယန္တိ၊ ပျောက်ကုန်၏။ ဝါ ပန၊ တနည်းကား။ ဣမေ ဓမ္မေ၊ တို့ကို။ မနသိ ကရောတော၊ သော။ မေ၊ အား။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေးသော။ ကုသလာ ဓမ္မာ စေဝ၊ တို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဥပ္ပန္နာ၊ ကုန်ပြီးသော။ ကုသလာ ဓမ္မာ စ၊ တို့သည်လည်း။ ဘိယျောဘာဝါယ၊ လွန်စွာပွါးခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှါ။ ဘာဝနာယ ပါရိပူရိယာ၊ ဘာဝနာ၏ ပြည့်ခြင်းငှါ။ သံဝတ္တန္တိ၊ ကုန်၏။ တတ္ထ၊ ထိုတရားတို့၌။ ယာ ပညာ၊ အကြင်အပြားအားဖြင့် သိခြင်းသည်။ ယာ ပဇာနနာ၊ အကြင်အပြားအားဖြင့် သိသော အခြင်းအရာသည်။ပ။ ယော အမောဟော၊ အကြင်မတွေမဝေ သိသောတရားသည်။ ယော ဓမ္မဝိစယော၊ အကြင်ဓမ္မကို စိစစ်တတ်သော တရားသည်။ ယာ သမ္မာဒိဋ္ဌိ၊ အကြင်အသင့်အားဖြင့် မြင်တတ်သော တရားသည်။ အတ္ထိ၊ ၏။ ဣဒံ၊ ဤပညာကို။ အာယကောသလ္လန္တိ၊ မည်၏ဟူ၍။ ဝုစ္စတိ၊ ၏။]

[၇၀] ပန၊ ထိုမှတပါး။ အဝုစ္ဆိ၊ သမ္ပတ္တိတို့၏ မပွါးမစီး ဆုတ်ယုတ်ပျက်စီးကြောင်းသည်။ အပါယောတိ-အပါယော နာမ၊ အပါယမည်၏။ သာပိ၊ ထိုအဝုစ္ဆိသည်လည်း။ အတ္ထဟာနိတော စ၊ အတ္ထ၏ ပျောက်ပျက်ဆုတ်ယုတ်ခြင်းအားဖြင့်ရင်း။ အနတ္ထုပ္ပတ္တိတော စ၊ အနတ္ထ၏ဖြစ်ထွန်းသော အားဖြင့်ရင်း။ ဒုဝိဓော၊ ၏။ တတ္ထ၊ ထိုအတ္ထ၏ ပျောက်ပျက်ဆုတ်ယုတ်ခြင်း, အနတ္ထ၏ ဖြစ်ထွန်းစည်ပင်ခြင်း လက္ခဏာရှိသော အပါယ၌။ ကောသလ္လံ၊ လိမ္မာသည်၏ အဖြစ်သည်။ အပါယကောသလ္လံ၊ မည်၏။ ယထာဟ၊ ကား။ တတ္ထ ကတမံ။ပ။ဇ္ဇန္တိတိအာဒိ၊ ကို။ အာဟ၊ ၏။ "

ပန၊ အာယကောသလ္လ, အပါယကောသလ္လမှတပါး ဥပါယကောသလ္လကို ဆိုအံ့။ သဗ္ဗတ္ထ၊ ကုန်သော။ (နိဗ္ဗတ္တိကာရဏသု-၌စပ်။) တေသံ တေသံ ဓမ္မာနံ၊ ထိုထို ဟိတသုခဓမ္မတို့၏။ ဥပါယေသု-နိဗ္ဗတ္တိကာရဏေသု၊ ဖြစ်ခြင်း ပြီးခြင်း၏အကြောင်းတို့၌။ တံခဏပ္ပဝတ္တံ၊ ထိုခဏ၌သာလျှင်ဖြစ်သော[^1]။ ဌာနုပ္ပတ္တိကံ၊ အကြောင်းအရာအားဖြင့်သာလျှင် ဖြစ်ခြင်းရှိသော၊ ဝါ၊ လျှင်မြန်ချက်တဖြုတ်အားဖြင့်သာလျှင် ဖြစ်ခြင်းရှိသော။ ကောသလ္လံ၊ လိမ္မာသောသူ၏ အဖြစ်ဟူသောပညာသည်။ ဥပါယကောသလ္လံ နာမ၊ ဥပါယ်၌လိမ္မာသော ပညာမည်၏။ (ယထာဟ-ကားထင်ပြီ။)

[သဗ္ဗာပိ၊ သော။ တတြ၊ ထိုထိုကိစ္စဟူသမျှ၌။ ဥပါယာ၊ ပြီးကြောင်းဖြစ်သော၊ ဝါ၊ ပြီးကြောင်း၌ လိမ္မာသော။ (ကောသလ္လ-ကျေသည်။) ပညာ၊ သည်။ ဥပါယကောသလ္လံ၊ မည်၏။]

ဧဝံ၊ သို့။ အာယာ။ပ။ သေန၊ ဖြင့်။ တိဝိဓာ၊ ၏။

စတုတ္ထတ္တိကေ၊ ၌။ အတ္တနော၊ ၏။ ခန္ဓေ၊ တို့ကို၊ ဂဟေတွာ၊ (ဤသည်ကား ရုပ်တည်း၊ ရုပ်ကား ဤမျှသာတည်း၊ ဤသို့စသည်ဖြင့် သိမ်းဆည်းသည်၏ အစွမ်းဖြင့်) ယူ၍။ အာရဒ္ဓါ၊ အားထုတ်အပ်သော။ ဝိပဿနာ-ပညာ၊ သည်။ အဇ္ဈတ္တာဘိနိဝေသာ၊ အဇ္ဈတ္တ၌ နှလုံးသွင်းခြင်း ကျင့်ခြင်းရှိသော ပညာမည်၏။ ပရဿ၊ သူတပါး၏။ ခန္ဓေ ဝါ၊ တို့ကိုရင်း။ ဗာဟိရံ၊

[^1]: ၁-အစ္စာယိကရှောင်းတခင်ပြုအပ်သော ကိစ္စသည်သော်ရင်း, ဘေးဘျမ်းသည်သော်ရင်း ဖြစ်ပေါ်လတ်သော် ထိုကိစ္စ ထိုအရေး ထိုဘေးဘျမ်းကို ကုစားခြင်း၌ ထိုကိစ္စအရေး ဘေးရောက်သောခဏပင် ရှောင်းတခင် ဖြစ်သည်ဟူလို။ (ပြည်)

ဗာဟိရဖြစ်သော။ အနိန္ဒြိယဗဒ္ဓရူပံ ဝါ၊ အနိန္ဒြိယဗဒ္ဓရုပ်ကိုငင်း။ ဂဟေတွာ၊ သိမ်းဆည်း၍။ အာရဗ္ဘ၊ သော။ (ဝိပဿနာပညာ၊ သည်။) ဗဟိဒ္ဓါ-ဘိနိဝေသာ၊ ဗဟိဒ္ဓသန္တာန်၌ နှလုံးသွင်းသော ပညာမည်၏။ ဥဘယံ၊ အဇ္ဈတ္တဗဟိဒ္ဓနှစ်ပါးကို။ ဂဟေတွာ၊ အနုပုဗ္ဗအားဖြင့် သိမ်းဆည်း၍၊ ဝါ၊ "ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓဓမ္မံ" ဟု တချက်တလက်တည်းဖြင့် သာလျှင် အလုံးစုံလည်းဖြစ်သော ပဉ္စက္ခန္ဓာတို့ကို မဝေဖန်သောအားဖြင့် သိမ်းဆည်း၍။ အာရဗ္ဘ၊ သော။ပ။ အဇ္ဈတ္တဗဟိဒ္ဓါဘိနိဝေသာ၊ အဇ္ဈတ္တဗဟိဒ္ဓ၌ နှလုံးသွင်းသော ပညာမည်၏။ ဣတိ ဧဝံ။ပ။ တိဝိဓာ၊ ၏။

၄၂၀။ စတုက္ကေသု၊ တို့တွင်။ ပဌမစတုက္ကေ၊ ၌။ ဒုက္ခသစ္စံ၊ ကို။ အာရဗ္ဘ၊ ၍။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဒုက္ခေ ဉာဏံ၊ ဒုက္ခသစ္စာ၌ သိသောဉာဏ်မည်၏။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်း သမုဒယသစ္စာကို။ အာရဗ္ဘ၊ ၍။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဒုက္ခသမုဒယေ ဉာဏံ၊ မည်၏။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို။ပ။ ဒုက္ခနိရောဓဂါမိနိံ ပဋိ-ပဒံ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂသစ္စာကို။ပ။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ၌။ ဉာဏံ၊ သိသောဉာဏ်မည်၏။ပ။

ဒုတိယစတုက္ကေ၊ ၌။ အတ္ထာဒီသု၊ အတ္ထဓမ္မနိရုတ္တိပဋိဘာနတို့၌။ ပဘေဒ-ဂတာနိ၊ အထူးအပြားသို့ရောက်ကုန်သော၊ ဝါ၊ အထူးအပြားကို သိကုန်သော။ စတ္တာရိ၊ ကုန်သော။ ဉာဏာနိ၊ တို့သည်။ စတဿော၊ ကုန်သော။ ပဋိသမ္ဘိဒါ နာမ၊ မည်ကုန်၏။ ဟိ-သစ္စံ၊ ၏။ အတ္ထေ။ပ။ ပဋိသမ္ဘိဒါတိ၊ ဟူသော။ ဧတံ၊ ကို။ ဝုတ္တံ၊ ၏။

[အတ္ထေ၊ ဝိပါက်ကြိယာ နိဗ္ဗာန် ပစ္စယုပ္ပန် ဘာသိတတ္ထဟု ဆိုအပ်သော အကျိုးငါးပါး၌။ (ပဝတ္တံ၊ ဖြစ်သော။ (တနည်း) ပဘေဒဂတံ၊ အန-ဝသေသအားဖြင့် အတ္ထ အထူးအပြားကိုသိသော။) ဉာဏံ၊ သည်။ အတ္ထ-ပဋိသမ္ဘိဒါ၊ မည်၏။ ဓမ္မေ၊ ကုသိုလ်, အကုသိုလ်, မဂ်လေးတန်ဘာသိတ-ပစ္စယဟု ဆိုအပ်သော အကြောင်းငါးပါး၌။ (ပဝတ္တံ၊ သော။ ဝါ၊ ပဘေဒဂတံ၊ သော။) ဉာဏံ၊ သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ တတြ-တသ္မိံ အတ္ထေ၊ ထိုအကျိုးငါးပါး၌ငင်း။ တတြ-တသ္မိံ ဓမ္မေ၊ ထိုအကြောင်းငါးပါး၌ငင်း။ (တတြ-ဖြင့် အတ္ထေ ဓမ္မေ-ကိုစွဲသည်ဟု သိသာအောင်ဖွင့်သည်။)

ဓမ္မနိရုတ္တာဘိလာပေ၊ မဖောက်မပြန်သော သဘာဝ နိရုတ္တိကိုရွတ်ခြင်း ကြောင့်၊ ဝါ၊ ရွတ်ခြင်းသည်။ သတိ၊ သော်၊ ဝါ၊ ရွတ်ဆိုအပ်သော သဘာဝနိရုတ္တိ၌[၁]။ (ပဘေဒဂတံ၊ အနဝသေသအားဖြင့် နိရုတ္တိ အထူး အပြားကိုသိသော[၂]။) ဉာဏံ၊ သည်။ နိရုတ္တိပဋိသမ္ဘိဒါ၊ မည်၏။ ဉာဏေသု၊ အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တို့၌။ပ။ ပဋိဘာန-ပဋိသမ္ဘိဒါ၊ မည်၏။]

တတ္ထ၊ ထိုပါဠိ၌၊ ဝါ၊ ထိုအတ္ထဓမ္မစသည် တို့တွင်။ အတ္ထောတိ ဧတံ၊ အတ္ထောဟူသော ဤအမည်သည်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ဟေတုဖလဿ၊ အကြောင်း၏ အကျိုး၏။ အဓိဝစနံ၊ အမည်တည်း။ ဟိ-သစ္စံ၊ ၏။ ဟေတုဖလံ၊ အကြောင်း၏ အကျိုးကို။ ယသ္မာ၊ ကြောင့်။ ဟေတုအနုသာရေန၊ အကြောင်းသုံးပါးကို အစဉ်လျှောက်သဖြင့်၊ ဝါ၊ အကြောင်းသုံးပါးကို အစဉ်လျှောက်သော ဉာဏ်ဖြင့်။ အရိယတိ အဓိဂမိ-ယတိ၊ ရအပ် သိအပ်၏။ အရိယတိ သမ္ပာပုဏိယတိ၊ ရောက်အပ်၏။ တသ္မာ၊ ကြောင့်။ အတ္ထောတိ၊ အတ္ထဟူ၍။ ဝုစ္စတိ၊ ၏။ (နိဗ္ဗတ္တကအကြောင်း, ဉာပကအကြောင်း, သမ္ပာပကအကြောင်းကို အကြောင်းသုံးပါးယူ။) ပန၊ သင်္ခေပမှတပါး။ ပဘေဒတော၊ အစိတ်အပြား ခွဲဝေသောအားဖြင့်။ ယံ ကိဉ္စိ၊ အမှတ်မရှိသော။ ပစ္စယသမ္ဘူတံ၊ ပစ္စည်းတရားကြောင့် ဖြစ်သော ပစ္စယုပ္ပန်တရားငှင်း။ နိဗ္ဗာနံ၊ ငှင်း။ ဘာသိတတ္ထော၊ ဘာသိတ ဟူသော သဒ္ဒါ၏အနက် ဝါစ္စငှင်း။ ဝိပါကော၊ ဝိပါက်ငှင်း။ ကြိယာ၊ ငှင်း။ ဣတိ ဣမိနာ ဘေဒေန၊ ဖြင့်။ ပဉ္စ၊ ကုန်သော။ ဣမေ ဓမ္မာ၊ ဤအကျိုး တရားတို့ကို။ အတ္ထောတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ ၏။ တံ အတ္ထံ၊ ထိုငါးပါး သော အကျိုးကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော ပုဂ္ဂိုလ်အား။ တသ္မိံ အတ္ထေ၊ ထိုအကျိုးငါးပါး၌။ ပဘေဒဂတံ၊ စိတ်ဖြာဝေဖန် ခွဲခြမ်းလျက် ထိုးထွင်းသိမြင်၍ဖြစ်သော။ ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏[၃]။

---

၁-သဘာဝနိရုတ္တိကို ရွတ်ဆိုခြင်းဟူသော်လည်း ရွတ်ဆိုအပ်သော သဘာဝနိရုတ္တိကို သိအပ်သတည်း။ ပိဋကတ္တယံ ပါဠောတိ ပိဋကပါဠော-ဟူသကဲ့ သို့တည်း။ ထို့ကြောင့် တဿ ဘာသနေ ဥဒီရဏေ ဘာသိတံ လပိတံ ဥဒီရိတံ သုတ္တာ စသည်ကို ဆိုလတ့်။ (ပြည်)

၂-ပဘေဒဂမနန္တေ့တ္ထ အနဝသေသတော နိရုတ္တိဝိဘာဂဇာနနံ၊ တဿ သေသေသု။ အနုဋီ ၂၊ ၁၉၃ (ပြည်)။

၃-ဘိန္ဒန္တံ ပဋိဝိဇ္ဈန္တမေဝ ဥပ္ပဇ္ဇတီတိ စ ပဘေဒဂတံပိ ဟောတိ၊ မူလဋီ ၂၊ ၁၉၂။ (ပြည်)

ဓမ္မောတိ ဧတံပိ၊ ဓမ္မဟူသော ဤအမည်သည်လည်း။ သင်္ခေပတော၊ အကျဉ်းစုချုံး တလုံးတည်းအားဖြင့်။ ပစ္စယဿ၊ ပစ္စည်း၏။ အဓိဝစနံ၊ တည်း။ ဟိ-သစ္စံ၊ ၏။ ပစ္စယော၊ ကို။ တံ တံ၊ အကျိုးထိုထိုကို။ ယသ္မာ၊ ကြောင့်။ ဒဟတိ ဝိဒဟတိ၊ စီရင်ထုံးမိတ်တတ်၏။ ပဝတ္တေတိ ဝါ၊ ဖြစ်မှုလည်း ဖြစ်စေတတ်၏။ သမ္ပာပုဏိတုံ ဝါ၊ ရောက်ခြင်းငှါမူလည်း။ ဒေတိ၊ ပေးတတ်၏။ တသ္မာ၊ ကြောင့်။ ဓမ္မောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ [၇၁] ပန၊ သင်္ခေပမှတပါး။ ပဘေဒတော၊ အစိတ်အပြား ခွဲဝေသောအားဖြင့်။ ယော ကောစိ၊ အမှတ်မရှိသော။ ဖလနိဗ္ဗတ္တကော၊ အကျိုးကိုဖြစ်စေတတ်သော။ ဟေတု၊ အကြောင်းတရားငှင်း။ အရိယမဂ္ဂေါ၊ အရိယမဂ်ငှင်း။ ဘာသိတံ၊ ပါဠိသဒ္ဒါငှင်း။ ကုသလံ၊ ကုသိုလ်ငှင်း။ အကုသလံ၊ ငှင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဖြင့်။ ပဉ္စ၊ ကုန်သော။ ဣမေ ဓမ္မာ၊ ဤအကြောင်းတရားတို့ကို။ ဓမ္မောတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။ တံ ဓမ္မံ၊ ထိုအကြောင်းငါးပါးကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော ပုဂ္ဂိုလ်အား။ တသ္မိံ ဓမ္မေ၊ ထိုအကြောင်းငါးပါး၌။ ပဘေဒဂတံ၊ စိတ်ဖြာဝေဖန် ခွဲခြမ်းလျက် ထိုးထွင်းသိမြင်၍ဖြစ်သော။ ဉာဏံ၊ သည်။ ဓမ္မပဋိ-သမ္ဘိဒါ၊ မည်၏။ ဟိ-ယုတ္တံ၊ သင့်၏။ အယမေဝ အတ္ထော၊ ငါဆိုအပ်ပြီးသော ဤအနက်ကိုပင်လျှင်။ အဘိဓမ္မေ၊ ၌။ (ဝိဘဇိတွာ ဒေသိတော-တိ သမ္ဗန္ဓော။) ဒုက္ခေ ဉာဏံ။ပ။ အတ္ထပဋိသမ္ဘိဒါတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဝိဘဇိတွာ၊ ၍။ ဒေသိတော၊ ပြတော်မူလေပြီ။

[ဒုက္ခေ၊ ဒုက္ခသစ္စာဟူသော အကျိုး၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။ ဒုက္ခသမုဒယေ၊ ဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော သမုဒယသစ္စာ၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ ဒုက္ခနိရောဓေ၊ ၌။ ပ။ ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။ ဒုက္ခနိရောဓဂါမိနိယာ၊ သော။ ပဋိပဒါယ၊ ၌။ ပ။ ဉာဏံ၊ သည်။ ဓမ္မ-ပဋိသမ္ဘိဒါ၊ မည်၏။ ဟေတုမှိ၊ ၌။ ပ။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ ဟေတု-ဖလေ၊ ၌။ ပ။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ ဇာတာ၊ ဖြစ်ကုန်၏။ ဘူတာ၊ သဘောသို့ ရောက်ကုန်၏။ သဉ္ဇာတာ၊ အကြောင်းညီညွတ်သဖြင့် ဖြစ်ကုန်၏။ နိဗ္ဗတ္တာ၊ ဥပါဒ်ခဏသို့ ရောက်ကုန်၏။ အဘိနိဗ္ဗတ္တာ၊ အထူးအားဖြင့် ဥပါဒ်ခဏသို့ ရောက်ကုန်၏။ ပါတုဘူတာ၊ သဘောသို့ ရောက်သောအားဖြင့် ထင်စွာဖြစ်ကုန်၏။ ဣမေ-

သု ဓမ္မေသု၊ ဤအကျိုးတရားတို့၌။ (ပဝတ္တံ၊ သော။) ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။ ယမှာ ဓမ္မာ၊ အကြင်အကြောင်းတရားကြောင့်၊ ဝါ၊ မှ။ တေ ဓမ္မာ၊ ထိုအကျိုးတရားတို့သည်။ ဇာတာ၊ ကုန်၏။ ဘူတာ၊ ကုန်၏။ သဥ္ဇာတာ၊ ကုန်၏။ နိဗ္ဗတ္တာ၊ ကုန်၏။ အဘိနိဗ္ဗတ္တာ၊ ကုန်၏။ ပါတုဘူတာ၊ ကုန်၏။ တေသု ဓမ္မေသု၊ ထိုအကြောင်းတရားတို့၌။ ပ။ ဉာဏံ၊ သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ ဇရာမရဏေ၊ ၌။ ပ။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။ ဇရာမရဏသမုဒယေ၊ ၌။ ပ။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ ပ။ သင်္ခါရနိရောဓေ၊ ပုညာဘိသင်္ခါရစသည်တို့၏ ချုပ်ရာနိဗ္ဗာန်၌။ ပ။ ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။ သင်္ခါရနိရောဓဂါမိနိယာ၊ ပုညာဘိသင်္ခါရတို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ ပဋိပဒါယ၊ အကျင့်ဖြစ်သော မဂ်၌။ ပ။ ဉာဏံ၊ သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ ဓမ္မံ၊ ပါဠိဓမ္မကို။ ဇာနာတိ၊ သိ၏။ သုတ္တံ၊ သုတ်အင်္ဂါကို။ ဂေယျံ၊ ကို။ ပ။ ဝေဒလ္လံ၊ ကို။ ဇာနာတိ၊ ၏။ အယံ၊ ဤပါဠိဓမ္မကို သိသောဉာဏ်ကို။ ဓမ္မပဋိသမ္ဘိဒါ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ သော ဘိက္ခု၊ သည်။ တဿ တဿေဝ ဘာသိတဿ၊ ထိုထို သုတ္တဂေယျစသော ပါဠိဓမ္မ၏သာလျှင်။ အတ္ထံ၊ ကို။ ဇာနာတိ၊ ၏။ (ကိံ ဇာနာတိ၊ နည်း။) အယံ၊ ဤအနက်သည်။ ဣမဿ ဘာသိတဿ၊ ဤပါဠိ၏။ အတ္ထော၊ တည်း။ အယံ၊ သည်။ ဣမဿ ဘာသိတဿ၊ ၏။ အတ္ထော၊ တည်း။ ဣတိ၊ သို့။ ဇာနာတိ၊ ၏။ အယံ၊ ပါဠိ၏အနက်ကို သိသော ဤဉာဏ်ကို။ အတ္ထပဋိသမ္ဘိဒါ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့သည်။ ကုသလာ၊ မည်ကုန်သနည်း။ ယသ္မိံ သမယေ၊ အကြင် စတုစက္ကသမ္ပတ္တိခဏ၌။ ကာမာဝစရံ၊ ကာမဘုံ၌ များသောအား ဖြင့် ကျင်လည်တတ်သော။ ကုသလံ၊ ဖြစ်သော။ စိတ္တံ၊ သည်။ ဥပ္ပန္နံ၊ ခဏတ္တယသို့ ရောက်သည်။ ဟောတိ၊ ထင်ရှား၏။ ပ။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။ ဣမေသု ဓမ္မေသု၊ ဤကုသိုလ်တရားတို့၌။ ပ။ ဉာဏံ၊ သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ တေသံ၊ ထိုကုသိုလ်တရားတို့၏။ ဝိပါကေ၊ ဝိပါက်၌။ ပ။ ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။]

တတြ၊ ဓမ္မနိရုတ္တာဘိလာပေ ဉာဏန္တိ၊ ကား။ တသ္မိံ အတ္ထေ စ၊ ထို ငါးပါးသော အကျိုး၌ရင်း။ တသ္မိံ ဓမ္မေ စ၊ ထိုငါးပါးသော အကြောင်း

ဍ္ဍ်ရင်း။ ယာ သဘာဝနိရုတ္တိ၊ အကြောင်းမဖောက်မပြန်သော မာဂဓဘာသာ သဘာဝနိရုတ္တိသည်။ ယော အဗျဘိစာရိဝေါဟာရော၊ ထိုထိုအနက်ကို သိစေခြင်း၌ အစဉ်အမြဲ စပ်ခြင်းရှိသော အကြောင်း သဒ္ဒဝေါဟာရသည်၊ ဝါ၊ ခပ်သိမ်းသော အရပ်၌ရင်း, ခပ်သိမ်းသော အခါ၌ရင်း, ခပ်သိမ်းသော အခြင်းအရာဖြင့်ရင်း ပျက်စီးခြင်းမရှိသော အကြောင်းသဒ္ဒဝေါဟာရသည်၊ ဝါ၊ အကြောင်းကိန်းသေဟောသော ဝေါဟာရသည်။ (အတ္ထိ၊ ၏။) တဒဘိလာပေ၊ ထိုသဘာဝနိရုတ္တိဟု မှတ်အပ်သော သဒ္ဒဝေါဟာရကို ရွတ်ဆိုခြင်းကြောင့်၊ ဝါ၊ ခြင်းသည်။ (သတိ၊ သော်။) ဝါ၊ ခြင်း၌။ တဿ၊ ထို သဘာဝနိရုတ္တိဟု မှတ်အပ်သော သဒ္ဒဝေါဟာရကို။ ဘာသနေ၊ ရွတ်ဆို ခြင်းကြောင့်၊ ဝါ၊ ရွတ်ဆိုခြင်းသည်။ သတိ၊ သော်၊ ဝါ၊ ရွတ်ဆိုခြင်း၌[၁]။

---

၁-သဘာဝနိရုတ္တိကို ရွတ်ဆိုခြင်း၌-ဟူသော်လည်း ရွတ်ဆိုအပ်သော ဝိညတ္တိဝိကာရ သဟိတခဏိကပရမတ္ထသဒ္ဒါကို အရကောက်ယူ။ ထို့ကြောင့် ဘာသိတံ လပိတံ ဥဒီရိတံ သုတွာ ဟူသည်၊ ပရမတ္ထမှလွတ်သော နာမပညတ္တိကို ကေစိတို့ကြိုက်သည်ဟု လိုက်၍မယူလင့်၊ ဒေါသ မလွတ် ဖြစ်သည်။ ထိုသို့ အပြစ်အတိ ကြုံးနှယ်ငြိသောကြောင့် တဿာ အဘိလာပေတိ တဿာ နိရုတ္တိယာ အဝစနဘူတာယ ပညတ္တိယာ အဘိလာပေတိ ကေစိ ဝဏ္ဏယန္တိ၊ ဧဝံ သတိ ပညတ္တိ အဘိလပိတဗ္ဗာ၊ န ဝစနန္တိ အာပဇ္ဇတိ၊ န စ ဝစနတော အညံ အဘိလပိတဗ္ဗံ ဥစ္စာ-ရေတဗ္ဗံ အတ္ထိ။ အထာပိ ဖဿာဒိဝစနေဟိ ဗောဓေတဗ္ဗံ အဘိလပိတဗ္ဗံ သိယာ၊ဧဝံ သတိ အတ္ထ-ဓမ္မဝဇ္ဇံ တေဟိ ဗောဓေတဗ္ဗံ န ဝိဇ္ဇတီတိ တေသံ နိရုတ္တိဘာဝေါ အာပဇ္ဇတိ။ ဖဿောတိ စ သဘာဝနိရုတ္တိ၊ ဖဿံ ဖဿာတိ န သဘာဝနိရုတ္တီတိ ဒဿိတောဝါယမတ္ထော။ န စ အဝစနံ ဓေံပကာရံ အတ္ထိ။ တသ္မာ ဝစနဘူတာယ ဧဝ တဿာ သဘာဝနိရုတ္တိယာ အဘိလာပေ ဥစ္စာရဏေတိ အတ္ထော ဒဋ္ဌဗ္ဗော-ဟု ကေစိဝါဒ၌ အပြစ်ကိုပြ၍ သကဝါဒ၌ တည်စေလို၍ (မူလဋီ ၂-၁၉၁ ၌) ဆိုပေသည်။ ။တဿာ အဘိလာပေတိ၊ ပေ-ဟူသောပုဒ်၏။ အဝစနဘူတာယ၊ ပရမတ္ထသဒ္ဒါမဟုတ်သည် ဖြစ်၍ဖြစ်သော။ ပညတ္တိယာ၊ နာမပညတ်ဟု ဆိုအပ်သော။ တဿာ နိရုတ္တိယာ၊ ထိုနိရုတ္တိကို။ အဘိလာပေ၊ ရွတ်ခြင်း၌။ ဣတိ အတ္ထံ၊ ကို။ ကေစိ၊ တို့သည်။ ဝဏ္ဏယန္တိ၊ ကုန်၏။ ဧဝံ၊ ဤသို့ နိရုတ္တိ၏ ပညတ်သဘောရှိသည်၏ အဖြစ် သည်။ သတိ၊ သော်။ ပညတ္တိ၊ သည်။ အဘိလပိတဗ္ဗာ၊ ရွတ်အပ်ကောင်းသည်။ ဟောတိ၊ ၏။ ဝစနံ၊ သဒ္ဒါသည်။ အဘိလပိတဗ္ဗံ၊ သည်။ န ဟောတိ၊ မဖြစ်။ ဣတိ အယံ ဒေါသော၊ ဤသို့သောအပြစ်သည်။ အာပဇ္ဇတိ၊ ဖြစ်ခဲ့ရာ၏။ စ၊ ဆက်၍ဆိုအံ့။ ဝစနတော၊ သဒ္ဒါမှ၊ အညံ၊ သော။ အဘိလပိတဗ္ဗံ-ဥစ္စာရေတဗ္ဗံ၊ ရွတ်အပ်ကောင်းသော အနက်သဘောမည်သည်။ န အတ္ထိ၊ မရှိ။ ဖဿာဒိဝစနေဟိ၊ ဖဿအစရှိသော ပရမတ္ထသဒ္ဒါတို့ဖြင့်။ ဗောဓေတဗ္ဗံ၊ သိစေအပ် သည်ဖြစ်၍၊ ဝါ၊ သိစေအပ်သော အနက်သဘောသည်။ အဘိလပိတဗ္ဗံ၊ ရွတ်အပ် ကောင်း သော အနက်သဘောမည်သည်။ အထာပိ သိယာ၊ အကယ်၍လည်း ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ ဖဿအစရှိသော ပရမတ္ထသဒ္ဒါဖြင့် သိစေအပ်သော အနက်သဘော၏ ရွတ်အပ်ကောင်း သည်၏ အဖြစ်သည်။ သတိ၊ သော်။ အတ္ထဓမ္မဝဇ္ဇံ၊ အတ္ထငါးပါး ဓမ္မငါးပါးသည် ကြဉ်အပ်

ဘာသိတံ၊ ဟောအပ်သော။ လပိတံ၊ ပြောအပ်သော။ ဥဒီရိတံ၊ ရွတ်ဆိုအပ်သော။ တံ သဘာဝနိရုတ္တိံ၊ ထိုမဖောက်မပြန်သော သဘာဝနိရုတ္တိဝိညတ္တိဝိကာရသဟိတပရမတ္ထသဒ္ဒါကို။ သုတွာ၊ ကြားတည့်လျှင်ပင်။ အယံ၊ ဤသဒ္ဒါသည်။ သဘာဝနိရုတ္တိ၊ တ္တိတည်း။ပ။ ဣတိ ဧဝံ၊ ဤသို့သော အခြင်းအရာဖြင့်။ (ပဘေဒဂတံ-၌ စပ်။) မာဂဓိကာယ၊ မဂဓတိုင်း၌ထင်သော[၁]။ သဗ္ဗသတ္တာနံ၊ တို့၏။ မူလဘာသာယ၊ အမြစ်အရင်းဘာသာဖြစ်သော။ ဓမ္မနိရုတ္တိသညိတာယ၊ ဓမ္မနိရုတ္တိဟု မှတ်အပ်သော။ တဿာ သဘာဝနိရုတ္တိယာ၊ ၌၊ ဝါ၊ ၏။ ပဘေဒဂတံ၊ အထူးအပြားကိုသိသော၊ ဝါ၊ အထူးအပြားကို စိတ်ဖြာဝေဖန် ခွဲခြမ်းလျက် ထိုးထွင်းသိမြင်သော။ ဉာဏံ၊ သည်။ နိရုတ္တိပဋိသမ္ဘိဒါ၊ မည်၏။ ဟိ၊ ထင်ရှားဆိုအံ့။ ဝါ၊ ဟိ-သစ္စံ၊ မှန်၏။ နိရုတ္တိပဋိသမ္ဘိဒါပ္ပတ္တော၊ နိရုတ္တိပဋိသမ္ဘိဒါသို့ရောက်သော ပုဂ္ဂိုလ်သည်။ ဖဿော ဝေဒနာတိ ဧဝမာဒိဝစနံ၊ ဖဿော

---

သော။ တေဟိ၊ ထိုဖဿအစရှိသော ပရမတ္ထသဒ္ဒါတို့ဖြင့်။ ဗောဓေတဗ္ဗံ၊ သိစေအပ်သော အနက်သဘောမည်သည်။ န ဝိဇ္ဇတိ၊ မရှိ။ ဣတိ-တသ္မာ၊ ကြောင့်။ တေသံ၊ ထို အတ္ထငါးပါးဓမ္မငါးပါးတို့၏။ နိရုတ္တိဘာဝေါ၊ နိရုတ္တိမည်သည်၏ အဖြစ်သည်။ အာပဇ္ဇတိ၊ ဖြစ်ရာ၏။ စ၊ ဆက်၍ဆိုအံ့။ ဖဿောတိ၊ ဖဿော-ဟူသော သဒ္ဒါသည်။ သဘာဝနိရုတ္တိ၊ နိရုတ္တိတည်း။ ဖဿံ ဖဿာတိ၊ ဟူသောသဒ္ဒါသည်။ န သဘာဝနိရုတ္တိ၊ သဘာဝနိရုတ္တိမဟုတ်။ ဣတိ၊ သို့။ အယံ အတ္ထော၊ ကို။ အာစရိယေန၊ သည်။ ဒဿိတော၀၊ ပြအပ်ပြီးသည်သာတည်း။ အဝစနံ၊ ရွတ်ဆိုအပ်သော ဝစနသဘောမှကင်းသော အနက်သဘောသည်။ ဧဝံပကာရံ၊ ဤသို့မြဲသော လိင်ရှိသည်ဖြစ်၍ အနက်အထူးကို ထွန်းပြခြင်းဟူသော အခြင်းအရာရှိသည်။ န စ အတ္ထိ၊ ရှိလည်းမရှိ။ တသ္မာ၊ ထိုသို့ နာမပညတ်သည် နိရုတ္တိ မည်သည် ဖြစ်အံ့ နာမပညတ် ရွတ်အပ်ကောင်းသည်၏ အဖြစ်တည်းဟူသော အပြစ်၏ရောက်ခြင်း, ဖဿအစရှိသော ပရမတ္ထသဒ္ဒါတို့ဖြင့် သိစေအပ်သော အနက်သဘော၏ ရွတ်အပ်ကောင်းသည်၏ အဖြစ်၏ ဖြစ်သင့်သည်ရှိသော် အတ္ထဓမ္မတို့၏လည်း နိရုတ္တိမည်သည်၏ အဖြစ်တည်းဟူသော အပြစ်၏ရောက်ခြင်း, ရွတ်ဆိုအပ်သော ဝစနသဘောမှ ကင်းသော အနက်သဘော၏ မြဲသော လိင်ရှိသည်ဖြစ်၍ အနက်အထူးကို ထွန်းပြခြင်းဟူသော အခြင်းအရာ မရှိခြင်းကြောင့်။ ဝစနဘူတာယ ဧဝ၊ ရွတ်အပ်သော ပရမတ္ထသဒ္ဒါဖြစ်၍သာလျှင် ဖြစ်သော။ တဿာ သဘာဝနိရုတ္တိယာ၊ ထိုမဖောက်မပြန်သော သဘာဝနိရုတ္တိဟု ဆိုအပ်သော ပရမတ္ထဉာဏ်ကသဒ္ဒါကို။ အဘိလာပေ-ဥစ္စာရဏေ၊ ရွတ်ခြင်းကြောင့်၊ ဝါ၊ ရွတ်ခြင်းသည်။ သတိ၊သော်၊ ဝါ၊ ရွတ်ခြင်း၌။ ဣတိ အယံ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဋီကာနက်။ (ပြည်)

၁-ကမ္ဘာဦးသူတို့ တပြားတည်း သုံးဆောင်ပြောသော်လည်း အခြားအရပ်မှာကွယ်၍ မဂဓတိုင်းဝယ် သာအဖ်တင်သည်ဟူလို။ ထို့ကြောင့် သဗ္ဗသတ္တာနံ-စသည်ကိုမိန့်သော်။ (ပြည်)

ဝေဒနာ ဤသို့စသော စကားကို။ သုတ္တ၁ဝ၊ ကြားတည့်ပင်လျှင်။ အယံ၊ ဤယခုရွတ်သော ဖဿော ဝေဒနာ စသည်ကား။ သဘာဝနိရုတ္တိ၊ မဖောက်မပြန်သော နိရုတ္တိတည်း။ ဣတိ၊ သို့။ ဇာနာတိ၊ သိ၏။ ပန၊ ဗျတိရိက်ကို ဆိုအံ့။ ဖဿာ ဝေဒနောတိ ဝေမာဒိကံ၊ ဖဿာ ဝေဒနော ဤသို့စသော စကားကို။ (သုတ္တာ၊ ကြား၍မူကား။) အယံ၊ ဤယခုရွတ်သော ဖဿာ ဝေဒနောစသော စကားသည်။ န သဘာဝနိရုတ္တိ၊ သဘာဝနိရုတ္တိ မဟုတ်၊ ဣတိ၊ သို့။ ဇာနာတိ၊ ၏။

[၇၂] ဉာဏေသု ဉာဏန္တိ၊ ကား။ သဗ္ဗတ္ထဉာဏံ၊ အလုံးစုံသော အတ္ထ, ဓမ္မ, နိရုတ္တိဟူသော အာရုံ၌ အသီးသီးဖြစ်သော အလုံးစုံသော အတ္ထပဋိ-သမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါဉာဏ် လေးပါးကို။ (ဤအလို သဗ္ဗော အတ္ထော ဝိသယော သဗ္ဗတ္ထော၊ သဗ္ဗတ္ထေ ဉာဏံ သဗ္ဗတ္ထဉာဏံ၊ ပြု။ တနည်း။) သဗ္ဗတ္ထ-သဗ္ဗေသု အတ္ထာဒီသု တီသု၊ အလုံးစုံသော အတ္ထဓမ္မနိရုတ္တိဟူသော သုံးပါးတို့၌။ ဉာဏံ၊ ဖြစ်သော ပဋိသမ္ဘိဒါ ဉာဏ်လေးပါးကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော အရိယာအရှင်၏။ ဉာဏာရမ္မဏံ၊ ဉာဏ်လေးပါးလျှင် အာရုံရှိသော။ ဉာဏံ၊ ဉာဏ်သည်။ ပဋိဘာနပဋိသမ္ဘိဒါ၊ မည်၏။ (ဤဝိကပ်၌ ဉာဏေသု-ဖြင့် ဉာဏ်လေးပါး အကုန်စွဲသည်။) ဝါ၊ ကား။ ယထာဝုတ္တေသု၊ ဆိုအပ်ပြီးသော ပကာရရှိကုန်သော။ တေသု ဉာဏေသု၊ ထို ရှေးပဋိသမ္ဘိဒါဉာဏ် သုံးပါးတို့၌။ သဂေါစရကိစ္စာဒိဝသေန၊ မိမိမိမိတို့ အာရုံကိစ္စ စသည်တို့၏ အစွမ်းဖြင့်။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဉာဏံ၊ ဤသည့်ဉာဏ်သည် ဤမည်သောအာရုံကို အာရုံပြု၍ဖြစ်၏, ဤသို့သော လက္ခဏာရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ရှိ၏ဟု သိသောဉာဏ်သည်။ ပဋိ-ဘာနပဋိသမ္ဘိဒါ၊ မည်၏။ ဣတိ အတ္ထော၊ အနက်။ (ဤဝိကပ်အလို ဉာဏေသု-ဖြင့် ရှေးဉာဏ်သုံးပါးကိုသာ စွဲသည်။)

၄၂၉။ စ၊ ဆက်၍ဆိုအံ့။ စတဿောပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဧတာ ပဋိသမ္ဘိဒါ၊ တို့သည်။ သေက္ခဘူမိယဉ္စ၊ သေက္ခဘုံ၌ရင်း။ အသေက္ခ-ဘူမိယဉ္စ၊ အသေက္ခဘုံ၌ရင်း။ (တနည်း) သေက္ခဘူမိယဉ္စ၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော အောက်မဂ်, အောက်ဖိုလ်တို့ဖြင့် ထုံအပ်သော စိတ်အစဉ်၌ရင်း။ အသေက္ခဘူမိယဉ္စ၊ အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော

အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ဖြင့် ထိုအပ်သော စိတ်အစဉ်၌ရင်း။ (ဣတိ၊ သို့။) ဒွိသု ဌာနေသု၊ နှစ်ပါးသောဘုံတို့၌။ ပဘေဒံ၊ အထူးအပြားသို့၊ ဝါ၊ ထိုထို အထူးအပြားကို အဟုတ်အမှန်သိခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ကုန်၏။

တတ္ထ၊ ထိုနှစ်ပါးသောအရာတို့တွင်။ အဂ္ဂသာဝကာနံ၊ တို့၏ရင်း။ မဟာသာဝကာနဉ္စ၊ တို့၏ရင်း။ (ပဋိသမ္ဘိဒါ၊ တို့သည်။) အသေက္ခဘူမိယံ၊ ၌။ ပဘေဒံ၊ သို့။ ဂတာ၊ ရောက်ကုန်၏။ အာနန္ဒတ္ထေရ။ပ။ ဥပါသိကာဒီနံ၊ တို့၏။ (ပဋိသမ္ဘိဒါ၊ တို့သည်။) သေက္ခဘူမိယံ၊ ၌။ (ပဘေဒံ၊ သို့။ ဂတာ၊ ကုန်၏။) စ၊ ဆက်၍ဆိုအံ့။ ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ ဒွိသု၊ ကုန်သော။ ဘူမိသု၊ တို့၌။ ပဘေဒံ၊ သို့။ ဂစ္ဆန္တိယောပိ၊ ရောက်ကုန်သော်လည်း။ ဧတာ ပဋိသမ္ဘိဒါ၊ တို့သည်။ အဓိဂမေန၊ အရဟတ္တဖိုလ်ကို ရခြင်းကြောင့်ရင်း။ ပရိယတ္တိယာ၊ ဘုရားစကားတော်ကို ပါဠိသက်သက်သင် ခြင်း သရဇ္ဈာယ်ခြင်းကြောင့်ရင်း။ သဝနေန၊ ထိုပါဠိ၏အနက် အဋ္ဌကထာကို နာခြင်းကြောင့်ရင်း၊ ဝါ၊ တရားနာခြင်းကြောင့်ရင်း။ ပရိပုစ္ဆာယ၊ မေးမြန်း ဆုံးဖြတ်ခြင်းကြောင့်ရင်း၊ ဝါ၊ ထက်ဝန်းကျင် အပြားအားဖြင့် သိခြင်းငှါ လိုအပ်သော ပဒတ္ထအားဖြင့် သိခက်သောပုဒ်, အဓိပ္ပါယတ္ထအားဖြင့် သိခက် သောပုဒ်တို့ကို အကျယ်ဆုံးဖြတ်ကြောင်း စကားကြောင့်ရင်း။ ပုဗ္ဗယောဂေန စ၊ ရှေးဘုရားတို့ သာသနာ၌ ဘာဝနာကို အားထုတ်ခြင်းကြောင့် ရင်း။ ဣတိ၊ သို့။ ဣမေဟိ ပဉ္စဟိ အာကာရေဟိ၊ ဤငါးပါးသော အကြောင်းတို့ကြောင့်။ ဝိသဒါ၊ စင်ကြယ် သန့်ရှင်းကုန်သည်။ ဟောန္တိ၊ ကုန်၏။

တတ္ထ၊ ထိုအကြောင်းငါးပါးတို့တွင်။ အရဟတ္တပ္ပတ္တိ၊ အရဟတ္တဖိုလ်ကို ရခြင်းသည်။ အဓိဂမော နာမ၊ မည်၏။ ဗုဒ္ဓဝစနဿ၊ ဘုရားစကားတော် ကို။ ပရိယာပုဏနံ၊ ပါဠိသက်သက်သင်ခြင်း သရဇ္ဈာယ်ခြင်းသည်။ ပရိ- ယတ္တိ နာမ၊ မည်၏။ သက္ကစ္စံ၊ အရိုအသေပြု၍။ (သံ အာဒရံ ကတွ သက္ကစ္စ၊ နိဂ္ဂဟိတာဂမ။) အဋ္ဌိံကတွာ၊ ဥစ္စာထုပ်ကြီးပြု၍။ (ဋ္ဌသ ဋ္ဌတ္တံ၊ ဣကာ- ရာဂမော။ တနည်း။) အဋ္ဌိံကတွာ-အတ္ထိကံ ကတွာ၊ အလိုရှိသည်ကိုပြု၍။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတရားကို နာခြင်းသည်။ သဝနံ နာမ၊ မည်၏။ ပါဠိအဋ္ဌကထာဒီသု၊ ပါဠိအဋ္ဌကထာခန္ဓာ စသည်တို့နှင့် စပ်ယှဉ်သော

စကားအစဉ်တို့၌။ ဂဏ္ဌိပဒ အတ္ထပဒဝိနိစ္ဆယကထာ၊ ပဒတ္ထအားဖြင့် သိခက်သောပုဒ်, အဓိပ္ပါယတ္ထအားဖြင့် သိခက်သော ပုဒ်တို့ကို အကျယ်ဆုံးဖြတ်ကြောင်းဖြစ်သော စကားသည်။ ပရိပုစ္ဆာ နာမ၊ ထက်ဝန်းကျင် အပြားအားဖြင့် လိုအပ်သော စကားမည်၏။ ပုဗ္ဗဗုဒ္ဓါနံ၊ တို့၏။ သာသနေ၊ ၌။ ဂတပစ္စာဂတိတဘာဝေန၊ အသွားဆောင်ခြင်း အပြန်ဆောင်ခြင်း အသွားအပြန်ဆောင်ခြင်း ကျင့်ဝတ်ရှိသည်၏အဖြစ်ဖြင့်။ ယာဝ၊ လောက်။ အနုလောမဂေါတြဘုသမီပံ၊ အနုလုံဂေါတြဘူအနီးမှဥတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်သည်။ အတ္တိ၊ ၏။ တာဝ၊ ထိုရွေ့လောက်။ ဝိပဿနာနုယောဂေါ၊ ဝိပဿနာကို အားထုတ်ခြင်းသည်။ ပုဗ္ဗယောဂေါ နာမ၊ မည်၏။ အပရေ၊ ဆရာတို့သည်။ ပုဗ္ဗယောဂေါ။ပ။ ပစ္စယာတိ၊ ဟူ၍။ အာဟု၊ ကုန်၏။

[ပုဗ္ဗယောဂေါ။ ဂရင်း။ ဗာဟုသစ္စံ၊ များသော အကြားအမြင်ရှိသောသူ၏အဖြစ်ရင်း။ ဒေသဘာသာ စ၊ တရာ့တစင်း ထီးဆောင်းမင်းတို့၏ အရပ်ဘာသာကို တတ်ကျွမ်းနားလည်သည်၏ အဖြစ်ရင်း။ အာဂမော၊ ဘုရားစကားတော်ကို သင်ခြင်းရင်း။ ပရိပုစ္ဆာ၊ ပါဠိ၏အနက် အဆုံးအဖြတ်ကို မေးခြင်းရင်း။ အဓိဂမော၊ ဖိုလ်လေးတန်ရင်း။ ဂရုသန္နိဿယော၊ ဗဟုသုတ တိက္ခပဋိဘာန်ဉာဏ်သန်သော ဆရာကောင်းထံ ကျိုးနွံကပ်ဆည်းနည်းခံ၍ နေခြင်းရင်း။ တထာ၊ ပါး။ မိတ္တသမ္ပတ္တိ စေဝ၊ ဗဟုသုတ တိက္ခပဋိဘာန်ဉာဏ်သန်သောကလျာဏ မိတ်ကောင်းကို ပေါင်းရခြင်းရင်း။ ဣတိ ဣမေ အဋ္ဌ၊ တို့သည်။ ပဋိသမ္ဘိဒပစ္စယာ၊ ပဋိသမ္ဘိဒါ၏ ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။]

တတ္ထ၊ ထိုပုဗ္ဗယောဂ စသည်ရှစ်ပါးတို့တွင်။ ပုဗ္ဗယောဂေါ၊ သည်။ ဝုတ္တနယော၊ တည်း။ တေသု တေသု သတ္တေသု စ၊ (သတ္တဝါတို့စီးပွားကို ဆောင်တတ်သည်ဖြစ်၍ အပြစ်ကင်းကုန်သော) ထိုထိုကျမ်းတို့၌ရင်း။ တေသု တေသု သိပ္ပါယတနေသု စ၊ အပြစ်ကင်းသော ထိုထို အသက်မွေးကြောင်းအတတ်တို့၌ရင်း။ ကုသလတာ၊ တတ်ကျွမ်းလိမ္မာသည်၏ အဖြစ်သည်။ ဗာဟုသစ္စံ နာမ၊ မည်၏။ ကေသတဝေါဟာရကုသလတာ၊ တရာ့တစင်း ထီးဆောင်းမင်းတို့အာဏာ နှံ့ရာဒေသ၌ဖြစ်သော ဝေါဟာရ၌လိမ္မာကျွမ်းသိသည်၏ အဖြစ်သည်။ ဒေသဘာသာ နာမ၊ မည်၏။ ဝိသေ-

သေန ပန၊ အထူးအားဖြင့်ကား။ မာဂဓိကေ၊ မဂဓဘာသာ၌။ ကော-
သလ္လံ၊ သည်။ (ဒေသဘာသာ နာမ၊ မည်၏။) အန္တမသော၊ အယုတ်
သဖြင့်။ ဩပမ္မဝဂ္ဂမတ္တာဿပိ၊ မူလပဏ္ဏာသ၌လာသော ယမကဝဂ်မျှလည်း
ဖြစ်သော။ ဗုဒ္ဓဝစနဿ၊ ကို။ ပရိယာပုဏနံ၊ သည်။ အာဂမော၊ မည်၏။
(အန္တမသော၊ ဖြင့်။) ကေဂါထာယပိ၊ ၏လည်း။ အတ္ထဝိနိစ္ဆယပုစ္ဆနံ၊
အနက်ကိုမေးခြင်း, အဆုံးအဖြတ်ကို မေးခြင်းသည်။ ပရိပုစ္ဆာ နာမ၊
မည်၏။ သောတာပန္နတာ ဝါ၊ သောတာပတ္တိဖိုလ်သည်ငှ်း။ ပါ။ အရဟတ္တံ
ဝါ၊ သည်ငှ်း။ အဓိဂမော နာမ၊ မည်၏။ သုတပဋိဘာနဗဟုလာနံ၊
များသောသုတ များသော ပဋိဘာန်ရှိကုန်သော။ ဂရူနံ၊ ဆရာကောင်း
တို့၏။ သန္တိကေ၊ ၌။ ဝါသော၊ နည်းခံ၍ နေခြင်းသည်။ ဂရုသန္နိဿယော
နာမ၊ ၏။ တထာရူပါနံယေဝ၊ ထိုသို့ သုတပဋိဘာန်သန်သော သဘော
ရှိသည်သာလျှင် ဖြစ်ကုန်သော။ မိတ္တာနံ၊ ကလျာဏမိတ်တို့ကို။ ပဋိလာ-
ဘော၊ သည်။ မိတ္တသမ္ပတ္တိ နာမ၊ မိတ်ကောင်း ပြည့်စုံသည်မည်၏။ ဣတိ၊
ဤသို့ အဆုံးအဖြတ်ကို မှတ်အပ်၏။

တတ္ထ၊ ထိုငါးပါး ရှစ်ပါးအပေါင်းတို့တွင်။ ဗုဒ္ဓါ စ၊ တို့သည်ငှ်း။
ပစ္စေကဗုဒ္ဓါ စ၊ တို့သည်ငှ်း။ ပုဗ္ဗယောဂဉ္စေဝ၊ ဂကိုငှ်း။ အဓိဂမဉ္စ
ကိုငှ်း။ နိဿာယ၊ ၍။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါဉာဏ်တို့သို့။ ပါပုဏန္တိ၊
ကုန်၏။ သာဝကာ၊ တို့သည်ကား။ သဗ္ဗာနိပိ၊ ကုန်သော။ ဧတာနိ
ကာရဏာနိ၊ ထိုငါးပါး ရှစ်ပါးသော အကြောင်းတို့ကို။ (နိဿာယ၊ ၍။
ပဋိသမ္ဘိဒါ၊ တို့သို့။ ပါပုဏန္တိ၊ ကုန်၏။) စ၊ ဆက်၍ဆိုအံ့။ ပဋိသမ္ဘိဒါ-
ပ္ပတ္တိယာ၊ ပဋိသမ္ဘိဒါသို့ ရောက်ခြင်း၏၊ ဝါ၊ ရောက်ခြင်းငှါ။ [၇၃] ပါဋိ-
ယေက္ကော၊ အသီးဖြစ်သော။ ကမ္မဋ္ဌာနဘာဝနာနုယောဂေါ နာမ၊
ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရခြင်း မည်သည်။ နတ္ထိ၊ မရှိ။ ပန၊
အသင့်အကြောင်းကို ဆိုအံ့။ သေက္ခာနံ၊ တို့၏။ (ပဋိသမ္ဘိဒါပတ္တိ၊ သည်။)
သေက္ခဖလဝိမောက္ခန္တိကာ၊ သေက္ခဖိုလ်ဟူသော ဝိမောက္ခ၏ အဆုံး၌
ဖြစ်သည်။ ဟောတိ၊ ၏။ အသေက္ခာနံ၊ တို့၏။ ပဋိသမ္ဘိဒါပ္ပတ္တိ၊ သည်
လည်း။ အသေက္ခဖလဝိမောက္ခန္တိကာဝ၊ အသေက္ခဖလဝိမောက္ခ၏
အဆုံး၌သာလျှင် ဖြစ်သည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ တထာဂတာနံ၊
တို့၏။ ဒသဗလာနိ၊ ဒသဗလဉာဏ်တို့သည်။ အရိယဖလေနေဝ၊ အရ

ဟတ္တဖိုလ်ဖြင့်သာလျှင်။ ဣဏ္ဍိန္တိ ဝိယ၊ ပြည့်စုံကုန်သကဲ့သို့။ အရိယာနံ၊ တို့၏။ ပဋိသမ္ဘိဒါ၊ တို့သည်။ အရိယဖလေနေဝ၊ မိမိ မိမိတို့၏ အရိယဖိုလ်ဖြင့်သာလျှင်။ ဣဏ္ဍိန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။ ဣမာ ပဋိသမ္ဘိဒါ၊ ဤပဋိသမ္ဘိဒါ လေးပါးတို့ကို။ သန္ဓာယ၊ ၍။ စတုပဋိသမ္ဘိဒါ-ဝသေန စတုဗ္ဗိဓာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

## ပညာဘူမိ-မူလ-သရီရဝဝတ္ထာန

၄၃၀။ ပန၊ အဖွိုတပါးကိုဆိုအံ့။ ကထံ ဘာဝေတဗ္ဗာတိ ဧတ္ထ၊ ဤပြဿနာ၌။ ယသ္မာ၊ ကြောင့်။ ဣမာယ ပညာယ၊ ဤဝိပဿနာပညာ၏။ (ဘူမိမူလံ သရီရံ-တို့၌စပ်။) ခန္ဓာ။ပ။ ဘေဒါ၊ သမုပ္ပါဒ်စသည် အပြားရှိကုန်သော။ ဓမ္မာ၊ တို့သည်။ ဘူမိ၊ ဖြစ်ရာဘုံမည်၏။ သီလဝိသုဒ္ဓိ စေဝ၊ ၎င်း။ စိတ္တဝိသုဒ္ဓိ စ၊ ၎င်း။ ဣမာ ဒွေ ဝိသုဒ္ဓိယော၊ တို့သည်။ မူလံ၊ အမြစ်အခြေ မည်၏။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ၎င်း။ပ။ ဣမာ ပဉ္စ ဝိသုဒ္ဓိယော၊ တို့သည်။ သရီရံ၊ ကိုယ်မည်၏။ တသ္မာ၊ ကြောင့်။ ဘူမိဘူတေသု၊ ဘူမိဖြစ်၍ဖြစ်ကုန်သော။ တေသု ဓမ္မေသု၊ ထိုခန္ဓာစသော တရားတို့၌။ ဥဂ္ဂဟ-ပရိပုစ္ဆာဝသေန၊ နှုတ်တက်သင်ခြင်း မေးမြန်းခြင်း၏ အစွမ်းဖြင့်။ ဉာဏပရိ-စယံ၊ ဉာဏ်ဖြင့် လေ့ကျက်ခြင်းကို။ ကတွာ၊ ၍။ မူလဘူတာ၊ အမြစ်အခြေဖြစ်ကုန်သော။ ဒွေ ဝိသုဒ္ဓိယော၊ တို့ကို။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ သရီရဘူတာ၊ ကိုယ်ဖြစ်၍ ဖြစ်ကုန်သော။ ပဉ္စ ဝိသုဒ္ဓိယော၊ တို့ကို။ သမ္ပာဒေန္တေန၊ ပြည့်စုံစေသည်ဖြစ်၍။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ အယံ၊ ဤဆိုပြီးသော အဆုံးအဖြတ်သည်။ ဧတ္ထ၊ ဤကထံ ဘာဝေတဗ္ဗာဟူသော ပုစ္ဆာ၌။ သင်္ခေပေါ၊ အကျဉ်းတည်း။

၄၃၁။ အယံ ပန၊ ဤဆိုလတ်အံ့ [၁] သည်ကား။ ဝိတ္ထာရော၊ အကျယ်တည်း။ ခန္ဓာ။ပ။ ဘူမိတိ၊ ဘူမိဟူသော။ ယံ-ဝစနံ၊ ကို။ တာဝ၊ လက်ဦးစွာ။ ဝုတ္တံ၊ ပြီ။ ဧတ္ထ-ဝစနေ၊ ၌။ ခန္ဓာတိ၊ ကား။ ခန္ဓာ၊ တို့သည်။ ရူပက္ခန္ဓော၊ ၎င်း။ပ။ ဣတိ၊ သို့။ ပဉ္စ၊ ငါးပါးတို့တည်း။

---

၁-မှုရင်းဖြစ်သည်၊ ဤလက်အံ့-မှ လတံ့ ဖြစ်လှာသည်၊ ထိုကြောင့် လတံ့-ဟူရာ၌ တ-တလုံးတည်းသာလိုသည်။ (ဆ-သံ-သော)

## ရူပက္ခန္ဓကထာ

၄၃၂။ တတ္ထ၊ ထိုငါးပါးသော ခန္ဓာတို့တွင်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သီတာဒီဟိ၊ သီတဥဏှဇိဃစ္ဆာပိပါသ စသည်တို့ကြောင့်။ (ဟေတုအတ္ထေ စေတံ ကရဏဝစနံ။) ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော။ ဓမ္မဇာတံ၊ တရားသည်၊ (ဇာတအနက်မရှိ။) ဝါ၊ တရားအပေါင်းသည်။ အတ္ထိ၊ ၏။ သဗ္ဗံ၊ သော။ တံ-ဓမ္မဇာတံ၊ ထိုရုပ္ပနလက္ခဏာရှိသော တရားကို။ ဧကတော ကတွာ၊ တစုတည်း ညက်ဖြင့်ပြု၍။ ရူပက္ခန္ဓောတိ၊ ရုပ်အစု ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏[၁]။

---

၁-ယံ ကိဉ္စိ-၌ ယံ-ဟူသော သဗ္ဗနာမ်ပုဒ်သည် သာမန်အားဖြင့် အနိယမနိဒ္ဒေသနတည်း၊ စိ-နိပါတ်နှင့်တကွသော ကိံ-သဒ္ဒါသည် ကေစ္စ အပ္ပက ဟူသော ပကာရန္တရကို သုံးသပ်၍ အနိယမနိဒ္ဒေသနတည်း။ ယံ ကိဉ္စိ-ဟူသော ပဒဒွယဖြင့်လည်း ယံကိဉ္စိ-ဟူသော နပုံသကနိဒ္ဒေသ ကို ထိုက်သော အလုံးစုံ အကြွင်းမဲ့ကို နှံ့၍ယူ၏။ ထို့ကြောင့် ယံ ကိဉ္စီတိ အနဝသေသပရိယာဒါနံ-(ဋီ ၁၊ ဂဖ)ဟူသည်။ ထိုသို့ ယံ ကိဉ္စိ-ဟူသော ပုဒ်ဖြင့် ယူအပ်သော သကလအနက်၏ အနိယမတ္ထအဖြစ်ဖြင့် အဓိပ္ပေတတ္ထကို လွန်သောကြောင့် အတိပ္ပသင်္ဂသို့ရောက်၏၊ ထို အတိပ္ပသင်္ဂကို ရုပ္ပန-သဒ္ဒါဖြင့် နစ်စေရကား ရုပ္ပနလက္ခဏန္တိ အတိပ္ပသင်္ဂနိယမနံ (ဋီ ၂၊ ဂဖ) ဟူသည်။ ။ရုပ္ပနံ လက္ခဏမေတဿာတိ ရုပ္ပနလက္ခဏံ၊ ထိုရုပ္ပနသည် အဘယ်နည်း? ရုပ္ပနဋ္ဌေတ္ထ သီတာဒိဝိရောဓိပစ္စယသန္နိပါတေ ဝိသဒိသုပ္ပတ္တိယေဝ၊ (ဋီ ၂၊ ဂဖ)။ ။ယင်းသို့ဖြစ်လျှင် အရူပဓမ္မတို့အားလည်း ဝိရောဓိပစ္စယသမာဂမဖြစ်လတ်သော် ဝိသဒိသုပ္ပတ္တိကို ရသည် မဟုတ်လော? သစ္စံ လဗ္ဘတိ၊ န ပန ဝိဘူတတရံ။ ဝိဘူတတရဋ္ဌေတ္ထ ရုပ္ပနံ အဓိပ္ပေတံ သီတာဒိဂ္ဂဟဏတော။ (ဋီ ၂၊ ဂဖ)။ အကယ်၍ ဝိဘူတတရရုပ္ပနကို အဓိပ္ပေတဖြစ်အံ့၊ အဘယ်သို့ ဗြဟ္မလောက၌ ရူပသမညာ ဖြစ်အံ့နည်း? တတ္ထာပိ တံသဘာဝါနတိဝတ္တနတော ဟောတိယေဝ ရူပသမညာ အနုဂ္ဂဟပစ္စယဝသေန ဝါ၊ (ဋီ ၂၊ ဂဖ)။ ဝိရောဓိပစ္စယသန္နိပါတေ ယော အတ္တနော သန္တာနေ ဝိဇ္ဇမာနဿေဝ ဝိသဒိသုပ္ပတ္တိဟေတုဘာဝေါ၊ တံ ရုပ္ပနန္တိ အညေ (ဋီ ၂၊ ဂဖ)။ ဤအညေဆရာတို့၏ ပက်၌ ရူပယတိ ဝိကာရမာပါဒေတီတိ ရူပံ-ဟု ဟေတုပြု၊ ရှေးပက်၌ကား ရုပ္ပတီတိ ရူပံ-ဟု သုဒ္ဓပြု။ ရုပ္ပတီတိ ကုပ္ပတိ ဃဋ္ဋီယတိ ပီဠီယတိ၊ ဘိဇ္ဇတီတိ အတ္ထော။ (အဘိ ဋ္ဌ ၂-၃) သီတာဒိသန္နိပါတဖြစ်လတ်သော် ဝိသဒိသသန္တာန်၏ ဖြစ်ခြင်းကို မြင်သောကြောင့် ပုရိမသန္တာန်မှ ကွဲပြားသည်ကိုရည်၍ ဘိဇ္ဇတိ-ဟူသည်။ ဘိဇ္ဇတိ-၌ ဘေဒ လည်း ဝိကာရာပတ္တိတည်း၊ ထို့ကြောင့် ဘိဇ္ဇတိ-၏ ဝိကာရမာပဇ္ဇတိ-ဟူသောအနက်ကို မှတ်အပ်၏။ ဝိကာရာပတ္တိလည်း သီတာဒိသန္နိပါတဖြစ်လတ်သော် ဝိသဒိသရူပုပ္ပတ္တိပင်တည်း။ ယင်းသို့ ပုရိမသန္တာန်မှ ကွဲပြားသော ဝိသဒိသုပ္ပတ္တိသည် ရုပ္ပတိ ဖြစ်သည်ရှိသော် ထိုရုပ္ပန လက္ခဏာ၏ အတိပ္ပသင်္ဂ ဖြစ်ခဲ့ရာ၏ဟူသော စောဒနာကို နှလုံးထား၍ အရူပက္ခန္ဓာနံ ပန အတိလဟုပရိဝတ္တိတော၊ ယထာ ရူပဓမ္မာနံ ဋ္ဌိတိက္ခဏေ သီတာဒီဟိ သမာဂမော ဟောတိ၊ ယေန တတ္ထ ဥတုနော ဋ္ဌိတိပ္ပတ္တဿ ပုရိမသဒိသသန္တာနုပ္ပါဒနသမတ္ထတာ န ဟောတိ၊ အာဟာရာဒိကဿ ဝါ၊ ဧဝံ အညေဟိ သမာဂမော နတ္ထိ။ သံဃနနေန စ ဝိကာရာပတ္တိယံ

တဒေတံ-တံ ဧတံ ဓမ္မဇာတံ၊ ထိုရူပက္ခန္ဓာဟု သိအပ် မှတ်အပ်သော တရားသည်။ ရုပ္ပနလက္ခဏေန၊ ရုပ္ပနလက္ခဏာအားဖြင့်။ ဧကဝိဓံ၊ တပါး အဖို့ရှိသည်။ သမာနံပိ၊ ဖြစ်လျှင်းမူလည်း။ ဘူတောပါဒါယဘေဒတော၊ ဘူတရုပ်, ဉပါဒါရုပ် အပြားအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ၏။

---

ရုပ္ပနသဒ္ဒေါ နိရုဠှော။ တသ္မာ အရူပဓမ္မာနံ သံဃဋ္ဋနဝိရဟိတတ္တာ ရူပဓမ္မာနံ ဝိယ ပါကဋ္ဌဿ ဝိကာရဿ အဘာဝတော စ ရုပ္ပန္တီတိ ရုပ္ပနလက္ခဏာတိ စ န ဝုစ္စန္တိ၊ ဇိဃစ္ဆာပိပါသာဟိ ရုပ္ပနဥ္စ ဥဒရဂ္ဂိသန္နိပါတေန ဟောတီတိ ဒဋ္ဌဗ္ဗံ။ (မူလဋီ ၂-၅) ပန၊ ထိုသို့ ဝိကာရပတ္တိသည် ဝိသဒိသုပ္ပတ္တိဖြစ်လျှင်းမူလည်း။ အရူပက္ခန္ဓာနံ၊ နာမက္ခန္ဓာတို့၏။ အတိလဟုပရိဝတ္တိတော၊ အလွန်လျင်သော အပြန်ရှိသည်၏ အဖြစ်ကြောင့်။ ရူပဓမ္မာနံ၊ တို့၏။ ဌိတိက္ခဏေ၊ ၌။ ယေန၊ အကြင်သိတစသော ဆန့်ကျင်ဖက်အကြောင်းတို့နှင့် ပေါင်းယှဉ်မိခြင်းကြောင့်။ တတ္ထ၊ ထိုရုပ်တရားတို့၌၊ ဝါ၊ တို့တွင်။ ဌိတိပ္ပတ္တဿ၊ သော။ ဥတုနော၊ အချမ်းအပူဥတု၏။ ပုရိမသဒိသသန္တာနုပ္ပါဒနသမတ္ထတာ၊ ရှေးသန္တာန်နှင့်တူသော နောက်ရုပ်သန္တာန်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ သော တာဒိသော၊ သော။ သီတာဒိဟိ၊ တို့နှင့်။ သမာဂမော၊ ပေါင်းယှဉ်မိခြင်းသည်။ ဟောတိ ယထာ၊ သို့။ ဧဝံ၊ တူ။ အညေဟိ၊ နာမက္ခန္ဓာမှ တပါးသော ဆန့်ကျင်ဖက် အကြောင်းတို့နှင့်။ သမာဂမော၊ သည်။ နတ္ထိ၊ မရှိ။ သံဃဋ္ဋနေန၊ ထိပါးခြင်းကြောင့်။ ဝိကာရာပတ္တိယံ၊ ဖောက်ပြန်ခြင်းသို့ ရောက်ခြင်း၌၊ ဝါ၊ ထူးသောအခြင်းအရာသို့ ရောက်ခြင်း၌။ ရုပ္ပနသဒ္ဒေါ၊ သည်။ နိရုဠှော စ၊ ထင်သည်လည်း၊ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ နာမ်တရားတို့၏ ရုပ်ကဲ့သို့ ဌီခဏ၌ သိတစသော ဆန့်ကျင်ဖက် အကြောင်းတို့နှင့် ပေါင်းယှဉ်မိခြင်း မရှိသည်၏အဖြစ် ရုပ္ပနသဒ္ဒါ၏ ထိပါးခြင်းကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်ခြင်း၌ ထင်သည်၏အဖြစ်ကြောင့်။ အရူပဓမ္မာနံ၊ တို့၏။ သံဃဋ္ဋန-ဝိရဟိတတ္တာ၊ ထိပါးခြင်းကင်းသည်၏ အဖြစ်ကြောင့်ရင်း။ ရူပဓမ္မာနံ၊ တို့၏။ ပါကဋ္ဌဿ၊ သော။ ဝိကာရဿ၊ ၏။ ဘာဝေါ ဝိယ၊ ရှိခြင်းကဲ့သို့။ ပါကဋ္ဌဿ၊ သော၊ ဝိကာရဿ၊ ၏။ အဘာဝတော စ၊ မရှိခြင်းကြောင့်ရင်း။ အရူပဓမ္မာ၊ တို့ကို။ (ထည့်) ရုပ္ပန္တီတိ၊ ဖောက်ပြန် တတ်ကုန်၏ဟူ၍ရင်း။ ရုပ္ပနလက္ခဏာတိ စ၊ ဖောက်ပြန်ခြင်းလက္ခဏာ ရှိကုန်၏ဟူ၍ရင်း။ န ဝုစ္စန္တိ၊ မဆိုအပ်ကုန်။ စ၊ ဆက်၍ဆိုဦးအံ့။ ဇိဃစ္ဆာပိပါသာဟိ၊ ထမင်းမွတ်ခြင်း ရေသိပ်ခြင်း တို့ကြောင့်။ ရုပ္ပနံ၊ ကို။ ဥဒရဂ္ဂိသန္နိပါတေန၊ ဝမ်းမီးဟု ဆိုအပ်သော ကမ္မဇတေဇော၏ စုဝေးခြင်းကြောင့်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ဤကား ရင်းဋီကာနက်။ ဤ ရုပ္ပတီတိ ကုပ္ပတိ-အစရှိသော အဋ္ဌကထာပါဌ်၌ ကုပ္ပတိ-ပါဌ်ဖြင့် ကတ္တုအတ္ထ၌ ရူပပဒ-သိဒ္ဓိကို, ဃဋ္ဋီယတိ ပီဠိယတိ-တို့ဖြင့် ကမ္မတ္ထ၌ ရူပပဒသိဒ္ဓိကို ပြ၏။ အဘယ့်ကြောင့်နည်း? ကောပါဒိကိရိယာယေဝ ဟိ ရုပ္ပနကိရိယာတိ၊ (မူလဋီ ၂၊ ၅) ထိုသို့သော်လည်း အဘယ်ငှါ ဘိဇ္ဇတီတိ အတ္ထော-ဟူသနည်း? သော ပန ကတ္တုဘူတော ကမ္မဘူတော စ အတ္ထော ဘိဇ္ဇမာနော ဟောတီတိ ဣမဿဘ္ထဿ ဒဿနတ္ထံ ဘိဇ္ဇတီတိ အတ္ထောတိ ဝုတ္တံ။ (မူလဋီ ၂၊ ၅)။ ။တနည်းကြံပြန်လို၍ အထ ဝါ-စသည်တက်ပြန်သတည်း။

ထိုဋီကာ၏ အနက်ကား အထ ဝါ၊ ကား။ ရုပ္ပတီတိ ရူပန္တိ၊ ဟူသောစကားဖြင့်။ ကမ္မ-ကတ္တုအတ္ထေ၊ ကမ္မကတ္တားအနက်၌။ ရူပပဒသိဒ္ဓိ၊ ကို။ ဝုတ္တာ၊ ၏။ ဟိ-ယသ္မာ၊ ကြောင့်။

တတ္ထ၊ ထိုဘူတရုပ်, ဥပါဒါရုပ်တို့တွင်။ ဘူတရူပံ၊ ဘူတရုပ်သည်။ ပထဝီဓာတု၊ ပထဝီဓာတ်ရင်း။ပ။ ဣတိ၊ သို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ယောတိ၊ ၏။ တာသံ၊ ထိုလေးပါးသောဓာတ်တို့၏။ လက္ခဏာ-ရသပစ္စုပဋ္ဌာနာနိ၊ တို့ကို။ စတုဓာတုဝဝတ္ထာနေ၊ စတုဓာတုဝဝတ္ထာန်ပိုင်း၌။ ဝုတ္တာနိ၊ ကုန်ပြီ။ ပန၊ မဆိုသေးသည်ကိုဆိုအံ့။ ပဒဋ္ဌာနတော၊ ဋ္ဌာန်အားဖြင့်။ တာ သဗ္ဗာပိ-စတဿောပိ ဓာတုယော၊ ထိုဓာတ်လေးပါးအလုံးစုံတို့သည်လည်း။ အဝသေသဓာတုတ္တယပဒဋ္ဌာနာ၊ မိမိမိမိမှကြွင်းသော ဓာတ်သုံးပါးလျှင် နီးစွာသောအကြောင်းရှိကုန်၏။

ဥပါဒါရူပံ၊ ဥပါဒါရုပ်သည်။ (ယ-ကျေသည်။) စက္ခုံ၊ စက္ခုရင်း။ (စက္ခုံ ဥဒပါဒိ-ကဲ့သို့ နိဂ္ဂဟိတ်လာသည်။)။ပ။ [၇၄] ကဗဠီကာရော၊ အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော။ အာဟာရော၊

---

ဝိကာရော၊ ဖောက်ပြန်ခြင်းသည်။ ရုပ္ပနံ၊ ရုပ္ပနကြိယာမည်သည်။ ယောတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဝုတ္တာ၊ ၏။ တေနေဝ၊ ထိုသို့ ရုပ္ပတီတိ ရူပံ-ဟူသောပါဠ်ဖြင့် ကမ္မကတ္တု-အတ္ထ၌ ရုပဟူသောပုဒ်၏ ပြီးခြင်းကို ဆိုအပ်သည်၏ အဖြစ်ကြောင့်လျှင်။ ဘိဇ္ဇတီတိ အတ္ထောတိ၊ ဟူ၍။ ကမ္မကတ္တုအတ္ထေန၊ ကမ္မကတ္တားအနက်ရှိသော။ ဘိဇ္ဇတိသဒ္ဒေန၊ ဘိဇ္ဇတိ ဟူသော ကြိယာသဒ္ဒါဖြင့်။ အတ္ထံ၊ ရုပ္ပတိ ဟူသော ပုဒ်၏အနက်ကို။ ဒဿေတိ၊ ၏။ ပန၊ ကုပ္ပတိ စသည်ကို ဆိုပြန်ခြင်း၏ အကြောင်းကို ပြလိုက်အံ့။ ယံ၊ အကြင်သဘောတရားသည်။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏၊ ဘိဇ္ဇတိ၊ ဖျက်အပ်၏၊ ဝါ၊ ပျက်၏။ တံ၊ ထိုသဘောတရားသည်။ ယသ္မာ၊ ကြောင့်။ ကုပ္ပတိ၊ ချောက်ချားတတ်၏၊ ဝါ၊ ချောက်ချားစေအပ်၏။ ဃဋ္ဋီယတိ၊ ထိပါးအပ်၏။ ပီဠိယတိ၊ နှိပ်စက်အပ်၏။ တသ္မာ၊ ကြောင့်။ တေဟိ စ ပဒေဟိ၊ ဤကုပ္ပတိ ဃဋ္ဋီယတိ ပီဠိယတိ ဟူသော ပုဒ်တို့ဖြင့်လည်း။ ပဒတ္ထော၊ ရုပ္ပတိ ဟူသော ပုဒ်၏ အနက်ကို။ ပါကဋော၊ ထင်ရှားအောင်။ ကတော၊ ပြုအပ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။ ဤကားရင်း၌ကာနက်။ တဒမိနဝုတ္တိတာယ ဘဝတိ ဧတ္ထ ဥပါဒါယရူပန္တိ ဘူတာ၊ ဘူတာနိ ဥပါဒိယ-တေဝ န သယံ တေဟိ အညေဟိ ဝါ ဥပါဒိယတီတိ ဥပါဒါယံ။ ဧတ္ထ၊ ဤမဟာဘုတ်၌။ တဒမိနဝုတ္တိတာယ၊ ထိုဘုတ်နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ ဥပါဒါယရူပံ၊ ဥပါ-ဒါရုပ်သည်။ ဘဝတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုမဟာဘုတ်သည်။ ဘူတာ၊ မည်၏။ ယံ ရူပံ၊ သည်။ ဘူတာနိ၊ ဘုတ်တို့ကို။ ဥပါဒိယတေဝ၊ မှီသာမှီတတ်၏။ သယံ၊ မိမိကို။ တေဟိ ဝါ၊ ထိုဘုတ်တို့သည်ငှင်း။ အညေဟိ ဝါ၊ တပါးသောရုပ်တို့သည်ငှင်း။ န ဥပါဒိယတိ၊ မမှီအပ်။ ဣတိ-တသ္မာ၊ ထိုသို့ နိဿိတသာ ဖြစ်၍ နိဿယ မဖြစ်သည်၏ အဖြစ်ကြောင့်။ တံ ရူပံ၊ သည်။ ဥပါဒါယံ၊ ယမည်၏။ ဥပ အာ ရှေးရှိသော ဒါဓာတ်၊ ဏပစ္စည်း။ အာကို အာယရေး။ ။ဥပါဒါယတိ နိဿယတီတိ ဥပါဒါယံ၊ ဥပါဒါယမေဝ ရူပံ ဥပါဒါယရူပံ၊ အညံ-နိဿယဿ ကေန္တနိဿိတဿ ရူပဿေတံ အဓိဝစနံ၊ (မူလဋီ ၁၊ ၁၄၁)။ ဒိဝါဒိဂိုဏ်း၊ ယပစ္စည်း။ (ပြည်)

ရဒင်း။ ဣတိ၊ သို့။ စတုဝီသတိဝိဓံ၊ နှစ်ဆဲ့လေးပါးအပြားရှိသည်။ ဟောတိ၊ ၏။

၄၃၃။ တတ္ထ၊ ထိုနှစ်ဆဲ့လေးပါးသော ဥပါဒါရုပ်တို့တွင်။ စက္ခု၊ စက္ခုသည်။ ရူပါဘိဃာတာရဟဘူတပ္ပသာဒလက္ခဏံ၊ ရူပါရုံ၌ ရှေးရှုထိခတ်ခြင်းကို ထိုက်သော၊ ဝါ၊ ရူပါရုံ၏ ရှေးရှုထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သော လက္ခဏာရှိ၏။ ဝါ၊ ကား။ ဒဋ္ဌုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ၊ ရူပါရုံကိုမြင်ခြင်းငှါ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ရူပတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ကမ္မဇမဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သောလက္ခဏာရှိ၏၊ ဝါ၊ ကမ္မဇမဟာဘုတ်ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သော သဘောတရားသည်။ စက္ခု၊ စက္ခုမည်၏။ ရူပေသု၊ တို့၌။ အာဝိဉ္ဆနရသံ၊ အာဝဇ္ဇန်းစသောဝိညာဉ်ကို ဆွဲငင်ဆောင်သွားခြင်းကိစ္စ ရှိ၏[၁]။ စက္ခုဝိညာဏဿ၊ ၏။ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊ တည်ရာ၏အဖြစ်ဖြင့် ရှုသောသူ၏ဉာဏ်အား ရှေးရှုထင်တတ်၏။ ဒဋ္ဌုကာမတာနိဒါနကမ္မဇဘူတပဒဋ္ဌာနံ၊ မြင်ခြင်းငှါ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ရူပတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏[၂]။

သောတံ၊ သည်။ သဒ္ဒါဘိဃာတာရဟဘူတပ္ပသာဒလက္ခဏံ၊ သဒ္ဒါရုံ၌ ရှေးရှုထိခတ်ခြင်းကို ထိုက်သော၊ ဝါ၊ သဒ္ဒါရုံ၏ ရှေးရှုထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ,

---

၁-အာဝဇ္ဇန်းစသော ဝိညာဉ်၏ ထိုရူပါရုံ၌ ညွတ်သည်၏အဖြစ်ဖြင့်ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်ကိုပင် အာဝဇ္ဇန်းစသော ဝိညာဉ်ကို ဆွဲငင်ဆောင်သွားသည် ဟုလိုသည်။ (ပြည်)

၂။ ဒဋ္ဌုံ ကာမေတီတိ ဒဋ္ဌုကာမော၊ တဿ ဘာဝေါ ဒဋ္ဌုကာမတာ၊ ရူပတဏှာယေတံ အဓိဝစနံ၊ သာ နိဒါနံ ဥပနိဿယော အဿာတိ ဒဋ္ဌုကာမတာနိဒါနံ၊ တဒေဝ ကမ္မန္တိ ဒဋ္ဌုကာမတာနိဒါနကမ္မံ၊ တံ သမုဋ္ဌာနမေတေသန္တိ ဒဋ္ဌုကာမတာနိဒါနကမ္မသမုဋ္ဌာနာနိ၊ ဒဋ္ဌုကာမတာနိဒါနကမ္မသမုဋ္ဌာနာနိ စ တာနိ ဘူတာနိ စာတိ ဒဋ္ဌု။ပ။ ဘူတာနိ၊ တေသံ ပသာဒေါ ဒဋ္ဌု။ပ။ ပသာဒေါ။ လက္ခီယတေ အနေနာတိ လက္ခဏံ၊ လက္ခီတဗ္ဗန္တိ ဝါ လက္ခဏံ၊ သော လက္ခဏမဿ။ တထာ ဟုတွာ လက္ခီယတီတိ ဝါ ဒဋ္ဌုကာမတာနိဒါန-ကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ-ဟု ဝိဂ္ဂဟ ပြု။ (ပြည်)

မှတ်အပ်သော လက္ခဏာရှိ၏။ ဝါ၊ ကား။ သောတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ၊ သဒ္ဒါရုံကို နာခြင်းငှါ အလိုရှိသော သူ၏ အဖြစ်တည်းဟူသော သဒ္ဒတဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သော လက္ခဏာရှိ၏၊ ဝါ၊ မဟာဘုတ်ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သော သဘောတရားသည်။ သောတံ၊ မည်၏။ သဒ္ဒေသု၊ တို့၌။ အာဝိဉ္ဆနရသံ၊ အာဝဇ္ဇန်းစသော ဝိညာဉ်ကို ဆွဲငင်ဆောင်သွားခြင်းကိစ္စ ရှိ၏။ သောတဝိညာဏဿ၊ ၏။ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊ တည်ရာ၏ အဖြစ်ဖြင့် ရှုသောသူ ဉာဏ်အားရှေးရှုထင်တတ်၏။ သောတုကာမတာနိဒါနကမ္မဇဘူတပဒဋ္ဌာနံ၊ ရှိ၏။

ဃာနံ၊ သည်။ ဂန္ဓာဘိဃာတာရဟဘူတပ္ပသာဒလက္ခဏံ၊ ဂန္ဓာရုံ၌၊ ဝါ၊ ဂန္ဓာရုံ၏ ရှေးရှုထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သော လက္ခဏာရှိ၏။ ဝါ၊ ကား။ ဃာယိတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ၊ ဂန္ဓာရုံကို နမ်းခြင်းငှါ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ဂန္ဓတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သော လက္ခဏာရှိ၏၊ ဝါ၊ မဟာဘုတ်ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သော သဘောတရားသည်။ ဃာနံ၊ မည်၏။ ဂန္ဓေသု၊ တို့၌။ အာဝိဉ္ဆနရသံ၊ ၏။ ဃာနဝိညာဏဿ၊ ၏။ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊ ၏။ ဃာယိတုကာမတာနိဒါနကမ္မဇဘူတပဒဋ္ဌာနံ၊ ရှိ၏။

ဇိဝှါ၊ သည်။ ရသာဘိဃာတာရဟဘူတပ္ပသာဒလက္ခဏာ၊ ရသာရုံ၌၊ ဝါ၊ ရသာရုံ၏ ရှေးရှုထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သောလက္ခဏာရှိ၏။ ဝါ၊ ကား။ သာယိတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏာ၊ ရသာရုံကို လျက်ခြင်းငှါ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ရသတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သောလက္ခဏာရှိ၏၊ ဝါ၊ မဟာဘုတ်ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သော သဘောတရားသည်။ ဇိဝှါ၊

မည်၏။ ရသေသု၊ တို၌။ အာဝိဥ္ဆနရသာ၊ ၏။ ဇိဝှါဝိညာဏဿ၊ ၏။ အာဓာရဘာဝပစ္စုပဋ္ဌာနာ၊ ၏။ သာယိတုကာမတာနိဒါနကမ္မဇဘူတပ္ပဒ-ဋ္ဌာနာ၊ ရှိ၏။

ကာယော၊ သည်။ ဖောဋ္ဌဗ္ဗာဘိဃာတာရဟဘူတပ္ပသာဒလက္ခဏော၊ ဖောဋ္ဌဗ္ဗာရုံ၌၊ ဝါ၊ ဖောဋ္ဌဗ္ဗာရုံ၏ ထိခတ်ခြင်းကိုထိုက်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သောလက္ခဏာ ရှိ၏။ ဝါ၊ ကား။ ဖုသိတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏော၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းငှါ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်ကိုကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သောလက္ခဏာ ရှိ၏၊ ဝါ၊ မဟာဘုတ်ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သောသဘောတရားသည်။ ကာယော၊ မည်၏။ ဖောဋ္ဌဗ္ဗေသု၊ တို၌။ အာဝိဥ္ဆနရသော၊ ၏။ ကာယဝိညာဏဿ၊ ၏။ အာဓာရဘာဝပစ္စုပဋ္ဌာနော၊ ၏။ ဖုသိတုကာမ-တာနိဒါနကမ္မဇဘူတပ္ပဒဋ္ဌာနော၊ ရှိ၏။

၄၃၄။ ပန၊ ဝါဒထူးကိုဆိုအံ့။ ကေစိ၊ မဟာသံဃိကအနွယ်တို့တွင် ဝသုမိတ္တစသော အချို့ရှင်ပင်တို့သည်။ စက္ခု၊ သည်။ တေဇာဓိကာနံ၊ တေဇောလွန်ကုန်သော။ ဘူတာနံ၊ ဘုတ်တို့ကို။ ပသာဒေါ၊ ကြည်စေတတ်၏။ သောတဃာနဇိဝှါ၊ တို့သည်။ ဝါယုပထဝီအာပါဓိကာနံ၊ ကုန်သော။ ဘူတာနံ၊ တို့ကို။ ပသာဒါ၊ ကြည်စေတတ်ကုန်၏။ ကာယော၊ သည်။ (သမာနာနံ၊ တူမျှကုန်သော။) သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ဘူတာနံ၊ တို့ကို။ ပသာဒေါ၊ ကြည်စေတတ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ အပရေ၊ အပရေရှင်ပင်တို့သည်။ စက္ခု၊ သည်။ တေဇာဓိကာနံ၊ တေဇောလွန်ကုန်သော။ (ဘူတာနံ၊ တို့ကို။) ပသာဒေါ၊ ကြည်စေတတ်၏။ သောတဃာနဇိဝှါကာယာ၊ တို့သည်။ ဝိဝရဝါယုအာပပထဝါဓိကာနံ၊ အာကာသဓာတ်,ဝါယော,အာပေါ,ပထဝီဓာတ် လွန်ကုန်သော။ ဘူတာနံ၊ တို့ကို။ ပသာဒါ၊ ကြည်စေတတ်ကုန်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ သုတ္တံ၊ ရှင်ပင်တို့စကားကို ခိုင်ခံ့စေတတ်သော ပါဠိကို။ အာဟရထ၊ ဆောင်ကုန်လော့။ ဣတိ၊ သို့။ တေ၊ ထိုကေစိ,အပရေ အယူပွေသော ရှင်ပင်တို့ကို။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်၏။ (ဧဝံ၊ ဤသို့ သာမကထုတ်အပ်၏

ဟု အကြပ်တောင်းလတ်သော်။) အဒ္ဓါ၊ မချွတ်။ (တေ၊ ထိုရှင်ပင်တို့သည်။) သုတ္တမေဝ၊ ထုတ်အပ်စရာ သာဓကသုတ်ကိုပင်လျှင်။ န ဒက္ခိသန္တိ၊ သာသနာတွင် မမြင်ကုန်လတံ့။ ပန၊ ထိုသို့ပါဠိဆောင်စရာမရှိသော်လည်း။ ဧတ္ထ၊ ဤပုရိမဝါဒ, ပစ္ဆိမဝါဒနှစ်ပါး၌။ ကေစိ၊ နှုတ်ဆတ်သော ကေစိတို့သည်။ တေဇာဒီနံ၊ တေဇောစသည်တို့၏။ ဂုဏောဟိ၊ ဂုဏ်ဖြစ်ကုန်သော။ ရူပါဒီဟိ၊ ရူပါရုံစသည်တို့သည်။ အနုဂယှဘာဝတော၊ ရူပါရုံစသည်ကိုယူခြင်း၌ ကျေးဇူးပြုအပ်, ချီးမြှောက်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ကာရဏံ၊ အကြောင်းဟိတ်ကို။ ဝဒန္တိ၊ ကုန်၏[၁]။ ရူပါဒယော၊ ရူပါရုံစသည်တို့သည်။ တေဇာဒီနံ၊ တေဇောအစရှိသည်တို့၏။ ဂုဏာ၊ ဂုဏ်တို့တည်း။ ဧဝံ-ဝစနံ၊ ဤသို့သောစကားကို။ ကော အာစရိယော၊ အဘယ်ဆရာသည်။ အာဟ ပန၊ ဆိုလေဘိသနည်း။ ဣတိ၊ သို့။ တေ၊ ထိုကေစိဆရာတို့ကို။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်၏။ ဟိ-ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ အဝိနိဗ္ဘောဂဝုတ္တိသု၊ မခွဲခြမ်းအပ်သော ဖြစ်ခြင်းရှိကုန်သော။ ဘူတေသု၊ ဘုတ်တို့တွင်။ အယံ၊ ဤဘုတ်သည်။ ဣမဿ၊ ဤဘုတ်၏။ ဂုဏော၊ ဂုဏ်တည်း။ အယံ၊ သည်။ ဣမဿ၊ ၏။ ဂုဏော၊ တည်း။ ဣတိ၊ သို့။ ဝတ္တုံ၊ ငှါ။ န လဗ္ဘာ၊ မရကောင်းခဲ့။ ဣတိ တသ္မာ၊ ကြောင့်။ ဝတ္တဗ္ဗာ၊ ကုန်၏။ တေသု တေသု သမ္ဘာရေသု၊ ထိုထိုထောက်ပံ့တတ်သည့် အဆောက်အအုံ ဖြစ်၍ဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့၏ အစဉ်တို့၌။ [၇၅] တဿ တဿ ဘူတဿ၊ ထိုထိုဘုတ်၏။ အဓိကတာယ၊ လွန်သည်၏အဖြစ်ကြောင့်။ ပထဝီအာဒီနံ၊ တို့၏။ သန္ဓာရဏာ-

---

၁-ဆိမီးဟု ဆိုအပ်သော တေဇော၏ဂုဏ်ဖြစ်သော အရောင်အလင်း ရူပါရုံသည် စက္ခု၏ ရူပါရုံကို ယူခြင်း၌, ဝါယော၏ဂုဏ်ဖြစ်သော သဒ္ဒါရုံသည် သောတ၏ သဒ္ဒါရုံကိုယူခြင်း၌,ပထဝီ၏ဂုဏ်ဖြစ်သော ဂန္ဓာရုံသည် ဃာန၏ဂန္ဓာရုံကို ယူခြင်း၌, ခေဋဟု ဆိုအပ်သော ဥဒကရေ၏ဂုဏ်ဖြစ်သော ရသာရုံသည် ဇိဝှါ၏ရသာရုံကို ယူခြင်း၌ ချီးမြှောက်အပ် ကျေးဇူးပြုအပ်သည်၏ အဖြစ်ကြောင့် ဤသို့လျှင် ပုရိမဝါဒ၌ရင်း ပစ္ဆိမဝါဒ၌ရင်း ယှဉ်သင့်သည်အားလျော်စွာ ထိုထိုဘုတ်တို့၏ ဂုဏ်တို့သည် ရူပါရုံစသည်ကို ယူခြင်း၌ ချီးမြှောက်အပ် ကျေးဇူးပြုအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဤသို့သော အကြောင်းဟိတ်ကို အညှံ့မခံ နှုတ်မြန်ကေစိတို့ ပြကုန်သည် ဟူလိုသော်။ အာလောကအစရှိသည် သဟကာရီကာရဏနှင့်တကွ ဖြစ်ကုန်သော်သာလျှင် စက္ခုစသည်တို့၏ ရူပစသည်ကို ထွန်းလင်းခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည် ဂုဏ်မည်၏၊ အခေါင်းအပေါက် အာကာသဓာတ်၏ သောတဝိညာဉ်အား လွန်စွာ ကျေးဇူးပြုသည်၏ အဖြစ်သည် ဂုဏ်မည်၏။ ဤသို့ထိုကေစိတို့ အယူရှိသတတ်။ (ပြည်)

ဒိနိ၊ သဟဇာတ်ရုပ်တို့ကို ကောင်းစွာဆောင်ခြင်း, ခံခြင်းအစရှိကုန်သော။ ကိစ္စာနိ၊ တို့ကို။ (တုမှေ၊ သင်သုဒ္ဓဝါဒီတို့သည်။) ဣစ္ဆထ ယထာ၊ အလိုရှိကုန်သကဲ့သို့။ ဧဝံ-တထာ၊ တူ။ တေဇာဒိအဓိကေသု၊ တေဇောစသည်လွန်ကုန်သော။ သမ္ဘာရေသု၊ ထောက်ပံ့တတ်သော အဆောက်အအုံဖြစ်သော စတုသမုဋ္ဌာနိက ရုပ်အစဉ်တို့၌။ ရူပါဒီနံ၊ ရူပါရုံစသည်တို့၏။ အဓိကဘာဝဒဿနတော၊ လွန်သည်၏အဖြစ်ကို မြင်ခြင်းကြောင့်။ ရူပါဒယော တေသံ ဂုဏာတိ၊ ရူပါဒယော တေဇာဒီနံ ဂုဏာဟူသော။ ဧတံ-ဝစနံ၊ ဤစကားကို။ တုမှေဟိ၊ သင်သုဒ္ဓဝါဒီတို့သည်။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိသင့်၏။ ဣတိ၊ သို့။ (တေ ကေစိ၊ ထိုပဋ္ဌမဝါဒီ ကေစိတို့သည်။) အထာပိ ဝဒေယျုံ၊ အကယ်၍ ဆိုကုန်ငြားအံ့[၁]။ ကိံ ဝတ္တဗ္ဗာ၊ အသို့ဆိုအပ်ကုန်သနည်း။ အာပါဓိကဿ၊ အာပေါလွန်သော။ အာသဝဿ၊ ကြာမြင့်စွာထုံအပ်သော သေရည်၏။ ဂန္ဓတော၊ ထက်။ ပထဝီအဓိကေ၊ ပထဝီလွန်သော။ ကပ္ပါသေ၊ ဝါ၌။ ဂန္ဓော၊ သည်။ အဓိကတရော၊ လွန်သည်။ (တရပစ္စည်း တဗ္ဗော။) ယဒိ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ တေဇာဓိကဿ၊ တေဇောလွန်သော။ ဥဏှောဒကဿ၊ ရေပူ၏။ ဝဏ္ဏတော စ၊ အဆင်းအောက်လည်း။ သီတူဒကဿ၊ ရေချမ်း၏။ ဝဏ္ဏော၊ သည်။ ယဒိ ပရိဟာယေထ၊ အကယ်၍ ယုတ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဧတံ-ဝစနံ၊ ရူပါဒယော တေဇာဒီနံ ဂုဏာ-ဟူသော ဤစကားကို။ မယံ၊ သုဒ္ဓဝါဒီငါတို့သည်။ ဣစ္ဆေယျာမ၊ အလိုရှိကုန်အံ့။ ယသ္မာ ပန၊

---

၁-မီး၌ ပြိုးပြိုးပြက်ရှိသောအဆင်း၏, လေ၌ သဘောအားဖြင့် ကြားအပ်သောအသံ၏, မြေ၌ ကောင်းသောယနံ့ စသောအနံ့၏, ရေ၌ ချိုမြိန်သောအရသာ၏, ဤသို့ ထိုထိုသော ဂုဏ်နှင့်ယှဉ်ကုန်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ တို့ကို မြင်ခြင်းကြောင့် ရူပါဒယော တေဇာဒီနံ ဂုဏာ-ဟူသော ငါ့စကားကို သင်သုဒ္ဓဝါဒီဆရာတို့သည် အလိုရှိသင့်၏ဟု ပဌမဝါဒီ ကေစိတို့က စဂ..ၢးပြန်၍ လက်ခေါက်ချပြန်သတည်း။ ။ရူပါဒယော တေဇာဒီနံ ဂုဏာ-ကိုပင် ရူပါဒယော တေသံ ဂုဏာ-ဆိုသတည်း။ ထိုပဌမဝါဒီကေစိအားပင်လျှင် ဣစ္ဆေယျာမ-စသည်ဖြင့် အဖြေကို သုဒ္ဓဝါဒီ ဆရာဆိုလတ်သတည်း။ ဤဥပါယဖြင့်ပင်လျှင် ဒုတိယဝါဒီ အပရေဆရာကိုလည်း နှိပ်ခြင်းကိစ္စပြီးသတည်း။ တနည်းလည်း။ ရူပါရုံအစရှိသော ဂုဏ်အထူးရှိကုန်သော တေဇအာကာသပထဝီ အာပဝါယောဓာတ်တို့သည် စက္ခုစသည်တို့ကို ပြုအပ်ကုန်၏ဟု ဆိုသော ကဏာဒပုဂ္ဂိုလ်၏ တတိယဝါဒကိုထုတ်၍ ထိုဝါဒကို နှိပ်ခြင်းငှါ အထာပိ ဝဒေယျုံ-စသော ဤစကားကို မိန့်သော်။ ။ဤဝိကပ်၌ ယေ၊ အကြင် တတိယဝါဒီ ကဏာဒဆရာတို့သည်။ အထာပိ ဝဒေယျုံ၊ ကုန်ငြားအံ့။ တေ၊ ထိုတတိယဝါဒီကဏာဒဆရာတို့ကို။ ဝတ္တဗ္ဗာ၊ ကုန်၏။ ရှေးဝိကပ်၌-တေ၊ ထိုပဌမဝါဒီ ကေစိတို့ကိုပေး။ (ပြည်)

ကား။ ဧတံ ဥဘယံ၊ (သေရည်၏ အနံ့ထက် ဝါ၏အနံ့၏ လွန်သည်၏ အဖြစ်, ရေပူ၏ အဆင်းအောက် ရေချမ်း၏ အဆင်း၏ ယုတ်သည်၏အဖြစ် တည်းဟူသော) ဤနှစ်ပါးစုံသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့ ဤနှစ်ပါး စုံ၏ မရှိသည်၏အဖြစ်ကြောင့်။ နိဿယဘူတာနံ၊ မှီရာဖြစ်ကုန်သော။ ေတေသံ၊ ထိုဘုတ်တို့၏။ ဧတံ ဝိသေသကပ္ပနံ၊ ထိုအထူးကို ကြံခြင်းကို။ တုမှေ၊ သင်ပရဝါဒီတို့သည်။ ပဟာယေထ၊ စွန့်ကုန်ရာ၏[၁]။ ကေကလာပေ၊

---

၁-ပဟာယေတ-ဟု အချို့စာရှိ၏၊ ဂဏ္ဌိ၌လည်း ပဟာယ၊ ၍။ ဂဟေတဗ္ဗမေတံ-၌ စပ်ဟူ၏၊ အဘိဓမ္မာ အဋ္ဌကထာ မူလဋီကာတို့နှင့်မညီ။ ။ထိုနှစ်ပါးစုံပင် မရှိခဲ့ရကား ရူပါ ချိုစသည်တို့၏ တေဇော စသည်တို့၏ ဝိသေသဂုဏ်၏ အဖြစ်ကို နှစ်စေအပ်၏၊ ထိုကိုနှစ်စေသဖြင့် တေဇာဒီနံ ဂုဏောဟိ ရူပါဒိဟိ အနုဂ္ဂဟဘာဝတော-ဟူသော ဤအကြောင်းဟိတ်ကိုလည်း နှစ်စေအပ်၏။ ဤသို့အဆင်သင့်ဖြင့် နှစ်ပါးစုံ၏ မရှိခြင်းသည် ဝိသေသကပ္ပနကို ပယ်စွန့်ခြင်း၏ အကြောင်းဖြစ်သတည်း။ ထိုကြောင့် တသ္မာ ပဟာယေထေတံ-စသည်ကို မိန့်သော်။ တခုသော ကလာပ်၌ ရူပ ရသ စသည်တို့သည် မတူကုန်သေး ထူးကုန်သေး၏ရှင့်၊ နာနာကလာပ်၌ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ထိုကြောင့် စက္ခုစသည်တို့သည် ဘူတဝိသေသ မရှိသော်လည်း ဝိသဒိသဖြစ်ကုန်၏ဟု ပြခြင်းငှါ ယထာ အဝိသေသေပိ ကေကလာပေ ဘူတာနံ ရူပရသာဒယော-စသည်ကိုမိန့်သော်။ တနည်း ဘုတ်ထူးသောကြောင့် ထူး၏ဟူသော အကြံကို ပယ်စွန့်ကုန်ဟု သကဝါဒီတို့ဆိုသော် ဘုတ်မထူးပဲလျက် ဘယ့်ကြောင့် စက္ခု သောတ စသည်တို့သည် ဝိသဒိသဖြစ်ကြကုန်သနည်းဟူသော စောဒနာကို ဖြေလိုရကား ယထာ အဝိသေသေပိ-စသည်ကိုမိန့်သော်။ (ပြည်) သို့သော်လည်း ဤအရာ၌ "တုမှေ၊ တို့သည်။ ပ ဟာယေထ၊ စွန့်ကုန်ရာ၏" ဟူသော ပါဌ်အနက်ကို ဆင်ခြင်သင့်၏။ ပ+ဟာ+ယျောထဖြင့် ပြီးလျှင် ပဇဟေယျာထ ပဟာယေယျာထ-ဟူ၍သာ ပြီးရာ၏။ ပဉ္စမီ ထ-ဝိဘတ်ဖြင့် ပြီးလျှင်လည်း ပဇဟထ ပဟာယထ-ဟူ၍သာပြီးရာ၏။ ပဟာယေထ-ဟူ၍ကား မပြီးနိုင်လေရာ။ ကေဝုစ် ထေဝိဘတ်ဖြင့် ပြီးသည်ဟု ဆိုလျှင်လည်း ကေစိအရ ဝါဒရှင်အများတို့နှင့် မလျော်ပေ၊ ထိုပြင် ရှေးနောက် ဆက်စပ်၍ ကြည့်လျှင်လည်း မယံ ဣစ္ဆေယျာမ-ဟူသော ရှေးစကားနှင့် တုမှေ ပဟာယေထ-ဟူသော ဤစကားသည် မဆက်စပ်မိသည့်ပြင် ဂဟေတဗ္ဗမေတံ-ဟူသော နောက်စကားနှင့်လည်း အဆက်ပြတ်လျက်ရှိ၏။ ထိုပြင် "ယထာ အဝိသေသေပိ။ပ။ ဝိသေသကာရဏေတိ ဂဟေတဗ္ဗမေတံ" ဟူသော စကားရပ်သည် ဝါကျဇောတကနိပါတ် မရှိခြင်း, အကြောင်းပြ ကင်းလျက် အကျိုးပြ သက်သက်မျှသာ ဖြစ်ခြင်းတို့ကြောင့် အသီးအခြား ဝါကျအသစ် ဖြစ်ဟန်လက္ခဏာလည်း မရှိပေ။ ထိုကြောင့် ဂဏ္ဌိ၌ ပြဆိုသားထည့်အတိုင်း-

"တသ္မာ၊ ကြောင့်။ (ပဟာယ ဂဟေတဗ္ဗံ-တို့၌ စပ်။) ေတေသံ နိဿယဘူတာနံ၊ ဤမှီရာဘုတ်တို့၏။ ဧတံ ဝိသေသကပ္ပနံ၊ ကို။ ပဟာယ၊ ပယ်စွန့်၍။ (ဂဟေတဗ္ဗံ-၌စပ်။) ကေကလာပေ၊ တခုတည်းသောကလာပ်၌။ ဘူတာနံ၊ တို့၏။ အဝိသေသေ၊ မထူးသည်၏အဖြစ်သည်၊ ဝါ၊ မထူးခြင်းသည်။ သတိပိ၊ ရှိသော်လည်း။ (အသတိပိ ဝိသေသေ-ဟု ရှိလျှင် ယုတ္တတရ ဖြစ်သည်။) ရူပရသာဒယော၊ တို့သည်။ အညမညံ၊ ချင်း။ ဝိသဒိသာ၊ ကုန်သည်။

တခုသောကလာပ်၌။ (ဤပုဒ်ကား အချို့စာ၌ မရှိ၊ အဋ္ဌသာလိနီ၌လည်း မရှိ။) ဘူတာနံ၊ တို့၏။ အဝိသေသေ၊ မထူးသည်၏ အဖြစ်သည်၊ ဝါ၊ အထူးမရှိသည်၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ရူပရသာဒယော၊ ရူပရသစသည်တို့သည်။ အညမညံ၊ ချင်း။ ဝိသဒိသာ၊ မတူကုန်သည်။ ဟောန္တိ ယထာ၊ သို့။ ဧဝံ-တထာ၊ တူ။ စက္ခုပသာဒါဒယော၊ တို့သည်။ အညသ္မိံ၊ တပါးသော။ ဝိသေသကာရဏေ၊ ထူးသောအကြောင်းသည်။ အဝိဇ္ဇမာနေပိ၊ မရှိလျှင်းမူလည်း။ အညမညံ၊ ချင်း။ ဝိသဒိသာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဧတံ-ဝစနံ၊ ကို။ ဂဟေတဗ္ဗံ၊ ၏။

အညမညဿ၊ တပါးသည် တပါး၏။ အသာဓာရဏံ၊ မဆက်ဆံသော။ ယံ ကာရဏံ၊ အကြင်အကြောင်းသည်။ အတ္ထိ၊ ၏။ တံ ကာရဏံ၊ သည်။ ကိံ ပန၊ နည်းဟူမူကား။ နေသံ၊ ထိုစက္ခုသောတ စသည်တို့၏။ ဝိသေသ-ကာရဏံ၊ ထူးသောအကြောင်းကား၊ ဝါ၊ ထူးသည်၏အဖြစ်ကိုပြုတတ်သော အကြောင်းကား။ ကမ္မမေဝ၊ ကံသာလျှင်တည်း။ တသ္မာ၊ ထိုသို့ ကံသာ ဝိသေသအကြောင်း ဖြစ်သောကြောင့်။ ကမ္မဝိသေသတော၊ ကံထူးသည်၏ အဖြစ်ကြောင့်။ ဧတေသံ၊ ထိုစက္ခုသောတ စသည်တို့၏။ ဝိသေသော၊ အချင်းချင်းမတူ ထူးသည်၏အဖြစ်သည်။ (ဟောတိ၊ ၏။) ဘူတဝိသေသ-တော၊ ဘုတ်ထူးသောကြောင့်။ (ဧတေသံ၊ တို့၏။ ဝိသေသော၊ သည်။ (န ဟောတိ၊) ဖြစ်သည်မဟုတ်။ ဟိ-သစ္စံ၊ ၏။ ဘူတဝိသေသေ၊ ဘုတ် အထူးသည်။ သတိ၊ ဖြစ်ခဲ့သော်။ ပသာဒေါဝ၊ ပသာဒသည်ပင်လျှင်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဟိ-ယသ္မာ၊ ကြောင့်။ သမာနာနံ၊ မျှကုန်သော ဘုတ် တို့ကို၊ ဝါ၊ တို့၏။ ပသာဒေါ၊ ကြည်စေတတ်သည်၊ ဝါ၊ ပသာဒသည်။ ဟောတိ၊ ၏။ ဝိသမာနာနံ၊ မမျှကုန်သော ဘုတ်တို့ကို။ ပသာဒေါ၊ ကြည်စေတတ်သည်။ န ဟောတိ၊ မဖြစ်။ (တသ္မာ၊ ကြောင့်။ န ဥပ္ပဇ္ဇတိ၊

ဟောန္တိ ယထာ၊ သို့။ ဧဝံ၊ တူ။ အညသ္မိံ၊သော။ ဝိသေသကာရဏေ၊ သည်။ အဝိဇ္ဇမာ-နေပိ၊ သော်လည်း။ စက္ခုပသာဒါဒယော၊ တို့သည်။ (အညမညံ ဝိသဒိသာ ဟောန္တိ) ဣတိ၊ သို့။ ဧတံ-ဝစနံ၊ ကို။ ဂဟေတဗ္ဗံ၊ ယူအပ် ယူသင့်၏” ဟူ၍ တဝါကျတည်းအဖြစ်ဖြင့် တည်ရှိခြင်း, ယောဇနာခြင်းသည်သာလျှင်ယုတ္တတရ ဖြစ်ပေသည်။ ထိုကြောင့်ပင် ယခုလက်ရှိ ဆဋ္ဌသံဂါယနာမူ၌ သျာမူ, ဣမူ, အချို့မြန်မာမူတို့နှင့်အညီ လက်ခံထားပေသည်။ အဋ္ဌသာလိနီနှင့် မူလဋီကာတို့၌လည်း အလားတူပင်ရှိသင့်၏။ (ဆ-သံ-သော)

မဖြစ်။) ဝုတ္တံ၊ သို့။ ပေါရာဏာ၊ ရှေးပညာရှိတို့သည်။ (ကထေန္တိ၊ ကုန်၏။)

၄၃၅။ စ၊ ဆက်၍ဆိုအံ့။ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ ကမ္မဝိသေသတော၊ ကံထူးသည်၏ အဖြစ်ကြောင့်။ ဝိသေသဝန္တေသု၊ အထူးရှိကုန်သော။ ဧတေသု၊ ထိုစက္ခုသောတစသည်တို့တွင်။ စက္ခုသောတာနိ၊ တို့သည်။ အသမ္ပတ္တဝိသယဂ္ဂါဟကာနိ၊ မိမိသို့မရောက်သော အာရုံကို ယူတတ်ကုန်၏၊ ဝါ၊ အာရုံသို့ မိမိတို့မရောက်မူ၍ အာရုံကို ယူတတ်ကုန်၏။ ကသ္မာ၊ ကြောင့်နည်း။ အတ္တနော၊ မိမိဟုဆိုအပ်သော စက္ခုသောတ၏။ နိဿယံ၊ မှီရာမဟာဘုတ်ကို။ အနလ္လီနနိဿယေ ဧဝ၊ မငြိမရောက်သော အမှီရှိသည်သာလျှင် ဖြစ်သော။ ဝိသယေ၊ ရူပသဒ္ဒဟူသော အာရုံ၌။ ဝိညာဏဟေတုတ္တာ၊ စက္ခုဝိညာဉ်,သောတဝိညာဉ်ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်တည်း။ ဃာနဇိဝှါကာယာ၊ တို့သည်။ သမ္ပတ္တဝိသယဂါဟကာ၊ မိမိသို့ရောက်သောအာရုံကို ယူတတ်ကုန်၏။ ကသ္မာ၊ ကြောင့်နည်း။ နိဿယဝသေန စေဝ၊ ဂန္ဓ,ရသတို့၏ အမှီမဟာဘုတ်၏ အစွမ်းဖြင့်လည်း။ (အလ္လီနေဝ-၌စပ်။) အတ္တနော၊ ဃာနဇိဝှါ၏။ နိဿယံ၊ မှီရာမဟာဘုတ်ကို။ အလ္လီနေ၀၊ ငြိရောက်သည်သာလျှင်ဖြစ်သော။ ဝိသယေ၊ ဂန္ဓ,ရသဟူသောအာရုံ၌။ သယဉ္စ၊ ဖောဋ္ဌဗ္ဗမဟာဘုတ်ဟူသော မိမိကိုယ်တိုင်လည်း။ အတ္တနော၊ ကာယ၏။ နိဿယံ၊ မှီရာမဟာဘုတ်ကို။ အလ္လီနေ၀၊ ငြိသည်သာလျှင်ဖြစ်သော။ ဝိသယေ၊ ဖောဋ္ဌဗ္ဗာရုံ၌။ ဝိညာဏဟေတုတ္တာ၊ ဃာန, ဇိဝှါ, ကာယဝိညာဉ် ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်တည်း[၁]။

၄၃၆။ ဧတ္ထ၊ ဤငါးပါးသော ဥပါဒါရုပ်တို့တွင်။ စက္ခု၊ သည်[၂]။ နီလပခုမသမာကိဏ္ဏံ၊ ညိုသောမျက်မွေးဖြင့် ထက်ဝန်းကျင်ပြွမ်းထသော။ ကဏှသုက္ကမဏ္ဍလဝိစိတ္တံ၊ မျက်နက်ဝန်း, မျက်ဖြူဝန်းတို့ဖြင့် ဆန်းကြယ်သော။ နီလုပ္ပလဒလသန္နိဘံ၊ ကြာညိုပွင့်ချပ်နှင့်တူသော။ ယဒေတံ ယံ ဧတံ

---

၁-ဂန္ဓရသတို့၏ နိဿယတို့သည် ဃာနဇိဝှါတို့၏ နိဿယကို ကပ်ငြိကုန်၏၊ ထိုကြောင့် ဂန္ဓရသတို့သည် နိဿယအားဖြင့် အလ္လီနဖြစ်ကုန်၏၊ ဖောဋ္ဌဗ္ဗသည် မိမိကိုယ်တိုင် ကာယ၏ နိဿယကို ကပ်ငြိ၏၊ မဟာဘုတ်ဖြစ်သောကြောင့်တည်း။ (ပြည်)

၂-သာမညမာနံ တိဋ္ဌတိတိ သမ္ဗန္ဓော။ စ-ကား ဗျတိရေကတ္ထတည်း၊ ထို စ-ဖြင့် ထို စက္ခု၏ ဆိုလတ့်သော ဝိသေသကိုပင် ထွန်းသတည်း။ (ပြည်)

မံသပိဏ္ဍံ၊ အကြင်အသားစိုင်ကို။ စက္ခုုတိ၊ မျက်လုံးဟူ၍။ လောကော၊ သတ္တလောကဉ္စ။ ဝုစ္စတိ၊ ၏။ သသမ္ဘာရစက္ခုနော၊ ထောက်ပံ့တတ်သော အကြောင်းအဆောက်အအုံနှင့်တကွဖြစ်၍ သသမ္ဘာရစက္ခုဟု ဆိုအပ်သော။ တဿ မံသပိဏ္ဍဿ၊ ထိုအသားစိုင်၏။ ဝါ၊ တဿ စက္ခုဂေါဠကဿ၊ ထို မျက်လုံး၏။ (ကဏှမဏ္ဍလဿ-၌ အပေါင်းအစိတ်စပ်၊ မဇ္ဈေ-၌သော်လည်း စပ်။) သေတမဏ္ဍလပရိက္ခိတ္တဿ၊ မျက်ဖြူဝန်းတို့ဖြင့် ခြံရံအပ်သော။ ကဏှမဏ္ဍလဿ၊ မျက်နက်ဝန်း၏။ မဇ္ဈေ၊ အလယ်၌။ (တိဋ္ဌတိ-၌စပ်။) အဘိမုခေ၊ ရှေးရှုအရပ်၌။ ဌိတာနံ၊ တည်ကုန်သောသူတို့၏။ သရီရသဏ္ဌာနုပ္ပတ္တိပဒေသေ၊ ကိုယ်သဏ္ဌာန် အရိပ်ထင်ရာအရပ်၌။ သတ္တသု ပိစုပဋလေသု၊ ဝါဂွမ်းလွှာ ခုနစ်ထပ်တို့ဝယ်။ အာသိတ္တတေလံ၊ သွန်းလောင်းအပ်သော ဆီသည်။ ပိစုပဋလာနိ၊ ဝါဂွမ်းလွှာ ခုနစ်ထပ်တို့ကို။ ဗျာပေတိ ဝိယ၊ နှံ့စေသကဲ့သို့။ သတ္တ အက္ခိပဋလာနိ၊ မျက်လွှာခုနစ်ထပ်တို့ကို။ ဗျာပေတွာ၊ နှံ့စေ၍။ ဓာရဏနှာပနမဏ္ဍနဗီဇနကိစ္စာဟိ၊ ချီပိုးခြင်း, ရေချိုးခြင်း, တန်းဆာဆင်ယင်ခြင်း, ယပ်ခပ်ခြင်းကိစ္စကို ဆောင်ကုန်သော။ စတူဟိ ဓာတီဟိ၊ အထိန်းတော် လေးဦးတို့သည်။ ကတူပကာရော၊ ပြုအပ်သော မွေးမြူခြင်းရှိသော။ (ပြင်၍လိုက်။) ခတ္တိယကုမာရော ဝိယ၊ မင်းသားကဲ့သို့။ သန္ဓာရဏာဗန္ဓနသမုဒီရဏကိစ္စာဟိ၊ ကောင်းစွာခံခြင်း, ဖွဲ့ခြင်း, ရင့်စေခြင်း, လှုပ်ရှားခြင်းကိစ္စ ရှိကုန်သော။ စတူဟိ ဓာတူဟိ၊ သဟဇာတ် ဓာတ်လေးပါးတို့သည်။ ကတူပကာရံ၊ ကျေးဇူးပြုအပ်သည် ဖြစ်၍။ ဥတုစိတ္တာဟာရေဟိ၊ ရုပ်ကလာပ်ခြားဖြစ်သော ဥတု,စိတ်,အာဟာရ တို့သည်။ ဥပထမ္ဘိယမာနံ၊ ထောက်ပံ့အပ်သည်ဖြစ်၍။ အာယုနာ၊ သဟဇာတ် ဇီဝိတိန္ဒြေသည်။ [၇၆] အနုပါလိယမာနံ၊ စောင့်ရှောက်အပ်သည် ဖြစ်၍။ ဝဏ္ဏဂန္ဓရသာဒီဟိ၊ သဟဇာတ် ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာတို့သည်။ ပရိဝုတံ၊ ခြံရံအပ်သည်ဖြစ်၍။ ပမာဏတော၊ ပမာဏအားဖြင့်။ ဦကာသိရမတ္တံ၊ သန်းဦးခေါင်း ပမာဏအရပ်၌ ဖြစ်၍။ စက္ခုဝိညာဏာဒီနံ၊ စက္ခုဝိညာဉ်စသည်တို့၏။ ယထာရဟံ၊ ထိုက်သည်အလျောက်။ ဝတ္ထုဒွါရဘာဝံ၊ ဝတ္ထုအဖြစ်, ဒွါရအဖြစ်ကို။ သာဓယမာနံ၊ ပြီးစေလျက်။ တိဋ္ဌတိ၊ တည်၏[၁]။

---

၁-စက္ခုဝိညာဉ်၏ တည်မှီရာဖြစ်သောကြောင့် ဝတ္ထုအဖြစ်ကို, စက္ခုဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဒွါရအဖြစ်ကို, သမ္ပဋိစ္ဆိုင်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့

စ-သစ္စံ၊ ၏။ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည်။ ယေန။ ပ။ သမုပမန္တိ၊ ဟူသော။ တေံ·ဂါထာ-ဝစနံ၊ ကို။ ဝုတ္တမ္ပိ၊ ဟောလည်း ဟောတော်မူအပ်၏။

---

၏လည်း ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် ဒွါရအဖြစ်ကို ပြီးစေသည်ကိုရည်၍ ယဿာ-ရမ္မဏံ-ဟူသည်။ ။ပသာဒစက္ခု သသမ္ဘာရစက္ခုနှစ်ချက်ရှိသည်၊ သသမ္ဘာရ စက္ခုကိုကား ဤသို့ သိအပ်၏။ ။သမ္ဘရိယတိ ဧတေဟီတိ သမ္ဘာရော။ ။ဧတေဟိ ဥပသမ္ဘေဟိ၊ ဤထောက်ပံ့ တတ်ကုန်သော စတုသမုဋ္ဌာနိကရူပသန္တတိတို့ဖြင့်။ စက္ခာဒိကံ၊ စက္ခုစသည်ကို။ သမ္ဘရိယတိ၊ ကောင်းစွာမွေးမြူအပ် ဆောင်အပ် ဖြစ်စေအပ်၏။ ဣတိ·တသ္မာ၊ ထိုသို့ဖြစ်သော သတ္တိကြောင့်။ တေ ဥပထမ္ဘာ၊ တို့သည်။ သမ္ဘာရာ၊ မည်ကုန်၏။ စက္ခုစသည်ကို ကောင်းစွာမွေးမြူကြောင်းဆောင်ကြောင်း ဖြစ်စေကြောင်းဖြစ်သော သတ္တိကြောင့် အဆောက်အအုံဖြစ်သော စတုသမုဋ္ဌာနိက ရုပ်အစဉ်ဟူသော အစိတ်အစိတ်သော အဆောက်အအုံအကြောင်းတို့သည် သမ္ဘာရမည်၏ဟူလိုသည်။ ။ထိုသမ္ဘာရတို့ကား ဤအရာ၌ ဓာတ်လေးပါး ဝဏ္ဏ ဂန္ဓ ရသ ဩဇာ သမ္ဘဝ သဏ္ဌာန ဇီဝိတ ဘာဝ ကာယပသာဒ ဤတရားစုတွင် စက္ခုပသာဒ သောတ ပသာဒစသည်ကို လဲလှယ်ထည့်၍ အကျဉ်းအားဖြင့် တဆယ့်လေးပါးတို့တည်း။ အကျယ်အားဖြင့်သော်ကား ဓာတ်လေးပါး,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ,သမ္ဘဝ,သဏ္ဌာန·ဤဆယ်ပါးတို့သည် စတုသမုဋ္ဌာနိက ဖြစ်ရကား ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇအားဖြင့် ဆယ်ပါးစီဖြစ်၍ လေးဆယ်ဖြစ်၏။ ကမ္မဇ ကေန္တဖြစ်သော ဇီဝိတဘာဝ, ကာယပသာဒနှင့်တကွ စက္ခုပသာဒ, သောတပသာဒ စသည်ကို တပါးစီ လဲလှယ်ထည့်သဖြင့် လေးဆယ့်လေးပါးဖြစ်သတည်း။ ဤစကားတွင် သမ္ဘဝ·ဟူသည်ကား သုက်ဟူသော အာပေါဓာတ်အဘူးတည်း၊ သဏ္ဌာန်·သည်ကား မျက်ဖြူမျက်နက် အဝန်းအရေးစသော သဏ္ဌာန်အားဖြင့် ထင်သော ရူပါရုံပင်တည်း။ သဟ သမ္ဘာရေဟီတိ သသမ္ဘာရံ၊ တဒေဝ စက္ခုတိ သသမ္ဘာရစက္ခု။ သမ္ဘာရေဟိ၊ ထောက်ပံ့တတ်သော စတုသမုဋ္ဌာနိကရူပ ပန္တတိ ဟူသော အဆောက်အအုံအကြောင်းတို့နှင့်။ သဟ၊ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ·တသ္မာ၊ ထိုသို့ဖြစ်တတ်သောသတ္တိကြောင့်။ သသမ္ဘာရံ၊ မည်၏။ တဒေဝ၊ ထိုအဆောက်အအုံ အကြောင်းတို့နှင့်တကွ ဖြစ်တတ်သော မံသပိဏ္ဍစက္ခုဂေါဠကသည်ပင်လျှင်။ စက္ခု၊ စက္ခုတည်း။ ဣတိ·တသ္မာ၊ ထိုသို့ မံသပိဏ္ဍသည်ပင်လျှင် စက္ခုဟူသောသတ္တိကြောင့်။ သသမ္ဘာရစက္ခု၊ မည်၏။ ယခင်အကျဉ်းအားဖြင့် တဆယ့်လေးပါး အကျယ်အားဖြင့် လေးဆဲ့လေးပါးသော အစိတ်အစိတ်သော အဆောက်အအုံအကြောင်းနှင့်တကွ ဖြစ်သောကြောင့် သသမ္ဘာရ မည်သော မံသပိဏ္ဍသည်ပင်လျှင် သသမ္ဘာရ စက္ခုမည်သည် ဟူလိုသော်။ သသမ္ဘာရ သောတ, ဃာန, ဇိဝှါ, သသမ္ဘာရ ကာယများ၌လည်း ယခင်နည်းတူ သမာသ်တွဲ၍ ယခင်နည်းတ ယဘာရဟ အဓိပ္ပါယ် ယူလေ။

စက္ခုကို တည်ရာဌာန အစရှိသောအားဖြင့် ထင်စွာပြလိုရကား စက္ခု ဗေဇ္ဇ-စသည်ကို မိန့်သော်။ ဖြေလိုရင်းပါဌ်ကား စက္ခု တိဋ္ဌတိ·တည်း၊ စက္ခုသည် တည်၏ ဟူလိုသော်။ စက္ခုတည်သော ဆိုပြီ၊ အဘယ်၌ တည်သနည်းစုဒ်။ သေတမဏ္ဍလပရိက္ခိတ္တဿ ကဏှမဏ္ဍလဿ မဇ္ဈေ-မိန့်။ လိုရင်းကား မဇ္ဈေတည်း။ အဘယ်၏ အလယ်နည်းစုဒ်။

[ယေန စက္ခုပသာဒေန၊ ဖြင့်။ ရူပါနိ၊ တို့ကို။ အနုပဿတိ၊ မြင်၏။ (မကား ပဒသန္ဓိတည်း)။ ဝါ၊ မန္ဒ၊ သတ္တဝါသည်။ ရူပါနိ၊ တို့ကို။ ပဿတိ၊ ၏။ တံ၊ ထို စက္ခုပသာဒသည်။ ပရိတ္တံ၊ ငယ်စွာ၏။ သုခုမံ၊ သိမ်မွေ့၏။ ဉကာသိရသမူပမံ၊ သန်းဦးခေါင်းနှင့် တူမျှသောပမာဏ ရှိ၏]။

သောတံ၊ သောတပသာဒသည်။ သသမ္ဘာရသောတဗိလဿ၊ ထောက်ပံ့ တတ်သော အဆောက်အအုံအကြောင်းနှင့်တကွဖြစ်၍ သသမ္ဘာရသောတ ဟု ဆိုအပ်သော နားပေါက်၏။ အန္တော၊ အတွင်းဝယ်။ တနုတမ္ဗလောမာ-စိတေ၊ စိုပြည်နုပျို့သိမ်မွေ့သော နီစွာသော အမွေး စီရရီရောက်သော။ အင်္ဂုလိဝေဌကသဏ္ဌာနေ၊ လက်စွပ်သဏ္ဌာန်ရှိသော။ ပဒေသေ၊ အရပ်၌။

---

ကဏှမဏ္ဍလဿ-မိန့်။ မျက်နက်သက်သက်ဖြစ်ကြောင်း၏စုဒ်။ သေတမဏ္ဍလပရိက္ခိတ္တဿ-မိန့်။ မျက်ဝန်းအလယ်၌ အားလုံး၌ပင်တည်၏- ဌာနအတိဗျာပိတစုဒ်။ အဘိမုခေ ဌိတာနံ သရီရသဏ္ဌာနုပ္ပတ္တိဒေသေ-မိန့်။ ဧတေန အဝသေသံ ကဏှမဏ္ဍလံ ပဋိက္ခိပတိ။ ဋီ။ ကိုယ်သဏ္ဌာန် ထင်ရာအရပ်ဝယ် အထဲ၌ရှင်း အလယ်၌ရှင်း အပေါ်၌ရှင်း တခုခု၌ တည်၏- အဗျာပိတစုဒ်။ သတ္တပဋလာနိ ဗျာပေတွာ-မိန့်။ ခုနစ်လွှာဆို၏၊ အဘယ်၏ခုနစ်လွှာနည်းစုဒ်။ တနည်း ကဏှမဏ္ဍလ-ဟူ၏၊ အဘယ်၏ ကဏှမဏ္ဍလနည်းစုဒ်။ သသမ္ဘာရစက္ခုနော-မိန့်။ သသမ္ဘာရ စက္ခုဟူသည် အဘယ်နည်းစုဒ်။ ယဒဒတံ။ပ။ ဝုစ္စတိ တဿ-မိန့်သော်။ ခုနစ်လွှာကို နှံ့စေရာ၌ ပမည်း ပမာ အသို့နည်းစုဒ်။ သတ္တသု။ပ။ ဝိယ-မိန့်။ မိမိချည်း ပင် တည်နိုင်ကောင်း၏- အဗျာပိတစုဒ်။ သန္ဓာရဏ။ပ။ ကဘူပကာရံ-မိန့်။ ခံခြင်းစသော ကိစ္စလေးပါးရှိသော ဓာတ်လေးပါးတို့သည် ကျေးဇူးပြုအပ်သည်ဖြစ်၍ တည်နိုင်သည် ဟူလို သော်။ ဥပမာယ မိဓေကဒေ့စ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ- ကျမ်းလာရကား ဥပမာ ဆိုစကောင်း သည်တောင်း။ ဓာရဏ။ပ။ ဝိယ-မိန့်။ ဓာတ်လေးပါးတို့ ကျေးဇူးပြုကာမျှဖြင့် တည်လျှင် ကောင်း၏- အကြောင်းအကျိုးဆန့်-စုဒ်။ ဥတုစိတ္တာဟာရေဟိ ဥပထမ္ဘိယမာန်-မိန့်။ ဤမျှ တည်းဖြင့် တည်နိုင်ကောင်း၏စုဒ်။ အာယုနာ အနုပါလိယမာနံ-မိန့်။ မိမိတခုတည်း အသီး အခြား တည်၏-အဗျာပိတစုဒ်။ ဝဏ္ဏဂန္ဓရသာဒိဟိ ပရိဝုတံ-မိန့်။ နှံ့ ရာပမာဏ အဘယ်မျှနည်း စုဒ်။ ဦကာသိရမတ္တံ-မိန့်။ သန်းဦးခေါင်းပမာဏရှိသော အရပ်၌ ဖြစ်ရကား ဦကာသိရမတ္တ သည် နှံ့ ရာပမာဏ ဟူလိုသော်။ ပသာဒစက္ခုသည်ပင် ဦကာသိရပမာဏ ရှိသောကြောင့် ပမာဏတော ဦကာသိရမတ္တံ-ဟူသလောဟူမူ။ ပမာဏတော ဦကာသိရမတ္တန္တိ ဦကာသိရ-မတ္တေ ပဒေသေ ပဝတ္တနတော ဝုတ္တံ။ (ဋီ၂၊ ၉၄)စက္ခုပသာဒ သန်းဦးခေါင်း ပမာဏကြီးသည် မဟုတ်ဟူလို။ အဘယ်ကိစ္စ ပြီးစေ၍ တည်သနည်းစုဒ်။ ဝတ္ထုဒွါရဘာဝံ သာဓယမာနံ-မိန့်။ အဘယ်၏ ဝတ္ထုဒွါရနည်းစုဒ်။ စက္ခုဝိညာဏာဒီနံ-မိန့်။ စက္ခုဝိညာဉ်အစ တဒါရုံ အဆုံး ရှိသော ဝီထိစိတ်တို့၏ ဝတ္ထုဒွါရအဖြစ်ချည်း အတူတူဖြစ်ကောင်း၏၊ အညမညမဆန့် လော-စုဒ်။ ယထာရဟံ-မိန့်။ အဓိပ္ပါယ်ကား စက္ခုဝိညာဉ်အား နိဿယပစ္စည်းတပ်သော ကြောင့် စက္ခုဝိညာဉ်၏ ဝတ္ထုအဖြစ်, စက္ခုဝိညာဉ်နှင့်တကွသောအာဝဇ္ဇန်းအစ တဒါရုံအဆုံး ရှိသော ဝီထိစိတ်တို့၏ ဒွါရအဖြစ်ကို ပြီးစေသည်ဟူလိုသော်။ (ပြည်)

ဝုတ္တပ္ပကာရာဟိ၊ ဆိုအပ်ပြီးသော အပြားရှိကုန်သော။ ဓာတူဟိ၊ တို့သည်။ ကတူပကာရံ၊ ပြုအပ်သော ကျေးဇူးရှိသည်ဖြစ်၍။ ဥတုစိတ္တာဟာရေဟိ၊ တို့သည်။ ဥပထမ္ဘိယမာနံ၊ ၍။ပ။ တိဋ္ဌတိ၊ ၏။

ဃာနံ၊ ဃာနပသာဒသည်။ သသမ္ဘာရဃာနဗိလဿ၊ သသမ္ဘာရဃာနဟု ဆိုအပ်သော နှာခေါင်း၏။ အန္တော၊ ဝယ်။ အဇပဒသဏ္ဌာနေ၊ ဆိတ်ခြေခွါသဏ္ဌာန်ရှိသော။ ပဒေသေ၊ ၌။ ယထာဝုတ္တပကာရုပထမ္ဘနာ-နုပါလနပရိဝါရံ၊ ဆိုအပ်ပြီးသော အပြားရှိသော တရားတို့သည် ကျေးဇူးပြုအပ် ထောက်ပံ့အပ် စောင့်ရှောက်အပ် ခြံရံအပ်သည်ဖြစ်၍။ ပ။

ဇိဝှါ၊ ဇိဝှါပသာဒသည်။ သသမ္ဘာရဇိဝှါမဇ္ဈဿ၊ သသမ္ဘာရဇိဝှါဟု ဆိုအပ်သော လျှာလယ်၏။ ဥပရိ၊ အထက်၌။ ဥပ္ပလဒလဂ္ဂသဏ္ဌာနေ၊ အလယ်၌ပြတ်သောကြာရွက်၏ အဖျားပိုင်းသဏ္ဌာန်ရှိသော။ ပဒေသေ၊ ၌။ပ။ တိဋ္ဌတိ၊ ၏။

ပန၊ ထူးသည်ကိုဆိုအံ့၊ ဝါ၊ ထိုမှတပါး။ ဣမသ္မိံ ကာယေ၊ ဤကိုယ်၌။ ယာဝတာ၊ (ကမ္မဇတေဇောဓာတ်၏ တည်ရာကိုရင်း, ဆံဖျားအမွေးဖျား ခြေသည်းလက်သည်းဖျား ခြောက်သွေ့သောအရေဖျားကိုရင်း ချန်ထား၍) အကြင်မျှလောက်သော အရပ်၌။ ဥပါဒိဏ္ဏရူပံ နာမ၊ ကမ္မဇရုပ် မည်သည်။ အတ္ထိ၊ ၏။ သဗ္ဗတ္ထ၊ ဥပါဒိဏ္ဏရုပ်ရှိရာ အလုံးစုံသော အရပ်၌။ ကာယော၊ ပသာဒသည်။ ကပ္ပါသပဋလေ၊ ဝါဂွမ်းလွှာ၌။ သ္နေဟော ဝိယ၊ ဆီကဲ့သို့။ ဝုတ္တ။ ပ။ ရောဝ၊ ဆိုအပ်ပြီးသော ကျေးဇူးပြုခြင်း ထောက်ပံ့ခြင်း စောင့်ရှောက်ခြင်း ခြံရံခြင်း ရှိသည်သာလျှင်။ ဟုတ္ဝာ၊ ၍။ ပ။ တိဋ္ဌတိ၊ ၏။

စ၊ ဆက်၍ဆိုအံ့။ အဟိ။ ပ။ သိင်္ဂါလာ၊ မြွေ, မိကျောင်း, ငှက်, အိမ်ခွေး, မြေခွေးတို့သည်။ ဝမ္မိက။ ပ။ နိန္နာ၊ တောင်ပို့ခေါင်း, ရေနက်ဝှမ်းရာ, ကောင်းကင်, ရွာတွင်း, အာမကသုသာန်ဟု ဆိုအပ်သော မိမိတို့ ကျက်စားရာသို့ ညွတ်သောစိတ် ရှိကုန်သည်သာလျှင်။ ဟောန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝေ စက္ခာဒယောပိ၊ ဤစက္ခုစသား ငါးပါးသော ပသာဒတို့သည်လည်း။ ရူပါဒိသဂေါစရနိန္နာဝ၊ ရူပါရုံ အစရှိသောမိမိတို့ အာရုံသို့ ညွတ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ပညာစက္ခုဖြင့် ရှုအပ်ကုန်၏။ (ဣတိ၊ ဤရွေ့တရပ်အပြီးတည်း။)

၄၇၇။ ပန၊ တဖို့တခန်းကို ဆိုအံ့။ တတော၊ ထိုပသာဒရုပ်မှ။ ပရေသု၊ နောက်ဖြစ်ကုန်သော။ ရူပါဒီသု၊ ရူပါရုံစသော ဝိသယရုပ်တို့တွင်။ ရူပံ၊ ရူပါရုံသည်။ စက္ခုပဋိဟနနလက္ခဏံ၊ စက္ခုပသာဒ၌၊ ဝါ၊ စက္ခုပသာဒကို ထိခတ်ခြင်းလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ စက္ခုဝိညာဏဿ၊ ၏၊ ဝါ၊ အား။ ဝိသယဘာဝရသံ၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကိစ္စရှိ၏၊ ဝါ၊ အာရမ္မဏပစ္စယသတ္တိနှင့် ပြည့်စုံခြင်းရှိ၏၊ ဝါ၊ အာရမ္မဏပစ္စယသတ္တိဟူသော ဂုဏ်ရှိ၏[၁]။ တဿေဝ၊ ထိုစက္ခုဝိညာဉ်၏သာလျှင်။ ဂေါစရပစ္စုပဋ္ဌာနာ၊ ကျက်စားရာ အာရုံ၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ စတုမဟာဘူတပဒဋ္ဌာနံ၊ လေးပါးသော မဟာဘုတ်လျှင် နီးသောအကြောင်းရှိ၏။ စ၊ ဆက်၍ဆိုအံ့။ တေ ရူပံ၊ သည်။ စတုမဟာဘူတပဒဋ္ဌာနံ၊ သည်။ ဟောတိ ဝိယ၊ သို့။ တထာ၊ တူ။ သဗ္ဗာနိပိ၊ ကုန်သော။ ဥပါဒါရူပါနိ၊ တို့သည်။ စတုမဟာဘူတပဒဋ္ဌာနာနိ၊ ကုန်၏။ ပန၊ ထူးသည်ကိုဆိုအံ့၊ ဝါ၊ ဆက်၊ ယတ္ထ၊ အကြင်ကာယဝိညတ်စသည်၌။ ဝိသေသော၊ သည်။ အတ္ထိ၊ ၏။ တတ္ထ၊ ထိုကာယဝိညတ်စသည်၌။ (တံ ဝိသေသံ၊ ကို။ မယံ၊ တို့သည်။) ဝက္ခာမ၊ ကုန်အံ့။ တယိဒံ-တံ ဣဒံ ရူပံ၊ သည်။ နီလံ၊ အညို။ ပီတံ၊ အဝါ။ ဣတိအာဒိ-ဝသေန၊ ဖြင့်။ အနေကဝိဓံ၊ ရှိ၏[၂]။

[၇၇] သဒ္ဒေါ၊ သည်။ သောတပဋိဟနနလက္ခဏော၊ သောတပသာဒ၌ ထိပါးခြင်းလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ သောတဝိညာဏဿ၊ ၏၊ ဝါ၊

---

၁-ဤနောက်နည်းကား ဒုဿီလျဝိဒ္ဓံသနတာ၊ အနုဘဂ္ဂါဇောတ တသာ။ ကိစ္စသမ္ပတ္တိ-အတ္ထေန၊ ရသော နာမ ပဝုစ္စတိ-ဟူသော ဝိသုဒ္ဓိမဂ်ကိုမှီ၍ ယောဇနာနည်းတည်း။ (ပြည်)

၂-ဝိသယဂေါစရာနံ ဝိသေသော အနုညတ္တဘာဝေါ တဗ္ဗဟုလစာရိတာ စ စက္ခုဝိညာ-ဏဿ(မူလဋီကာ။) စက္ခုပိညာဏဿ၊ ၏။ အနုညတ္တဘာဝေါ၊ တပါးသောအာရုံ၌ မဖြစ်ခြင်းသည်ရင်း။ တဗ္ဗဟုလစာရိတာ စ၊ ထိုရူပါရုံ၌ များစွာဖြစ်ခြင်းရှိသည်၏ အဖြစ်သည်ရင်း။ ဝိသယဂေါစရာနံ၊ တို့၏။ ဝိသေသော၊ အထူးတည်း။ ဋီကာအနက်။ ရူပယတိ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ရူပံ။ ဟဒယင်္ဂတဘာဝံ၊ နှလုံး၌ဖြစ်သောအလိုကို။ ရူပယတိ ပကာသေတိ၊ ထင်ရှားပြတတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ရူပံ၊ ရူပါရုံမည်၏။ ရူပါရုံသည် စက္ခုပသာဒ၌ ထိပါးခြင်းလက္ခဏာ ရှိရကား ပုတ်သင်၏ အဆင်းသည် ညိုတုံ ရွှေတုံ စသဖြင့် ဖောက်ပြန်သကဲ့သို့ တစုံတခု အကြောင်းအားလျော်စွာ အဆင်း အရည် ဖောက်ပြန်ခြင်းသို့ ရောက်သည်ဖြစ်၍ မိမိစိတ်၌ရှိသော နှလုံးသားမသားသော အလိုကို ထင်ရှားပြတတ်သည် ဟူလိုသော်။ (ပြည်)

အား။ ဝိသယဘာဝရသော၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကိစ္စရှိ၏၊ ဝါ၊ အာရမ္မဏသတ္တိနှင့်ပြည့်စုံ၏။ တသောဝ၊ ၏သာလျှင်။ ဂေါစရပစ္စုပဋ္ဌာနော၊ ကျက်စားရာအာရုံ၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်တတ်၏။ ဘေရိသဒ္ဒေါ၊ စည်ကြီးသံ။ မုဒိင်္ဂသဒ္ဒေါ၊ မုရိုးစည်သံ။ ဣတိ အာဒိနာ နယေန၊ ဤသို့စသောနည်းဖြင့်။ အနေကဝိဓော၊ ၏[၁]။

ဂန္ဓော၊ သည်။ ဃာနပဋိဟနနလက္ခဏော၊ ဃာနပသာဒ၌ ထိပါးခြင်းလက္ခဏာ ရှိ၏။ ဃာနဝိညာဏဿ၊ ၏၊ ဝါ၊ အား။ ဝိသယဘာဝရသော၊ ကိစ္စရှိ၏၊ ဝါ၊ ပြည့်စုံ၏။ တသောဝ၊ ၏သာလျှင်။ ဂေါစရပစ္စုပဋ္ဌာနော၊ ထင်တတ်၏။ မူလဂန္ဓော၊ အမြစ်နံ့သာ။ သာရဂန္ဓော၊ အနှစ်နံ့သာ၊ ဣတိ အာဒိနာ နယေန၊ ဖြင့်။ အနေကဝိဓော၊ ၏[၂]။

ရသော၊ သည်။ ဇိဝှါပဋိဟနနလက္ခဏော၊ ဇိဝှါပသာဒ၌ ထိပါးခြင်း လက္ခဏာရှိ၏။ ဇိဝှါဝိညာဏဿ၊ ၏။ ဝိသယဘာဝရသော၊ ၏။ တသောဝ၊ ၏သာလျှင်။ ဂေါစရပစ္စုပဋ္ဌာနော၊ ၏။ မူလရသော၊ အမြစ်အရသာ။ ခန္ဓရသော၊ ပင်စည်အရသာ။ ဣတိ အာဒိနာ နယေန၊ ဖြင့်။ အနေကဝိဓော၊ ၏[၃]။

---

၁-သဒ္ဒိယတိ ကထိယတိ သုယ္ယတီတိ ဝါ သဒ္ဒေါ၊ သဒ္ဒိယတိ ကထိယတိ၊ ပြောဆိုအပ်၏။ ဝါ၊ ကား။ သဒ္ဒိယတိ သုယျတိ၊ ကြားအပ်၏။ ဣတိ-တသ္မာ၊ သတ္တိကြောင့်။ သဒ္ဒေါ၊ သဒ္ဒါခံမည်၏။ သဒ္ဒါရုံသည် သောတပသာဒအား ထိပါးခြင်းလက္ခဏာ ရှိရကား ပြောဆိုအပ် ကြားအပ်သည် ဟူလို။ စိတ်ဖြင့်ဖြစ်သော စိတ္တဇသဒ္ဒါ၌ ပြောဆိုအပ်သည် ကြားအပ်သည် နှစ်ချက်သင့်၊ မိုးသံ လေသံစသော ဥတုဖြင့်ဖြစ်သော ဥတုဇသဒ္ဒါ၌ ကြားအပ်သည် တချက်သင့်။ (ပြည်)

၂-ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတီတိ ဂန္ဓော။ အတ္တနော ဝတ္ထုံ၊ မိမိတည်ရာဖြစ်သော ပန်းနံ့သာစသည်ကို။ ဂန္ဓယတိ သူစေတိ၊ ကုံးတိုက်တတ် ချောပစ်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဂန္ဓော၊ ဂန္ဓာခံမည်၏။ ဂန္ဓာရုံသည် ဃာနပသာဒအား ထိပါးခြင်း လက္ခဏာ ရှိရကား မိမိတည်ရာဖြစ်သော ပန်းနံ့သာစသည်ကို ဤဝတ္ထုသည် ဤမှာရှိ၏ဟု အနံ့လိုင်စေသဖြင့် ကုံးတိုက်ချောပစ်သကဲ့သို့ ပြုတတ်သည် ဟူလို။ ပရမတ် သဘောတရားတို့သည် ကြောင့်ကြဲ့သော နိဗျာပါရဓမ္မ ဖြစ်ရကား ကုံးတိုက်ချောပစ်သကဲ့သို့ ပြုတတ်သည်ဟု ဥပမာစကားသာ ဆိုအပ်သည်။ အနုတိုင်းမှာ နည်းတူ။ (ပြည်)

၃-ရသန္တိ တံ သတ္တာ အဿာဒေန္တီတိ ရသော။ တံ၊ ထိုအရသာကို။ သတ္တာ၊ သတ္တဝါတို့သည်။ ရသန္တိ အဿာဒေန္တိ၊ သာယာတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့ သာယာအပ်သော သတ္တိကြောင့်။ ရသော၊ ရသာရုံမည်၏။ ရသာရုံသည် ဇိဝှါပသာဒအား ထိပါးခြင်း လက္ခဏာရှိရကား သတ္တဝါတို့ သာယာအပ်သည် ဟူလို။ ဝါကျအခိုက်၌ ကံကိုအာချတ်

၄၃၈။ ဃာနဝိညာဏံ၊ သည်။ ဃာနဝိညာဏလက္ခဏံ၊ ဤသူကား မိန်းမဟု သိသောဉာဏ် ဃာနဝိညာဏ်ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်တည်းဟူသော

---

ကိရိယာမဟော၊ ကတ္တားကိုသာ ဟောသည်။ ပုဒ်ပြီးမှုကား ကတ္တားကို မဟော၊ ကံကို သာ ဂါတ်ပစ္စည်း ဟောသည်။ ဝါကျအခိုက်ကား ကံကိုဟောသည်ကို စွဲ၍ အဝုတ္တကမ္မ- သာဓန ဆိုရသည်။ အဝုတ္တကမ္မသာဓနအရာ၌ ဝါကျမှာတတ်, ပုဒ်ပြီးမှာအပ်ပြန်၍ စွဲမြဲ။

ဖောဋ္ဌဗ္ဗာရုံကား ပထဝီ,တေဇော,ဝါယော မဟာဘုတ်သုံးပါးဖြစ်၍ ဤဥပါဒါရုပ်အရာ၌ လက္ခဏရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ကိုတခန့် ဤ၌ မဆိုသင့်ပြီ။ ဝစနတ္ထကား ဤသို့တကား။ ဖုသိယတီတိ ဖောဋ္ဌဗ္ဗံ။ ဖုသိယတိ၊ ထိအပ်, တွေ့အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ ထိအပ်, တွေ့အပ်သော သတ္တကြောင့်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံ မည်၏။ ဖောဋ္ဌဗ္ဗာရုံသည် ကာယ ပသာဒအား ထိပါးခြင်းလက္ခဏာ ရှိရကား ဂါယပသာဒရှိတည်သော ကာယဝိညာဉ်ဖြင့် ထိအပ် တွေ့အပ်သည် ဟူလို။ အာပေါဓာတ်မှတပါး ပထဝီ, တေဇော, ဝါယော ဟူသော ဘုတ်သုံးခုသည် ဖောဋ္ဌဗ္ဗာရုံအရ တနားကိုယ်တည်း။ အဘယ့်ကြောင့် အာပေါဓာတ်ကို ကြဉ်အပ်သနည်း ဟူမူ? အာပေါဓာတ်သည် သခုမရုပ် ဖြစ်ရကား သိမ်မွေ့စွာသဖြင့် ထိခြင်း,တွေ့ခြင်းငှါ မတတ်ကောင်းသောကြောင့် ကြဉ်အပ်သတည်း။ အကယ်၍ ချမ်းအေး သောအဖြစ်ကို ထိ၍ တွေ့၍ ယူကောင်းသည်၊ ချမ်းအေးသော အဖြစ်သည်သည်း အာပေါ ဓာတ်ပင်ဖြစ်သည် ဟုဌြားအံ့? ထိုသို့ ချမ်းအေးသောအဖြစ်သည် အာပေါဓာတ် မဟုတ်၊ အာပေါဓာတ်ကား စိုစွတ်ပျောင်းပြော ဖွဲ့ခြင်းလက္ခဏာမျှသာ ရှိသည်၊ ချမ်းအေးခြင်း လက္ခဏာမရှိသောကြောင့် ချမ်းအေးသော အဖြစ်သည် တေဇောဓာတ်သာ ဖြစ်သည်။ ထိုစကားလျှင် မှန်၏။ ကျက်ခြင်း ပူခြင်း လက္ခဏာရှိသော တေဇောဓာတ်ဟူသော အပူ ညံ့သည် ရှိသော် အချမ်းအအေး ဖြစ်မြဲတည်း၊ ထိုအချမ်းအအေးသည် အာပေါဓာတ် ဟူသော တနားစု မဟုတ်၊ တေဇောဓာတ်သာ ဟူလိုသည်။ ထိုတေဇောဓာတ်သည် ဤ မှာဖက်ကမ်း ထိုမှာဖက်ကမ်းကဲ့သို့ အမြဲမရှိ၊ ရံခါ ပူတုံ ရံခါ အေးတုံဖြစ်၍ အပူလည်း ဆိုရ, အချမ်းလည်း ဆိုရသည်။ ထိုစကားသည်သာလျှင် ဟုတ်၏၊ နွေကာလ၌ နေပူဝယ် နေ၍ တပုံတခုအရိပ်သို့ ဝင်လတ်သော် အချမ်းအအေး ဖြစ်၏၊ နေပူ၌ ကြာမြင့်စွာ နေလတ်သော် အပူဖြစ်၏။ ဤသို့ အချမ်းအပူ အမြဲမရှိသတည်း။ ထိုသို့ တေဇောဓာတ်သာ အချမ်းအပူ အမြဲမရှိပဲ ဖြစ်တုံလျက် အချမ်းအအေးသည် အာပေါဓာတ် အပူသည် တေဇောဓာတ် ဟူမှုသော် ရုပ်ကလာပ်တခုတည်း၌ပင် အချမ်းအပူ တပြိုင်နက် ရကောင်း ရာ၏၊ ထိုသို့သော်လည်း မရကောင်းခဲ့။ ထိုကြောင့် အချမ်းအအေးသည် အာပေါဓာတ် မဟုတ်၊ အပူငြိမ်းသော တေဇောဓာတ်သာဟူ၍ သိလေ။ ဆန်းကျယ်သော အသိရှိသော ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်တို့သည် စိုစွတ်သော အဖြစ်ရှိသော အာပေါဓာတ်ကို ထိ၍ တွေ့၍ ယူကောင်းရကား ဖောဋ္ဌဗ္ဗ၌ သွင်းသင့်သည်ဆိုသော စကားသည်လည်း ထိုပုဂ္ဂိုလ်တို့၏ မှားသောအထင် အယူမျှသာ။ အဘယ့်ကြောင့်နည်း ဟူမူကား? မဟာဘုတ်တို့ကိုသာ ထိလျက်,တွေ့လျက် အဆင်းသဏ္ဌာန်ကို ထိသည်,တွေ့သည် ထင်သော အဖျက်သဘောသဘာဝ တို့၏ အထင်ကဲ့သို့ အာပေါဓာတ်မှတပါး မဟာဘုတ်သုံးခုကိုသာ ထိလျက် တွေ့လျက် အာပေါဓာတ်ကိုလည်း ထိ၏တွေ့၏ဟု အမှားအထင် အယူမျှသာ ဖြစ်သောကြောင့်တည်း။ ရူပါဝစရဗြဟ္မာတို့အား မဟာဘုတ်လေးပါး ရှိငြားသော်လည်း ကာယပသာဒမရှိရကား

မှတ်ကြောင်းလက္ခဏာ ရှိ၏။ ဝုတ္တိတိ ပကာသနရသံ၊ ဤသူကား မိန်းမဟု ပြခြင်းကိစ္စ ရှိ၏။ ဝုတ္တိလိင်္ဂနိမိတ္တကုတ္တာကပ္ပါနံ၊ ဝုတ္တိလိင်္ဂ, ဝုတ္တိနိမိတ္တ, ဝုတ္တိကုတ္တ, ဝုတ္တိအာကပ္ပတို့၏။ ကာရဏဘာဝပစ္စုပဋ္ဌာနံ၊ အကြောင်း၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ပုရိသိန္ဒြိယံ၊ သည်။ ပုရိသ-ဘာဝလက္ခဏံ၊ ဤသူကား ယောကျ်ားဟု သိသောဉာဏ်, ပုရိသသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်တည်းဟူသော မှတ်ကြောင်းလက္ခဏာ ရှိ၏။ ပုရိသောတိ ပကာသနရသံ၊ ဤသူကား ယောကျ်ားဟု ပြခြင်းကိစ္စ ရှိ၏။ ပုရိသလိင်္ဂ။ပ။ပ္ပါနံ၊ ပုရိသလိင်္ဂ။ပ။ ပုရိသအာကပ္ပတို့၏။ ကာရဏ-ဘာဝပစ္စုပဋ္ဌာနံ၊ အကြောင်း၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ တဒုဘယမ္ပိ၊ ထိုဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ နှစ်ပါးသည်လည်း။ ကာယပ္ပသာဒေါ၊ သည်။ သကလသရီရံ၊ ကိုယ်အလုံးကို။ ဗျာပကော ဝိယ၊ နှံ့သကဲ့သို့။ သကလသရီရံ၊ ကို။ ဗျာပကမေဝ၊ နှံ့သည်သာတည်း။ စ၊ ထိုသို့ သကလ-

---

ပထဝီ, တေဇော, ဝါယော မဟာဘုတ်သုံးပါးသည် ဖောဋ္ဌဗ္ဗာရုံကိစ္စမတပ်၊ ထိုသို့လျက် ဘုရားလောင်းဖွားသောအခါ, ဘုရားဖြစ်သောအခါ စသည်များ၌ ဝမ်းမြောက်ဝမ်းသာ ရှင်လန်းလှစွာ ပြဟ္မာတို့ လက်ခုပ်သံကိုခေါ်၍ လက်ယာလက်ဖြင့် လက်ပန်းပေါက် တီးခတ်လတ်သော် ယူဇနာတသောင်းတိုင်အောင် လက်ပန်းပေါက်သံ ကြားနိုင်လေသည်ကား ဖောဋ္ဌဗ္ဗာရုံကိစ္စ တပ်၍မဟုတ်၊ ညာလက်နှင့် ဘယ် အကယ်မထိကြ ရည်ကာမျှကိုပင် ဗြဟ္မာ့တေဇော် အာနုဘော်ကြောင့် စိတ္တဇစ္စယဥတုဇအသံ အဆင့်ဆင့် ဆက်ကာဆက်ကာ ဖြစ်၍ ယူဇနာ တသောင်းတိုင်အောင် ကြားနိုင်လေသည်ဟု ရင်ရဋ္ဌသာရ အမေးရတုကို ဝန်တောင်လယ်ဘုန်းကြီး ဖြေလေသည်ကား သဘောမကိုက်။ မဟာဘုတ်သုံးပါးသည် ဖောဋ္ဌဗ္ဗကိစ္စတပ်၍ ထိလည်းသိကြ၏၊ အသံလည်း ထွက်၏။ ယင်းသို့လျက် ဖောဋ္ဌဗ္ဗာ-ယတန မဖွဲ့ရသည်ကား ဝိသယီမရှိ၍သာတည်း။ ဂန္ဓရသရှိလျက် ဝိသယီမဲ့၍ အာယတန မဖွဲ့သကဲ့သို့တည်း၊ အဆက်မှာမှ အကျယ်ဆိုရမည်။ ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရံ။ ဧတ္ထ၊ ဤရုပ်ခုနစ်ခု၌။ ဂါဝေါ၊ ဣန္ဒြေငါးပါးတို့သည်။ စရန္တိ၊ ကျက်စားတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့ ဣန္ဒြေငါးပါးတို့၏ ကျက်စားရာဖြစ်သော သတ္တိကြောင့်။ ဂေါစရံ၊ ဂေါစရ ရုပ် မည်၏။ စက္ခု,သောတ, ဃာန,ဇိဝှါ,ကာယ ဟူသော ဣန္ဒြေငါးပါးတို့၏ ကျက်စားရာ ဖြစ်သောကြောင့် ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ ဤရုပ်ခုနစ်သည် ဂေါစရရုပ် မည်၏ဟူလို။ ဤအရာ၌ ဂေါသဒ္ဒါသည် နွား,မြေ,အရောင် စသောအားဖြင့် ဂေါသဒ္ဒါ၏ အနက်အများတွင် ဣန္ဒြေအနက်ကို ဟောသည်။ (ပြည်)

၁-ဣတ္ထိတိ ဘဝတိ ဧတေန အဘိဓာနံ ဗုဒ္ဓိ စာတိ ဣတ္ထိဘာဝေါ။ ။ဧတေန၊ ဤသဒ္ဒပဝတ္တိနိမိတ်ဖြစ်သော ဣတ္ထိဘာဝဖြင့်။ ဣတ္ထီတိ အဘိဓာနဉ္စ၊ ဣတ္ထီဟူသော သဒ္ဒါသည်လည်းကောင်း။ ဣတ္ထီတိ ဗုဒ္ဓိ စ၊ ဤသူကား မိန်းမဟူသော အသိဉာဏ်သည်လည်းကောင်း။ ဘဝတိ၊ ဖြစ်၏။ ဣတိ-တသ္မာ၊ ထိုသို့ သဒ္ဒါ,အသိဉာဏ် ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်။ ဣတ္ထိဘာဝေါ၊ မည်၏။ (ပြည်)

သရီရ ဗျာပကဖြစ်သည်တမှုံ၊ ဝါ၊ ဆက်။ ကာယပ္ပသာဒေန၊ သည်။ ဋ္ဌိတောကာသေ၊ ၌။ ဋ္ဌိတန္တိ ဝါ၊ တည်၏ဟူ၍ရင်း။ (ကာယပ္ပသာဒေန၊ သည်။) အဋ္ဌိတောကာသေ၊ မတည်ရာ၌။ ဋ္ဌိတန္တိ ဝါ၊ ဟူ၍ရင်း။ ဣတိ၊ သို့။ ဝတ္တဗ္ဗတံ၊ ဆိုအပ်သည်အံဖြစ်သို့။ န အာပဇ္ဇတိ၊ မရောက်။ ရူပ-ရသာဒယော၊ တို့သည်။ အညမညံ၊ ချင်း။ (အသက်ရာ ဝိယ၊ မရောယှက်ကုန်သကဲ့သို့။) အညမညံ၊ ချင်း။ သက်ရော၊ သည်။ နတ္ထိ၊ မရှိ။

၄၃၉။ ဇီဝိတိန္ဒြိယံ၊ သည်။ သဟဇရူပါနုပါလနလက္ခဏံ၊ မိမိနှင့်တကွ ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း လက္ခဏာ ရှိ၏။ တေသံ၊ ထိုသဟဇရုပ်တို့ကို။ ပဝတ္တနရသံ၊ မျှစေခြင်း, ရှည်စေခြင်းကိစ္စ ရှိ၏။ (ပဝတ္တနံ ယာပနံ၊ ဋီကာ)။ တေသညေဝ၊ ထို သဟဇရုပ်တို့ကိုသာလျှင်။ ဌပနပစ္စုပဋ္ဌာနံ၊ ထားခြင်း,တည်စေခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏၊ ဝါ၊ တည်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ (ဌပနံ ဋ္ဌိတိဟေတုတာ၊ ဋီကာ)။ ယာပယိတဗ္ဗ-ဘူတပဒဋ္ဌာနံ၊ မိမိသည် အစဉ်စောင့်သည်၏ အစွမ်းဖြင့် မျှစေအပ်, ရှင်စေအပ်သော သဟဇာတ် မဟာဘုတ်လျှင် နီးသော အကြောင်းရှိ၏။ စ၊ ဆက်၍ဆိုအံ့။ အနုပါလနလက္ခဏာဒိမှိ၊ အနုပါလနလက္ခဏပဝတ္တနရသစ-သော။ ဝိဓာနေ၊ အစီအရင်သည်။ သန္တေပိ စ၊ ရှိသော်လည်း။ အတ္ထိက္ခ-ဏေယေဝ၊ အနုပါလေတဗ္ဗရုပ်တို့၏ ရှိသောခဏ၌သာလျှင်။ တံ၊ ထို ဇီဝိ-တိန္ဒြေသည်။ပ။ အနုပါလေတိ၊ ၏။ ဥဒကံ၊ သည်။ ဥပ္ပလာဒီနိ၊ တို့ကို။ အနုပါလေတိ ဝိယ၊ တည်း။ စ၊ ဆက်၍ဆိုအံ့။ ယထာသကံ ပစ္စယုပ္ပန္နေပိ၊ မိမိဥစ္စာဖြစ်သော အကြင်အကြင် ကံဟူသော ပစ္စည်းကြောင့် ဖြစ်ကုန်သော်လည်း။ ဓမ္မေ၊ ကမ္မဇရုပ်တရားတို့ကို။ ပါလေတိ၊ ၏။ ဓာတိ၊ အထိန်းသည်။ ကုမာရံ၊ သူတပါးမွေးသော မင်းသားကို။ ပါလေတိ ဝိယ၊ စောင့်သကဲ့သို့တည်း။ စ၊ ဆက်၍ဆိုအံ့။ သယံ၊ မိမိသည်။ ပဝတ္တိတဓမ္မ-သမ္ဗန္ဓေနေဝ၊ မျှစေအပ်, ရှည်စေအပ်သော ဓမ္မနှင့် စပ်သဖြင့်သာလျှင်။ ပဝတ္တတိ၊ မျှ၏ ရှည်၏[၁]။ နိယာမကော၊ လှေသူကြီးသည်။ (သယံ၊ သည်

[၁]-ယဒိ ကမ္မဇာနံ ဋ္ဌိတိဟေတုဘာဝေန ဋ္ဌိတိ န ဟောတိ၊ ဇီဝိတိန္ဒြိယဿ ကော ဋ္ဌိတိ-ဟေတူတိ အာဟ "သယ"န္တိ အာဒိ။ ဋီကာ။ ဤအရာတင် အဋ္ဌကထာ၌ 'ပဝတ္တတိ'ဟူ၍သာ ရှိသောကြောင့် ပဝတ္တိနှင့် ဋ္ဌိတိ, ပဝတ္တိဟေတုနှင့် ဋ္ဌိတိဟေတုတို့ကို အရတူဟုယူအပ်၏။ (ဆ-သံ-သော)

လည်း။ ပါပယိတနာ၁ဝါသမ္ဗန္ဓေနေဝ၊ ရောက်းစေအပ်သော လေ့နှင့် စပ်သဖြင့်သာလျှင်။ ပါပုဏာတိ ဝိယ၊ သို့တည်း)။ ဘင်္ဂတော၊ မှ။ ဥဒ္ဓံ၊ အထက်ဖြစ်သော နောက်ကာလ၌။ န ပဝတ္တေတိ၊ မမျှစေနိုင် မရှည်စေနိုင်[၁]။ (ကသ္မာ၊ ကား။) အတ္တနော စ၊ ၏ရင်း။ ပဝတ္တယိတဗ္ဗာနဉ္စ၊ မျှစေအပ်သော တရားတို့၏ရင်း။ အဘာဝါ၊ မရှိခြင်းကြောင့်တည်း။ ဘင်္ဂက္ခဏေ၊ ၌။ န ဌပေတိ၊ မထားနိုင်၊ ဝါ၊ မတည်စေနိုင်။ (ကသ္မာ၊ ကား။) သယံ၊ မိမိဟုဆိုအပ်သော ဇီဝိတိန္ဒြေ၏။ ဘိဇ္ဇမာနတ္တာ၊ ပျက်ဆဲ၏ အဖြစ်ကြောင့်တည်း။ (ကိမိဝ၊ ကား။) ခီယမာနော၊ ကုန်ဆဲသော။ ဝဋ္ဋိသ္နေဟော၊ ဆီနှင့်မီးစာသည်။ ဒီပသိခံ၊ ဆီမီးသျှံကို။ န ဌပေတိ ဝိယ၊ မထားနိုင်သကဲ့သို့တည်း။ စ၊ ထိုသို့ ဘင်ခဏ၏ အထက်၌ မမျှစေနိုင် ဆိုသော်လည်း။ အနုပါလနပဝတ္တနဌပနာနုဘာဝဝိရဟိတံ၊ အစဉ် စောင့်ရှောက်ခြင်း, မျှစေ ရှည်စေခြင်း, ထားခြင်း, တည်စေခြင်း အာနုဘော်မှ ကင်းသည်ကား။ န၊ မဟုတ်။ (ကသ္မာ၊ ကား။) ယထာဝုတ္တက္ခဏေ၊ ဆိုအပ်ပြီးသော အကြင်အကြင်သို့သော ခဏ၌။ တဿ တဿ အနုပါလနာဒိကဿ၊ ထိုထိုအစဉ်စောင့်ခြင်း, မျှစေ ရှည်စေခြင်း စသောကိစ္စကို။ သာဓနတော၊ ပြီးစေခြင်းကြောင့်တည်း။ ဣတိ သန္နိဋ္ဌာနံ၊ ဤသို့သော အဆုံးအဖြတ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏[၂]။

---

၁-စာကိုယ်၌ န ဘင်္ဂတော ဥဒ္ဓံ ပဝတ္တတိ ဟု သုဒ္ဓကဘာသာနှင့် ရှိ၏၊ သို့သော် ဋီကာ၌ ယဒိ ကမ္မဇာနံ ဌာနံ ဇီဝိတိန္ဒြိယပဋိဗဒ္ဓံ၊ အထ သဗ္ဗကာလံ န ဌပေတိတိ အာဟ "န ဘင်္ဂတော "တိအာဒိ-ဟု မိန့်ဆိုထားသောကြောင့် ဤနိဿယ၌ န ပဝတ္တေတိ-ဟူသော ကာရိတ်ကဘာသာ ယုတ္တဘာဝ ဖြစ်ရာ၏။ ဋီကာ-ဌာသဘိနှင့် အဌကထာ ပဝတ္တေတိ ဋီ-ဌာနံနှင့် ဌ ပဝတ္တနံတို့ကို အရတူဟု ယူရာ၏။ (ဆ-သံ-သော)

၂-ဇီဝန္တိ တေနာတိ ဇီဝိတံ၊ တဒေဝ ကမ္မဇာနုပါလနေ အာဓိပစ္စယောဂတော ဣန္ဒြိယန္တိ ဇီဝိတိန္ဒြိယံ။ တေန၊ ထိုရုပ်ဖြင့်။ ဇီဝန္တိ အသက်ရှည်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့သော အသက်ရှည်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဇီဝိတံ၊ ဇီဝိတမည်၏။ တဒေဝ၊ ထိုဇီဝိတရုပ်သည်ပင်လျှင်။ ကမ္မဇာနုပါလနေ၊ ကမ္မဇရုပ်တို့ကို ထက်ဝန်းကျင် စောင့်ရှောက်ခြင်း၌။ အာဓိပစ္စယောဂတော၊ အစိုးရခြင်းနှင့် ယှဉ်သောကြောင့်။ ဣန္ဒြိယံ၊ အစိုးရသည်တည်း။ ဣတိ တသ္မာ၊ ထိုသို့ ဇီဝိတရုပ်သည်ပင်လျှင် အစိုးရခြင်းနှင့် ယှဉ်သဖြင့် အစိုးရသော သတ္တိကြောင့်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေရုပ်မည်၏။ ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့ကို ထက်ဝန်းကျင် စောင့်ရှောက်ခြင်း လက္ခဏာရှိရကား ကမ္မဇရုပ်တို့သည် ဇီဝိတိန္ဒြေဖြင့် အသက်ရှည်ကုန်သည်, တည်ကုန်သည်၊ ထိုသို့ကမ္မဇရုပ်တို့ကို ထက်ဝန်းကျင် စောင့်ရှောက်ခြင်း၌သည်း အစိုးရခြင်းနှင့် ယှဉ်သည်၊ ထိုသတ္တိနှစ်ပါးကြောင့် ဇီဝိတိန္ဒြေ

၄၄၀။ ဟဒယဝတ္ထု၊ သည်။ မနောဓာတုမနောဝိညာဏဓာတူနံ၊ တို့၏။ နိဿယလက္ခဏံ၊ မှီရာ၏ အဖြစ်တည်းဟူသော မှတ်ကြောင်းလက္ခဏာ, မှတ်အပ်သောလက္ခဏာ ရှိ၏၊ ဝါ၊ မှီရာဟူ၍ မှတ်အပ်၏။ တာသညေဝ-ဓာတူနံ၊ ထိုနှစ်ပါးသော ဓာတ်တို့ကိုသာလျှင်၊ ဝါ၊ တို့၏သာလျှင်။ အာ-ဓာရဏရသံ၊ နိဿယပစ္စည်း၏ အဖြစ်ဖြင့် လွှန်စွာဆောင်ခြင်းကိစ္စ ရှိ၏၊ ဝါ၊ တည်ရာ၏ အဖြစ်ဟူသော ဂုဏ်ရှိ၏၊ ဝါ၊ တည်ရာ၏ အဖြစ်ဟူသော သတ္တိနှင့် ပြည့်စုံ၏။ ဥဗ္ဗဟနပစ္စုပဋ္ဌာနံ၊ (နိဿယပစ္စည်း၏ အဖြစ်ကြောင့်) ထိုဓာတ်နှစ်ပါးတို့ကို မိမိအပေါ်၌တင်၍ ထမ်းပိုးရွက်ဆောင်သကဲ့သို့ ဉာဏ်အား ရှေးရှုထင်တတ်၏။ ဟဒယဿ၊ နှလုံး၏ခွံသား၏။ အန္တော၊ အတွင်း၌။ [၇၈] ကာယဂတာသတိကထာယံ၊ ၌။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်သော အပြားရှိသော။ လောဟိတံ၊ တလက်ဖက်မျှသော သွေးကို။ နိဿာယ၊ အမှီပြု၍။ သန္ဓာရဏာဒိကိစ္စေဟိ၊ သန္ဓာရဏ စသောကိစ္စ ရှိကုန်သော။ ဘူတေဟိ၊ မဟာဘုတ်တို့သည်။ ကတူပကာရံ၊ ပြုအပ်သောကျေးဇူး ရှိသည် ဖြစ်၍။ ဥတုစိတ္တာဟာရေဟိ၊ တို့သည်။ ဥပထမ္ဘိယမာနံ၊ ထောက်ပံ့အပ် သည်ဖြစ်၍။ အာယုနာ၊ ဇီဝိတိန္ဒြေသည်။ အနုပါလိယမာနံ၊ စောင့်အပ် သည်ဖြစ်၍။ မနောဓာတုမနောဝိညာဏဓာတူနဉ္စေဝ၊ တို့၏ငင်း။ တံ-သမ္ပယုတ္တဓမ္မာနဉ္စ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့နှင့် ယှဉ်သော တရားတို့၏ငင်း။ ဝတ္ထုဘာဝံ၊ မှီရာဝတ္ထု၏ အဖြစ်ကို။ သာဓယမာနံ၊ ပြီးစေလျက်။ တိဋ္ဌတိ၊ တည်၏[၁]။

---

မည်သည် ဟူလို။ ကြာရိုး၌ တည်သော ရေသည် ကြာကို စောင့်ရှောက်သကဲ့သို့ ကမ္မဇရုပ်တို့ကို တခုယုတ်ငါးဆယ်ခန့်မျှ စိတ္တက္ခဏကာလပတ်သုံး တည်အောင် စောင့်ရှောက်တတ်သည်။ မင်းသည် ပြည်သူပြည်သားတို့ကို မိမိမင်းအဖြစ်ကို ပြုစေရကား ပြည်သူပြည်သားတို့သည်း ထိုမင်းအဖြစ်ကို ပြုစေကုန်၍ အစိုးရသကဲ့သို့ ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့ကို မိမိအစိုးရသောအဖြစ်ကို ပြုစေရကား ကမ္မဇရုပ်တို့သည်း ထိုအစိုးရသော အဖြစ်ကို ပြုကုန်သည်ဖြစ်၍ ကမ္မဇရုပ်တို့ကို စောင့်ရှောင့်ခြင်း၌ အစိုးရသည် ဆိုလိုသည်။ အခိပ္ပါယ်သဘော ကျခဲ၏။ ကာသိကဆာဇာ နာမ ရဇ္ဇံ ကာရေသိ-ဟု ကာရိတ်ပစ္စည်းနှင့် ရှိသော တေမိဇာတ် စသည်များ၌သည်း နည်းတူ။ ထိုသို့ ဇီဝိတိန္ဒြေသည် စားသော,ခဲသော, လျက်သော, သောက်သော,အစာကို ကျက်စေတတ်သော, ဝမ်းမီးဟုဆိုအပ်သော တေဇောဓာတ်နှင့်တကွ ဆံဖျား, အမွေးဖျား, ခြေသည်း လက်သည်းဖျား, ခြောက်သွေ့သော အရေများကို ချန်ထား၍ ကြွင်းသောကမ္မဇဖြစ်သော ကိုယ်အလုံးကိုနှံ့ စေလျက် တည်၏။ (ပြည်)

[၁] ဤအရာ၌ ဖွင့်ပြသော ဋီကာပါဌ်မှ ခက်ရာအနက်ကား-နန္ ဝ-စောဒေမိ၊ အံ။ ဣန္ဒြိယနိဿယတာယပိ၊ ဣန္ဒြေဖြစ်သော မှီရာ၏အဖြစ်ကိုလည်း။ သာဓေတော၊ ပြီးစေ

၄၄၁။ အဘိက္ကမာဒိပဝတ္တကစိတ္တသမုဋ္ဌာနဝါယောဓာတုယာ၊ ရှေ့သို့ တက်ခြင်းစသည်ကို ဖြစ်စေတတ်သော စိတ်လျှင် ဖြစ်ကြောင်းရှိသော

---

ခြင်းကြောင့်။ ဘောဇု၊ အကြောင်းသည်၊ ဝိရုဒ္ဓါ၊ ဆန့်ကျင်သည်။ အာပန္နတိ၊ ဖြစ်ရာ၏။ ဣတိ-အယံ၊ ကား။ စောဒနာ၊ တည်း။ ဝိရုဒ္ဓါ၊ သည်။ န အာပဇ္ဇတိ၊ မဖြစ်။ ကသ္မာ၊ ကား။ ဒိဋ္ဌဗာဓနတော၊ ဣန္ဒြိယ, နိဿယအဖြစ်ကို မြစ်ခြင်းကို မြင်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ စက္ခုဝိညာဏဿ၊ အား။ မန္ဒတိက္ခတာဒိအနုဝိဓာနံ၊ နုံ့သည်၏အဖြစ် ထက်သည်၏အဖြစ်ကို လျော်စွာ စီရင်ခြင်းသည်။ (ဟောတိ ဝိယ၊ သကဲ့သို့။) ဓာတုဒွယဿ၊ မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးအပေါင်းအား။ ဝတ္ထုနော၊ ဟဒယဝတ္ထု၏။ မန္ဒတိက္ခတာဒိအနုဝိဓာနံ၊ နုံ့သည်၏အဖြစ် ထက်သည်၏အဖြစ် စသည်ကို လျော်စွာ မစီရင်ခြင်းဟု ဆိုအပ်သော။ တေ၊ ဗာဓနံ၊ ဣန္ဒြိယ, နိဿယအဖြစ်ကို မြစ်ခြင်းကို။ ဒိဋ္ဌံ၊ မြင်အပ်၏။ တထာ ဟိ၊ ထိုကြောင့်လျှင်။ ပါဠိယံ၊ ပဋ္ဌာန်းပါဠိတော်၌။ (တဿ၊ ထိုဟဒယဝတ္ထု၏။) ဣန္ဒြိယပစ္စယတာ၊ ဣန္ဒြိယပစ္စည်း၏ အဖြစ်ကို။ န ဝုတ္တာ၊ အပ်။ တေန၊ ကြောင့်၊ ဝါ၊ ထိုမဟောခြင်းဖြင့်။ တဒနုဝိဓာနသင်္ခါတာ၊ ထိုနုံ့သည်၏အဖြစ်, ထက်သည်၏အဖြစ်ကို လျော်စွာစီရင်ခြင်းဟု ဆိုအပ်သော။ ဣန္ဒြိယနိဿယတာ၊ ဣန္ဒြိယ ဖြစ်သော နိဿယ၏အဖြစ်ကို။ ဗာဓိယတိ၊ မြစ်အပ်၏။

ဝသန္တိ စိတ္တစေတသိကာ ဧတ္ထာတိ ဝတ္ထု။ ဧတ္ထ၊ ဤဟဒယဝတ္ထုရုပ်၌။ စိတ္တစေတသိကာ၊ တို့သည်။ ဝသန္တိ၊ နေတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့် စိတ် စေတသိက်တို့၏ နေရာဖြစ်သော သတ္တိကြောင့်။ ဝတ္ထု၊ ဝတ္ထုမည်၏။ ဟဒယရုပ်သည် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်ခြင်းသတ္တိအား ရှိရကား ထိုဓာတ်နှစ်ပါးဟူသော စိတ် စေတသိက်တို့၏ နေရာဖြစ်သည် ဟူလိုသည်။ လောက၌ တစုံတခုသော ဝတ္ထုသည် တစုံတခုသော ဝတ္ထု၌ တည်သည် နေသည်ကဲ့သို့ စင်စစ်အားဖြင့် တည်သည် နေသည် မဟုတ်၊ ပရမတ်တရားတို့သည် ကြောင့်ကြမဲ့သော နိဗျာပါရဓမ္မဖြစ်သောကြောင့် တရားတပါးနှင့် တရားတပါးစပ်၍ ဖြစ်ကာမျှကိုပင် တည်သည် နေသည် ဆိုသတည်း။ အရုတိုင်း နည်းတူ။ ဟဒယမေဝ ဝတ္ထုတိ ဟဒယဝတ္ထု။ ဟဒယမေဝ၊ နှလုံးသား၏ အတွင်း၌ တည်သော အနက်အားဖြင့် ဟဒယမည်သော ရုပ်သည်သာလျှင်။ ဝတ္ထု၊ စိတ်စေတသိက်တို့၏ တည်ရာ တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့် ဟဒယရုပ်သည်ပင်လျှင် စိတ် စေတသိက်တို့၏ တည်ရာ ဖြစ်သော သတ္တိကြောင့်။ ဟဒယဝတ္ထု၊ မည်၏။ ပဒုမ္မာကြာငုံ၏ ပြင်က အဆင်းကဲ့သို့ ဖြော့တော့ ကြော့သွေးအဆင်းရှိသော, အပေါ်ပွင့်ချင်ကို နှုတ်၍ စောက်ထိုးဆွဲထားသော ပဒုမ္မာကြာငုံသဏ္ဌာန်ရှိသော, အတွင်းသားကား သပွတ်သီးအူကဲ့သို့ ရှုတ်ထွေးသော, အပသားကား ပြေပြစ်ချောမွေ့သော, ပညာရှိသောသူအား အဖျားပွင့်ယောင်, ပညာမဲ့သော သူအား အဖူးငုံယောင်ရှိသော နှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့ တည်နိုင်မျှလောက် သော တွင်းဝယ် တလက်ဆုပ်ခန့်မျှလောက်သော သွေးသည် ရာဂပြောသော သူအား နီသောအဆင်းရှိသည်၊ ဒေါသပြောသောသူအား မည်းသောအဆင်းရှိသည်၊ မောဟ ပြောသောသူအား သားဆေးရည်နှင့်တူသောအဆင်း ရှိသည်၊ ဝိတက်ပြောသောသူအား ပဲကုလားပြုတ်ရည်နှင့် တူသောအဆင်းရှိသည်၊ သဒ္ဓါပြောသောသူအား မဟာလှေကား ပန်းပွင့်နှင့် တူသောအဆင်းရှိသည်၊ ပညာပြောသောသူအား ကျောက်ရည်တိုးစိမ့်သော

ဝါယောဓာတ်၏။ သဟဇရူပကာယထမ္ဘနသန္ဓာရဏစလနဿ၊ ထောက်ကူဖြစ်သော ရူပကာယကို ထောက်ပံ့ခိုင်ခံ့စေခြင်း, ကောင်းစွာတည်စေခြင်း, လှုပ်စေခြင်း ကိစ္စအား။ ပစ္စယော၊ ကျေးဇူးပြုတတ်သော။ (ဝါယောဓာတု-အဓိကာနံ၊ ဝါယောဓာတ် လွန်ကုန်သော။ စိတ္တဇမဟာဘူတာနံ၊ စိတ္တဇ မဟာဘုတ်တို့၏။) အာကာရဝိကာရော၊ အခြင်းအရာအထူးသည်၊ ဝိ၊ ဖောက်ပြန်သော အခြင်းအရာသည်။ ကာယဝိညတ္တိ၊ မည်၏။ (တနည်း) အဘိက္ကမာဒိ။ ပ။ ဝါယောဓာတုယာ၊ ၏။ အာကာရဝိကာရော၊ အခြင်းအရာအထူးဖြစ်သော၊ ဝိ၊ ဖောက်ပြန်သော အခြင်းအရာဖြစ်သော။ သဟ-ဇ။ ပ။ စလနဿ၊ ၏။ ပစ္စယော၊ သဟကာရီကာရဏအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သဘောသည်။ ကာယဝိညတ္တိ၊ မည်၏[၁]။ (သာ၊ ထို ကာယဝိညတ်သည်။) အဓိပ္ပါယပ္ပကာသနရသာ၊ လှုပ်သောသူ၏ အလိုကို သူတပါးအား ပြခြင်းကိစ္စ ရှိ၏။ ကာယဝိပ္ဖန္ဒနဟေတုဘာဝပစ္စုပဋ္ဌာနာ၊ ကိုယ်လှုပ်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့် ရှုသောဉာဏ်အား ရှေး၌ ထင်တတ်၏[၂]။ စိတ္တသမုဋ္ဌာနဝါယောဓာတုပဒဋ္ဌာနာ၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်လျှင် နီးစွာသော အကြောင်းရှိ၏။ ပန၊ သရုပ်

---

ငှါ ကောင်းစွာသွေးပြီးသော ပတ္တမြားဖြူနှင့် တူသောအဆင်း ရှိသည်၊ ဤသို့ စရိုက်ခြောက်ပါးနှင့် လျော်သောအဆင်းရှိသော ထိုနှလုံးသွေးကိုမှီ၍ နှလုံးသား၏ အတွင်း၌ တည်သော အနက်အားဖြင့် ဟဒယမည်သော ရုပ်သည်သာလျှင် ယခင် စိတ် စေတသိက်တို့၏ တည်ရာဖြစ်သည် ဟူလို။ (ပြည်)

၁-ဆိုကာယဝိညတ်ကို စက္ခုဒွါရမနောဒွါရဝီထိဖြင့် မြင်သူ သူတပါး သိအပ်၏။ ထို စကားကို ထင်ရှားဆိုအံ့။ စက္ခုဒွါရ၌ ရူပါရုံသော အာရုံထင်ခြင်းသို့ ရောက်လတ်သော် အကြောင်းအားလျော်စွာ ကုသိုလ် အကုသိုလ်ဇောသည်ဖြစ်၍ ဘဝင်သို့ သက်လတ်သော် တဒနုဝတ္တကမနောဒွါရိကဇောသည် ထိုစက္ခုဒွါရိကဝိညာဉ်၏ အာရုံကိုပင်လျှင်ယူ၍ ဘဝင်သို့ သက်၏၊ တဖန် ထိုစက္ခုဒွါရ၌သာလျှင် ထင်ရှားသောအာရုံကို ဆုံးဖြတ်မှတ်သား၍ သုဒ္ဓမနောဒွါရဇောသည် ဘဝင်သို့သက်၏။ ထို့ကြောင့် စက္ခုဒွါရိကဇော၏ အခြားမဲ့၌ ဖြစ်ကုန်သော နှစ်ပါးကုန်သော မနောဒွါရိကဇောဝါရတို့၏ အခြားမဲ့၌ တတိယဝါရ၌ဖြစ်သော မနောဒွါရဝီထိဖြင့်သာလျှင် ကာယဝိညတ်ကို သိအပ်ရကား စက္ခုဒွါရဝီထိနှင့်တကွ လေးဝီထိမှ သိသတည်း။ ထိုစတုတ္ထဝီထိဖြင့် သိအပ်သော ကာယဝိညတ်ဖြင့် ပဉ္စမဝါရ၌ မနောဒွါရဇောဝီထိဖြင့် လှုပ်သောသူ၏ အလိုကို သူတပါး သိအပ်သတည်း။ ယထာဝုတ္တဝိကာရဂဟဏာနုသာရေန-ဟူ၍ နုဂ္ဂဟ်၏။ ...

လက္ခဏာ စသည်မှတပါး ဝစနတ်ကိုဆိုအံ့။ သာ သော၊ ထိုကာယဝိညတ်ကို။ ကာယဝိပ္ဖန္ဒနေန၊ လှုပ်သောကိုယ်ဖြင့်။ အဓိပ္ပါယဝိညာပနဟေတုတ္တာ၊ အလိုကို သူတပါးအား သိစေခြင်း၏ အကြောင်း၏အဖြစ်ကြောင့်။ ကာယဝိညတ္တီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏^၁။ စ၊ တနည်း။ သယံ၊ မိမိကို။ ကာယဝိပ္ဖန္ဒသင်္ခါတေန၊ လှုပ်သောကိုယ်ဟု ဆိုအပ်သော။ တေန ကာယေန၊ ထိုရူပကာယဖြင့်။ ဝိညေယျတ္တာ၊ သိအပ်သည်၏ အဖြစ်ကြောင့်။ ကာယဝိညတ္တီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏^၂။ ပန၊ ဆက်၍ဆိုအံ့။ တာယ၊ ထိုကာယဝိညတ်သည်။ စလိတေဟိ၊ လှုပ်စေအပ်ကုန်သော။ စိတ္တဇရူပေဟိ၊ တို့နှင့်။ အဘိသမ္ဗန္ဓာနံ၊ တကွနက်ဖွဲ့ကုန်သော။ ဥတုဇာဒိနံပိ၊ ဥတုဇရုပ် စသည်တို့၏လည်း။ စလနတော၊ လှုပ်ခြင်းကြောင့်။ အဘိက္ကမာဒယော၊ ရှေ့သို့တက်ခြင်း စသည်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ အပ်၏။

ဝစီဘေဒပ္ပဝတ္တကစိတ္တသမုဋ္ဌာနပထဝီဓာတုယာ၊ တိသော, ဖုသော စသော ဝစီ၏အသူးကို ဖြစ်စေတတ်သော၊ ဝါ၊ မြွက်ခြင်း, ကွဲပြားခြင်းသို့ ရောက်သော ဝစီကိုဖြစ်စေတတ်သော စိတ္တသမုဋ္ဌာန် ပထဝီဓာတ်၏။ ဥပါဒိန္နကဃဋ္ဋနဿ၊ အက္ခရာဖြစ်ရာ ကဏ္ဍတာလုစသော ဌာန်၌တည်သော ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်းအား၊ ဝါ၊ ၏။ ပစ္စယော၊ သဟကာရီကာရဏအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော၊ ဝါ၊ သဟကာရီကာရဏ အကြောင်းဖြစ်သော (ပထဝီဓာတုအဓိကာနံ၊ ကုန်သော။ စိတ္တဇမဟာဘူတာနံ၊ တို့၏။) အာကာရဝိကာရော၊ အခြင်းအရာအထူးသည်၊ ဝါ၊ ဖောက်ပြန်သော အခြင်းအရာသည်။ ဝစီဝိညတ္တိ၊ မည်၏^၃။ (သာ၊ ထို

---

၁-ဤဖြင့် လေမာနကာဒယန အဓိပ္ပါယံ ဝိညာပေတီတိ ဝိညတ္တိ-ဟူသော ဟေတုကတ္တုသာဓ်ကို ပြသည်။ (ပြည်)

၂-ဤဖြင့် သယဉ္စ ကာယေန ဝိညာယတီတိ ဝိညတ္တိ-ဟူသော ကမ္မသာဓ်ကို ပြသည်။ ထိုဝိညတ်ကြောင့် ဒေသန္တရုပ္ပတ္တိဟေတုဘာဝဖြင့် စိတ္တဇရုပ် လှုပ်သည်ရှိသော် တံသမ္ဗန္ဓ ဖြစ်၍ တပါးရုပ်၏သည်း နှိပ်သောတဉ္ဇ ပက္ခိဘ္ဘခေါ်ယပ်ကဲ့သို့ လှုပ်သောကြောင့် ရှေ့သို့ တက်ခြင်း, နောက်သို့ဆုတ်ခြင်း စသည်ဖြစ်၏ ဟူလို။ (ပြည်)

၃-အတ္ထာဝဗောဓနသမတ္ထော ဝစီဝိသေသော ဝစီဘေဒေါ။ ထိုပါဌ်ဖြင့် ဝါယုဝနပ္ပတိ-နဒီဃောသသော စသည်တို့ကို နစ်စေသည်။ တဿ ပဝတ္တကံ စိတ္တံ သမုဋ္ဌာနံ ယဿ သာ ဝစီ။ ။နာ ပထဝီဓာတု။ ထိုစိတ္တသမုဋ္ဌာန် ပထဝီဓာတ်၏ ဥပါဒိန္နကဟု ဆိုအပ်သော အက္ခရုပ္ပတ္တိဋ္ဌာနကို ဃဋ္ဋန-ဟု မှတ်အပ်သောကိစ္စ၏ သဟကာရီကာရဏဖြစ်သော အာကာရ

ဝစီဝိညတ်သည်၊) အဓိပ္ပါယပ္ပကာသနရသာ၊ စကားဆိုသူ၏ အလိုကို သူတပါးအား ပြခြင်းကိစ္စ ရှိ၏။ ဝစီဃောသဟေတုဘာဝပစ္စုပဋ္ဌာနာ၊ စကားသံ၏ အကြောင်း၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ စိတ္တသမုဋ္ဌာနပထဝီဓာတုပဒဋ္ဌာနာ၊ စိတ္တသမုဋ္ဌာန် ပထဝီဓာတ်လျှင် နီးစွာသော အကြောင်းရှိ၏။ ပန၊ သရုပ်လက္ခဏာစသည်မှတပါး ဝစနတ်ကို ဆိုအံ့။ သာ သော၊ ထိုဝစီဝိညတ်ကို။ ဝစီဃောသေန၊ ပြောဆိုသော စကားသံဖြင့်။ အဓိပ္ပါယဝိညာပနဟေတုတ္တာ၊ အလိုကို သူတပါးအား သိစေခြင်း၏ အကြောင်း၏အဖြစ်ကြောင့်။ ဝစီဝိညတ္တီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ စ၊ တနည်း။ သယံ၊ မိမိကို။ ဝစီဃောသသင်္ခါတာယ၊ ပြောဆိုသော စကားသံဟုဆိုအပ်သော။ တာယ ဝါစာယ၊ ထိုစကားဖြင့်။ ဝိညေယျတ္တာ၊ သိအပ်သည်၏အဖြစ်ကြောင့်။ ဝစီဝိညတ္တီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဟိ၊ ဥပမာဖြင့် ထင်စေအံ့။ အရညေ၊ ၌။ ဥဿာပေတွာ၊ စိုက်ဆောက်၍။ ဗဒ္ဓံ၊ ဖွဲ့အပ်သော။ ဂေါသီသာဒိဥဒကနိမိတ္တံ၊ နွားဦးခေါင်းရိုး စသောရေကို သိကြောင်းအမှတ်ကို။ ဒိသွာ၊ ၍။ တွေ၊ ဤအရပ်၌။ ဥဒကံ၊ ရေသည်။ အတ္ထိ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ ယထာ၊ သိအပ်သကဲ့သို့။ ဧဝံ-တထာ၊ တူ။ ကာယဝိပ္ဖန္ဒနဥ္စ၀၊ လှုပ်သောကိုယ်ငှင်း၊ ဝစီဃောသဥ္စ၊ စကားသံကို ငှင်း။ ဂဟေတွာ၊ သိ၍။ ကာယဝစီဝိညတ္တိယောပိ၊ ကာယဝိညတ် ဝစီဝိညတ်ဘို့ကိုလည်း။ ဝိညာယန္တိ၊ ကုန်၏[၁]။

ဝိဓေသသသည် ဝစီဝိညတ် မည်၏ဟု ပြလိုသည်ဖြစ်၍ ဝစီဘေဒ။ပ။ဝစီဝိညတ္တိ-ဟု မိန့်သော်။ (ဋီကာ။)

၁-ကာယဝိညတ်သည် ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း စသောအမှုအရာကို ဖြစ်စေတတ်သော သတ္တမဇောစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ်၏ ဖောက်ပြန်ခြင်းမှုဖြစ်၍ ရုပ်ကိုခိုင်စေခြင်း၏အကြောင်းဖြစ်သော လက္ခဏာရှိရကား လှုပ်ရှားသော ကိုယ်အစိတ်ဖြင့် လှုပ်ရှားသောသတ္တဝါတို့၏ အလိုကို "ဤသူသည် ဤအမှုကို ပြုစေလို၏၊ ဤသည်ကား ဤသူ၏အလိုတည်း"ဟု သူတပါးတို့ကို သိစေတတ်သော သတ္တိကြောင်ငှင်း ကာယဝိညတ်ဟူသော မိမိကိုလည်း ထိုလှုပ်ရှားသော ကိုယ်အစိတ်ဖြင့် အလိုကိုဆင်ခြင်၍ မသိမီလက်ဦးကပင် စတုတ္ထမနောဒွါရိကစိတ်ဖြင့် သူတပါးတို့သိအပ်သော သတ္တိကြောင့်ငှင်း ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း စသောအမှုအရာကို ဖြစ်စေတတ်သော သတ္တမဇောစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ်၏ မိမိနှင့်ဖြစ်ဖက်ဖြစ်သော စိတ္တဇရုပ်တို့အား ကောင်းစွာခိုင်စေခြင်း ကောင်းစွာဘည်စေခြင်း လှုပ်ရှားခြင်းတို့နှင့်တကွ ပြုဖက်အကြောင်းဖြစ်သော လှုပ်ရှားတတ်သောကိုယ်, လှုပ်ရှားခြင်းကိုခိုယာ, လှုပ်ရှားကြောင်းဖြစ်သော ဝါယောဓာတ်ဘို့မှ အလွှတ်အသီးဖြစ်သော ကြီးစွာသောကျောက်ကို ချီကြွ

၄၄၂။ အာကာသဓာတု၊ သည်။ ရူပပရိစ္ဆေဒလက္ခဏာ၊ (စက္ခုဒသက စသော တခုတခုသော ကလာပ်၌ တည်သော) ရုပ်တို့ကို (ကလာပ်တပါး တို့နှင့် သံကိဏ္ဏအဖြစ်သို့ မရောက်စေသောအားဖြင့်) ပိုင်းခြားတတ်သည် လျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊ ဝါ၊ ရုပ်တို့ကို ပိုင်းခြားတတ်သည်ဖြစ်၍ မှတ်အပ်သော တရားသည်။ အာကာသဓာတု၊ မည်၏။ (တနည်း) အာကာသဓာတု၊ သည်။ ရူပပရိစ္ဆေဒလက္ခဏာ၊ တခုတခုသောကလာပ်၌

---

သော အားရှိသောယောကျ်ား၏ အားကုန်ကိုင်ယူသောအခါ၌ အားထုတ်သော ဗျာပါရ အခြင်းအရာအထူးကဲ့သို့ ကိုယ်လက်လှုပ်ရှားခြင်း၏ အကြောင်းအဖြစ်ဖြင့် ရအပ်သော စိတ္တဇဝါယောဓာတ်၏ ဖောက်ပြန်ခြင်းသည် ကာယဝိညတ် မည်၏ဟုလိုသည်။ ထိုကာယ ဝိညတ်သည် မျက်စိဖြင့်မြင်၍ သိအပ်သော စက္ခုဝိညေယျ မဟုတ်၊ စိတ်ဖြင့်သာဆင်ခြင်၍ သိအပ်သော မနောဝိညေယျတည်း။ သစ်ပင် တောတောင်စသော အဝိညာဏကသန္တာန် ၌လည်း မဖြစ်၊ လူဘီလူးစသော သဝိညာဏကသန္တာန်၌သာ ဖြစ်သတည်း။ ခဲ့စွ။ ဝစီဝိညတ်သည် ဤစကား ထိုစကားကို ဆိုလိုသောသူအား နှုတ်မြွက်၍ဆိုခြင်းကို ပြုတတ်သော သဒ္ဒမဇောစိတ်ကြောင့်ဖြစ်သော စိတ္တဇပထဝီဓာတ်နှင့် ထိုဆိုဌာန်၌ ရှိလင့် သော ကမ္မဇပထဝီဓာတ်၏ ထိခိုက်ခြင်းကြောင့် ထိုစိတ္တဇပထဝီဓာတ်၏ ဖောက်ပြန်ခြင်း ဟူသော လက္ခဏာရှိရကား သဝိညာဏကသတ္တဝါတို့၏ အသံဟုဆိုသော စကားဖြင့် ထို စကားကိုပြောဆိုသောသူတို့၏ အလိုကို ဤသူသည် ဤအမှုကို ပြုစေလို၏၊ ဤသည်ကား ဤသူ၏ အလိုတည်းဟု သူတပါးတို့ကို သိစေတတ်သော သတ္တိကြောင့်ရင်း ဝစီဝိညတ် ဟူသော မိမိကိုလည်း ထိုပြောဆိုသောစကားဖြင့် အလိုကိုဆင်ခြင်၍ မသိမီ လက်ဦးကပင် စေတုတ္ထမနောဒွါရိကစိတ်ဖြင့် သူတပါးတို့ သိအပ်သော သတ္တိကြောင့်ရင်း ဤစကားကို ထို စကားကို ပြောဆိုအံ့ဟု ကြံစည်သောသူအား နှုတ်မြွက်၍ ပြောဆိုခြင်းကို ပြုတတ်သော သဒ္ဒမဇောစိတ်ကြောင့်ဖြစ်သော စိတ္တဇပထဝီဓာတ်၏ လည်ချောင်း အာခေါက် လျှာထိပ် သွား နှုတ်ခမ်းဟူသော အက္ခရာဖြစ်ရာ ဌာန်ငါးပါးတို့နှင့် ရှိလင့်သော ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်ခြင်း၏ အကြောင်းဖြစ်သော ပြောဆိုသော စကားပြောဆိုခြင်း ကိုရိယာ ပြောဆို ကြောင်းဖြစ်သော ပထဝီဓာတ်ဘို့ အလွတ်အသီးဖြစ်သော ကြီးစွာသော ကျောက်ကို ချီကြွသော အားရှိသောယောကျ်ား၏ အားကုန်ကိုင်ယူသောအခါ၌ အားထုတ်သော ဗျာပါရအခြင်းအရာ အထူးကဲ့သို့ ပြောဆိုခြင်း၏ အကြောင်းအဖြစ်ဖြင့် ရအပ်သော စိတ္တဇပထဝီဓာတ်၏ ဖောက်ပြန်ခြင်းသည် ဝစီဝိညတ် မည်၏ ဟုလိုသည်။ ထိုဝစီဝိညတ် သည် နားဖြင့်ကြား၍ သိအပ်သော သောတဝိညေယျ မဟုတ်၊ စိတ်ဖြင့်သာဆင်ခြင်၍ သိအပ်သော မနောဝိညေယျတည်း။ သစ်ပင် တောတောင်စသော အဝိညာဏကအသံ၌ လည်း မဖြစ်၊ လူတိရစ္ဆာန်စသော သဝိညာဏကအသံ၌သာ ဖြစ်သတည်း။ ခဲ့စွ။ ဤသို့ ပြုအံ့၊ ဤသို့မူအံ့၊ ဤသို့ဆိုအံ့၊ ဤသို့ပြောအံ့ဟု ကြံသောသူအား အတိတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇောခုနစ်ချက် တဒါရုံနှစ်ချက် ထိုနောင် ဘဝင်။ ဤမနောဒွါရဝီထိ အစဉ်ကျရာ၏။ ထိုဝီထိ၌ ဇောခုနစ်ချက်ဘွင် သဒ္ဒမဇောသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤရုပ်ရှစ်ပါးကို ဖြစ်စေ၏။ ထိုရှစ်

တည်သော ရုပ်တို့သည် ပိုင်းခြားအပ်သည်လျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊ ဝါ၊ ရုပ်တို့သည် ပိုင်းခြားအပ်သည်ဖြစ်၍ မှတ်အပ်သော တရားသည်။ အာကာသဓာတု၊ မည်၏။ (တနည်း) အာကာသဓာတု၊ သည်။ ရူပပရိစ္ဆေဒလက္ခဏာ၊ ရုပ်တို့ကို ပိုင်းခြားခြင်းမျှလျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊ ဝါ၊ ပိုင်းခြားခြင်းမျှဖြစ်၍ မှတ်အပ်သောတရားသည်။ အာကာသ-

---

အစွဲဖြင့်ပါသော စိတ္တဇဝါယောဓာတ်သည်သာ ကာယဝိညတ်နှင့်တကွဖြစ်၍ လက်ခြေ လှုပ်ခြင်း စသည်ကို ဖြစ်စေတတ်၏။ ပဉ္စမဇောစသော ဇောခြောက်ချက်ကြောင့် ဖြစ်သော ဝါယောဓာတ်တို့သည်ကား ယခင်ဝါယောဓာတ်အား အထောက်အပင့်မျှသာဖြစ်၍ လက်ခြေလှုပ်ခြင်းစသည်ကို မဖြစ်စေကုန်။ ဤကား ကာယဝိညတ်ဖိ။ ထိုရုပ်အစွဲဖြင့်ပါသော စိတ္တဇပထဝီဓာတ်သည်သာ ထိုဆိုအက္ခရာ ဖြစ်ရာဌာန်၌ ရှိသင့်သော ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်သည်ဖြစ်၍ က, ခ စသော အက္ခရာအသံကို ဖြစ်စေတတ်၏။ ပဉ္စမဇောစသော ဇောခြောက်ချက်ကြောင့်ဖြစ်သော စိတ္တဇပထဝီဓာတ်တို့သည်ကား ယခင် ပထဝီဓာတ်၏ အထောက်အပင့်မျှသာဖြစ်၍ က, ခ စသော အက္ခရာအသံကို မဖြစ်စေနိုင်ကုန်။ ဤကား ဝစီဝိညတ်ဖို့။ ဤအရာ၌ ထမ်းပိုးခုနစ်ဆက်ကသော လှည်းတွင် သတ္တမထမ်းပိုး၌ ကသော နွားတို့သာ လှည်းကို လှုပ်စေ, ရွေ့စေနိုင်သည်၊ အကြွင်းခြောက်ဆက်၌ ကသောနွားကိုကား အထောက်အပင့်မျှသာ လှည်းကို မလှုပ်မရွေ့စေနိုင်သကဲ့သို့ဟု လောကူပမာ ဆောင်သည်။ ဝစီဝိညတ်၌ သတ္တမဇောကြောင့်ဖြစ်သော ပထဝီဓာတ်မှာမှ အသံဖြစ်သည်ဟု ဆိုခဲ့သော ဤအယူကား ဋီကာဆရာတို့ ဝါဒတည်း။ အဋ္ဌကထာဆရာကား ပဉ္စမဇောကြောင့်ဖြစ်သော ပထဝီဓာတ်ကစ၍ ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်လျှင်ပင် အသံဖြစ်သည် အယူရှိသည်။ ထိုသို့ ပဉ္စမဇောကစ၍ဖြစ်သော ပထဝီဓာတ်နှင့် ထိခိုက်လျှင်ပင် အသံဖြစ်သော် ဝီထိတိုင်းမှာပင် ဇောခုနစ်ချက်အဘွက် အသံခုနစ်ဆင့် အက္ခရာခုနစ်လုံးစီ ဆိုသောသူလည်း ဆိုရလေရာ၏၊ နာသောသူလည်း ကြားရလေ၏၊ ထိုသို့လည်း မဆိုရ မကြားရခဲ့။ ထိုကြောင့် အဋ္ဌကထာဆရာဝါဒကို ဋီကာဆရာတို့ ဆင်ခြင်လေကုန်သည်။ ဤဝိညတ်ဒွေ၌ လှုပ်ရှားသော ကိုယ်ဆိုသောစကားကို စက္ခုဝိညာဉ်, သောတဝိညာဉ် ဟူသော ပဌမစိတ်ဖြင့် လက်ဦးစွာ မြင်ရ,ကြားရသည်။ ထိုနောင် ဤအမူ ဤအသံသော် ဤသို့ဖြစ်မြဲဟူ၍ ဒုတိယ မနောဒွါရိကစိတ်ဖြင့် အတိတ်ဖြစ်သော သင်္ကေတအမှတ်ကို ဆင်ခြင်၍ သိသည်။ ထိုနောင် ဤအရာ၌သည်း ဤသို့ဖြစ်သည်ဟု သင်္ကေတအမှတ်ရှိဘိုင်း တတိယမနောဒွါရိကစိတ်ဖြင့် ပစ္စုပ္ပန်အကြောင်းအရာကို ဆင်ခြင်၍သိသည်။ ထိုနောင် ထိုအကြောင်းအရာနှင့်စပ်သော ဖောက်ပြန်ခြင်းအထူးကို စတုတ္ထမနောဒွါရိကစိတ်ဖြင့် ဆင်ခြင်၍ ဤသို့ ဖောက်ပြန်ခြင်းကား ဝိညတ်ဖြစ်သည်ဟု သိသည်။ ထိုနောက် ထိုသို့ဖောက်ပြန်ခြင်း အထူးကိုအောက်၍ ပဉ္စမမနောဒွါရိကစိတ်ဖြင့် ကိုယ်လက်လှုပ်ခြင်း စကားမြွက်ဆိုခြင်းကို ပြုသောသူတို့၏အလိုကို သိသည်။ ဤသို့ ဝိညတ်နှင့်အလိုကို သိသောအစဉ်၌ (သဒ္ဒံ ပဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ။ နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ)ဟူသော ဂါထာကိုမှီ၍ ယူလေ၊ နွေလအခါ ရေရှာ:ပါးရာ၌ ရေရှိသည်ကို သိမှုသောငှါ တံခွန်ထန်းရွက်စသော အမှတ်ကို စိုက်ထူသော် ထိုအမှတ်ကို လက်ဦးစွာမြင်သည်၊ ထိုနောင် ရေရှိရာ၌

ဓာတု၊ မည်၏[1]။ ရူပပရိယန္တပ္ပကာသနရသာ၊ (ဤကား ရုပ်တို့၏ အောက်အဖို၊ ဤကား အထက်အဖို၊ ဤကား ရှေ့ နောက် ဝဲ ယာ ဖီလာအဖို့ဟု) ရုပ်တို့၏ အစွန်းအဆုံး အပိုင်းအခြားကို ပြခြင်းကိစ္စ ရှိ၏။ ရူပမရိယာဒ-ပစ္စုပဋ္ဌာနာ၊ ရုပ်တို့၏ အပိုင်းအခြားမျှဖြစ်၍ ဉာဏ်အား ရှေးရှု ထင်၏။ ဝါ၊ ကား။ အသမ္ဖုဋ္ဌဘာဝပစ္စုပဋ္ဌာနာ၊ ဘုတ်သည် မထိအပ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၍ ဘုတ်တို့၏ အပေါက်အကြား အဝ၏အဖြစ်ကို ဖြစ်စေတတ်၏[2]။ ပရိစ္ဆိန္နရူပပဒဋ္ဌာနာ၊ မိမိ ပိုင်းခြားအပ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။ ယာယ၊ ယင်းအာကာသဓာတ်သည်။ ပရိစ္ဆိန္နေသု၊ ပိုင်းခြားအပ်ကုန်သော။ ရူပေသု၊ ရုပ်တို့၌။ ဣဒံ၊ ဤသည်။ ဣတော၊ ဤပိုင်းခြားအပ်သော ကလာပ်မှ။

မှတ်ထားမြဲဟု အတိတ်ကို သိသည်၊ ထိုနောင် ဤမှာလည်း ရေရှိသည်ဟု ပစ္စုပ္ပန်ကို သိသည်၊ ထိုနောင် ထိုသို့ ရေရှိကြောင်းကို အမှတ်ထားခြင်း အမူအထူးကို သိသည်၊ ထိုနောင် ရေကိုသုံးဆောင်လို၍ ထားသတည်းဟု ထားသောသူတို့၏အလိုကို သိသည်။ ဤသို့ဉာဏ်နှင့် အလိုကို ယူလွယ်စေခြင်းငှါ လောကူပမာ ဆောင်သတည်း။ ခဲစု။ ကာယဉ်ညတ်သည် စိတ္တဇဝါယောဓာတ်၏ ဖောက်ပြန်ခြင်း ဝစီဝိညတ်သည် စိတ္တဇပထဝီဓာတ်၏ ဖောက်ပြန်ခြင်းဖြစ်ရကား ဝိညတ်ဒွေသည် မဟာဘုတ်လေးပါးကိုစွဲ၍ မဖြစ်သောကြောင့် ဥပါဒါရုပ် မမည်သင့်ဟု စောဒနာငြားအံ့? ဝိညတ်ဒွေသည် မဟာဘုတ်လေးပါးလုံးကိုစွဲ၍ပင် ဖြစ်သည်၊ လှုပ်ရှားစေသောအရာ၌ ဝါယောဓာတ်သာ ကဲလွန်သောကြောင့် အသံဖြစ်စေသော အရာ၌လည်း ပထဝီဓာတ်သာ ကဲလွန်သောကြောင့် ဥက္ကဋ္ဌနည်းအားဖြင့် ယင်းဓာတ်နှစ်ပါး၏ ဖောက်ပြန်ခြင်းမျှသာ ဆိုသည်။ မသားမခြား ကောင်းသော အဝိနိဗ္ဘောဂရုပ် ဖြစ်ရကား မဟာဘုတ်လေးပါးလုံးကို စွဲ၍ဖြစ်သောကြောင့် ဝိညတ်ဒွေသည် ဥပါဒါရုပ် မည်သင့်သည်သာ ဖြေသေ။ (ပြည်)

၁-စက္ခုဒသကာဒိးကေကကလာပဂတဥ္စပါနံ ကလာပန္တရေဟိ အသံကိဏ္ဏဘာဝါပါဒန-ဝသေန ပရိစ္ဆိန္နတိ၊ တေဟိ ဝါ ပရိစ္ဆိဇ္ဇတိ တေသံ ဝါ ပရိစ္ဆေဒမတ္တန္တိ ရူပပရိစ္ဆေဒေါ။ တံ လက္ခဏံ ဧတိဿာတိ ရူပပရိစ္ဆေဒလက္ခဏာ-ဟူမှု။ ထိုစကား သင့်စွ၊ ဤအာကာသဓာတ်သည် ထိုထိုနှီးသော ရုပ်ကလာပ်ကို ပိုင်းခြားသကဲ့သို့ ဖြစ်၏၊ ထိုကြောင့် ရူပပရိယန္တပကာသနရသာ-ဟူသည်။ (ပြည်)

၂-ရူပပရိစ္ဆေဒရှိလတ်သော် ဆိဒ္ဒဝိဝရဘာဝဖြစ်ရကား ရူပပရိစ္ဆေဒကားအကြောင်း ဆိဒ္ဒဝိဝရဘာဝကား အကျိုး။ ကဏ္ဏဆိဒ္ဒမုခဝိဝရာဒိဝသေန ဆိဒ္ဒဝိဝရဘာဝဿ ပစ္စုပဋ္ဌာန-တော ဆိဒ္ဒဝိဝရဘာဝပစ္စုပဋ္ဌာနတာ ဝုတ္တာ။ ရူပပရိစ္ဆေဒေ ဟိ သတိ ဆိဒ္ဒဝိဝရဘာဝေါ ဟောတိ။ (အဘိဓမ္မာဋီကာ။) အသမ္ဖုဋ္ဌဘာဝပစ္စုပဋ္ဌာနာ၌ ဥပဋ္ဌာနာကာရ, ဆိဒ္ဒ-ဝိဝရဘာဝပစ္စုပဋ္ဌာန၌ ဖလဟု တသဒ္ဒါတည်း ဖြစ်သော်လည်း ခွဲ၍ယူ။ အကြင်ကလာပ်၌ ရုပ်တို့၏ပရိစ္ဆေဒသည် ဖြစ်၏၊ ထိုကလာပ်၌ ထိုရုပ်တို့၏ပရိစ္ဆေ၏ အဖြစ်ဖြင့် ရအပ်သည်အပ်ရကား ပရိစ္ဆိန္နရူပပဒဋ္ဌာနာ-ဟူသည်။ (ပြည်)

ဥဒ္ဓံ၊ အထက်အဖို့တည်း။ ဝုတ္တိ စ၊ ဤသို့ရင်း။ ဝုဒံ၊ ဤသည်။ အဓော၊ အောက်အဖို့တည်း။ ဝုဒံ၊ ဤသည်။ တိရိယံ၊ ရှေ့နောက်ဝဲယာ ဖီလာအဖို့တည်း။ ဝုတ္တိ စ၊ ဤသို့ရင်း။ ဟောတိ၊ ထင်ရှား၏။ (ယာယ-ကား ယံ သန္ဓာယ ကဲ့သို့ပင် နိယတ်မလိုပြီ။)

၄၄၃။ ရူပဿလဟုတာ၊ သည်။ ရူပါနံ၊ (စိတ္တဇ,ဥတုဇ,အာဟာရဇ ဟူသော တိသမုဋ္ဌာနိက မဟာဘုတ်) နိပ္ဖန္နရုပ်တို့၏။ အဒန္ဓတာလက္ခဏာ၊ မလေးမနှံ့သည်၏ အဖြစ်တည်းဟူသော လက္ခဏာ ရှိ၏၊ ဝါ၊ မလေးမနှံ့သည်၏အဖြစ်ဟု မှတ်အပ်၏။ ရူပါနံ၊ တို့၏။ (ရူပါနံ-ကား၊ ကာကော-လောကန)။ ဂရုဘာဝဝိနောဒနရသာ၊ လေးသည် နှံ့သည်၏ အဖြစ်ကို ဖျောက်ပယ်ခြင်းကိစ္စ ရှိ၏။ လဟုပရိဝတ္တိတာပစ္စုပဋ္ဌာနာ၊ (အနာကင်းသော ယောကျ်ား၏ ထိုမှ ဤမှ ပေါ့ပေါ့ပါးပါး ပြောင်းရွှေ့ ပြန်လှန်ခြင်း ဖြစ်သကဲ့သို့) နိပ္ဖန္နရုပ်တို့၏ ပေါ့ပေါ့ပါးပါး ပြောင်းရွှေ့ပြန်လှန်ခြင်းရှိသည်၏ အဖြစ်ဖြစ်၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။ လဟုရူပပဒဋ္ဌာနာ၊ ပေါ့ပါးသောရုပ်လျှင် နီးစွာသောအကြောင်း ရှိ၏။ ရူပဿမုဒုတာ၊ သည်။ ရူပါနံ၊ (တိသမုဋ္ဌာနိက မဟာဘုတ်) နိပ္ဖန္နရုပ်တို့၏။ အထဒ္ဓတာလက္ခဏာ၊ ကြမ်းတမ်းခက်ထရော် မရှိသည်၏အဖြစ်ဟူသော မှတ်ကြောင်းလက္ခဏာ ရှိ၏၊ ဝါ၊ မကြမ်းတမ်း မခက်မာသည်၏ အဖြစ်ဟူသော မှတ်ကြောင်း လက္ခဏာ ရှိ၏။ ရူပါနံ၊ တို့၏။ ထဒ္ဓဘာဝဝိနောဒနရသာ၊ ကြမ်းတမ်းခက်မာသည်၏ အဖြစ်ကို ဖျောက်ပယ်ခြင်းကိစ္စ ရှိ၏။ (အတ္တနော၊ မိမိ၏။ မုဒုဘာဝေနေဝ၊ နူးညံ့သည်၏ အဖြစ်ဖြင့်သာလျှင်။) သဗ္ဗကိရိယာသု၊ အလုံးစုံ ကိုယ်ဖြင့်ပြုအပ်သော အမှုတို့၌။ အဝိရောဓိတာပစ္စုပဋ္ဌာနာ၊ မဆန့်ကျင်သည်၏အဖြစ်ဖြစ်၍ ဉာဏ်အား ရှေးရှုထင်တတ်၏၊ ဝါ၊ မဆန့်ကျင်သည်ဖြစ်၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။ (တာ-သ္ဒတ္ထ။) မုဒုရူပပဒဋ္ဌာနာ၊ နူးညံ့သောရုပ်လျှင် နီးစွာသောအကြောင်း ရှိ၏။ ရူပဿကမ္မညတာ၊ သည်။ (သုံးပုဒ်၌ပင် အလုတ္တသမာသ်။) သရီရကြိယာနုကူလကမ္မညဘာဝလက္ခဏာ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုကိစ္စတို့အားလျော်သည်၏ အဖြစ်ဟု ဆိုအပ်သောအမှု၌ ကောင်းသည်၏ အဖြစ်ဟူသော မှတ်ကြောင်း လက္ခဏာ ရှိ၏။ [၇၉] အကမ္မညတာဝိနောဒနရသာ၊ အမှု၌ မကောင်း

သည်၏အဖြစ် မခန့်သည်၏အဖြစ်ကို ပယ်ဖျောက်ခြင်းကိစ္စ ရှိ၏။ အဒုဗ္ဗလ-ဘာဝပစ္စုပဋ္ဌာနာ၊ ရုပ်ဘို့၏ အားမနည်းသည်၏ အဖြစ်ဖြစ်၍ ညက်အား ရှေးရှုထင်တတ်၏။ ကမ္မညရူပပဒဋ္ဌာနာ၊ အမှု၌ ကောင်းသော, ခန့်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ကာယဿ၊ ၏။ ဥဇုကဘာဝေါ၊ ဖြောင့်မတ်သည်၏ အဖြစ်သည်။ ကာယုဇုကတာ၊ မည်၏။ စိတ္တဿ၊ ၏။ ဥဇုကဘာဝေါ၊ သည်။ စိတ္တုဇုကတာ၊ မည်၏။ တာ၊ ထိုကာယုဇုကတာ, စိတ္တုဇုကတာ စေတသိက်တို့သည်။ ကာယစိတ္တအဇ္ဇဝလက္ခဏာ၊ ကာယစိတ္တတို့၏ ဖြောင့်သည်၏အဖြစ်ဟူ၍ မှတ်အပ်ကုန်၏၊ ဝါ၊ ကာယနှင့်စပ်ဆိုင်သော စိတ်နှင့်စပ်ဆိုင်သော ဖြောင့်သည်၏အဖြစ်ဟူ၍ မှတ်အပ်ကုန်၏။ ကာယစိတ္တကုဋိလဘာဝနိမ္မဒ္ဒနရသာ၊ ကိုယ်စိတ်တို့၏ (နင်္ဂလသီသ စန္ဒကောဋိ ဂေါမုတ္တဝင်္ကဟုဆိုအပ်ကုန်သော သုံးပါးသော) အကောက်တို့ကို နှိပ်နင်းဖျက်ဆီးခြင်း ကိစ္စရှိကုန်၏။ အဇိမှတာပစ္စုပဋ္ဌာနာ၊ (ကုဋိလဘာဝကို ဖျောက်သောကြောင့် သာလျှင်) အချင်းခပ်သိမ်း မကောက်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်ကုန်၏၊ ဝါ၊ သမ္ပယုတ်တရားတို့၏ အချင်းခပ်သိမ်း မကောက်သည်၏ အဖြစ်တည်းဟူသော အကျိုးကို ရှေးရှုဖြစ်စေတတ်ကုန်၏။ ကာယစိတ္တပဒဋ္ဌာနာ၊ ကုန်၏။ ကာယစိတ္တာနံ၊ တို့၏။ ကုဋိလဘာဝကရမာယာသာဌေယျာဒိပဋိပက္ခဘူတာ၊ ကောက်သည်၏အဖြစ်ကို ပြုတတ်ကုန်သော မာယာသာဌေယျ အစရှိသည်တို့၏ ပဟာယကပဋိပက္ခဖြစ်၍ ဖြစ်ကုန်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ကုန်၏[၁]။

---

၁-မာယာသည် မိမိ၌ထင်ရှားရှိသော အပြစ်ကို ဖုံးလွှမ်းခြင်းလက္ခဏာ ရှိ၏၊ သာဌေယျသည် မိမိ၌ထင်ရှားမရှိသောကျေးဇူးကို ချီးမွမ်းခြင်းလက္ခဏာ ရှိ၏။ ဤသို့အဋ္ဌကထာ၌ ဆိုအပ်ကုန်သော ထိုထင်ရှားရှိသောအပြစ်ကို ဖုံးလွှမ်းခြင်း, ထင်ရှားမရှိသော ကျေးဇူးကို ချီးမွမ်းခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော အကုသိုလ်ခန္ဓာ တဒေကဋ္ဌသံကိလေသဓမ္မတို့သည် မာယာ သာဌေယျ စသည်မည်ကုန်၏။ သန္တဒေါသပဋိစ္ဆာဒနလက္ခဏာ

၄၇၁။ ဆန္ဒေါတိ စေတံ၊ ဟူသော ဤအမည်သည်။ ကတ္တုကာမတာယ၊ အာရုံပြုခြင်းငှါ အလိုရှိသည်၏အဖြစ်၏။ အဓိဝစနံ၊ အမည်တည်း[၁]။ တသ္မာ၊ ကြောင့်။ သော-ဆန္ဒော၊ သည်။ ကတ္တုကာမတာလက္ခဏော၊ အာရုံပြုခြင်းငှါ အလိုရှိသည်၏အဖြစ်လျှင် လက္ခဏာရှိ၏။ အာရမ္မဏပရိယေသနရသော၊ အာရုံကိုရှာခြင်း ကိစ္စရှိ၏။ အာရမ္မဏေန၊ အာရုံဖြင့်၊ ဝါ၊ ကို။ အတ္ထိကတာပစ္စုပဋ္ဌာနော၊ အလိုရှိသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ တဒေဝ၊ ထိုလိုအပ်သောအာရုံသည်သာလျှင်။ အဿ၊ ထိုဆန္ဒ၏။ ပဒဋ္ဌာနံ၊ နီးစွာသော အကြောင်းသည်။ ဟောတိ၊ ၏။ စ၊ ဆက်။ အယံ၊ ဤဆန္ဒကို။ အာရမ္မဏဂ္ဂဟဏေ၊ အာရုံကိုယူခြင်း၌။ စေတသော၊ စိတ်၏။ ဟတ္ထပ္ပသာရဏံ ဝိယ၊ အမိုက်မှောင်၌ ဥစ္စာထုပ်ကို ယူခြင်းငှါ ခိုးသူတို့၏ လက်ဖြန့်ခြင်းကဲ့သို့၊ ဝါ၊ ဥစ္စာထုပ်ကို ဖြန့်စမ်းသော လက်နှင့်တူ၏ဟူ၍။ ဒဋ္ဌဗ္ဗော၊ ၏[၂]။

၄၇၂။ အဓိမုစ္စနံ၊ အာရုံကိုဆုံးဖြတ်ခြင်း။ အဓိမောက္ခော၊ ခြင်း။ သော-အဓိမောက္ခော၊ သည်။ သန္နိဋ္ဌာနလက္ခဏော၊ အာရုံကိုဆုံးဖြတ်ခြင်း

---

မာယာ၊ အသန္တဂုဏသမ္ဘာဝနလက္ခဏံ သာဌေယျန္တိ ဝေ ဝုတ္တာ တဒါကာရပ္ပဝတ္တာ အကုသလာ ခန္ဓာ တဒေကဋ္ဌာ စ သံကိလေသဓမ္မာ မာယာသာဌေယျာဒိကာ။ (ဋီ ၂၊ ၁၄၅) ကာယပဿဒ္ဓိ အစရှိကုန်သော တရားတို့၏ ကောက်ပဋိပက္ခဖြစ်သောကြောင့် ဒရထနိမဒ္ဒန အစရှိသော ကိစ္စတခုခုကိုသာ ပြုတတ်၏။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် နှစ်ပါးနှစ်ပါး ဟောတော်မူသနည်း ဟူမူ ? ဗုတ္တ စ ဂိတ္တပဿဒ္ဓိအာဒီဟိ စိတ္တမေဝ ပဿဒ္ဓလဟုမုဒုကမ္မညပဂုဏုဇု စ ဟောတိ၊ ကာယပဿဒ္ဓိအာဒီဟိ ပန ရူပကာယောပိ။ တေနေဝေတ္တ ဘဂဝတာ ဓမ္မာနံ ဒုဝိဓတာ ဝုတ္တာ၊ န သဗ္ဗတ္ထ။ (ဋီ ၂၊ ၁၄၆) အဓိပ္ပါယ်ကား စိတ္တပဿဒ္ဓိ အစရှိသည်တို့ဖြင့် စိတ်သည်သာလျှင် ပဿဒ္ဓလဟုမုဒုကမ္မညပဂုဏုဇုဖြစ်၏၊ ကာယပဿဒ္ဓိ အစရှိသည်တို့ဖြင့်ကား ဝေဒနာစသော ခန္ဓာသုံးပါးဟူသော နာမကာယသည်၎င်း, ရူပကာယသည်၎င်း ပဿဒ္ဓိစသည်ဖြစ်၏။ ထိုကြောင့် ကာယပဿဒ္ဓိ စသည်၌သာလျှင် ဘုရားမြတ်စွာသည် ဓမ္မတို့၏ ဒုဝိဓအဖြစ်ကို ဟောတော်မူအပ်၏၊ သမာဓိစသည်၌ကား ဒုဝိဓအဖြစ်ကို မဟောအပ် ဟူလိုသည်။ (ပြည်)

၁-ဆန္ဒနံ ဆန္ဒော၊ အာရမ္မဏေန အတ္ထိကတာ။ ဆန္ဒနံ၊ အလိုရှိခြင်း။ ဆန္ဒော။ ခြင်း။ အာရမ္မဏေန၊ အာရုံဖြင့်၊ ဝါ၊ အာရုံကို။ အတ္ထိကတာ၊ အလိုရှိသည်၏ ဗ-ဖြစ်။ (ပြည်)

၂-ဒါနဝတ္ထုကို စွန့်ကြဲရာ၌လည်း လေးသွားသည် ပစ်လွှတ်အပ်သောမြားကို ယူလိုသကဲ့သို့ စွန့်ကြဲအပ်သော ဒါနဝတ္ထုကို ယူလိုယောင် ငံ့ကွက်ခြင်းကား ဆန္ဒစေတသိက်တည်း၊ လောဘမဟုတ် မှတ်လေ။ (ပြည်)

လက္ခဏာရှိ၏။ အသံသပ္ပနရသော၊ (ထိုမှဤမှ ရွေ့ရှားသော သူငယ်ကဲ့သို့ ပြုရအံ့လောဟု မဆုံးဖြတ်နိုင်ခြင်း ဟူသော) ရွေ့ရှားခြင်း၏ ဆန့်ကျင်ဖက် ဖြစ်သော ဆုံးဖြတ်ခြင်းကိစ္စရှိ၏။ နိစ္ဆယပစ္စုပဋ္ဌာနော၊ ဆုံးဖြတ်တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ သန္နိဋ္ဌေယျဓမ္မပဒဋ္ဌာနော၊ ဆုံးဖြတ်အပ်သော အာရုံတရားလျှင် နီးသောအကြောင်းရှိ၏။ အာရမ္မဏေ၊ ၌။ နိစ္စလဘာဝေန၊ တုန်လှုပ်ခြင်း ကင်းသည်၏ အဖြစ်ဖြင့်။ ဣန္ဒခီလော ဝိယ၊ မြဲမြံစွာ စိုက်အပ်သော တံခါးတိုင်ကဲ့သို့ အာရုံ၌ မြဲမြံတည်တံ့သော တရားဟူ၍။ ဒဋ္ဌဗ္ဗော၊ ၏။

၄၇၃။ ကိရိယာ၊ အာရုံကိုပြုခြင်း။ ကရော၊ ခြင်း။ မနသိ၊ စိတ်၌။ ကာရော၊ အာရုံကိုပြုခြင်း[၁]။ မနသိကာရော၊ စိတ်၌ အာရုံကိုပြုခြင်း။ ပုရိမမနတော၊ ရှေးဖြစ်သော ဘဝင်စိတ်မှ။ ဝိသဒိသမနံ၊ မတူသော ဝီထိ စိတ်ဇောကို။ ကရောတိ၊ ပြုတတ်၏။ ဣတိပိ၊ ဤသို့သော အနက်ကြောင့် လည်း။ မနသိကာရော၊ မည်၏။ သွာယံ-သော အယံ မနသိကာရော၊ သည်။ အာရမ္မဏပဋိပါဒကော၊ အာရုံကိုစီရင်တတ်, ထင်စေတတ်သော မနသိကာရ စေတသိက်ဒင်း။ ဝီထိပဋိပါဒကော၊ ဝီထိစိတ်ကို စီရင်တတ်, ထင်စေတတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဒင်း။ ဇဝနပဋိပါဒကော၊ ဇောကို စီရင်တတ်, ထင်စေတတ်သော မနောဒွါရာဝဇ္ဇန်းစိတ်ဒင်း။ ဣတိ၊ သို့။ တိပ္ပကာရော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ၏။

တတ္ထ၊ ထိုသုံးပါးတို့တွင်။ အာရမ္မဏပဋိပါဒကော၊ သည်။ မနမှိ၊ စိတ်၌။ ကာရော၊ အာရုံကိုပြုတတ်သည်တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ မနသိကာရော၊ မည်၏။ သော-မနသိကာရော၊ သည်။ သာရဏလက္ခဏော၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုနှင်သကဲ့သို့ ပြေးစေသကဲ့သို့ ဖြစ်ခြင်း လက္ခဏာ ရှိ၏။ သမ္ပယုတ္တာနံ၊ တို့ကို။ အာရမ္မဏေ၊ ၌။ သံယောဇန-ရသော၊ ယှဉ်စေခြင်း ကိစ္စရှိ၏။ အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာနော၊ (တပါးသို့ မသွားမူ၍) စိတ်၏အာရုံ၌ ရှေးရှုဖြစ်ကြောင်းတရားဟု ဉာဏ် အား ရှေးရှုထင်တတ်၏။ အာရမ္မဏပဒဋ္ဌာနော၊ အာရုံလျှင် နီးစွာသော

---

၁-အလင်္ကာသမာသ်၊ မနမှိ ကာရော-ဟူ၍ဒင်း, မနသိ ကာရော-ဟူ၍ဒင်း ရှိ၏၊ အနက် မကွဲ။

အကြောင်းရှိ၏။ သင်္ခါရက္ခန္ဓပရိယာပန္နော၊ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏။ အာရမ္မဏပဋိပါဒကတ္တေန၊ အာရုံကိုစီရင်တတ်သည်၏ အဖြစ်ကြောင့်။ သမ္ပယုတ္တာနံ၊ တို့၏။ သာရထိ ဝိယ၊ မြင်းကိုနှင်တတ်သော ရထားထိန်းကဲ့သို့ အာရုံသို့ ရှေးရှုနှင်တတ် ပြေးစေတတ်သော တရားဟူ၍။ ဒဋ္ဌဗ္ဗော၊ ၏[၁]။ ပန၊ ထိုမှတပါး။ ဝီထိပဋိပါဒကောတိ စေ၊ ဟူသော ဤ အမည်သည်။ ပဉ္စဒွါရာဝဇ္ဇနဿ၊ ၏။ အဓိဝစနံ၊ တည်း။ ဇဝနပဋိပါဒကောတိ စေ၊ ဟူသော ဤအမည်သည်။ မနောဒွါရာဝဇ္ဇနဿ၊ ၏။ အဓိဝစနံ၊ တည်း။ တေ၊ ထိုဝီထိပဋိပါဒက, ဇဝနပဋိပါဒကတို့ကို။ ဣဓ၊ ဤအရာ၌။ န အဓိပ္ပေတာ၊ မလိုအပ်ကုန်။

၄၇၄။ တေသု ဓမ္မေသု၊ ထိုထိုသမ္ပယုတ်ဖြစ်သော စိတ် စေတသိက်တရားတို့၌။ မဇ္ဈတ္တတာ၊ အလယ်အကြား၌တည်သော သဘောရှိသော သူ၏ အဖြစ်သည်။ တတြမဇ္ဈတ္တတာ၊ မည်၏[၂]။ သာ၊ ထိုတတြမဇ္ဈတ္တတာသည်။

---

၁-မနသိကာရစေတသိက်ဖြင့် နှလုံးသွင်းမှ အာရုံထင်မြင်သည်၊ ပဉ္စဒွါရာဝဇ္ဇန်းဖြင့် ရှေ့စိတ်က နောက်စိတ်အထူးကိုပြုမှ ပဉ္စဒွါရဝီထိဖြစ်သည်၊ ထိုအတူ မနောဒွါရာဝဇ္ဇန်းဖြင့် ရှေ့စိတ်က နောက်စိတ်အထူးကိုပြုမှ မနောဒွါရဝီထိဇောဖြစ်သည် ဟူလိုသည်။ ဝိတက်သည် သမ္ပယုတ်တရားကို အာရုံ၌ တင်တတ်သည်၊ စေတနာသည် စေ့ဆော်တတ်သည်၊ မနသိကာရသည် အာရုံကိုဆောင်တတ်သည်။ ယင်းသို့ဖြစ်သော် ဤတရားသုံးပါး မထူးမပြားသကဲ့သို့ ရှိ၏။ အဘယ်သို့ ထူးပြားသနည်း ဟူမူကား? ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံ၌ တင်ဘိသကဲ့သို့ ဖြစ်တတ်၏၊ စေတနာသည် အာရုံ၌ ဝိတက်တင်အပ်သော တရားတို့ကို မိမိနှင့်တကွ ယှဉ်စေတတ်၏၊ စစ်မြေ၌ ဗိုလ်ပါကို ယှဉ်စေတတ်သော ဗိုလ်မှူးကဲ့သို့တည်း၊ မနသိကာရသည် ဝိတက်တင်အပ်သောအာရုံ၌ သမ္ပယုတ်တရားတို့ကို ရှေးရှု ယှဉ်စေတတ်၏။ အာဇာနည်မြင်းတို့ကို ရထား၌ယှဉ်စေတတ်သော ရထားထိန်းကဲ့သို့တည်း။ ဤသို့ ဝိတက်, စေတနာ, မနသိကာရ တရားသုံးပါး ထူးပြား၏။ ဤသို့သောသဘောတရားတို့၏ သဘောလက္ခဏာ အထူးအပြားကို အဟုတ်အမှန် သိတော်မူ၍ ဟောကြားတော်မူသော သဗ္ဗညုဘုရား၌ သဒ္ဓါယုံကြည်၍ သင်ခြင်း, မေးမြန်းခြင်း, ဆောင်ရွက်ခြင်း စသော အစွမ်းဖြင့် သဘောတရားတို့၏ သဘောလက္ခဏာကို ထိထိခိုက်ခိုက် မိမိရရ သိစိမ့်သောငှါ စားပြီးအိပ်၍ မွေ့မွေ့လျော်လျော်နေက ရဟန်းကိစ္စမဟုတ်ချေဟု နှလုံးပြုလျက် ငဲ့ကွက်မရှိ စိစိကြပ်ကြပ် အားထုတ်လျက် တရားကိုသာ အမှုကြီးလုပ်ရသည်ဟု ဆရာမြတ်တို့ အနုသာသနီကို ဋီကာဆရာ မှာထားတော်မူသည်။ (ပြည်)

၂-မဇ္ဈေ ဠိတော အတ္တာ သဘာဝေါ ဧတဿာတိ မဇ္ဈတ္တော၊ ပုဂ္ဂလော။ တဿ ဘာဝေါ မဇ္ဈတ္တတာ။ တတြ တေသု တေသု ဓမ္မေသု မဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ၊ လျစ်လျူရှုတတ်သော ပုဂ္ဂိုလ်သည် မဇ္ဈတ္တမည်၏၊ ထိုလျစ်လျူရှုသော ပုဂ္ဂိုလ်၏ အဖြစ်သည် မဇ္ဈတ္တတာ

စိတ္တစေတသိကာနံ၊ သမ္ပယုတ်စိတ်စေတသိက်တို့ကို။ သမဝါဟိတလက္ခဏာ၊ မိမိမိမိ၏ ကိစ္စတို့၌ အညီအမျှ ဖြစ်စေခြင်း လက္ခဏာရှိ၏။ ဦနာဓိကတာ-နိဝါရဏရသာ၊ ယုတ်သည်၏အဖြစ်ဟု ဆိုအပ်သော လီန, လွန်သည်၏ အဖြစ်ဟုဆိုအပ်သော ဥဒ္ဓတကိုမြစ်ခြင်း ကိစ္စရှိ၏။ ဝါ၊ ကား။ ပက္ခပါတု-ပစ္ဆေဒနရသာ၊ အပင်းအသင်း၌ ကျခြင်းကို ဖြတ်ခြင်းကိစ္စ ရှိ၏၊ မဇ္ဈတ္တ-ဘာဝပစ္စုပဋ္ဌာနာ၊ အလယ်အကြား၌တည်သော သဘောရှိသောသူ၏ အဖြစ်ဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ စိတ္တစေတသိကာနံ၊ တို့ကို။ အဇ္ဈုပေက္ခနဘာဝေန၊ လျစ်လျူရှုသည်၏ အဖြစ်ဖြင့်။ သမပ္ပဝတ္တာနံ၊ မယုတ်မလွန် အညီအမျှဖြစ်ကုန်သော။ အာဇာနီယာနံ၊ အာဇာနည်မြင်း တို့ကို။ အဇ္ဈုပေက္ခနသာရထိ ဝိယ၊ လျစ်လျူရှုသော ရထားထိန်းနှင့် တူ၏ ဟူ၍။ ဒဋ္ဌဗ္ဗာ၊ ၏[၁]။

[၉၇] စ၊ ဆက်၍ဆိုအံ့။ ကရုဏာမုဒိတာ၊ တို့ကို။ ဗြဟ္မဝိဟာရနိဒ္ဒေ-သေ၊ ၌။ ဝုတ္တနယေနေဝ၊ သာလျှင်။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ဟိ၊ ထူးသည် ကို ဆိုအံ့။ ကေဝလံ၊ စင်စစ်။ တာ၊ ထိုဗြဟ္မဝိဟာရ၌ ဆိုအပ်ကုန်သော ကရုဏာမုဒိတာတို့သည်။ အပ္ပနာပ္ပတ္တာ၊ အပ္ပနာသို့ရောက်ကုန်သည်ဖြစ်၍။ ရူပါဝစရာ၊ မည်ကုန်၏။ ဣမာ၊ ဤကရုဏာမုဒိတာတို့သည်။ ကာမာ-ဝစရာ၊ မည်ကုန်၏။ ဣတိ၊ သို့။ အယမေဝ၊ ထိုကား ရူပါဝစရအဖြစ်, ဤကား ကာမာဝစရအဖြစ်သည်သာလျှင်။ ဝိသေသော၊ ထူး၏။

ကေစိ ပန၊ ကေစိတို့သည်ကား။ မေတ္တုပေက္ခာယောပိ၊ မေတ္တာဥပေက္ခာ တို့ကိုလည်း။ အနိယတေသု၊ အနိယတစေတသိက်တို့၌။ (စေတသိကန္တရ-ဘာဝေန၊ စေတသိက်တပါးအထူး၏ အဖြစ်ဖြင့်။ ဣစ္ဆန္တိ၊ ကုန်၏။ တံ၊ ထိုကေစိဆရာတို့စကားကို။ န ဂဟေတဗ္ဗံ၊ ဆိုတိုင်းမမှတ်အပ်။ ဟိ-ယသ္မာ၊ ကြောင့်။ အတ္ထတော၊ သရုပ်တရားကိုယ်အားဖြင့်။ အဒေါသောယေဝ၊

---

မည်၏၊ ထိုသို့ စိတ်စေတသိက် သမ္ပယုတ်တရားတို့၌ လျစ်လျူရှုတတ်သော ပုဂ္ဂိုလ်၏ အဖြစ်ဟူသော ဤစေတသိက်သည် တတြမဇ္ဈတ္တတာ မည်၏။ တတြ-ကား ဝိစ္ဆာလော၊ ၎-တြမဇ္ဈတ္တတာ-ကား အလုတ္တတပ္ပုရိသ်သမာသ်၊ အလယ်အကြား၌ တည်သည်ကို လျစ်လျူ ရှုသည်ဟု လောကဝေါဟာရ ဆိုသည်။ (ပြည်)

၁-တခုခုသောတရားကို မျှ ဖော်ဝင်ရိုင်းပင်း အသင်းမပြုမူ၍ လျစ်လျူရှုသည် ဟူလို။ (ပြည်)

သည်ပင်လျှင်။ မေတ္တာ၊ မည်၏။ တတြမေတ္တုပေက္ခာယေဝ၊ သည်ပင်လျှင်။ ဥပေက္ခာ၊ မည်၏။ ဣတိ-တသ္မာ၊ ကြောင့်။ န ဂဟေတဗ္ဗံ၊ အပ်။

၄၇၅။ ကာယဒုစ္စရိတတော၊ မှ။ ဝိရတိ၊ ကြဉ်တတ်သောတရား၊ ဝါ၊ ကြဉ်ကြောင်းဖြစ်သောတရား၊ ဝါ၊ ကြဉ်ခြင်းမျှသည်။ ကာယဒုစ္စရိတဝိရတိ၊ မည်၏။ သေသာသုပိ၊ ကြွင်းသောဝစီဒုစ္စရိတဝိရတိ,မနောဒုစ္စရိတဝိရတိတို့၌လည်း။ ဧသ နယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ လက္ခဏာဒီတော ပန၊ ဖြင့်ကား။ တိဿောပိ၊ ကုန်သော။ ဧတာ၊ ထိုဝိရတိတို့သည်။ ကာယဒုစ္စရိတာဒိဝတ္ထုနံ၊ (ပရပါဏ, ပရဓန, ပရဒါရ အစရှိကုန်သော) ကာယဒုစ္စရိုက်စသည်တို့၏ ဝတ္ထုတို့ကို။ အဝီတိက္ကမလက္ခဏာ၊ မလွန်ကျူးခြင်း လက္ခဏာရှိကုန်၏။ အမဒ္ဒနလက္ခဏာ၊ မနင်းနယ်ခြင်း လက္ခဏာရှိကုန်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ ကာယဒုစ္စရိတာဒိဝတ္ထုတော၊ မှ။ သင်္ကောစနရသာ၊ တွန့်ခြင်းကိစ္စရှိကုန်၏။ အကိရိယပစ္စုပဋ္ဌာနာ၊ ကာယဒုစရိုက်စသည်ကို မပြုမကျင့်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်ကုန်၏။ သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ၊ ဂုဏ်လျှင် နီးစွာသောအကြောင်းရှိကုန်၏။ ပါပကိရိယတော၊ မကောင်းမှုကို ပြုခြင်းမှ။ စိတ္တဿ၊ ၏။ ဝိမုခဘာဝဘူတာ၊ မျက်နှာလွှဲသည်၏ အဖြစ်ဖြင့် ဖြစ်တတ်ကုန်၏။ ဣတိ၊ ဒဋ္ဌဗ္ဗာ၊ ကုန်၏။

၄၇၆။ ဣတိ၊ သို့။ ဆတ္တိံသ၊ ကုန်သော။ ဣမေဝ သင်္ခါရာ၊ တို့သည် သာလျှင်။ ပဌမေန၊ သော။ ကာမာဝစရကုသလဝိညာဏေန၊ နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ (ပဌမေန၊ သော။ ကာမာဝစရကုသလဝိညာဏေန၊ နှင့်။) ဣမေ ဆတ္တိံသ သင်္ခါရာ၊ တို့သည်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ ယထာ၊ ကုန်သကဲ့သို့။ ဧဝံ၊ တူ။ ဒုတိယေန၊ သော။ (ကာမာဝစရကုသလဝိညာဏေနပိ၊ နှင့်လည်း။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။) ဟိ၊ အထူးကား။ သသင်္ခါရဘာဝမတ္တမေဝ၊ သသင်္ခါရအဖြစ်မျှသည်သာလျှင်။ ဧတ္ထ-ဒုတိယေ ကာမာဝစရကုသလဝိညာဏေ၊ ၌။ ဝိသေသော၊ ထူး၏။

ပန၊ ထိုမှတပါး။ တတိယေန၊ နှင့်။ အမောဟံ၊ ကို။ ဌပေတွာ၊ ၍။ အဝသေသာ၊ အမောဟမှကြွင်းကုန်သော။ (ပဌမေ၊ ကာမာဝစရကုသိုလ်

ဝိညာဉ်၌။ ဝုတ္တမေဝ၊ ဆိုအပ်ပြီးသော သုံးဆဲ့ငါးပါးသော သင်္ခါရတရားတို့သည်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ဣတိ၊ သို့။) ဝေဒိတဗ္ဗာ၊ ကုန်၏။ (ဤသို့ အပြည့်အစုံ ယောဇနာ)။ တထာ စ၊ ထိုအတူလည်း။ စတုတ္ထေန၊ ဝိညာဉ်နှင့်။ (သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။) ဟိ၊ အထူးကား။ သသင်္ခါရဘာဝမတ္တမေဝ၊ သည်သာလျှင်။ ဧတ္ထ၊ ဤစတုတ္ထဝိညာဉ်၌။ ဝိသေသော၊ တတိယမှထူး၏။

ပန၊ ထိုမှတပါး။ ပဉ္စမေ၊ ဝိညာဉ်၌။ ဝုတ္တေသု၊ ဆိုအပ်ပြီးသော သုံးဆဲ့ခြောက်ပါးသောသင်္ခါရတို့တွင်။ ပီတိံ၊ ကို။ ဌပေတွာ၊ ၍။ အဝသေသာ၊ ပီတိမှကြွင်းကုန်သော သုံးဆဲ့ငါးပါးသော သင်္ခါရတရားတို့သည်။ ပဉ္စမေန၊ ဝိညာဉ်နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ပဉ္စမေန၊ ဝိညာဉ်နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ ယထာ စ၊ ကုန်သကဲ့သို့လည်း။ ဧဝံ၊ တူ။ ဆဋ္ဌေနပိ၊ ဝိညာဉ်နှင့်လည်း။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ပ။ ဧတ္ထ၊ ဤဆဋ္ဌဝိညာဉ်၌။ပ။သတ္တမေန ပန၊ ဝိညာဉ်နှင့်ကား။ အမောဟံ၊ ကို။ ဌပေတွာ၊ ၍။ အဝသေသာ၊ အမောဟမှကြွင်းကုန်သော သုံးဆဲ့လေးပါးသော သင်္ခါရတို့သည်။ သမ္ပယောဂံ ဂစ္ဆန္တီတိ ဝေဒိတဗ္ဗာ။ပ။ ဧတ္ထ၊ ဤအဋ္ဌမဝိညာဉ်၌။ ဝိသေသော၊ ၏။

ပန၊ ထိုမှတပါး။ ပဌမေ၊ ဝိညာဉ်၌။ ဝုတ္တေသု၊ ဆိုအပ်ပြီးသော သုံးဆဲ့ခြောက်ပါးသော သင်္ခါရတို့တွင်။ ဝိရတိတ္တယံ၊ ကို။ ဌပေတွာ၊ ၍။ သေသာ၊ ဝိရတိမှကြွင်းကုန်သော သုံးဆဲ့သုံးပါးသော သင်္ခါရတို့သည်။ ရူပါဝစရကုသလေသု၊ တို့တွင်။ ပဌမေန၊ ရှေးဦးစွာသော ရူပါဝစရကုသိုလ်ဝိညာဉ်နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ဒုတိယေန၊ ဝိညာဉ်နှင့်။ တတော၊ ထိုသုံးဆဲ့သုံးပါးသော သင်္ခါရမှ။ ဝိတက္ကဝဇ္ဇာ၊ ဝိတက်သည်ကြဉ်အပ်ကုန်သော သုံးဆဲ့နှစ်ပါးသောသင်္ခါရတို့သည်။ (သမ္ပယောဂံ ဂစ္ဆန္တိ၊ ကုန်၏။) တတိယေန၊ နှင့်။ တတော၊ ထိုသုံးဆဲ့နှစ်ပါးသော သင်္ခါရမှ။ ဝိစာရဝဇ္ဇာ၊ ဝိစာရသည်ကြဉ်အပ်ကုန်သော သုံးဆဲ့တပါးသော သင်္ခါရတို့သည်။ (သမ္ပယောဂံ ဂစ္ဆန္တိ၊ ကုန်၏။) စတုတ္ထေန၊ နှင့်။ တတော၊ ထိုသုံးဆဲ့တပါးသော သင်္ခါရမှ။ ပီတိဝဇ္ဇာ၊ ပီတိသည် ကြဉ်အပ်ကုန်သော သုံးဆယ်သော သင်္ခါရတို့သည်။ (သမ္ပယောဂံ ဂစ္ဆန္တိ၊ ကုန်၏။) ပဉ္စမေန၊

နှင့်။ တတော၊ ထိုသုံးဆယ်သောသင်္ခါရမှ။ အနိယတေသု၊ အနိယတ-စေတသိက်တို့တွင်။ ကရုဏာမုဒိတာဝဇ္ဇာ၊ ကရုဏာမုဒိတာသည် ကြဉ်အပ်ကုန်သော နှစ်ဆဲ့ရှစ်ပါးကုန်သော သင်္ခါရတို့သည်။ (သမ္ပယောဂံ ဂစ္ဆန္တိ။) တေယေဝ၊ ထိုရူပါဝစရပဥ္စမဝိညာဉ်၌ ဆိုအပ်ပြီးသော နှစ်ဆဲ့ရှစ်ပါးသော သင်္ခါရတို့သည်သာလျှင်။ စတူသု၊ ကုန်သော။ အာရုပ္ပကုသလေသု၊ တို့၌။ သမ္ပယောဂံ ဂစ္ဆန္တိ။ပ။ တွေ၊ ဤအရူပကုသိုလ်လေးခု၌။ ဝိသေသော၊ ထူး၏။

လောကုတ္တရေသု၊ လောကုတ္တရာကုသိုလ်တို့တွင်။ တာဝ၊ စွာ။ ပဌမ-ဈာနိကေ၊ ပဌမဈာန်နှင့်ယှဉ်သော။ မဂ္ဂဝိညာဏေ၊ မဂ်ဝိညာဉ်၌။ ပဌမ-ရူပါဝစရဝိညာဏေ၊ ၌။ ဝုတ္တနယေန၊ ဖြင့်။ (ဝေဒိတဗ္ဗာ၊ ကုန်၏။) ဒုတိယ-ဈာနိကာဒိဘေဒေ၊ ဒုတိယဈာန်နှင့်ယှဉ်သည် အစရှိသည် အပြားရှိသော။ မဂ္ဂဝိညာဏေ၊ ၌။ ဒုတိယရူပါဝစရဝိညာဏာဒီသု၊ တို့၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ပန၊ အထူးကိုဆိုအံ့။ ကရုဏာမုဒိ-တာနံ၊ တို့၏။ အဘာဝေါ စ၊ မရှိခြင်းသည်၎င်း။ [၉၇] နိယတဝိရတိတာ စ၊ မြဲသောဝိရတိ ရှိသည်၏အဖြစ်သည်၎င်း။ လောကုတ္တရတာ စ၊ လောကုတ္တရာ၏အဖြစ်သည်၎င်း။ ဣတိ အယံ၊ ဤသည်လျှင်။ တွေ၊ ဤ လေးပါးသော လောကုတ္တရာမဂ်ဝိညာဉ်၌။ ဝိသေသော၊ ၏။ ဧဝံ သို့။ တာဝ၊ စွာ။ ကုသလာယေဝ၊ ကုသိုလ်သာလျှင် ဖြစ်ကုန်သော။ သင်္ခါရာ၊ တို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။

၄၇၇။ အကုသလေသု၊ အကုသိုလ်ဝိညာဉ်တို့တွင်။ တာဝ၊ စွာ။ လောဘမူလေ၊ လောဘမူဝိညာဉ်၌။ သင်္ခါရာ၊ သင်္ခါရတို့ကို။ ဝုစ္စန္တေ၊ ကုန်၏။ လောဘမူလေ၊ လောဘမူဝိညာဉ်တွင်။ ပဌမာကုသလသမ္ပ-ယုတ္တာ၊ ရှေးဦးစွာသော အကုသိုလ်နှင့်ယှဉ်ကုန်သော။ နိယတာ၊ နိယတ ဖြစ်ကုန်သော။ သရူပေန၊ သရုပ်အားဖြင့်။ အာဂတာ၊ လာကုန်သော။ တေရသ၊ တဆဲ့သုံးပါးသော သင်္ခါရတို့၎င်း။ ယေဝါပနကာ၊ ယေဝါပန ဟူသောပုဒ်ဖြင့် ဟောအပ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော သင်္ခါရတို့၎င်း။ ဣတိ၊ သို့။ သတ္တရသ၊ တဆဲ့ခုနစ်ပါးသော သင်္ခါရာတို့သည်။ (ဟောန္တိ၊ ကုန်၏။) တတ္ထ၊ ထိုသရုပ်အားဖြင့် လာသောသင်္ခါရ, ယေဝါပန သင်္ခါရတို့တွင်။ ဖဿော၊ ၎င်း။ပ။မိစ္ဆာဒိဋ္ဌိ၊ ၎င်း။ ဣတိ၊ သို့။ သရူပေန၊

အားဖြင့်။ အာဂတာ၊ ကုန်သောသင်္ခါရတို့သည်။ ဣမေ တေရသ၊ ဤတဆဲ့သုံးပါးတို့သည်။ (ဟောန္တိ၊ ကုန်၏။) ဆန္ဒော၊ ၎င်း။ပ။ ဣတိ၊ သို့။ ယေဝါပနကာ၊ တို့သည်။ ဣမေ စတ္တာရော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

၄၇၈။ တတ္ထ၊ ထိုတဆဲ့ခုနစ်ပါးသော သင်္ခါရတို့၌။ (ဝစနတ္ထာဒီနိ၊ ဝစနတ္ထလက္ခဏာ စသည်တို့ကို။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။) န ဟိရိယတိ၊ မရှက်တတ်၊ ဝါ၊ မစက်ဆုပ်တတ်။ ဣတိ-တသ္မာ၊ ကြောင့်။ အဟိရိကော၊ မည်၏။ အဟိရိကဿ၊ မရှက်တတ်သောပုဂ္ဂိုလ်၏၊ ဝါ၊ တရားအပေါင်း၏။ ဘာဝေါ၊ တည်း။ အဟိရိကံ၊ အဖြစ်။ ဩတ္တပ္ပံ၊ ဩတ္တပ္ပသည်။ န၊ မဟုတ်။ အနောတ္တပ္ပံ၊ မဟုတ်[1]။ တေသု၊ ထိုနှစ်ပါးတို့တွင်။ အဟိရိကံ၊ သည်။ ကာယဒုစ္စရိတာဒီဟိ၊ တို့ကြောင့်၊ ဝါ၊ တို့ကို၊ ဝါ၊ တို့မှ။ အဇိဂုစ္ဆနလက္ခဏံ၊ မစက်ဆုပ်ခြင်းလက္ခဏာရှိ၏။ ဝါ၊ ကား။ အလဇ္ဇာလက္ခဏံ၊မရှက်ခြင်းလက္ခဏာရှိ၏[2]။ အနောတ္တပ္ပံ၊ သည်။ တေဟေဝ၊ ထိုကာယဒုစရိုက် စသည်တို့ကြောင့်၊ ဝါ၊ တို့ကိုသာလျှင်။ အသာရဇ္ဇလက္ခဏံ၊ ကြောက်ရွံ့ခြင်းကင်းသည်၏အဖြစ်တည်းဟူသောလက္ခဏာရှိ၏။ ဝါ၊ ကား။ အနုတ္တာသ-လက္ခဏံ၊ ထိတ်လန့်ခြင်း မရှိသည်၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤအကုသလသင်္ခါရ၌။ သင်္ခေပေါ၊ တည်း။ ဝိတ္ထာရော ပန၊ ကိုကား။ ဟိရောတ္တပ္ပါနံ၊ တို့၏။ ဝုတ္တပဋိပက္ခ-ဝသေန၊ ဆိုအပ်ပြီးသော ရသစသည်တို့၏ ပဋိပက္ခ၏ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗော၊ ၏။

၄၇၉။ တေန၊ ထိုသဘောတရားဖြင့်။ (သမ္ပယုတ္တဓမ္မာ၊ တို့သည်။) လုဗ္ဘန္တိ၊ တပ်မက်တတ်ကုန်၏။ ဝါ၊ ကား။ သယံ၊ သည်။ လုဗ္ဘတိ၊ တပ်မက်တတ်၏။ ဝါ၊ ကား။ တံ ဓမ္မဇာတံ၊ သည်။ လုဗ္ဘနမတ္တမေဝ၊ တပ်မက်ခြင်းမျှသာတည်း။ ဣတိ-တသ္မာ၊ ကြောင့်။ လောဘော၊ မည်၏။ တေန၊ ဖြင့်။ (သမ္ပယုတ္တဓမ္မာ၊ တို့သည်။) မုယှန္တိ၊ တွေဝေကုန်၏၊ ဝါ၊ မသိတတ်

---

၁-ဩတ္တပ္ပ၏ ဆန့်ကျင်ဘက်တရားရ၏၊ န ဩတ္တပ္ပန္တိ ဩတ္တပ္ပဿ ပဋိပက္ခဘူတံ ဓမ္မ-မာဟ၊ (ဋီ ၂၊ ၁၄၉)။ န ဩတ္တပ္ပတီတိ-ဟု ရှိသောပါဌ်သည် ဋီကာနှင့်မညီ။ (ဆ-သံ-သော)

၂-အလဇ္ဇာ အဝိရိဋ္ဌာ-ဟူသော ဋီကာ၌ ဝိရိဋ္ဌာ-သည် လဇ္ဇာ-၏ ပရိယာယ ဖြစ်သည်၊ အမရကောသ၌ ဗြီဍာ, လဇ္ဇာ-ဟု ရှိ၏၊ အ-ကား ပဋိပက္ခဝိရုဒ္ဓဝါစက။ (ဆ-သံ-သော)

ကုန်။ ဝါ၊ ကား။ သယံ၊ သည်။ မုယှတိ၊ ၏။ ဝါ၊ ကား။ တံ ဓမ္မဇာတံ၊ သည်။ မုယှနမတ္တမေဝ၊ တွေဝေခြင်းမျှသာတည်း။ ဣတိ-တသ္မာ၊ ကြောင့်။ မောဟော၊ မည်၏။ တေသု၊ ထိုနှစ်ပါးတို့တွင်။ လောဘော၊ သည်။ အာရမ္မဏဂ္ဂဟဏလက္ခဏော၊ (ငါ၏ဥစ္စာ, ငါ့ဟာဟူ၍)အာရုံကို ကိုင်ခြင်း, စွဲလမ်းခြင်း လက္ခဏာရှိ၏။ မက္ကဋာလေပေါ ဝိယ၊ မျောက်နှဲစေးကဲ့သို့ တည်း။ အဘိသင်္ဂရသော၊ အာရုံ၌ ရှေးရှု ကပ်ခြင်း, ငြိခြင်းကိစ္စ ရှိ၏၊ တတ္တကပါလေ၊ အိုးကင်းပူ၌။ ခိတ္တမံသပေသိ ဝိယ၊ ချအပ်သော သားတစ်ကဲ့သို့တည်း။ အပရိစ္စာဂပစ္စုပဋ္ဌာနော၊ မစွန့်မလွှတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ တေလဉ္ဇနရာဂေါ ဝိယ၊ ဆီမင်စွန်းခြင်း ကဲ့သို့တည်း။ သံယောဇနိယဓမ္မေသု၊ သံယောဇဉ်၏အာရုံဖြစ်သော တရားတို့၌။ အဿာဒဒဿနပဒဋ္ဌာနော၊ သာယာဖွယ်၏ အစွမ်းအားဖြင့် ရှုခြင်းလျှင် နီးသောအကြောင်းရှိ၏။ တဏှာနဒီဘာဝေန၊ တဏှာမြစ်၏ အဖြစ်ဖြင့်။ ဝဍ္ဎမာနော၊ စည်ပင်ပွါးစီး ကြီးမားလတ်သော်။ သီဃသောတာ၊ လျင်မြန်သောရေအယဉ်ရှိသော။ နဒီ၊ မြစ်သည်။ (ပတိတံ၊ မိမိအပေါ်၌ ကျသောဝတ္ထုကို။) ဂဟေတွာ၊ ယူ၍။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့။ ဂစ္ဆတိ ဣဝ၊ သွားသကဲ့သို့။ (သတ္တေ၊ တို့ကို။) ဂဟေတွာ၊ ၍။ အပါယမေဝ၊ အပါယ်သို့သာလျှင်။ ဂစ္ဆတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။

၄၇၀။ မောဟော၊ သည်။ စိတ္တဿ၊ ၏။ အန္ဓဘာဝလက္ခဏော၊ (ဓမ္မသဘောကို မဖောက်မပြန် မမြင်နိုင်ခြင်းဟူသော)ပညာမျက်စိ ကန်းသည်၏အဖြစ်လျှင် လက္ခဏာရှိ၏။ ဝါ၊ ကား။ အညာဏလက္ခဏော၊ ဉာဏ်၏ဆန့်ကျင်ဖက် အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ အသမ္ပဋိဝေဓရသော၊ ကောင်းစွာ ထိုးထွင်း၍သိခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော သမ္ပတ္တိရသရှိ၏၊ ဝါ၊ စိတ်၏ ကောင်းစွာထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကို ပြုခြင်းကိစ္စရှိ၏။ (ကရ-ကျေ။) ဝါ၊ ကား။ အာရမ္မဏ-သဘာဝစ္ဆာဒနရသော၊ အာရုံသဘောကို ဖုံးလွှမ်းခြင်းကိစ္စရှိ၏။ အသမ္မာ-ပဋိပတ္တိပစ္စုပဋ္ဌာနော၊ မသင့်မလျော်သော အကျင့်ကို ရှေးရှုဖြစ်စေတတ်၏၊ ဝါ၊ သင့်လျော်လျောက်ပတ်သော အကျင့်၏ ဆန့်ကျင်ဖက်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏၊ ဝါ၊ အသင့်သိတတ်သော ပညာ၏ ဆန့်ကျင်ဖက်အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ဝါ၊ ကား။ အန္ဓ-

ကာရပစ္စုပဋ္ဌာနော၊ ပညာမျက်စိ ကန်းသည်၏ အဖြစ်ကိုပြုသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏၊ ဝါ၊ ပညာမျက်စိ ကန်းသည်၏အဖြစ်ကို ပြုတတ်သောတရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ အယောနိသောမနသိကာရပဒဋ္ဌာနော၊ မသင့်မတင့်သော အကြောင်း (အနုပါယဥပ္ပထ)အားဖြင့် နှလုံးသွင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။ သဗ္ဗာကုသလာနံ၊ တို့၏။ မူလန္တိ၊ အမြစ်အခြေဟူ၍။ ဒဋ္ဌဗ္ဗော၊ ၏။

၄၇၁။ တာယ၊ ဖြင့်။ (သမ္ပယုတ္တဓမ္မာ၊ တို့သည်။) မိစ္ဆာ၊ မှားသောအားဖြင့်၊ ဝါ၊ မှားယွင်းစွာ။ ပဿန္တိ၊ ရှုတတ်ကုန်၏။ ဝါ၊ ကား။ သယံ၊ သည်။ မိစ္ဆာ၊ အားဖြင့်။ ပဿတိ၊ ၏။ ဝါ၊ ကား။ သော၊ သည်။ မိစ္ဆာဒဿနမတ္တံ၊ မှားယွင်းသော အခြင်းအရာအားဖြင့် ရှုခြင်းမျှသာတည်း။ ဣတိ-တသ္မာ၊ ကြောင့်။ မိစ္ဆာဒိဋ္ဌိ၊ မည်၏။ သာ၊ ထိုမိစ္ဆာဒိဋ္ဌိသည်။ အယောနိသောအဘိနိဝေသလက္ခဏာ၊ မသင့်မတင့်သော အကြောင်း (အနုပါယ လမ်းရိုးမမှန်သော ဥပ္ပထ)အားဖြင့် နှလုံးသွင်းခြင်း လက္ခဏာရှိ၏။ ပရာမာသရသာ၊ (အနိစ္စစသော သဘောအမှန်ကိုလွန်၍ တပါးသော နိစ္စ စသော) မမှန်သော အခြင်းအရာအားဖြင့် သုံးသပ်ခြင်း ကိစ္စရှိ၏။ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ၊ မှားယွင်းစွာနှလုံးသွင်းခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ အရိယာနံ၊ ဘုရားစသော အရိယာတို့ကို။ အဒဿနကာမတာဒိပဒဋ္ဌာနာ၊ မဖူးမြင်လိုသည်၏ အဖြစ်စသည်လျှင် နီးသောအကြောင်းရှိ၏။ ပရမံ၊ လွန်ကဲသော။ ဝဇ္ဇန္တိ၊ အပြစ်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ ၏။

[၉၉] ၄၇၂။ ဥဒ္ဓတဘာဝေါ၊ တက်ကြွတုန်လှုပ်သော စိတ်၏အဖြစ်သည်၊ ဝါ၊ သမ္ပယုတ်တရားအပေါင်း၏ အဖြစ်သည်။ ဥဒ္ဓစ္စံ၊ မည်၏။ တံ၊ ထိုဥဒ္ဓစ္စသည်။ အဝူပသမလက္ခဏံ၊ မငြိမ်သက်ခြင်း လက္ခဏာရှိ၏။ ဝါတာဘိဃာတစလဇလံ ဝိယ၊ လေခတ်သဖြင့် လှုပ်သောရေကဲ့သို့တည်း။ အနဝဋ္ဌာနရသံ၊ ငြိမ်ဝပ်စွာမတည်တံ့ခြင်းကိစ္စရှိ၏၊ ဝါတာဘိဃာတစလဓဇပဋာကာ ဝိယ၊ လေခတ်သဖြင့် လှုပ်သောတံခွန်ကုက္ကားကဲ့သို့တည်း။ ဘန္တတ္တပစ္စုပဋ္ဌာနံ၊ ထက်ဝန်းကျင်လည်သည်၏ အဖြစ်တည်းဟူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ပါသာဏာဘိဃာတသမုဒ္ဓတ-

ဘဿ် ဝိယ၊ ကျောက်ဖြင့် ခတ်အပ်သည်ဖြစ်၍ ထက်ဝန်းကျင် လွင့်တက်သော ပြာကဲ့သို့တည်း။ စေတသော၊ စိတ်၏။ အဝူပသမေ၊ မငြိမ်သက်ခြင်း၌၊ ဝါ၊ မငြိမ်သက်ခြင်း၏ အကြောင်းဖြစ်သော အာရုံ၌။ အယောနိသောမနသိကာရပဒဋ္ဌာနံ၊ မသင့်သော အကြောင်း (အနုပါယဥပ္ပတ္တ) အားဖြင့် နှလုံးသွင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။ စိတ္တဝိက္ခေပေါတိ၊ စိတ်၏ ပျံ့လွင့်ကြောင်းဟူ၍၊ ဝါ၊ စိတ်ကို အထူးထူးသောအာရုံ၌ ပစ်ချတတ်သော တရားဟူ၍။ ဒဋ္ဌဗ္ဗံ၊ ၏။ သေသာ၊ ဆိုပြီးမှကြွင်းသော ဖဿ, စေတနာစသော အကုသိုလ်သင်္ခါရတို့ကို။ ကုသလေ၊ ကုသိုလ်၌။ ဝုတ္တနယေနေဝ၊ ဆိုပြီးသောနည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ဟိ၊ အထူးကိုဆိုအံ့။ အကုသလဘာဝေါယေဝ စ၊ အကုသိုလ်အဖြစ်သည်သာလျှင်ငင်း။ အကုသလဘာဝေန၊ အကုသိုလ်၏ အဖြစ်ကြောင့်။ လာမကတ္တဥ္စ၊ ငင်း။ ဧတေသံ၊ ထိုအကုသိုလ်သင်္ခါရတို့၏။ တေဟိ၊ ထိုကုသိုလ်သင်္ခါရတို့မှ။ ဝိသေသော၊ ထူး၏။

၄၇၃။ ဣတိ၊ သို့။ ဣမေ သတ္တရသ သင်္ခါရာ၊ တို့သည်။ ပဌမေန၊ သော။ အကုသလဝိညာဏေန၊ နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ဣမေ သတ္တရသ သင်္ခါရာ၊ တို့သည်။ ပဌမေန၊ ပဌမအကုသိုလ်ဝိညာဉ်နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ ယထာ၊ ကုန်သကဲ့သို့။ ဧဝံ၊ တူ။ ဒုတိယေနာပိ၊ ဒုတိယအကုသိုလ်ဝိညာဉ်နှင့်လည်း။ သမ္ပယောဂံ ဂစ္ဆန္တိ၊ ကုန်၏။ ပန၊ ထူးသည်ကိုဆိုအံ့။ ဧတ္ထ၊ ဤဒုတိယအကုသိုလ်ဝိညာဉ်၌။ သသင်္ခါရတာ စ၊ သသင်္ခါရအဖြစ်သည်ငင်း။ ထိနမိဒ္ဓသ၊ ၏။ အနိယတတာ စ၊ အနိယတအဖြစ်သည်ငင်း။ ဝိသေသော၊ ၏။

တတ္ထ၊ ထိုသိန္နမိဒ္ဓနှစ်ပါးတို့တွင်။ ထိနတာ[၁]၊ (အားထုတ်ခြင်း ကင်းသည်၏အဖြစ် ဆုတ်နစ်သည်၏ အဖြစ်ဖြင့်) တွန့်သည်၏အဖြစ်သည်၊ ဝါ၊

---

၁-အနုဿာဟနာဝသီဒနဘာဝေန သံဟတဘာဝေါ ထိနံ၊ တေန ယောဂတော စိတ္တံ ထိနံ၊ တဿ ဘာဝေါ ထိနတာ-ဟု ဋီကာရှိသောကြောင့် ထိနနတာ-ဟုရှိသော ပါဠိသင့်၊ ထိနတာ-ဟု န-တလုံးသာ သင့်သည်။ (ဆ-သံ-သော)

ပျင်းသည်၏အဖြစ်သည်၊ ဝါ၊ စိတ်၏မခံ့သော အဖြစ်သည်။ ထိနံ၊ မည်၏။ မိဒ္ဓနတာ၊ မစွမ်းနိုင်သည်၏အဖြစ် ပင်ပန်းသည်၏အဖြစ်ဖြင့် အမှု၌မကောင်းသည်၏အဖြစ်သည်။ မိဒ္ဓံ၊ မည်၏။ အနုဿာဟနသံဟနတာ စ၊ အားထုတ်ခြင်းကင်းသည်၏အဖြစ်ဖြင့် တွန့်သည်၏အဖြစ်သည်ငှင်း။ အသတ္တိဝိဃာတော စ၊ သတ္တိကင်းသည်ဖြစ်၍ ပင်ပန်းခြင်းသည်ငှင်း၊ ဝါ၊ သတ္တိကင်းသည်၏အဖြစ်, ပင်ပန်းသည်၏ အဖြစ်သည်ငှင်း။ ဣတိ အယံ၊ ကား။ အတ္ထော၊ ထိနတာ, မိဒ္ဓတာပုဒ်တို့၏ ယထာက္ကမဖြစ်သောအနက်တည်း။ ထိနဉ္စ၊ ထိနလည်း။ မိဒ္ဓဉ္စ၊ မိဒ္ဓလည်း။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓ။ တတ္ထ၊ ထိုနှစ်ပါးတို့ဘွင်။ ထိနံ၊ သည်။ အနုဿာဟလက္ခဏံ၊ အားထုတ်ခြင်းကင်းသည်၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏၊ ဝါ၊ အားထုတ်ခြင်း၏ ဆန့်ကျင်ဖက်၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဝီရိယာဝနောဒနရသံ၊ ဝီရိယကို ဖျက်ဆီးခြင်း ကိစ္စရှိ၏[၁]။ သံသီဒနပစ္စုပဋ္ဌာနံ၊ သမ္ပယုတ်တရားတို့ကို ဆုတ်နစ်စေသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏၊ ဝါ၊ သမ္ပယုတ်တရားတို့၏ ဆုတ်နစ်ခြင်းကို ဖြစ်စေတတ်၏။ မိဒ္ဓံ၊ သည်။ အကမ္မညတာလက္ခဏံ၊ အမှု၌ မကောင်းသည်၏အဖြစ်, မခံ့သည်၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဩနဟနရသံ၊ ဝိညာဉ်ဒွါရတို့ကို ပိတ်ခြင်း ကိစ္စရှိ၏[၂]။ လီနတာပစ္စုပဋ္ဌာနံ၊ အာရုံကိုယူခြင်း၌ တွန့်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ဝါ၊ ကား။ပစလာယိကာနိဒ္ဒါပစ္စုပဋ္ဌာနံ၊ မျက်လွှာတလှုပ်လှုပ် မှိတ်တုတ်မှိတ်တုတ် အိပ်မွေ့ခြင်းကို ဖြစ်စေတတ်၏။ ဥဘယံပိ၊ ထိနမိဒ္ဓနှစ်ပါးသည်လည်း။ အရတိဝိဇမ္ဘိကာဒီသု၊ (အစွန်အနားဖြစ်သော ဆိတ်ငြိမ်သော ကျောင်းတို့၌ငှင်း လွန်ကဲသော ကုသိုလ်ဟုဆိုအပ်သော သမထဝိပဿနာတို့၌ငှင်း) မမွေ့လျော်ခြင်း, ကိုယ်ဘာဆန့်ကျင်ကျင် ရှိခြင်း, ပျင်းရိခြင်း စသည်တို့၌။ အယောနိသောမန-

---

၁-ဝီရိယဿ အဝနောဒနံ ခိပနံ ဝီရိယာဝနောဒနံ၊ (ဋီ ၂၊ ၁၅၀) ဝိနောဒနလည်း ရှိ၏၊ အနက်ဘူသည်ပင်။ (ပြည်)

၂-ဩနဟနရသံ-ရှိမှု သမ္ပယုတ္တမွေဘိုကို ဖွဲ့ခြင်းကိစ္စရှိ၏—ပေး။ အဝ-ရှေးရှိသော မာ ခါတ် ပိတ်ခြင်းအနက်ကို ဟောသည်။ အဝ-ရှေးရှိသော နဟ-ခါတ်ကား ဖွဲ့ခြင်းအနက်ကို ဟောသည်။ ဩနဟနံ ဝိညာဏဒွါရာနံ ပိဒဟနံ၊ သမ္ပယုတ္တာနံ ဗန္ဓနံ ဝါ၊ အဘိဓမ္မာဝတာရ ဋီကာဟူသော်လည်း ခါတ်တခုနှင့် မဖြစ်သာ။ (ပြည်)

သိကာရပဒဋ္ဌာနံ၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

တတိယေန၊ တတိယအကုသိုလ်ဝိညာဉ်နှင့်။ ပဉ္စမေ၊ ၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်ပြီးသော သတ္တရသသင်္ခါရတို့တွင်။ မိစ္ဆာဒိဋ္ဌိံ၊ ကို။ ဌပေတွာ၊ ၍။ အဝသေသာ၊ ကြွင်းသောဋ္ဌသသင်္ခါရတို့သည်။ (သမ္ပယောဂံ ဂစ္ဆန္တီတိ ဝေဒိတဗ္ဗာတိ ယောဇနာ။ သေ နယော သေသေသုပိ။) ပန၊ အထူးကို ဆိုအံ့။ တွေ၊ ဤတတိယ အကုသိုလ်ဝိညာဉ်၌။ မာနော၊ သည်။ အနိယ-တော၊ သည်။ ဟောတိ၊ ၏။ အယံ၊ ဤမာန၏ အနိယတအဖြစ်သည်။ ဝိသေသော၊ ထူး၏။ သော-မာနော၊ သည်။ ဥဏ္ဏတိလက္ခဏော၊ ထောင်လွှားတက်ကြွခြင်း လက္ခဏာရှိ၏။ သမ္ပဂ္ဂဟရသော၊ ချီးမြှောက်ခြင်းကိစ္စရှိ၏။ ကေတုကမျတာပစ္စုပဋ္ဌာနော၊ တံခွန်ကဲ့သို့ မိမိကို အပေါ်ထား၍ လွှားလိုသည်၏အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏၊ ဝါ၊ မြင့်သောတံခွန်ကဲ့သို့ အလွန်မြတ်သည်၏ အဖြစ်စသည်ကို ပြုလိုသော အားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ဒိဋ္ဌိဝိပ္ပယုတ္တလောဘပဒဋ္ဌာနော၊ ဒိဋ္ဌိဝိပ္ပယုတ်ဖြစ်သော လောဘလျှင် နီးသောအကြောင်းရှိ၏။ ဥမ္မာဒေါ ဝိယ၊ သူရူးကဲ့သို့၊ ဝါ၊ ရူးခြင်းကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏။

စတုတ္ထေန၊ စတုတ္ထအကုသိုလ်ဝိညာဉ်နှင့်။ ဒုတိယေ၊ ၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော သင်္ခါရတို့တွင်။ မိစ္ဆာဒိဋ္ဌိံ၊ ကို။ ဌပေတွာ၊ ၍။ အဝ-သေသာ၊ မိစ္ဆာဒိဋ္ဌိမှကြွင်းသော တဆဲ့ခြောက်ပါးသော သင်္ခါရတို့သည်။ ။ပ။ ဝေဒိတဗ္ဗာ၊ ကုန်၏။ တွေ့ာပိ၊ ဤစတုတ္ထအကုသိုလ်ဝိညာဉ်၌လည်း။ မာနော စ၊ သည်ငှင်း။ ထိနမိဒ္ဓဥ္စ၊ သည်ငှင်း။ အနိယတေသု၊ တို့၌။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ (တွေ့ာပိ စာတိ စသဒ္ဒေန ထိန-မိဒ္ဓံ အာကစ္ဆတိ။) ပန၊ ထိုမှတပါး။ ပဉ္စမေ၊ ၌။ ဝုတ္တေသု၊ ဆိုအပ်ကုန် ပြီးသော သင်္ခါရတို့တွင်။ ပီတိံ၊ ကို။ ဌပေတွာ၊ ၍။ အဝသေသာ၊ ပီတိမှ ကြွင်းကုန်သော တဆဲ့ခြောတ်ပါးသော သင်္ခါရတို့သည်။ ပဉ္စမေန၊ နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ စ၊ တပါး။ ပဉ္စမေန၊ နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ ယထာ၊ ကုန်သကဲ့သို့။ ဧဝံ၊ တူ။ ဆဋ္ဌေနာပိ၊ နှင့်လည်း။ (သမ္ပ-ယောဂံ ဂစ္ဆန္တိ။) ပန၊ အထူးကား။ တွေ၊ ဤဆဋ္ဌဝိညာဉ်၌။ သသင်္ခါရတာ

စ၊ သည်ရင်း။ ထိနမိဒ္ဓဿ၊ ၏။ အနိယတဘာဝေါ စ၊ သည်ရင်း။ ဝိသေ-သော၊ ၏။ သတ္တမေန၊ နှင့်။ ပဥ္စမေ၊ ၌။ ဝုတ္တေသု၊ တို့တွင်။ ဒိဋ္ဌိ၊ ကို။ ဌပေတွာ၊ ၍။ အဝသေသာ။ပ။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ဈေ ပန၊ ၌ကား။ မာနော၊ သည်။ အနိယတော၊ သည်။ ဟောတိ၊ ၏။ အဋ္ဌမေန၊ နှင့်။ ဆဋ္ဌေ၊ ၌။ ဝုတ္တေသု၊ တို့တွင်။ ဒိဋ္ဌိ၊ ကို။ ဌပေတွာ၊ ၍။ အဝသေသာ။ပ။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ဈော့ပိ၊ ၌လည်း။ မာနော စ၊ သည်ရင်း။ ထိနမိဒ္ဓဥ္စ၊ သည်ရင်း။ (စ-ဖြင့် ထိနမိဒ္ဓကိုရင်း။) အနိယတေသု၊ တို့၌။ ဟောတိ-ယေဝ၊ သာလျှင်တည်း။ ဣတိ၊ ဤရွေ့တရပ် အပြီးတည်း။

၄၇၄။ ပန၊ ထိုမှတပါး။ ဒွိသု၊ ကုန်သော။ ဒေါသမူလေသု၊ ဒေါသမူဝိညာဉ်တို့တွင်။ တာဝ၊ စွာ။ ပဌမသမ္ပယုတ္တာ၊ ပဌမဝိညာဉ်နှင့်ယှဉ်သော သင်္ခါရတို့သည်။ နိယတာ၊ ကုန်သော။ သရူပေန၊ အားဖြင့်။ အာဂတာ၊ ကုန်သော။ ကောဒသ၊ တို့ရင်း။ ယေဝါပနကာ၊ ကုန်သော။ စတ္တာရော၊ တို့ဥင်း။ အနိယတာ၊ ကုန်သော။ တယော၊ သုံးပါးသော သင်္ခါရတို့ရင်း။ ဣတိ၊ သို့။ [၁၀၀] အဋ္ဌာရသ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထို သုံးမျိုးတို့တွင်။ ဖဿော၊ ရင်း။ပ။ မောဟော၊ ရင်း။ ဣတိ၊ သို့။ သရူပေန၊ ဖြင့်။ အာဂတာ၊ ကုန်သောသင်္ခါရတို့သည်။ ဣမေ ကောဒသ၊ ဤတဆဲ့တပါးတို့သည်။ (ဟောန္တိ၊ ကုန်၏။) ဆန္ဒော၊ ရင်း။ပ။ ဣတိ၊ သို့။ ယေဝါပနကာ၊ တို့သည်။ ဣမေ စတ္တာရော၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) ဣဿာ၊ ရင်း။ပ။ ဣတိ၊ သို့။ အနိယတာ၊ တို့သည်။ ဣမေ တယော၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။)

၄၇၅။ တတ္ထ၊ ထိုတဆဲ့ရှစ်ပါးသောသင်္ခါရတို့၌။ (ဝစနတ္ထာဒိနိ၊ တို့ကို။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။) ဒေါသ၊ ဖြင့်။ သမ္ပယုတ္တဓမ္မာ၊ တို့သည်။ ဒုဿန္တိ၊ ဖျက်ဆီးတတ်ကုန်၏။ ဝါ၊ ကား။ သယံ၊ သည်။ ဒုဿတိ၊ ၏။ ဝါ၊ ကား။ တံ၊ ထိုသဘောတရားသည်။ ဒုဿနမတ္တမေဝ၊ ဖျက်ဆီးခြင်းမျှသာလျှင် တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ ဒေါသော၊ မည်၏။ သော-ဒေါသော၊ သည်။ စဏ္ဍိက္ကလက္ခဏော၊ အမျက်ထွက်ခြင်း လက္ခဏာရှိ၏။ (စဏ္ဍိက္ကံ ကုဇ္ဈနံ၊ ဋီကာ။ တနည်း။) စဏ္ဍိက္ကလက္ခဏော၊ ရုန့်ရင်းကြမ်းတမ်းသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ပဟတာသီဝိသော ဝိယ၊ လုံကန်ဖြင့် ခတ်အပ်သော မြွေဟောက်ကဲ့သို့တည်း။ ဝိသပ္ပနရသော၊ မိမိ၏ဖြစ်သော

အခြင်းအရာဖြင့် မြွေဆိပ်တက်သကဲ့သို့ ဖောက်ပြန်သောအားဖြင့် ပျံ့နှံ့ခြင်းကိစ္စရှိ၏၊ ဝါ၊ အနိဋ္ဌရုပ်ကို ဖြစ်စေသောအားဖြင့် ကိုယ်ကိုတုန်လှုပ်စေခြင်းကိစ္စရှိ၏၊ ဝါ၊ ကိုယ်၏တုန်လှုပ်ခြင်းဟူသော သမ္ပတ္တိရသရှိ၏။ ဝိသနိပါတော ဝိယ၊ မြားဆိပ်,မြွေဆိပ် ကျခြင်းကဲ့သို့တည်း။ ဝါ၊ ကား။ အတ္တနော၊ ၏။ နိဿယဒဟနရသော၊ မှီရာဟဒယဝတ္ထုကို လောင်ခြင်းကိစ္စရှိ၏၊ ဝါ၊ မှီရာကိုယ်အလုံးကို လောင်ခြင်းကိစ္စရှိ၏။ ဒါဝဂ္ဂိ ဝိယ၊ တောမီးကဲ့သို့တည်း။ ဒုဿနပစ္စုပဋ္ဌာနော၊ မိမိကိုယ်၄င်း, သူ့ကိုယ်၄င်း ဖျက်ဆီးတတ်သော တရားဟု ဉာဏ်အား ရှေးရှုထင်တတ်၏။ လဒ္ဓေါကာသော၊ ရအပ်သောအခွင့်ရှိသော။ သပတ္တော ဝိယ၊ ရန်သူကဲ့သို့တည်း[၁]။ အာဃာတဝတ္ထုပဒဋ္ဌာနော၊ ကိုးပါးသော အာဃာတဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။ ဝိသသံသဋ္ဌပူတိမုတ္တံ ဝိယ၊ အဆိပ်နှင့်ရောနှောသော ကျင်ပုပ်ကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏[၂]။

၄၇၆။ ဣဿာယနာ၊ ငြူစူခြင်းကို ပြုခြင်းသည်[၃]။ ဣဿာ၊ မည်၏။ သာ၊ ထိုဣဿာသည်။ ပရသမ္ပတ္တီနံ၊ သူ့စည်းစိမ်တို့ကို။ ဥဿူယနလက္ခဏာ၊ ငြူစူခြင်းလက္ခဏာရှိ၏၊ ဝါ၊ သည်းမခံနိုင်ခြင်းလက္ခဏာရှိ၏။ တတ္ထေဝ၊ ထိုသူဘါးစည်းစိမ်တို့၌သာလျှင်။ အနဘိရတိရသာ၊ မမွေ့လျော်ခြင်းကိစ္စရှိ၏။ တဒတာ၊ ထိုသူဘါးစည်းစိမ်မှ။ ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊ မရှုစိမ့်ပဲ မျက်နှာလွှဲသည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ပရသမ္ပတ္တိပဒဋ္ဌာနာ၊ သူဘါးစည်းစိမ်လျှင် နီးသော အကြောင်းရှိ၏။ သံယောဇနန္တိ၊ သံယောဇဉ်ကြိုးတစင်းဟူ၍။ ဒဋ္ဌဗ္ဗာ၊ ၏။

---

၁-သူတပါးကား ပျက်စီးသည်သည်း ရှိ၏၊ မပျက်စီးသည်လည်း ရှိ၏၊ မိမိမူကား အယုတ်သဖြင့် အဆင်းအရေ ဖောက်ပြန်ခြင်း စသောအဖြစ်သို့ရောက်၍ စင်စစ်မချွတ် ပျက်စီးလေ၏။ ထိုကြောင့် ဒေါသကြီးသောသူသည် အိုမင်းလွယ်သည်ဟု ကျမ်းဂန်ဆိုချေသည်။ သူတပါးကိုပစ်ခတ်ခြင်းငှါ လက်ဖြင့်ကိုင်ယူသောမစင်သည် မိမိကိုလက်ဦးလူးသကဲ့သို့ သူတပါးကား လူးသည်လည်း ရှိ၏၊ မလူးသည်သည်း ရှိကောင်း၏။ (ပြည်)

၂-အဆိပ်နှင့်ရောသော ကျင်ပုပ်သည် အချင်းခပ်သိမ်း စွန့်အပ် စက်ဆုပ်အပ်သကဲ့သို့ သုံးဆောင်သောကာလ, အကျိုးပေးရာကာလတို့၌ စင်စစ်အနိဋ္ဌဖြစ်သောကြောင့် ဒေါသကို အလိုမလိုက်၊ အချင်းခပ်သိမ်း စွန့်အပ်, စက်ဆုပ်အပ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ ပြတော်မူသည်။ (ပြည်)

၃-ဣဿာယ ကရဏံ ဣဿာယနာ၊ နာမဓာတ် ဏျပစ္စည်း, ယုပစ္စည်း။ (ပြည်)

၄၈၇။ မစ္ဆရဘာဝေါ၊ ဝန်တိုခြင်းရှိသောသူ၏ အဖြစ်သည်။ မစ္ဆရိယံ၊ မည်၏[၁]။ တံ၊ ထိုမစ္ဆရိယသည်။ လဒ္ဓါနံ ဝါ၊ ရအပ်ပြီးမှုလည်း ဖြစ်ကုန်သော။ လဘိတဗ္ဗာနံ ဝါ၊ ရအပ်ဆဲ ရအပ်လတ္တံ့မှုလည်း ဖြစ်ကုန်သော။ အတ္တနော၊ ၏။ သမ္ပတ္တီနံ၊ စည်းစိမ်တို့ကို။ နိဂူဟနလက္ခဏံ၊ လျှို့ဝှက်ခြင်းလက္ခဏာရှိ၏။ တာသံယေဝ၊ ထိုမိမိစည်းစိမ်တို့၏သာလျှင်။ ပရေဟိ၊ တို့နှင့်။ သာဓာရဏဘာဝအက္ခမနရသံ၊ ဆက်ဆံသည်၏အဖြစ်ကို သည်းမခံနိုင်ခြင်းကိစ္စရှိ၏။ သင်္ကောစနပစ္စုပဋ္ဌာနံ၊ (သူတပါးတို့နှင့် ဆက်ဆံသည်ကို မနှစ်သက်သော အခြင်းအရာဖြင့်) တွန့်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ ဝါ၊ ကား။ ကဋုကဉ္စုကတာပစ္စုပဋ္ဌာနံ၊ ခါးစပ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏[၂]၊ ဝါ၊ မသာယာ မနှစ်သက်သော အခြင်းအရာ, ဆင်းရဲသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းဟူသောအကျိုးကို ဖြစ်စေတတ်၏[၃]။ ဝါ၊ ယောက်မဖျားဖြင့်ယူ၍ ဆိတ်ဆွန်းဆိတ်ဆွန်းသာ ပူဇော်ပေးကမ်းတတ်သည်၏အဖြစ်ဟူသော စင်စစ် စည်းနဲသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏[၄]။ အတ္တသမ္ပတ္တိပဒဋ္ဌာနံ၊ အာဝါသစသော မိမိစည်းစိမ်လျှင် နီးသောအကြောင်းရှိ၏။ စေတသော၊ စိတ်၏။ ဝိရူပဘာဝေါ၊ မလှသောအဖြစ်ဘည်း၊ ဝါ၊ ဖောက်ပြန်သော အဖြစ်တည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

၄၈၈။ ကုစ္ဆိတံ၊ ရွံရှာစက်ဆုပ်အပ်သော။ ကတံ၊ ဒုစရိုက်အမှုသည်။ ကုကတံ၊ မည်၏။ တဿ၊ ရွံရှာစက်ဆုပ်အပ်သော ဒုစရိုက်,သုစရိုက်အမှုကို

---

၁-နိရုတ္တိနည်းဖြင့်ကား မာ ဣဒံ အစ္ဆရိယံ အညေသံ ဟောတု မယှမေဝ ဟောတူတိ မစ္ဆရိယံ၊ ပြု။ (ပြည်)

၂-ကဋုကာကာရဂတိ ကဋုကဉ္စုကတာ။ ဋီ ၁၅၂၊ ကဋုက-သဒ္ဒါသည် ကေန'မ္ဗော-ကဋုကပ္ဖလော-ဟူသော ဒဓိဝါဟနဇာတ်၌ အခါးကိုဟောသည်။ တြိကဋုကော-စသည်၌ အစပ်ကို ဟောသည်။ (ပြည်)

၃-ကဋုကသဒ္ဒေါ ဟေတ္ထ အသာတတ္ထော၊ ဒုက္ခတ္ထော ဝါ၊ အဉ္စုကသဒ္ဒေါ ဂတျတ္ထော။ မဓုသာရ။ (ပြည်)

၄-ကဋုကဉ္စုကတာ ဝုစ္စတိ ကဋစ္ဆုဂါဟော၊ အဘိ ၁၊ ၄၀၇ အဋ္ဌသာလိနီ။ ဤ၌ ကဋုက-သဒ္ဒါသည် ယောက်မဟော၊ အဉ္စု-ဓာတ်သည် ဗုဒ္ဓံ အဥ္စတိ-၌ကဲ့သို့ ပူဇာအနက်ဟော။ ဓာတွန်- မကျေ။ (ပြည်)

အာရုံပြု၍ဖြစ်သော နှလုံးမသာယာသော စိတ္တုပ္ပါဒ်၏။ ဘာဝေါ၊ သည်။ ကုက္ကုစ္စံ၊ မည်၏[၁]။ တံ၊ ထိုကုက္ကုစ္စသည်။ ပစ္ဆာနုတာပလက္ခဏံ၊ နောက်၌ အဖန်တလဲလဲ ပူပန်စေခြင်း, နှိပ်စက်ညှဉ်းဆဲခြင်း လက္ခဏာရှိ၏။ ကတာ-ကတာနုသောစနရသံ၊ ပြုကျင့်မိ,လွန်ကျူးမိသော ဒုစရိုက်, မပြုမိမကျင့်မိသော သုစရိုက်တရားကို အဖန်တလဲလဲလျှောက်၍ အောက်မေ့စိုးရိမ်ခြင်းကိစ္စရှိ၏။ ဝိပ္ပဋိသာရပစ္စုပဋ္ဌာနံ၊ စိတ်နှလုံးပူပန်လျက် အဖန်ဖန်အောက်မေ့ခြင်းကို ဖြစ်စေတတ်၏။ ကတာကတပဒဋ္ဌာနံ၊ ကတဒုစရိုက်, အကတသုစရိုက်လျှင် နီးသောအကြောင်းရှိ၏။ ဒါသဗ္ဗံ ဝိယ၊ ကျွန်၏အဖြစ်ကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ သေသာ၊ ဆိုပြီးမှကြွင်းသော သံခါရတို့သည်။ ဝုတ္တပကာရာ-ယေဝ၊ ဆိုအပ်ပြီးသော အပြားရှိကုန်သည်သာလျှင်တည်း။ ဣတိ၊ ဤရွေ့တရပ်အပြီးတည်း။

ဣတိ၊ သို့။ ဣမေ အဋ္ဌာရသ သံခါရာ၊ တို့သည်။ ပဌမေန၊ သော။ ဒေါသမူလေန၊ နှင့်။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ပဌမေန၊ ပဌမဒေါသမူနှင့်။ သမ္ပယောဂံ၊ သို့။

---

၁-ပြုမိလွန်ကျူးမိသောဒုစရိုက်,မပြုမကျင့်မိသောသုစရိုက်အမှုသည် ရှုံ့ရှာစက်ဆုပ်အပ်သောကြောင့် ကုကတမည်ရင်းတည်း။ ထိုအမှုကိုအာရုံပြု၍ သူတော်ကောင်းတို့ စက်ဆုပ်ရှုံ့ရှာဖွယ် အပါယ်လားကြောင်း ဤသည် ဤသည် မကောင်းမှုဒုစရိုက်ကို ငါပြုမိလေသည်၊ ခက်စွဟု နှလုံးမသာယာသော စိတ္တုပ္ပါဒ်, သဂ္ဂမောက္ခာကို ရခြင်း၏အကြောင်း ကောင်းမြတ်သော ဤသည်ဤသည် သုစရိုက်တရားကို ငါမပြုမိ, မကျင့်မိလေ၊ ငါ့အား သေခါနီးအခါ ဘီရုတ္တာဏလေဏပရာယနဖြစ်သော တစိုးတစိသော သုစရိုက်တရား မရှိသည်ကား ခက်စွ ငါ့ကိုယ်ဟု နှလုံးမသာယာသော စိတ္တုပ္ပါဒ်သည်လည်း ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဈာန်သည် ပထဝီကသိဏမည်သကဲ့သို့ ကာရဏူပစာအားဖြင့် ကုကတမည်သတည်း။ ထို ကုကတမည်သော နှလုံးမသာယာသော စိတ္တုပ္ပါဒ်၏ အဖြစ်ဟူသော သတ္တိကြောင့် သဒ္ဒပဝတ္တိနိမိတ်ဖြစ်သော ကုက္ကုစ္စစေတသိက်သည် ကုက္ကုစ္စမည်၏ ဟူလိုသည်။ မပြုမိသေးသော သုစရိုက်အမှုသည် မပြုသေးပဲလျက် အဘယ့်ကြောင့် ကုကတမည်လေသနည်း ဟူမူကား-လောက၌ သူတော်တံတွာ ပြုအပ်ပြုသင့်သောကောင်းမှုကို မပြုမိသော သူတို့သည် တာဏလေဏပရာယနဖြစ်သော ကောင်းမှုကို ငါမပြုမိပါ၊ စက်ဆုပ်ဖွယ်အမှု ဖြစ်ခဲ့၏တကားဟု ပြုသင့်ကျင့်သင့်လျက် မပြုမိမကျင့်မိသော ကောင်းမှုကို စက်ဆုပ်ဖွယ်အမှုဟု ခေါ်ဝေါ်ကြရကား လောကဝေါဟာရအားလျော်စွာ နှစ်,လ,နေ့ရက်လွန်၍ မပြုမိမကျင့်မိသော သုစရိုက်အမှုသည်လည်း ကုကတမည်လေသတည်း၊ လောကဝေါဟာရဝိသယော၊ သဒ္ဒေါ နေကန္တပရမတ္ထကော-ဟူသော ပရိဘာသာနှင့် လျော်စွာ သဒ္ဒါဟူက လောကဝေါဟာရအရာသာဟူလိုသည်။ (ပြည်)

ဂစ္ဆန္တိ ယထာ စ၊ သို့လည်း။ ဝေ၊ တူ။ ဒုတိယေနာပိ၊ နှင့်လည်း။ သမ္ပယောဂံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ပန၊ ထူးသည်ကိုဆိုအံ့။ သသင်္ခါရတာ စ၊ သည်၎င်း။ အနိယတေသု၊ အနိယတ,ဣဿာစသည်တို့၌။ ထိနမိဒ္ဓသမ္ဘဝေါ စ၊ ထိနမိဒ္ဓ၏ ဖြစ်သင့်ခြင်းသည်၎င်း။ ဝိသေသော၊ ထူး၏။

၄၇၉။ ဒွိသု၊ ကုန်သော။ မောဟမူလေသု၊ တို့တွင်။ တာဝ၊ စွာ။ ဝိစိကိစ္ဆာသမ္ပယုတ္တေန၊ ယုတ်ဝိညာဉ်နှင့်။ ဖဿော၊ ၎င်း။ပ။ စိတ္တဋ္ဌိတိ၊ ဧကဂ္ဂတာ၊ ၎င်း။ပ။ [၁၀၁] ဝိစိကိစ္ဆာ၊ ၎င်း။ ဣတိ၊ သို့။ သရူပေန၊ ဖြင့်။ အာဂတာ၊ ကုန်သော။ ဧကာဒသ၊ သင်္ခါရတို့၎င်း။ ဥဒ္ဓစ္စံ၊ ၎င်း။ မနသိကာရော၊ ၎င်း။ ဣတိ၊ သို့။ ယေဝါပနကာ၊ ကုန်သော။ ဒွေ စ၊ တို့၎င်း။ ဣတိ၊ သို့။ တေရသ၊ သင်္ခါရတို့သည်။ သမ္ပယောဂံ ဂစ္ဆန္တိ၊ ကုန်၏။

တတ္ထ၊ ထိုတဆဲ့သုံးပါးသော သင်္ခါရတို့တွင်။ စိတ္တဋ္ဌိတီတိ၊ ကား။ ပဝတ္တိဋ္ဌိတိမတ္တော၊ ခဏဋ္ဌီမျှသာတည်း။ (မတ္တ-ဖြင့် သန္တာနဋ္ဌိတိကို စင်စေသတည်း။) ဒုဗ္ဗလော၊ အားနည်းသော။ သမာဓိ၊ သမာဓိတည်း။ (တနည်း။) ပဝတ္တိဋ္ဌိတိမတ္တော၊ စိတ်၏ပဝတ္တိဟု ဆိုအပ်သော ဌိတိမျှသာတည်း။ (မဂ္ဂင်္ဂဒိဘာဝံ၊ သို့။ န ဂစ္ဆတိ၊ မရောက်။ ကသ္မာ၊ ကား။ အဓိမောက္ခဝိရဟတော၊ တည်း[1]။) စိကိစ္ဆာ၊ ဉာဏ်ဟူသောကုစားခြင်းမှ[2]။ ဝိဂတာ၊ ကင်းသည်တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိစိကိစ္ဆာ၊ မည်၏။ သာ-ဝိစိကိစ္ဆာ၊ သည်။ သံသယလက္ခဏာ၊ ယုံမှားခြင်း လက္ခဏာရှိ၏။ ဝါ၊ ဤသို့လေလော,ဤသို့မဟုတ်လေလော ဤသို့စသည်ဖြင့် ထက်ဝန်းကျင်မွေသည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ကမ္ပနရသာ၊ အထူးထူးသောအာရုံ၌ စိတ်၏တုန်လှုပ်ခြင်းကိစ္စရှိ၏။ အနိစ္ဆယပစ္စုပဋ္ဌာနာ၊ မဆုံးဖြတ်နိုင်ခြင်းဟူသော နှလုံးနှစ်ခွကို ဖြစ်စေတတ်၏။ ဝါ ကား။ အနေကံသဂ္ဂါဟပစ္စုပဋ္ဌာနာ၊ အာရုံ၌ ကေန်မဟုတ် အထူးထူးသော သဘောကိုယူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။

---

၁-ပဝတ္တိဋ္ဌိတိမတ္တောတိ ဧတေန ပဝတ္တိသင်္ခါတော ဌိတိမတ္တော၊ န မဂ္ဂင်္ဂဒိဘာဝံ ဂစ္ဆတိ အဓိမောက္ခဝိရဟတောတိ အတ္ထော။ (ဝိကာသိနီ ၁-၃၂၃) (ပြည်)

၂-နိဿက္ကတ္ထေ ပစ္စတ္တဝစနံ။ (ဝိကာသိနီ ၁-၃၂၃) (ပြည်)

အယောနိသောမနသိကာရပဒဋ္ဌာနာ၊ ၏။ ပဋိပတ္တိအန္တရာယကရာ၊ ကျင့်ဝတ်ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သောတရားတည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ၏။ သေသာ၊ ဝိစိကိစ္ဆာမှကြွင်းသော ဒွါဒသသင်္ခါရတို့သည်။ ဝုတ္တပကာရာယေဝ၊ သာလျှင်တည်း။

ဥဒ္ဓစ္စသမ္ပယုတ္တေန၊ နှင့်။ ဝိစိကိစ္ဆာသမ္ပယုတ္တေ၊ ၌။ ဝုတ္တေသု၊ ဆိုအပ်ပြီးသော သင်္ခါရတို့တွင်။ ဝိစိကိစ္ဆံ၊ ကို။ ဌပေတွာ၊ ၍။ သေသာ၊ ကုန်သော။ ဒွါဒသ၊ တို့သည်။ (သမ္ပယောဂံ ဂစ္ဆန္တိ၊ ကုန်၏။) ပန၊ အထူးကိုဆိုဦးအံ့။ ဧတ္ထ၊ ဥဒ္ဓစ္စသမ္ပယုတ်၌။ ဝိစိကိစ္ဆာယ၊ ၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အဓိမောက္ခော၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တေန၊ ထိုအဓိမောက္ခနှင့်။ သဒ္ဓိံ၊ ကွ။ တေရသေဝ၊ သင်္ခါရတို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ အဓိမောက္ခသဗ္ဘာဝတော၊ အဓိမောက္ခထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ ဗလဝတရော၊ သာ၍အားရှိသော။ သမာဓိ၊ သည်။ ဟောတိ၊ ၏။ စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤဥဒ္ဓစ္စသမ္ပယုတ်ဝိညာဉ်၌။ ယံ ဥဒ္ဓစ္စံ၊ သည်။ (ဥပ္ပဇ္ဇတိ၊ ၏။) တံ-ဥဒ္ဓစ္စံ၊ သည်။ သရူပေနေဝ၊ ဖြင့်သာလျှင်။ အာဂတံ၊ ၏။ အဓိမောက္ခမနသိကာရာ၊ တို့သည်။ ယေဝါပနကဝသေန၊ ဖြင့်။ အာဂတာ၊ ကုန်၏။ ဣတိ၊ အပြီးသတ်။ ဧဝံ၊ သို့။ အကုသလသင်္ခါရာ၊ တို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။

၄၉၁။ အဗျာကတေသု၊ သင်္ခါရတို့တွင်။ တာဝ၊ စွာ။ ဝိပါကအဗျာကတာ၊ တို့သည်။ အဟေတုကသဟေတုကဘေဒတော၊ အဟိတ်သဟိတ်တို့၏ အပြားအားဖြင့်။ ဒုဝိဓာ၊ ကုန်၏။ တေသု၊ တို့တွင်။ အဟေတုကဝိပါကဝိညာဏသမ္ပယုတ္တာ၊ အဟိတ်ဝိပါက်ဝိညာဉ်နှင့်ယှဉ်ကုန်သော သင်္ခါရတို့သည်။ အဟေတုကာ၊ မည်ကုန်၏။ တတ္ထ၊ ထိုအဟိတ်ဝိပါက်တို့တွင်။ တာဝ၊ စွာ။ ကုသလာကုသလဝိပါကစက္ခုဝိညာဏသမ္ပယုတ္တာ၊ ကုသလဝိပါက်, အကုသလဝိပါက် စက္ခုဝိညာဉ်နှင့်ယှဉ်ကုန်သော သင်္ခါရတို့သည်။ ဖဿော၊ ဧင်း။ပ။စိတ္တဋ္ဌိတိ၊ ဧကဂ္ဂတာဧင်း။ ဣတိ၊ သို့။ သရူပေန၊ ဖြင့်။ အာဂတာ၊ ကုန်သော။ စတ္တာရော၊ သင်္ခါရတို့ဧင်း။ ယေဝါပနကော၊ သော။ မနသိကာရောယေဝ၊ သာလျှင်ဧင်း။ ဣတိ၊ သို့။ ပဉ္စ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ သောတဃာနဇိဝှါကာယဝိညာဏသမ္ပယုတ္တာပိ၊ ကာယဝိညာဉ်နှင့်ယှဉ်သော သင်္ခါရတို့သည်လည်း။ ဧတေယေဝ ပဉ္စ၊ ထိုငါးပါးတို့

သာလျှင်တည်း။ ဥဘယဝိပါကမနောဓာတုယာ၊ နှစ်ပါးသော ကုသလဝိပါက်, အကုသလဝိပါက် မနောဓာတ်နှင့်။ (သမ္ပယုတ္တာ၊ တို့သည်။) ဧတေ စေဝ၊ ထိုငါးပါးတို့ရင်း။ ဝိတက္ကဝိစာရာဓိမောက္ခာ စ၊ တို့ရင်း။ ဣတိ၊ သို့။ အဋ္ဌ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တိဝိဓာယပိ၊ သော။ အဟေတုကမနောဝိညာဏဓာတုယာ၊ နှင့်။ (သမ္ပယုတ္တာ၊ တို့သည်။) တထာ၊ ထို အတူ ရှစ်ပါးတို့ပင်တည်း။ ပန၊ အထူးကား။ ဧတ္ထ၊ ဤသုံးပါးတို့တွင်။ ယာ သောမနဿသဟဂတာ၊ အကြင်သောမနဿသဟဂုတ် သန္တီရဏသည်။ (အတ္ထိ၊ ၏။) တာယ၊ ထိုသောမနဿသဟဂုတ် သန္တီရဏ အဟိတ် မနောဝိညာဏဓာတ်နှင့်။ သဒ္ဓိံ၊ ကွ။ ပီတိ၊ သည်။ အဓိကာ၊ လွန်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

ပန၊ ထိုမှတပါး။ သဟေတုကဝိပါကဝိညာဏသမ္ပယုတ္တာ၊ သင်္ခါရတို့သည်။ သဟေတုကာ၊ မည်ကုန်၏။ တေသု၊ ထိုသဟေတုကသင်္ခါရတို့တွင်။ တာဝ၊ စွာ။ အဋ္ဌကာမာဝစရဝိပါကသမ္ပယုတ္တာ၊ ရှစ်ပါးသောကာမာဝစရဝိပါက်နှင့်ယှဉ်ကုန်သော သင်္ခါရတို့သည်။ အဋ္ဌဟိ ကာမာဝစရကုသလေဟိ၊ တို့နှင့်။ သမ္ပယုတ္တသင်္ခါရသဒိသာယေဝ၊ သမ္ပယုတ္တသင်္ခါရတို့နှင့် တူကုန်သည်သာလျှင်တည်း။ ပန၊ ထူးသည်ကိုဆိုအံ့။ အနိယတေသု၊ တို့တွင်။ ယာ တာ ကရုဏာမုဒိတာ၊ တို့သည်။ သန္တိ၊ ကုန်၏။ တာ၊ ထိုကရုဏာ, မုဒိတာတို့သည်။ သတ္တာရမ္မဏတ္တာ၊ သတ္တဝါပညတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်။ ဝိပါကေသု၊ တို့၌။ န သန္တိ၊ ကုန်။ ဟိ-ကသ္မာ၊ ကား။ ကာမာဝစရဝိပါကာ၊ တို့သည်။ ဧကန္တပရိတ္တာရမ္မဏာ၊ စင်စစ် ပရိတ္တတရားလျှင် အာရုံရှိကုန်၏။ တသ္မာ၊ ကြောင့်။ န သန္တိ၊ ကုန်။ ကေဝလဥ္စ၊ စင်စစ်သော်ကား။ ကရုဏာမုဒိတာ၊ တို့သည်သာ။ န သန္တိ၊ မရှိကုန်သည်။ န၊ မဟုတ်ကုန်။ ဝိရတိယောပိ၊ တို့သည်လည်း။ ဝိပါကေသု၊ တို့၌။ န သန္တိ၊ ကုန်။ ဟိ-သစ္စံ၊ ၏။ ပဉ္စ သိက္ခာပဒါ ကုသလာယေဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ (ထိုပါဠိဖြင့် လောကီယဝိပါကေသု ဝိရတိယော န သန္တိ-ဟုပြ၏။)

[၁၀၂] ပန၊ ထိုမှတပါး။ ရူပါဝစရအရူပါဝစရလောကုတ္တရဝိပါကဝိညာဏသမ္ပယုတ္တာ၊ သင်္ခါရတို့သည်။ တေသံ ရူပါဝစရာဒိဝိပါကဝိညာဏာနံ၊

တို့၏။ ကုသလဝိညာဏသမ္ပယုတ္တသင်္ခါရေဟိ၊ တို့နှင့်။ သဒိသာ ၀ေ၊ တူ ကုန်သည်သာတည်း။

၄၉၂။ ကိရိယဗျာကတာပိ၊ ကြိယာအဗျာကတသင်္ခါရတို့သည်လည်း။ အဟေတုကသဟေတုကဘေဒတော၊ ဖြင့်။ ဒုဝိဓာ၊ ကုန်၏။ တေသု၊ တို့ တွင်။ အဟေတုကကိရိယဝိညာဏသမ္ပယုတ္တာ၊ သင်္ခါရတို့သည်။ အဟေ-တုကာ၊ မည်ကုန်၏။ တေ စ အဟေတုကကိရိယသင်္ခါရာ၊ တို့သည်ကား။ ကုသလဝိပါကမနောဓာတုအဟေတုကမနောဝိညာဏဓာတုဒွယသမ္ပယုတ္တေ-ဟိ၊ သမ္ပယုတ်ဖြစ်သော သင်္ခါရတို့နှင့်။ သမာနာ၊ ကုန်၏[၁]။ ပန၊ ရသင့် သောအထူးကို ဆိုဦးအံ့။ မနောဝိညာဏဓာတုဒွယေ၊ မနောဝိညာဏ-ဓာတ်နှစ်ပါး၌။ ဝီရိယံ၊ သည်။ အဓိကံ၊ ၏။ ဝီရိယသဗ္ဘာဝတော၊ ဝီရိယ ထင်ရှားရှိသည်၏အဖြစ်ကြောင့်။ ဗလပ္ပတ္တော၊ ဗိုလ်သို့ရောက်သော။ သမာဓိ၊ သည်။ ဟောတိ၊ ၏[၂]။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤအဟေတုကကြိယာသင်္ခါရ၌။ ဝိသေသော၊ တည်း။

ပန၊ ထိုမှတပါး။ သဟေတုကကိရိယဝိညာဏသမ္ပယုတ္တာ၊ သင်္ခါရတို့ သည်။ သဟေတုကာ၊ မည်ကုန်၏။ တေသု၊ ထိုသဟေတုကသင်္ခါရတို့တွင်။ တာဝ၊ စွာ။ အဋ္ဌကာမာဝစရကိရိယဝိညာဏသမ္ပယုတ္တာ၊ သင်္ခါရတို့သည်။ ဝိရတိယော၊ တို့ကို။ ဌပေတွာ၊ ၍။ အဋ္ဌဟိ ကာမာဝစရကုသလေဟိ၊ တို့နှင့်။ သမ္ပယုတ္တသင်္ခါရသဒိသာ၊ သမ္ပယုတ်သင်္ခါရတို့နှင့်တူကုန်၏။ ပန၊ အထူးကိုဆိုအံ့။ ရူပါဝစရာရူပါဝစရကိရိယသမ္ပယုတ္တာ၊ သင်္ခါရတို့သည်။ သဗ္ဗာကာရေနာပိ၊ ဓမ္မအားဖြင့်၎င်း, ဒွာရရုံအားဖြင့်၎င်း, ပဝတ္တိအာကာရ အားဖြင့်၎င်း, အလုံးစုံသော အခြင်းအရာအားဖြင့်၎င်း။ တေသံ၊ ထိုရူပါ-

---

၁-ထို ကြိယာသင်္ခါရတို့တွင် အဟိတ်ကြိယာမနောဓာတ်သမ္ပယုတ်သင်္ခါရတို့သည် ကုသလဝိပါက် မနောဓာတ် သမ္ပယုတ်သင်္ခါရတို့နှင့် တူကုန်၏၊ ဟသိတုပ္ပါဒ်သမ္ပယုတ် သင်္ခါရတို့သည် သောမနဿသဟဂတသန္တီရဏသမ္ပယုတ္တသင်္ခါရတို့နှင့် တူကုန်၏၊ ဝေါဋ္ဌဗ္ဗန-သမ္ပယုတ်သင်္ခါရတို့သည် ဥပေက္ခာသဟဂတသန္တီရဏသမ္ပယုတ်သင်္ခါရတို့နှင့် တူကုန်၏။ ဤသို့သောအနက်ကိုပြလိုသော အဋ္ဌကထာဆရာသည်၊ ကုသလာ။ပ။ သမာနာ-ဟူ၍မိန့်၏ ထိုဝိညာဉ်တို့မှ ရသင့်သော ဝိသေသကိုပြခြင်းငှါ မနောဝိညာဏဓာတုဒွယေ ပန-စသည်ကို မိန့်သော်။ (ပြည်)

၂-ဗိုလ်ဟူသည် ဝီရိယအဆုံး အပိုင်းအခြားရှိသည်ကို နှလုံးထား၍ ဤစကားကို ဆိုသတည်း။ (ပြည်)

ဝစရ အရူပါဝစရကြိယာတို့၏။ ကုသလဝိညာဏသမ္ပယုတ္တသဒိသာယေဝ၊ ကုသိုလ်ဝိညာဉ်နှင့် သမ္ပယုတ်ဖြစ်သောသင်္ခါရတို့နှင့် တူကုန်သည်သာလျှင် တည်း။ ဣတိ၊ ဤခွေအပြီးတည်း။ ဧဝံ၊ သို့။ အဗျာကတာပိ သင်္ခါရာ၊ တို့ကိုလည်း။ ဝေဒိတဗ္ဗာ၊ ကုန်၏။

ဣဒံ သင်္ခါရက္ခန္ဓေ ဝိတ္ထာရကထာမုခံ။

ဣဒံ၊ ဤကထာမုခသည်။ တာဝ၊ လက်ဦးစွာ။ အဘိဓမ္မဘာဇနီယ· နယေန၊ ဖြင့်။ ခန္ဓေသု၊ တို့၌။ ဝိတ္ထာရကထာမုခံ၊ တည်း။

**အတီတာဒိဝိဘာဂကထာ**

ပန၊ ဆက်၍ဆိုအံ့။ ဘဂဝတာ၊ သည်။ (ဧဝံ ခန္ဓာ ဝိတ္ထာရိတာတိ သမ္ဗန္ဓော။) ယံကိဉ္စိ ရူပံ။ပ။ ဝိညာဏက္ခန္ဓောတိ၊ ဟူ၍။ ဧဝံ၊ သို့။ ခန္ဓာ၊ ခန္ဓာတို့ကို။ ဝိတ္ထာရိတာ၊ ချဲ့တော်မူအပ်ကုန်၏။

[ယံကိဉ္စိ၊ အမှတ်မရှိ အလုံးစုံသော။ ရူပံ၊ ရုပ်သည်။ အတ္ထိ၊ ၏။ အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်မူလည်းဖြစ်သော။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်၌မူလည်း ဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ ဗဟိဒ္ဓသန္တာန်၌ မူလည်းဖြစ်သော။ ဩဠာရိကံ ဝါ၊ ရုန့်ရင်းသည်မူလည်းဖြစ်သော။ သုခုမံ ဝါ၊ သိမ်မွေ့သည်မူလည်းဖြစ်သော။ ဟီနံ ဝါ၊ ယုတ်သည်မူလည်းဖြစ်သော။ ပဏီတံ ဝါ၊ မွန်မြတ်သည်မူလည်း ဖြစ်သော။ ယံ ရူပံ၊ သည်။ အတ္ထိ၊ ၏။ ယံ ဒူရေ ဝါ၊ အကြင်ဒူရရုပ်သည်၎င်း။ ယံ သန္တိကေ ဝါ၊ အကြင်သန္တိကရုပ် သည်၎င်း။ အတ္ထိ၊ ၏။ တံ သဗ္ဗံ၊ ထိုတဆဲ့တပါးသော ဩကာသ၌ ပြအပ်သော အလုံးစုံသောရုပ်ကို။ ဧကဇ္ဈံ၊ ရုပ္ပနလက္ခဏာတခု၌ တပေါင်းတည်း ပြု၍။ အဘိသံယူဟိတွာ၊ ရုံးစု၍။ အဘိသံခိပိတွာ၊ ချုံး၍။ အယံ သဗ္ဗော၊ ဤအတိတ်စသော တဆဲ့တပါးသော အပြားအားဖြင့် ကွဲပြားသော်လည်း ရုပ္ပနလက္ခဏာအားဖြင့် တချက်တည်းပေါင်းစုရုံးချုံးအပ်သော သဘော တရားအလုံးစုံကို။ ရူပက္ခန္ဓော၊ ရုပ်အစုဟူ၍။ ဝုစ္စတိ၊ ၏။ ယာကာစိ၊ အမှတ် မရှိ အလုံးစုံသော။ ဝေဒနာ၊ သည်။ အတ္ထိ၊ ၏။ ယာကာစိ၊ သော။ သညာ၊ သည်။ အတ္ထိ၊ ၏။ ယေကေစိ၊ အမှတ်မရှိ အလုံးစုံကုန်သော။ သင်္ခါရာ၊ တို့သည်။ သန္တိ၊ ကုန်၏။ ယံကိဉ္စိ၊ သော။ ဝိညာဏံ၊ သည်။ အတ္ထိ၊ ၏။ အတီတာနာဂတပစ္စုပ္ပန္နံ၊ မူလည်းဖြစ်သော။ပ။ အဘိသံခိ·

ပိတွာ၊ ချုံး၍။ အယံ သင်္ဂဟော၊ ဤ(အတိတ်စသော) တဆဲ့တပါးသော အပြားအားဖြင့် ကွဲပြားသော်လည်း ဝိဇာနနလက္ခဏာအားဖြင့် တချက်တည်း ပေါင်းစုရုံးချုံးအပ်သော သဘောတရားအလုံးစုံကို။ ဝိညာဏက္ခန္ဓော၊ ဝိညာဉ်အစုဟူ၍။ ဝုစ္စတိ၊ ၏။]

တတ္ထ၊ ထိုပါဠိတော်၌။ ယံကိဉ္စီတိ ဣဒံ ဝစနံ၊ သည်။ အနဝသေသ-ပရိယာဒါနံ၊ အကြွင်းမဲ့ သိမ်းကျုံးသောစကားတည်း၊ ဝါ၊ အကြွင်းမဲ့ကုန်စေသောစကားတည်း၊ ဝါ၊ ချက်ကုန်ရှိမဲ့ ပိုက်စိပ်သဲ့သို့ ထက်ဝန်းကျင်မှ ယူသောစကားတည်း။ ရူပန္တိ ဣဒံ ဝစနံ၊ သည်။ အတိပ္ပသင်္ဂနိယမနံ၊ အလိုရှိအပ်သော ရုပ်ဟူသော အနက်ကိုလွန်၍ အနက်တပါး လျှဉ်းပါးသည်ကို နှစ်စေသောစကားတည်း၊ ဝါ၊ မြစ်သောစကားတည်း၊ ဝါ၊ ယံကိဉ္စိအရသည် နပုံသကဖြင့် ညွှန်းထိုက်သမျှ ရှိမဲ့သဒ္ဒေမဟုတ် ရုပ်သာဟူ၍ မှတ်ကြောင်းဖြစ်သော စကားတည်း[1]။ ဧဝံ၊ သို့။ ပဒဒ္ဒယေနာပိ၊ ယံကိဉ္စိ-ဟူသောပုဒ် ရူပံ-ဟူသော ပုဒ်နှစ်ပါး အပေါင်းဖြင့်လည်း[2]။ ရူပဿ၊ ရုပ်ကို။ အနဝ-သေသပရိဂ္ဂဟော၊ အကြွင်းမဲ့သိမ်းယူခြင်းကို။ ကတော၊ ပြုအပ်သည်။ ဟောတိ၊ ၏။

---

၁-ယံကိဉ္စိ-၌ ယံ-ဟူသောပုဒ်သည် သာမန်အားဖြင့် အမှတ်မရှိသည်ကို ပြသည်၊ ကိဉ္စိ-ဟူသောပုဒ်သည် ဧကစ္စ-ဟူသောပုဒ်နှင့် အနက်တူသည်ဖြစ်၍ပကာရအထူးအပြားကို သုံးသပ်၍ အမှတ်မရှိသည်ကို ပြသည်၊ ယံ-ဟူသော, ကိဉ္စိ-ဟူသော ပုဒ်နှစ်ပါးစုံဖြင့်လည်း စိန္တော ကာ ကော စ ကိံ သဒ္ဒေ၊ အပ္ပကဏ္ဍဿ ဝါစကော။ ယကာရယုတ္တော အာဒိမှိ၊ သကလတ္ထဿ ဝါစကော။ အယာဒိ စ အစိန္တော စ၊ ပုစ္ဆာဇောတကသညိတော-ဟူသော ဂါထာနှင့်အညီ နပုံးလိင်ဖြင့် ပြခြင်းငှါထိုက်သော အလုံးစုံကိုနှံ့၍ သိမ်းဟူသည်။ ထိုနပုံးလိင်ဖြင့် ပြခြင်းငှါထိုက်သော အနက်တပါးတို့၌လည်း လျှဉ်းပါးလေသောကြောင့် ရူပံ-ဟူသောပုဒ်ဖြင့် ထိုပသင်္ဂကို နှစ်စေသည်၊ ဝါ၊ မြစ်သည်။ ထိုကြောင့် တပုဒ်ပုဒ်ကိုသာ မဟောမူ၍ နှစ်ပုဒ်လုံးကို ဘုရားဟောတော်မူရသည် ဟူလိုသော်။ တဿ အဓိပ္ပေတတ္ထံ အတိစ္စ ပဝတ္တိတော အတိပ္ပသင်္ဂဿ နိယမနတ္ထံ ရူပန္တိ အာဟ။ (မူလဋီကာ။) နိယမနတ္ထန္တိ နိဝတ္တနတ္ထံ။ (အနု။) နိယမနတ္ထန္တိ နိဝါရဏတ္ထံ၊ (မခု။) ယံကိဉ္စိ ရူပံ-ဟူသော နှစ်ပုဒ်တို့၏ အသီးအသီးသောအနက်ကို ဆိုပြီ၊ နှစ်ပါးစုံဖြင့်ကား အဘယ်သို့သောအထူးကို ပြုအပ်သနည်း စဒ်ရှိရကား ဧဝံ ပဒဒ္ဒယေနာပိ-စသည်ကိုမိန့်။ (ပြည်)

၂-ပဒဒ္ဒယေနာပိ-၌ ပိ-ကား သမ္ပိဏ္ဍနတ္ထ။ ယံ-တပုဒ် ကိဉ္စိ-တပုဒ် ရူပံ-တပုဒ်ဖြစ်၍ ပဒတ္တ-ယေန-ဆိုသင့်တုံလျက် အဘယ့်ကြောင့် ပဒဒ္ဒယေန-ဆိုသနည်း စုဒ်ရှိရကား ယံကိဉ္စီတိ သန္ဓိ-ပါတံ ယံ-သဒ္ဒံ ကိ-သဒ္ဒဉ္စ အနိယမေကတ္တဒီပနဝသေန ဧကံ ပဒန္တိ ဂဟေတွာ ပဒဒွယေနာပီတိ ဝုတ္တံ။ (မူလဋီကာ။) ယံကိဉ္စီတိ ဧတ္ထ၊ ပုဒ်၌။ ယံသဒ္ဒဉ္စ၊ ယံသဒ္ဒါကိုရင်း။ သန္ဓိပါတံ၊ စနိပါတ်

အထ-ပစ္ဆာ၊ ထိုနောင်မှ။ အဿ-ရူပဿ၊ ၏။ [၁၀၃] အတီတာဒိနာ၊ အတိတ်စသည်ဖြင့်။ ဝိဘာဂံ၊ ဝေဘန်ခြင်းကို။ (အတီတာနာဂတပစ္စုပ္ပန္နဇ္ဈတ္တ-အာဒိနာ၊ ဖြင့်။) အာရဘတိ၊ အားထုတ်တော်မူ၏။ ဟိ-သစ္စံ၊ ၏။ ဝါ ဟိ-ယသ္မာ၊ ကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ ကိဉ္စိ၊ အချို့ကား။ အတီတံ၊ အတိတ်တည်း။ ကိဉ္စိ၊ ကား။ အနာဂတာဒိဘေဒံ၊ အနာဂတ်စသည် အပြားရှိ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိဘာဂံ၊ ကို။ အာရဘတိ၊ ၏။ ဝေဒနာဒီသု၊ တို့၌။ ဧသ နယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

၄၉၄။ တတ္ထ၊ ထိုရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့တွင်။ တာဝ၊ လက်ဦးစွာ။ ရူပံ၊ သည်။ အဒ္ဓါသန္တတိသမယခဏဝသေန၊ ခဏ၏ အစွမ်းအားဖြင့်။ စတုဓာ၊ လေးပါးအဖို့ဖြင့်။ အတီတံ နာမ၊ မည်သည်။ ဟောတိ၊ ၏။ တထာ၊ ထိုအတူလေးပါးသော အဖို့ဖြင့်။ အနာဂတပစ္စုပ္ပန္နံ၊ မည်သည်။ ဟောတိ၊ ၏။

တတ္ထ၊ ထိုအဒ္ဓါသန္တတိသမယခဏတို့တွင်။ တာဝ၊ စွာ။ အဒ္ဓါနဝသေန၊ အခွန့်၏ အစွမ်းအားဖြင့်။ ဧကဿ၊ တဦးသောသတ္တဝါ၏။ ဧကသ္မိံ ဘဝေ၊ တခုသောဘဝ၌။ ပဋိသန္ဓိတော၊ မှ။ ပုဗ္ဗေ၊ ရှေး၌။ (ဇာတံ၊ ဖြစ်ပြီးသော ရုပ်သည်။) အတီတံ၊ မည်၏။ စုတိတော၊ မှ။ ဥဒ္ဓံ၊ အထက်ဖြစ်သော နောက်ကာလ၌။ (ဥပ္ပဇ္ဇနကံ၊ ဖြစ်လတ္တံ့သော ရုပ်သည်။) အနာဂတံ၊ မည်၏။ ဥဘိန္နံ၊ စုတိပဋိသန္ဓေနှစ်ပါးတို့၏။ အန္တရေ၊ အကြား၌။ (ဥပ္ပန္နံ၊ ဖြစ်ဆဲရုပ်သည်။) ပစ္စုပ္ပန္နံ၊ မည်၏။

သန္တတိဝသေန၊ ရှေ့နောက်အစဉ်၏ အစွမ်းအားဖြင့်။ သဘာဂဧက-ဥတုသမုဋ္ဌာနံ၊ တူသောအဖို့ရှိသော တခုသောအခြင်းအရာရှိသော ဥတုလျှင် ဖြစ်ကြောင်းရှိသော ရုပ်သည်ရင်း။ (သဘာဂ) ဧကာဟာရသမုဋ္ဌာနဉ္စ၊

---

နှင့်တကွသော။ ကိသဒ္ဒဉ္စ၊ ကိံသဒ္ဒါကိုရင်း။ အနိယမေကတ္ထဒီပနဝသေန၊ အနိယမဖြစ်သော အနက်တပါးတည်းကိုသာ ပြသည်၏ အစွမ်းအားဖြင့်။ ကေ ပဒန္တိ၊ တပုဒ်တည်းဟူ၍။ ဂဟေ-တွာ၊ ၍။ ပဒဒွယေနာပိတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ။ဤသို့ ဋီကာပါဌ်ကို အနက်သမ္ဗန်။ ။ အဓိပ္ပါယ်ကား ယံ-တပုဒ် ကိဉ္စိ-တပုဒ်ပင်ဖြစ်သျှင်းမူလည်း အနိယမအနက် တပါးကိုသာ ပြသောကြောင့် ယံကိဉ္စိ-ကိုဘပုဒ်တည်းယူ၍ ရူပ်-တပုဒ်ဖြစ်ခကား ပဒဒွယေန-ဆိုပါသည် ဟုလိုသည်။ ။သနိပါတ်-ကား ယဿလာဘနည်း၊ သက္ကချကဆသိကမ္ပိ မစ္ဆဂ္ဂမ္မမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ ပဿတိ-ကဲ့သို့။ (ပြည်)

တုသောအဖို့ရှိသော တခုသော အခြင်းအရာရှိသော အာဟာရလျှင် ဖြစ်ကြောင်းရှိသော ရုပ်သည်ရင်း။ ပုဗ္ဗာပရိယဝသေန၊ ရှေ့၌ဖြစ်သည် နောက်၌ဖြစ်သည်၏ အစွမ်းအားဖြင့်။ ဝတ္တမာနမ္ပိ၊ ဖြစ်သော်လည်း။ ပစ္စုပ္ပန္နံ၊ မည်၏။[၁] တတော၊ ထိုကာလမှ။ ပုဗ္ဗေ၊ ရှေး၌။ ဝိသဘာဂ-ဥတုအာဟာရသမုဋ္ဌာနံ၊ ဝိသဘာဂဥတုအာဟာရလျှင် ဖြစ်ကြောင်းရှိသော ရုပ်သည်။ အတီတံ၊ မည်၏။ ပစ္ဆာ၊ နောက်၌။ (ဝိသဘာဂဥတုအာဟာရ-သမုဋ္ဌာနံ၊ သည်။) အနာဂတံ၊ မည်၏။ စိတ္တဇံ၊ စိတ္တဇရုပ်သည်။ ဧကဝီထိ-ဧကဇဝနဧကသမာပတ္တိသမုဋ္ဌာနံ၊ တခုသော ပဉ္စဒွါရဝီထိ တခုသော မနောဒွါရဇောဝီထိ တခုသောသမာပတ်လျှင် ဖြစ်ကြောင်းရှိသောရုပ်သည်။ ပစ္စုပ္ပန္နံ၊ မည်၏။ တတော၊ ထိုပစ္စုပ္ပန်မှ။ ပုဗ္ဗေ၊ ၌။ အတီတံ၊ မည်၏။ ပစ္ဆာ၊ ၌။ အနာဂတံ၊ မည်၏။ ကမ္မသမုဋ္ဌာနဿ၊ ကမ္မသမုဋ္ဌာန်ရုပ်၏။ ပါဋိယေက္ကံ၊ အသီးတခုဖြစ်သော။ သန္တတိဝသေန၊ ဖြင့်။ အတီတာ-ဒိဘေဒေါ၊ သည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့မရှိသော်လည်း။ တေသညေဝ-ဥတုအာဟာရစိတ္တသမုဋ္ဌာနာနံ၊ ထိုဥတုသမုဋ္ဌာန်, အာဟာရသမုဋ္ဌာန်, စိတ္တသမုဋ္ဌာန်ရုပ်တို့ကိုသာလျှင်။ ဥပတ္ထမ္ဘကဝသေန၊ ထောက်ပံ့ခိုင်ခံ့စေသည်၏ အစွမ်းအားဖြင့်။ တဿ၊ ထိုကမ္မသမုဋ္ဌာန်ရုပ်၏။ အတီတာဒိ-ဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

သမယဝသေန၊ သမယ၏အစွမ်းအားဖြင့်။ ဧကမုဟုတ္တပုဗ္ဗဏှသာယန္ဟ-ရတ္တိန္ဒိဝါသု၊ တခုသောမုဟုတ္တ နံနက်အဖို့ ညနေအဖို့ ညဉ့် နေ့ အစရှိကုန်သော။ သမယေသု၊ သမယတို့၌။ သန္တာနဝသေန၊ ဖြင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ တံ တံ သမယံ၊ ဧကမုဟုတ္တစသော ထိုထိုသမယရှိသော ရုပ်သည်။ ပစ္စုပ္ပန္နံ နာမ၊ မည်၏။ တတော၊ ထိုပစ္စုပ္ပန်မှ။ ပုဗ္ဗေ၊ ၌။ အတီတံ၊ မည်၏။ ပစ္ဆာ၊ နောက်၌။ အနာဂတံ၊ မည်၏။

---

၁-သဘာဂေါ ဧကောကာရော ဥတုသမုဋ္ဌာနံ တေဿာတိ သဘာဂဧကဥတုသမုဋ္ဌာနံ။ သီတသည် သီတ၏ သဘာဂတည်း၊ ဥဏှသည် ဥဏှ၏ သဘာဂတည်း။ ယင်းသဘာဂ ဖြစ်သော သီတဥဏှသည် ပုဗ္ဗာပရအားဖြင့် ဖြစ်သည်မဟုတ်လော၊ အဘယ်သို့ဖြစ်၍ ဧက-ဥတုသမုဋ္ဌာနံ ဆိုအပ်သနည်းဟူမူ-ယံ ပန သီတံ ဥဏှံ ဝါ သရိရေ သန္နိပတိတံ သန္တာနဝသေန ပဝတ္တမာနံ အနူနံ အနဓိကံ ဧကာကာရံ၊ တံ ဧကောတိ ဝုစ္စတိ။ ဋီကာ။ သဘာဂ-ဟူပြီး၍ အဘယ့်ကြောင့် ဧက-သဒ္ဒါကိုပြုသနည်း? သဘာဂဥတုနော အနေကတ္တာ ဧကဂ္ဂဟဏံ ကတံ။ ရင်း။ (ပြည်)

ခဏာဝသေန၊ ခဏ၏အစွမ်းအားဖြင့်။ ဥပ္ပါဒါဒိခဏတ္တယပရိယာပန္နံ၊ ဥပါဒ်စသောခဏသုံးပါး၌ အကျုံးဝင်သောရုပ်သည်။ ပစ္စုပ္ပန္နံ၊ မည်၏။ တတော၊ ထိုခဏတ္တယသို့ရောက်သည်မှ။ ပုဗ္ဗေ၊ ၌။ (အနုပ္ပန္နတ္တာ၊ မဖြစ်သေးသည်၏ အဖြစ်ကြောင့်။) အနာဂတံ၊ မည်၏။ (တတော၊ ထိုခဏတ္တယပရိယာပန္နမှ။) ပစ္ဆာ၊ ၌။ (အတိက္ကန္တတ္တာ၊ ခဏတ္တယကို လွန်ပြီးသည်၏ အဖြစ်ကြောင့်။) အတီတံ၊ မည်၏။ အပိစ၊ တနည်းလည်း။ အတိက္ကန္တ-ဟေတုပစ္စယကိစ္စံ၊ လွန်ပြီးသောဟေတုကိစ္စ ပစ္စယကိစ္စရှိသော ရုပ်သည်။ အတီတံ၊ မည်၏။ နိဋ္ဌိတဟေတုကိစ္စံ၊ ပြီးပြီးသော ဟေတုကိစ္စရှိသော။ အနိဋ္ဌိတပစ္စယကိစ္စံ၊ မပြီးသေးသောပစ္စယကိစ္စရှိသော ရုပ်သည်။ ပစ္စုပ္ပန္နံ၊ မည်၏။ ဉဘယကိစ္စံ၊ နှစ်ပါးသောဟေတုကိစ္စ ပစ္စယကိစ္စသို့။ အသမ္ပတ္တံ၊ မရောက်သေးသော ရုပ်သည်။ အနာဂတံ၊ မည်၏။ ဝါ၊ ကား။ သကိစ္စက္ခ-ဏေ၊ မိမိ၏ကိစ္စကို ပြုဆဲခဏ၌။ ဝါ၊ မိမိကိစ္စနှင့်တကွ ဖြစ်သောခဏ၌။ ပစ္စုပ္ပန္နံ၊ မည်၏။ တတော၊ ထိုခဏမှ။ ပုဗ္ဗေ၊ ၌။ အနာဂတံ၊ မည်၏။ ပစ္ဆာ၊ ၌။ အတီတံ၊ မည်၏။ စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤအတီတတိက်၌။ ခဏာဒိကထာဝ၊ ခဏကထာ ကိစ္စကထာသည်သာလျှင်။ နိပ္ပရိယာယာ၊ ပရိယာယ်မဟုတ် မုချကထာမည်၏။ သေသာ၊ ကြွင်းကုန်သော အဒ္ဓါသန္တ-တိသမယကထာတို့သည်။ သပရိယာယာ၊ သပရိယာယကထာမည်ကုန်၏။

၄၉၅။ အဇ္ဈတ္တဗဟိဒ္ဓါဘေဒေါ၊ အဇ္ဈတ္တဗဟိဒ္ဓအပြားသည်။ ဝုတ္တ-နယော ဧဝ၊ လျှင်တည်း။ အပိစ၊ တနည်းလည်း။ ဣဓ၊ ဤသုတ္တန္တနည်း၌။ နိယကဇ္ဈတ္တမ္ပိ၊ နိယကအဇ္ဈတ္တကိုလည်း။ အဇ္ဈတ္တန္တိ၊ ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။ ပရပုဂ္ဂလိကမ္ပိ စ၊ တပါးပုဂ္ဂိုလ်၏ ဥစ္စာကိုလည်း။ ဗဟိဒ္ဓါတိ၊ ဟူ၍။ ဝေဒိ-တဗ္ဗာ၊ ၏။ ဩဠာရိကသုခုမဘေဒေါ၊ သည်။ ဝုတ္တနယောဝ၊ တည်း။

၄၉၆။ ဟီနပဏီတဘေဒေါ၊ ဟီနပဏီတအပြားကို။ ပရိယာယတော စ၊ အားဖြင့်ရင်း။ နိပ္ပရိယာယတော စ၊ အားဖြင့်ရင်း။ (ဝေဒိတဗ္ဗော၊ ၏။) (အချို့စာ၌ ဒုဝိဓော-ရှိ၏၊ ဋီကာမလာ။) တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အကနိဋ္ဌာနံ၊ အကနိဋ္ဌဗြဟ္မာတို့၏။ ရူပတော၊ ရုပ်အောက်။ သုဒဿီနံ၊ သုဒဿီဗြဟ္မာတို့၏။ ရူပံ၊ သည်။ ဟီနံ၊ ၏။ တဒေဝ၊ ထိုသုဒဿီဗြဟ္မာတို့၏ ရုပ်သည်ပင်လျှင်။ သုဒဿာနံ၊ သုဒဿာဗြဟ္မာတို့၏။ ရူပတော၊ ရုပ်ထက်။ ပဏီတံ၊ မြတ်၏။ ဧဝံ၊ ဖြင့်။ ယာဝ၊ လောက်။ နရကသတ္တာနံ၊ ငရဲသတ္တဝါ

တို့၏။ ရူပံ၊ သည်။ အတ္ထိ၊ ၏။ တာဝ၊ လောက်။ ပရိယာယတော၊ ဖြင့်။ ဟီနပဏီတတာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ နိပ္ပရိယာယတော ပန၊ ဖြင့်ကား။ ယတ္ထ ယသ္မိံ ရူပေ၊ ၌။ အကုသလဝိပါကံ၊ သော။ (ဝိညာဏံ၊ သည်။) ဥပ္ပဇ္ဇတိ၊ ၏။ တံ၊ ထိုအကုသလဝိပါက်ဝိညာဉ်၏ အာရုံဖြစ်သော ရုပ်သည်။ ဟီနံ၊ ၏။ (ယတ္ထ ရူပေ ကုသလဝိပါကံ ဝိညာဏံ ဥပ္ပဇ္ဇတိ၊ တံ ပဏီတံ။ ယောဇနာ။)

[၁၀၄] ဒူရေသန္တိကေတိ ဣဒမ္ပိ၊ သည်လည်း။ ဝုတ္တနယမေဝ၊ တည်း။ အပိစ၊ လည်း။ ဩကာသတောပိ၊ ဩကာသအားဖြင့်လည်း။ ဧတ္ထ၊ ဤဒူရဒုက်၌။ ဥပါဒါယုပါဒါယ၊ ထောက်၍ထောက်၍။ ဒူရသန္တိကတာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။

၄၉၇။ တဒေကဇ္ဈံ အဘိသံယူဟိတွာ အဘိသံခိပိတွာတိ၊ ကား။ အတီတာဒီဟိ၊ ကုန်သော။ ပဒေဟိ၊ တို့ဖြင့်။ ဝိသုံ ဝိသုံ၊ အသီးအသီး။ နိဒ္ဒိဋ္ဌံ၊ ပြအပ်သော။ သဗ္ဗံ၊ သော။ တံ ရူပံ၊ ကို။ ရုပ္ပနလက္ခဏသင်္ခါတေ၊ ရုပ္ပန-လက္ခဏာဟု ဆိုအပ်သော။ ဧကဝိဓဘာဝေ၊ တခုသော အဖို့ရှိသည်၏ အဖြစ်၌။ ပညာယ၊ ပညာဖြင့်။ ရာသိံ ကတွာ၊ အစုပြု၍။ ရူပက္ခန္ဓောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤတဒေကဇ္ဈံ-စသော ဝါကျ၌။ အတ္ထော၊ တည်း။ ဧတေန၊ ဤတဒေကဇ္ဈံ-စသော ဝါကျဖြင့်။ သဗ္ဗံပိ၊ သော။ ရူပံ၊ သည်။ ရုပ္ပနလက္ခဏေ၊ ၌။ ရာသိဘာဝူပဂမနေန၊ အစု၏ အဖြစ်သို့ရောက်ခြင်းကြောင့်။ ရူပက္ခန္ဓော၊ မည်၏။ ဣတိ၊ သို့။ ဒဿိတံ၊ သည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ ရူပတော၊ ရုပ်မှ။ အညော၊ သော။ ရူပက္ခန္ဓော နာမ၊ မည်သည်။ န အတ္ထိ၊ မရှိ။

၄၉၈။ ရူပံ၊ ရုပ်ကို။ ဒဿိတံ ယထာ စ၊ ပြအပ်သကဲ့သို့လည်း။ ဧဝံ၊ တူ။ ဝေဒနာဒယောပိ၊ ဝေဒနာစသည်တို့သည်လည်း။ ဝါ၊ တို့ကိုလည်း။ ဝေဒယိတလက္ခဏာဒီသုပိ၊ ဝေဒယိတလက္ခဏာ စသည်တို့၌လည်း။ ရာသိ-ဘာဝူပဂမနေန၊ အစု၏ အဖြစ်သို့ရောက်ခြင်းကြောင့်။ ဝေဒနာက္ခန္ဓာ-ဒယော၊ ဝေဒနာက္ခန္ဓာ စသည်မည်ကုန်၏။ ဣတိ၊ သို့။ ဒဿိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ (ဤသို့ဆောင်၍ သမွန်အပ်၏)။ ဟိ-သစ္စံ၊ ၏။ ဝေဒနာ-ဒီဟိ၊ တို့မှ။ အညေ၊ ကုန်သော။ ဝေဒနာက္ခန္ဓာဒယော နာမ၊ မည်ကုန်သည်။ န အတ္ထိ၊ မရှိကုန်။

ပန၊ ထုံးသည်ကိုဆိုအံ့။ တ္ထေ၊ ဤဝေဒနာက္ခန္ဓာနိဒ္ဒေသ၌။ ဝါ၊ ဝေဒနက္ခန္ဓာစသည်တို့တွင်။ အတီတာဒိဝိဘာဂေ၊ အတိတ်စသည်ကို ဝေဘန်ရာ၌။ သန္တတိဝသေန စ၊ ရှေ့နောက်အစဉ်၏ အစွမ်းအားဖြင့်၎င်း။ ခဏာဒိဝသေန စ၊ ခဏကိစ္စ၏ အစွမ်းအားဖြင့်၎င်း။ ဝေဒနာယ၊ ၏။ အတီတာနာဂတပစ္စုပ္ပန္နဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ။တတ္ထ၊ ထိုသန္တတိခဏစသည်တို့တွင်။ သန္တတိဝသေန၊ ဖြင့်။ ဧကဝီထိဧကဇဝနဧကသမာပတ္တိပရိယာပန္နာ စ၊ တခုသောပဉ္စဒွါရဝီထိ တခုသောမနောဒွါရဝီထိ တကြိမ်သောသမာပတ်၌အကျုံးဝင်သော ဝေဒနာသည်၎င်း။ ဧကဝိဓဝိသယသမာယောဂပ္ပဝတ္တာ စ၊ (ဘုရားစသောအဆင်းတော် တရားသံအစရှိသော)တခုသောအဖို့ရှိသောအာရုံ၌ သဒ္ဒါစသည်နှင့်တကွ ယှဉ်သောအားဖြင့်ဖြစ်သောဝေဒနာသည်၎င်း။ ပစ္စုပ္ပန္နာ၊ မည်၏။ တတော၊ မှ။ ပုဗ္ဗေ၊ ၌။ အတီတာ၊ မည်၏။ ပစ္ဆာ၊ ၌။ အနာဂတာ၊ မည်၏။ ခဏာဒိဝသေန၊ ဖြင့်။ ခဏတ္တယပရိယာပန္နာ စ၊ ခဏသုံးပါး၌ အကျုံးဝင်သည်လည်းဖြစ်သော။ ပုဗ္ဗန္တာပရန္တမဇ္ဈတ္တဂတာ စ၊ ခဏတ္တယပရိယာပန္န၏ ရှေ့အဖို့နောက်အဖို့ဖြစ်သော အတိတ်အနာဂတ်၏ အလယ်၌မူလည်းဖြစ်သော။ သကိစ္စံ၊ မိမိကိစ္စကို။ ကုရုမာနာ စ၊ ပြုဆဲလည်းဖြစ်သော။ ဝေဒနာ၊ သည်။ ပစ္စုပ္ပန္နာ၊ မည်၏။ တတော၊ မှ။ ပုဗ္ဗေ၊ ၌။ အတီတာ၊ မည်၏။ ပစ္ဆာ၊ ၌။ အနာဂတာ၊ မည်၏[၁]။ အဇ္ဈတ္တဗဟိဒ္ဓါဘေဒေါ၊ ကို။ နိယကဇ္ဈတ္တဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။

---

၁-ဤအရာတွင် ဝိသုဒ္ဓိမဂ်စာကိုယ်၌၎င်း ဤနိဿယ၌၎င်း "တတော ပုဗ္ဗေ အနာဂတာ ပစ္ဆာ အာတီတာ" ဟု ပါဌ်မှန်ရှိသင့်၏။ အကြောင်းမူကား ရှေးစာမျက်နှာ၌ "ခဏဝသေန ဥပ္ပါဒါဒိခဏတ္တယပရိယာပန္နံ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ အနာဂတံ၊ ပစ္ဆာ အတီတံ" ဟူသော ပါဌ်မှန်နှင့် ညီသင့်သောကြောင့်ပေတည်း။ ပှန်ပေ၏၊ ခဏတ္တယသို့ရောက်ဆဲပစ္စုပ္ပန်မှ ရှေးကာလဟူသည် ခဏတ္တယသို့ မရောက်သေးမီကာလဖြစ်၍ ထိုကာလ၌ ခဏတ္တယသို့ရောက်ရန် အသင့်ရှိသောတရားသည် အနာဂတ်သာတည်း၊ အတိတ်မဟုတ်ပေ။ ခဏတ္တယသို့ ရောက်ပြီးသည်မှ နောက်ကာလဟူသည်မှာလည်း ခဏတ္တယသို့ရောက်၍ လွန်ပြီးသောကာလဖြစ်၍ ထိုကာလသို့ ရောက်သောတရားသည် အတိတ်သာတည်း၊ အနာဂတ်မဟုတ်ပေ။ ထိုကြောင့် ဤအရာ၌ "ပုဗ္ဗန္တာပရန္တမဇ္ဈတ္တဂတာ စ၊ ခဏတ္တယပရိယာပန္န-၏ ရှေ့အဖို့ နောက်အဖို့ ဖြစ်သော အနာဂတ် အတိတ်တို့၏ အလယ်၌မူလည်းဖြစ်သော။ပ။ တတော၊ မှ။ ပုဗ္ဗေ၊ ၌။ အနာဂတာ၊ မည်၏။ ပစ္ဆာ၊ ၌။ အတီတာ၊ မည်၏-ဟု အနက်မှန် ရှိသင့်၏။ (ဆ-သံ-သော)

၃၄၀။ တတြ တေသု အာပါယိကဒုက္ခဂဗ္ဘောက္ကန္တိမူလကာဒိဘေဒ-ဒုက္ခေသု၊ တို့တွင်။ (တနည်း) တတြ-တသ္မိံ မနုဿလောကေ၊ ၌။ ဣဒံ၊ ကား။ ဂဗ္ဘောက္ကန္တိမူလကာဒိဘေဒံ၊ သော။ ဒုက္ခံ၊ တည်း။ ဟိ၊ ချဲ့အံ့။ အယံ သတ္တော၊ ဤမနုဿဂတိ ပဋိသန္ဓေစွဲနေသော သတ္တဝါသည်။ မာတု-ကုစ္ဆိမှိ၊ ၌။ နိဗ္ဗတ္တမာနော၊ ဖြစ်သည်ရှိသော်။ ဥပ္ပလပဒုမပုဏ္ဍရီကာဒိသု၊ ဥပ္ပလကြာမျိုး,ပဒုမာကြာမျိုး,ပုဏ္ဍရီကကြာမျိုး စသည်တို့၌။ န နိဗ္ဗတ္တတိ၊ ဖြစ်သည်မဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ အာမာသယဿ၊ အစာ သစ်အိမ်၏။ ဟေဋ္ဌာ၊ အောက်ဖြစ်သော။ ပက္ကာသယဿ၊ အစာကျက် အိမ်၏။ ဥပရိ၊ အထက်အဖို့ဖြစ်သော။ ဥဒရ။ပ။ကာနံ၊ ဝမ်းလွှာကျောက် ဆူးရိုးတို့၏။ ဝေမဇ္ဈေ၊ အလယ်ဖြစ်သော။ ပရမသမ္ဗာဓေ၊ မလွန့်မလက်သာ အလွန်ကျဉ်းမြောင်းစွာသော။ တိဗ္ဗန္ဓကာရေ၊ အလွန်ထူထပ်သောအမိုက် တိုက်ဖြစ်သော။ နာနာကုဏပ။ပ။ ပဝနဝိစရိတေ၊ သည်းခြေ, သလိပ်, ပြည်,သွေး, အစာသစ်, အစာဟောင်းစသော အထူးထူးသော အပုပ်ဝတ္ထု တို့၏ မကောင်းနံ့ဖြင့် ကြာမြင့်စွာထုံအပ်သော လွန်စွာမကောင်းသော အနံ့ရှိသော ဝမ်းလေတို့၏ သွားလာရာဖြစ်သော။ အဓိမတ္တဇေဂုစ္ဆေ၊ (ကာလရှည်လျှားစွာသုံးသော ရေအိမ်ပမာ) လွန်မင်းစွာ စက်ဆုပ်ဖွယ် ရှိသော။ ကုစ္ဆိပဒေသေ၊ အမိဝမ်းခေါင်းအရပ်၌။ ပူတိမစ္ဆပူတိကုမ္မာသ-စန္ဒနိကာဒိသု၊ ငါးပုပ်, မုယောမုံ့ပုပ်, တံစီးအိုင်အစရှိသည်တို့၌။ ကိမိ၊ ပိုးလောက်သည်။ နိဗ္ဗတ္တတိ ဝိယ၊ သို့။ နိဗ္ဗတ္တတိ၊ ၏။ တတ္ထ၊ ထိုအမိ ဝမ်းတိုက်၌။ နိဗ္ဗတ္တော၊ သော။ သော၊ ထိုသူငယ်သည်။ ဒသမာသေ၊ ဆယ်လတို့ပတ်လုံး။ မာတုကုစ္ဆိသမ္ဘဝေန၊ အမိဝမ်း၌ဖြစ်သော။ ဥသ္မာနာ၊ အငွေ့ဖြင့်၊ ဝါ၊ တေဇောဓာတ်ဖြင့်။ ပုဋပါကံ ဝိယ၊ ချက်ပြုတ်အပ်သော

ရှင်တော်ဘုရား အဘယ်သို့ ဥပမာဖြင့်ပြအပ်သနည်းဟူမူ? ဘဂဝတာပိ တံ ကိံ မညထ ဘိက္ခဝေ ကတမော န ခေါ မဟန္တတရော။ပ။ ဥပနိဓမ္ပိ န ဥပေတီတိ ဥပမာဝသေန ပကာ-သိတံ အာပါယိကံ ဒုက္ခံ။ မူလဋီ ၂-၆၂။ (ပြည်)

ဟင်းမျိုးစသော အထုပ်ကဲ့သို့[၁]။ ပစ္စမာနေ့ာ၊ ကျက်သည်ဖြစ်၍။ ပိဋ္ဌပိဏ္ဍိ ဝိယ၊ ပေါင်းတင်သော မုံ့ညက်စိုင်ကဲ့သို့။ သေဒိယမာနေ့ာ၊ ပေါင်းတင်သကဲ့သို့ဖြစ်၍။ သမိဉ္ဇနပသာရဏာဒိဝိရဟိတော၊ ကွေးခြင်း, ဆန့်ခြင်းအစရှိသည်မှ ကင်းသည်ဖြစ်၍။ အဓိမတ္တံ ဒုက္ခံ၊ လွန်ကဲစွာသော ဆင်းရဲကို။ အနုဘောတိ၊ ခံရရှာ၏။ ဣတိ-ဣဒံ၊ ဤဆိုအပ်ပြီးသော ဒုက္ခသည်။ တာဝ၊ စွာ။ ဂဗ္ဘောက္ကန္တိမူလကံ၊ အမိဝမ်းသို့ သက်ဝင်ခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ တည်း။

[၁၃၁] ပန၊ ပါး။ သော၊ ထိုအမိဝမ်း၌ ကိန်းသောသတ္တဝါသည်။ မာတု၊ ၏။ သဟသာ၊ အဆောတလျင်။ ဥပက္ခလန။ ပ ။ နာဒီသု၊ ချော်ချွတ်ခြင်း, (အဆောတလျင်) သွားခြင်း, ထိုင်ခြင်း, ထခြင်း, လူးလည်းပြန်လှန်ခြင်းအစရှိသည်တို့၌။ သုရာဓုတ္တဟတ္ထဂတော၊ သေ သောက်ကြူးလက်သို့ရောက်သော။ ဧဠကော ဝိယ၊ သိုးငယ်ကဲ့သို့ရင်း။ အဟိတုဏ္ဍိကဟတ္ထဂတော၊ အလမ္ပာယ်လက်သို့ရောက်သော။ သပ္ပပေါ- တကော ဝိယ စ၊ မြွေသူငယ်ကဲ့သို့ရင်း။ အာကဍ္ဎနပရိကဍ္ဎနဩဓူနနနိဒ္ဓုနနာဒိနာ၊ ရှေးရှုငင်ခြင်း, ထက်ဝန်းကျင်အဖို့အားဖြင့်ငင်ခြင်း, အောက်သို့ ခါခြင်း, ဗီလာခါခြင်း၊ ဝါ၊ ထက်ဝန်းကျင်အဖို့အားဖြင့်ခါခြင်း စသည်နှင့် တူသော[၂]။ ဥပက္ကမေန၊ ပယောဂဖြင့်။ ယံ အဓိမတ္တံ ဒုက္ခံ၊ အကြင်လွန်ကဲ စွာသော ဆင်းရဲကို။ အနုဘဝတိ၊ ခံစားရ၏။ မာတု၊ ၏။ သီတုဒက- ပါနကာလေ၊ အေးစွာသောရေ သောက်သောအခါ၌။ သီတနရကုပပန္နော ဝိယ၊ အေးမြသော ရေရှိသော လောကန္တရိက်ငရဲ၌ဖြစ်သကဲ့သို့။ ဥဏှ- ယာဂုဘတ္တာဒိအဇ္ဈောဟရဏကာလေ၊ ပူသောယာဂု, ပူသောထမင်း

၁-အာမေ အာဟာရော အာသယတိ တိဋ္ဌတိ ဧတ္ထာတိ အာမာသယော၊ ပက္ကော အာသယတိ ဧတ္ထာတိ ပက္ကာသယော၊ နာနာကုဏပါနံ ပိတ္တသေမှပုဗ္ဗလောဟိတာဒီနံ ဂန္ဓော နာနာကုဏပဂန္ဓော၊ နာနာကုဏပဂန္ဓပရိဘာဝိတေန အတိသယဒုဂ္ဂန္ဓဝါ- တေန ဝိစရိတောတိ အတ္ထော။ ပဝနသဒ္ဒေါ ဟေတ္ထ ဝါတဝါစကော။ ပုဋ္ဌပါကံ ဝိယာတိ ပစ္စမာနမံသာဒိပုဋ္ဌော ဝိယ။ သမ္မောဟဝိနောဒနော။

၂-အတ္တနော အဘိမုခံ ကဍ္ဎနံ အာကဍ္ဎနံ၊ ပရိတော သဗ္ဗတော ဘာဂေန ကဍ္ဎနံ ပရိကဍ္ဎနံ၊ အဓောဓူနနံ ဩဓူနနံ၊ တိရိယံ သဗ္ဗတော ဝါ ဓူနနံ နိဓူနနံ၊ မူလဋီကာ ၂-၆၂။ နိမ္မာယ နိမ္မာယ ဓူနနံ နိဒ္ဓုနနံ၊ အာကဍ္ဎနာဒိသဒ္ဒါနံ ဧတ္ထ အာကဍ္ဎနာဒီတိ ဝုတ္တံ။ ဤဋီကာ။ ဤအလိုသော် ကူဟာဆောင့်-ဆောင့်၍ခါခြင်း-ပေး။

စသည်ကို မျိုသောအခါ၌။ အင်္ဂါရဝဋ္ဋိသမ္ပရိကိဏ္ဏော ဝိယ၊ မီးကျီးမိုးဖြင့် ပြွမ်းသကဲ့သို့။ လောဏမ္ဗိလာဒိအဇ္ဈောဟရဏကာလေ၊ အငန် အချဉ် စသော အစာကိုမျိုသောအခါ၌။ ခါရာပဋိစ္ဆကာဒိကမ္မကာရဏပ္ပတ္တော ဝိယ၊ ပဲကွပ်ဖြင့်ရွှေ၍ အငန်ရေပက်ခြင်းအစရှိသော ကမ္မကာရဏသို့ ရောက်သကဲ့သို့။ ယဉ္စ တိမ္ပိ ဒုက္ခံ၊ အကြင်ထက်သော ဆင်းရဲကိုလည်း။ အနုဘောတိ၊ ၏။ ဣဒံ၊ ဤဆိုအပ်ပြီးသောဒုက္ခသည်။ ဂဗ္ဘပရိဟရဏ-မူလကံ၊ ကိုယ်ဝန်ဆောင်ခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ တည်း။

ပန၊ ပါး။ အဿ၊ ထိုသူငယ်အား။ (ဒုက္ခံ ဥပ္ပဇ္ဇတိ-၌စပ်) မူဠဂဗ္ဘာယ၊ အဖြောင့်မသွား လမ်းမှားသောကိုယ်ဝန်ရှိသော။ မာတုယာ၊ အမိ၏။ (ဒုက္ခုပ္ပတ္တိ-၌စပ်) မိတ္တာမစ္စသုဟဇ္ဇာဒီဟိပိ၊ အဆွေခင်ပွန်း, အလုံးစုံသော ကိစ္စ၌ဘက္ခပ္ပါဖက်ဖြစ်သောသူ, နှလုံးအကျွမ်းဝင်သောသူ အစရှိသည်တို့ သည်လည်း။ အဒဿနာရဟေ၊ ကြည့်ခြင်းငှါမထိုက်သော။ ဒုက္ခုပ္ပတ္တိဌာ-နေ၊ ဆင်းရဲဖြစ်ရာအရပ်၌။ ဆေဒနဖာလနာဒီဟိ၊ ဖြတ်ခြင်း, ခွဲခြင်းစသည် တို့ဖြင့်။ ယံ ဒုက္ခံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣဒံ၊ သည်။ ဂဗ္ဘဝိပတ္တိမူလကံ၊ ကိုယ်ဝန်ပျက်ခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ မည်၏။

ဝိဇာယမာနာယ၊ သားဖွားသော။ မာတုယာ၊ ၏။ ကမ္မဇေဟိ၊ ကံကြောင့်ဖြစ်ကုန်သော။ ဝါတေဟိ၊ လေတို့သည်။ ပရိဝတ္တေတွာ၊ ဦးခေါင်းစောက်ထိုး ခြေမိုးမြှော်အားဖြင့် ပြန်လှန်၍။ နရကပပါတံ ဝိယ၊ နရက်ချောက်သို့ ကျသကဲ့သို့။ အတိဘယာနကံ၊ အလွန်ကြောက်မက်ဖွယ် ရှိသော။ ယောနိမဂ္ဂံ၊ အမိယောနိဝသို့။ ပဋိပါတိယမာနဿ၊ ချအပ်သည် ဖြစ်၍။ ပရမသမ္ဗာဓေန၊ အလွန်ကျဉ်းမြောင်းသော။ ယောနိမုခေန၊ ညှပ်သောအမိယောနိဝဖြင့်။ နိက္ကဍ္ဎိယမာနဿ၊ ငင်ထုတ်အပ်သော သူငယ် အား။ ယံ ဒုက္ခံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ (ကိမိဝ၊ ကား။) တာလစ္ဆိဂ္ဂလေန၊ အလွန်ကျဉ်းစွာသော သံကောက်ပေါက်ဖြင့်။ နိက္ကဍ္ဎိယမာနဿ၊ ငင်ထုတ် အပ်သော။ မဟာနာဂဿ၊ ဆင်ပေါက်ကြီးအား။ ဒုက္ခံ၊ သည်။ ဥပ္ပဇ္ဇတိ ဝိယ စ၊ ဖြစ်သကဲ့သို့ရင်း။ သင်္ဃာတပဗ္ဗတေဟိ၊ ကြိတ်သောတောင်တို့သည်။ ဝိစုဏ္ဏိယမာနဿ၊ မုန့်မုန့်ညက်ညက်ကြေစေအပ်သော။ နရကသတ္တဿ၊ ငရဲသူသတ္တဝါအား။ ဒုက္ခံ၊ သည်။ ဥပ္ပဇ္ဇတိ ဝိယ စ၊ ရင်းတည်း။ ဣဒံ၊ သည်။ ဝိဇာယနမူလကံ၊ ဖွားခြင်းလျှင်အရင်းရှိသော။ ဒုက္ခံ၊ တည်း။

ပန၊ ပါး။ ဇာတာယ၊ ဖွားပြီးသော။ တရုဏဝဏ္ဏသဒိသာယ၊ အသားနု တက်သစ်သော အမာနှင့်တူသော။ သုကုမာရသရီရာယ၊ အလွန်သိမ်မွေ့ နူးညံ့သောကိုယ်ရှိသောသူငယ်ကို၊ ဝါ၊ အား။ (သုကုမာရ-သဒ္ဒါသည် အလွန်သိမ်မွေ့နူးညံ့သည်ကို ဟောသည်) ဟတ္ထဂ္ဂဟဏနှာပနမောဝန- စောဠပရိမဇ္ဇနာဒိကာလေ၊ လက်ဖြင့်ကိုင်ခြင်း, ရေချိုးခြင်း, လက်ခြေ စသည်ကိုဆေးခြင်း, အနှီးဖြင့် အညစ်အကြေးကိုသုတ်ခြင်းစသောကာလ ၌။ (သကလသရီရနှာပနံ နှာပနံ၊ ဧကဒေသမောဝနံ မောဝနံ၊ မူလဋီကာ ၂-၆၂) သုစိမုခခုရဓာရာဟိ၊ အပ်ဖျား သင်ဓုန်းသွားတို့ဖြင့်။ ဝိဇ္ဈန- ဖာလနသဒိသံ၊ ထိုးသည် ခွဲသည်နှင့်တူသော။ ယံ ဒုက္ခံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣဒံ၊ သည်။ မာတုကုစ္ဆိတော၊ မှ။ ဗဟိနိက္ခမနမူလကံ၊ ဖွားခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ တည်း။

တတော၊ ထိုဖွားပြီးမှ။ ပရံ၊ ၌။ ပဝတ္တိယံ၊ ၌။ အတ္တနာဝ၊ သူသည် ပင်လျှင်။ အတ္တာနံ၊ သူ့ကို။ ဝဓေန္တဿ၊ သတ်သောသူအားရင်း။ အစေလကဝတာဒိဝသေန၊ အစေလကတက္ကတွန်းတို့၏အကျင့်ကို ကျင့်ခြင်း အစရှိသည်တို့၏အစွမ်းဖြင့်။ အာတာပနပရိတာပနာနုယောဂံ၊ နေသို့ရှေးရှု ကျင့်သဖြင့် ပူစေခြင်း, ငါးပါးသောအပူဖြင့် ပူစေသောအကျင့်၌ အဖန် တလဲလဲအားထုတ်ခြင်းကို။ အနုယုတ္တဿ၊ အားထုတ်သောသူအားရင်း။ (သူရိယာဘိမုခပဝတ္တနေန အာတာပနံ၊ ပဉ္စဂ္ဂိတာပေန ပရိတာပနံ ဒဋ္ဌဗ္ဗံ။ သဗ္ဗောယေဝ ဝါ တာပေါ ဒွိဓာပိ ဝုတ္တော။ မူလဋီကာ ၂-၆၂) ကောဓဝသေန၊ အမျက်ထွက် သည်၏အစွမ်းဖြင့်။ အဘုဉ္ဇန္တဿ၊ မစား မသောက်နေသောသူအားရင်း။ ဥဗ္ဗန္ဓန္တဿ စ၊ ကြိုးဆွဲချသောသူအားရင်း။ ယံ ဒုက္ခံ၊ သည်။ ဟောတိ၊ ၏။ ဣဒံ၊ သည်။ အတ္တူပက္ကမမူလကံ၊ မိမိလုံ့လလျှင် အရင်းရှိသော။ ဒုက္ခံ၊ တည်း။ ပန၊ ပါး။ ပရတော၊ သူတပါးမှ။ ဝဓဗန္ဓနာဒီနိ၊ သတ်ခြင်း နှောင်ဖွဲ့ခြင်းအစရှိသည်တို့ကို။ အနုဘဝန္တဿ၊ ခံစားရသောသူအား။ ယံ၊ အကြင်ဆင်းရဲသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣဒံ၊ သည်။ ပရူပက္ကမမူလကံ၊ သူတပါးလုံ့လလျှင် အရင်းရှိသော။ ဒုက္ခံ၊ တည်း။ ဣတိ၊ ဤမွှေတရပ်တည်း။ (ဣတိ ဣမဿ စသည်ကား နိဂုံး။)

ဣတိ-ဣမိနာ နယေန၊ ဖြင့်။ သဗ္ဗဿပိ၊ ဖြစ်သော။ ဣမဿ ဒုက္ခဿ၊ ဤဆိုအပ်ပြီးသောဒုက္ခ၏။ အယံ ဇာတိ၊ ဤဇာတိသည်။ ဝတ္ထုမေဝ၊ အကြောင်းသည်သာလျှင်။ ဟောတိ၊ ၏။

၁၄၁။ တေန၊ ကြောင့်။ ဇာယေထ။ ပ။ ဇာတိန္တိ၊ ဟူသော။ ဧတံ-ဝစနံ၊ ကို။ အာစရိယေဟိ၊ တို့သည်။ ဝုစ္စတိ၊ ၏။

သတ္တော၊ သည်။ နရကေသု၊ ငရဲဘုံတို့၌။ နေ၁ စေ ဇာယေထ၊ အကယ်၍ မဖြစ်ငြားအံ့။ (ဧဝံ၊ သော်။) တတ္ထ၊ ထိုငရဲ၌။ အဂ္ဂိဒါဟာဒိကံ၊ ငရဲမီးလောင်ခြင်းစသည်တို့ကြောင့်ဖြစ်သော။ အပ္ပသယှံ၊ သည်းမခံနိုင်လောက်သော။ ဒုက္ခံ၊ သည်။ ကုဟိံ နု၊ အဘယ်မှာလျှင်။ ပတိဋ္ဌံ၊ တည်ရာကို။ လဘေထ၊ ရအံ့နည်း။ (ဇာတိယာ၊ ပဋိသန္ဓေနှင့်။ ဝိနာ၊ ၍။ တဿ ဒုက္ခဿ၊ ၏။) ပတိဋ္ဌာနံ၊ တည်ရာသည်။ (န အတ္ထိ၊ မရှိ။) (တနည်းကား) (ဇာတိယာ၊ နှင့်။ ဝိနာ၊ ၍။ သော သတ္တော၊ ထိုသတ္တဝါသည်။) ကုဟိံ နု၊ အဘယ်အရပ်၌လျှင်။ ပတိဋ္ဌံ-ပတိဋ္ဌန္တော၊ တည်သည်ဖြစ်၍။ တံ ဒုက္ခံ၊ ထိုဆင်းရဲကို။ လဘေထ၊ ရရာအံ့နည်း။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ဣဓ၊ ဤလောကဓာတ်၌၊ ဝါ၊ ဤဒုက္ခသစ္စာ၌။ မုနိ၊ သဗ္ဗညုရှင်တော်ဘုရားသည်။ ဇာတိံ၊ ပဋိသန္ဓေနေခြင်းကို။ ဒုက္ခာတိ၊ ဆင်းရဲဟူ၍။ အာဟ၊ ဟောတော်မူပေပြီ။ (ဤဂါထာဝယ် တတိယပါဒကား ဥပေန္ဒဝဇိရာ၊ အကြွင်းကား ဣန္ဒဝဇိရာ။)

[၁၃၂] တိရစ္ဆေသု၊ တိရစ္ဆာန်ဘုံတို့၌။ ကသာပတောဒဒဏ္ဍာဘိဃာတာဒိဘဝံ၊ ကြိမ်လုံး, နှင်တံ, တုတ်တို့ဖြင့် ပုတ်ခတ်ခြင်းအစရှိသည်တို့ကြောင့်ဖြစ်သော။ အနေကံ၊ များစွာသော။ ယံ ဒုက္ခံ၊ သည်။ (အတ္ထိ၊ ၏။) တဟိံ၊ ထိုတိရစ္ဆာန်ဘုံ၌။ ဇာတိံ၊ ကို။ ဝိနာ၊ ၍။ တတ္ထ၊ ထိုတိရစ္ဆာန်ဘုံ၌။ ပဝတ္တံ၊ သော။ တံ ဒုက္ခံ၊ သည်။ ကထံ၊ အဘယ်မှာ။ ဘဝေယျ၊ ဖြစ်လေတော့အံ့နည်း။ တတော-တသ္မာပိ၊ ကြောင့်လည်း။ ဇာတိ၊ သည်။ ဒုက္ခာ၊ မည်၏။ (စတုတ္ထပါဒဥပေန္ဒဝဇိရာ၊ အကြွင်း ဣန္ဒဝဇိရာ။)

ပေတေသု၊ ပြိတ္တာဘုံတို့၌။ ခုပ္ပိပါသဝါတာတပါဒိပ္ပဘဝံ၊ အစာမွတ်ခြင်း, ရေသိမ့်ခြင်း, လေ, နေပူ အစရှိသည်တို့ကြောင့်ဖြစ်သော။

ဝိစိတ္တံ၊ ဆန်းကြယ်သော၊ ဝါ၊ အထူးထူးအပြားပြားရှိသော၊ ဝါ၊ အံ့ဖွယ်သရဲရှိသော။ (ဝိစိတ္တန္တိ ဝိဝိဓံ၊ အစ္ဆရိယံ ဝါ။ ဋီကာ)။ ဒုက္ခံ၊ သည်။ တတ္ထ၊ ပြိတ္တာဘုံ၌။ အဇာတဿ၊ မဖြစ်သော သတ္တဝါအား။ ယသ္မာ၊ ကြောင့်။ န အတ္ထိ၊ မရှိ။ တသ္မာပိ၊ ကြောင့်လည်း။ မုနိ၊ သည်။ ဇာတိံ၊ ကို။ ဒုက္ခံ၊ ဟူ၍။ အာဟ၊ ၏။ (ဣန္ဒဝဇီရာ၊ ခုဒ္ဒပိပါသ-ဟူလိုလျက် ဒ္ဒ-ကြေသည်။)

တိဗ္ဗန္ဓကာရေ၊ အလွန်ထူထပ်သော အမိုက်အတီဖြစ်သော။ အသယှသီတေ၊ သည်းမခံနိုင်လောက် ကြောက်စရာချမ်းအေးခြင်းလည်း ရှိထသော။ လောကန္တရေ စ၊ လောကန္တရက်၌ရင်း။ အသုရေသု စ၊ အသုရကာယ်တို့၌ရင်း။ ယံ ဒုက္ခံ၊ သည်။ (အတ္ထိ၊ ၏။) ယတော-ယသ္မာ၊ ကြောင့်။ တတ္ထ၊ ထိုလောကန္တရက် အသုရကာယ်ဘုံတို့၌။ ဇာတိ၊ ပဋိသန္ဓေသည်။ န စဿ-န စေ အဿ၊ အကယ်၍မဖြစ်ငြားအံ့။ တံ ဒုက္ခံ၊ သည်။ န ဘဝေ၊ ရာ။ တတော-တသ္မာပိ၊ ကြောင့်လည်း။ အယံ ဇာတိ၊ သည်။ ဒုက္ခာ၊ မည်၏။ (ပုဗ္ဗစုဏ္ဍန္ဒဝဇီရာ၊ အပရစုဉပေန္ဒဝဇီရာ)။

ဂူထနရကေ၊ ဘင်စုငရဲ၌။ စိရံ၊ ကြာမြင့်စွာ။ ဝသတိ ဝိယ၊ နေရသကဲ့သို့။ မာတုဂဗ္ဘေ၊ အမိဝမ်းတိုက်၌။ စိရံ၊ စွာ။ ဝသံ-ဝသန္တော၊ နေရသည်လည်းဖြစ်သော။ အတော၊ ထိုအမိဝမ်းတိုက်မှ။ ဗဟိ၊ သို့။ နိက္ခမံ-နိက္ခမန္တော စ၊ ထွက်ရသည်လည်းဖြစ်သော။ သတ္တော၊ သည်။ အတိဃောရံ၊ အလွန်ပြင်းပြကြမ်းကြုတ်သော။ ယဥ္စာပိ ဒုက္ခံ၊ သို့လည်း။ ပပ္ပေါတိ၊ ရောက်၏။ ဣဒံပိ ဒုက္ခံ၊ သည်လည်း။ ဇာတိံ၊ ကို။ ဝိနာ၊ ၍။ ဟိ-ယသ္မာ၊ ကြောင့်။ နတ္ထိ၊ မရှိ။ ဣတိ-တသ္မာပိ၊ ကြောင့်လည်း။ အယံ ဇာတိ၊ သည်။ ဒုက္ခာ၊ မည်၏။ (ဝသန္တတိလကဂါထာ။)

ဗဟုနာ၊ များစွာသော။ ဘာသိတေန၊ စကားဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣဓ လောကေ၊ ၌။ ကုဟိဉ္စိ၊ အမှတ်မရှိသောအရပ်၌။ ယံ ဒုက္ခံ၊ သည်။ အတ္ထိ၊ ၏။ ယံ ကိဉ္စိ၊ အလုံးစုံသော။ ဣဒံ ဒုက္ခံ အပိ၊ ဤဆင်းရဲသည်လည်း[၁]။ ဇာတိဝိရဟော၊ ပဋိသန္ဓေနေခြင်း ကင်းလတ်သော်။

၁ သက္ကဘ ကိဉ္စိတ် ပုဒ်နှင့် မိတ္တူဖြစ်သောကြောင့် ကိဉ္စိ-နောင် ဒ-အာဂုံနှင့် ကိဉ္စိဒပိ-ဟု ပြီးသည်၊ ထိုပုဒ်မှ အပိ-ကို ဒုက္ခံ-နှင့်ယှဉ်၍ အနက်ပြန်ထားသည်။ ထိုသို့ပြန်ရာ၌ ယံ ဒုက္ခံ၊ ယံ ကိဉ္စိ-ဟု ယံ-ပုဒ် နှစ်ခါထပ်လျက်ရှိ၏။ ကိဉ္စိအပိ၊ တစုံတခုအနည်းငယ်သော်လည်း ဖြစ်သော။ ဣဒံ ဒုက္ခံ၊ ဤဆင်းရဲဟူသမျှသည်-ဟု ဤသို့လည်း အနက်ပြန်သင့်၏။ (ဆ-သံ-သော)

ကဒါစိ၊ တရံတဆစ်မျှလည်း။ ယံ-ယသ္မာ၊ ကြောင့်။ နေဝ အတ္တိ နနု၊ မရှိသည်မဟုတ်လော။ (တနည်း) နနု။ စင်စစ်။ နေဝ အတ္ထိ၊ မရှိ။ အတော-တသ္မာ၊ ကြောင့်။ မဟေသိ၊ မြတ်စွာဘုရားသည်။ သဗ္ဗပဌမံ၊ အလုံးစုံတို့၏ ရှေးဦးစွာ။ ဠမံ ဇာတိ°၊ ကို။ ဒုက္ခာတိ၊ ဟူ၍။ အာဟ၊ ပြီ။ (ဝသန္တတိလကဂါထာ။)

အယံ၊ ဤဆိုခဲ့ပြီးသော စကားရပ်သည်။ တာဝ၊ စွာ။ ဇာတိယံ၊ ဇာတိ၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်တည်း။

## ဇရာနိဒ္ဒေသ

၅၄၂။ ဇရာပိ ဒုက္ခာတိ ဧတ္ထ၊ ၌။ ဇရာ၊ သည်။ သခ်တလက္ခဏာ္ဘ၊ သခ်တတရားတို့၏ ဌီလက္ခဏာငင်း။ ခဏ္ဍိစ္စာဒိသမ္ဘတော၊ ခဏ္ဍိစ္စ (ပါလိစ္စ ဝလိတ္တစတာ) စသည်ဖြင့် သမုတ်အပ်သော။ သန္တတိယံ၊ ခန္ဓာအစဉ်၌။ ဧကဘဝပရိယာပန္နခန္ဓပုရာဏဘာဝေါ စ၊ တခုသောဘဝ၌အကျုံးဝင်သော ခန္ဓာတို့၏ ဟောင်းမြင်းရင့်ရော်သည်၏ အဖြစ်ငင်း။ (ဣတိ၊ သို့။) ဒုဝိဓာ၊ ၏။ သာ-ခန္ဓပုရာဏဘာဝသညိတာ ပါကဋဇရာ၊ ထိုခန္ဓာတို့၏ ဟောင်းမြင်းသည်၏ အဖြစ်ဟု သမုတ်အပ်သော ထင်ရှားသော ဇရာကို။ ဣခ၊ ဤဇရာပိ ဒုက္ခာ-ဟူသောပုဒ်၌။ အဓိပ္ပေတာ၊ ၏။ ပန၊ ဒုက္ခ မည်ကြောင်းကိုဆိုအံ့။ သာ-သော ဇရာ၊ ထိုပါကဋဇရာသည်။ ခန္ဓပရိပါက-လက္ခဏာ၊ (တခုသောဘဝ၌ အကျုံးဝင်သော) ခန္ဓာတို့၏ ရင့်ရော် ဟောင်းမြင်းသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏၊ ဝါ၊ ရင့်ရော် ဟောင်းမြင်းသည်၏အဖြစ်ဟု မှတ်အပ်၏။ မရဏူပနယနရသာ၊ သေခြင်း၏ အနီးသို့ ဆောင်ခြင်းကိစ္စရှိ၏။ ယောဗ္ဗနဝိနာသပစ္စုပဋ္ဌာနာ၊ အရွယ် ကောင်းသည်၏အဖြစ်ကို ဖျက်ဆီးတတ်သောသဘောဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ ပန၊ ဒုက္ခမည်ကြောင်းကိုဆိုအံ့။ သခ်ါရဒုက္ခဘာဝ-တော စေဝ၊ သခ်ါရဒုက္ခ၏ အဖြစ်ကြောင့်ငင်း။ ဒုက္ခဝတ္ထုတော စ၊ ဒုက္ခ၏တည်ရာ, ဒုက္ခ၏ အကြောင်း၏ အဖြစ်ကြောင့်ငင်း။ ဒုက္ခာ၊ မည်၏။ [၁၃၃] ဟိ-သစ္စံ၊ ၏။ အင်္ဂပစ္စင်္ဂသိထိလီဘာဝဣန္ဒြိယဝိကာရဝိရူပ-

တာယောဗ္ဗနဝိနာသဗလူပဃာတသတိဝိပ္ပဝါသပရပရိဘဝါဒိအနေကပစ္စယံ၊ အင်္ဂါကြီးငယ်တို့၏ လျော့သည်၏အဖြစ်,စက္ခုစသောဣန္ဒြေတို့၏ ဖောက်ပြန်သည်၏အဖြစ်, ရှိက်ပက်ရှုံ့တွ အဆင်းမလှသည်၏အဖြစ်, အရွယ်ပျက်စီးခြင်း, ခွန်အားပျက်စီးခြင်း, သတိ(သုတဝီရိယ စသည်တို့)၏ ကင်းခြင်း[၁], သားမယား ကျေးကျွန်စသော သူတပါးတို့သည် သက်ကျားအိုဟု မရိုမသေ မထေမဲ့မြင်ပြုခြင်း, နှိပ်စက်ခြင်းစသော များစွာသောအကြောင်းရှိသော။ ကာယိကစေတသိကံ၊ ကာယိက, စေတသိကဖြစ်သော။ ယံ ဒုက္ခံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တဿ၊ ထိုဒုက္ခ၏။ ဇရာ၊ သည်။ ဝတ္ထု၊ တည်ရာသည်၊ ဝါ၊ အကြောင်းသည်။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ အင်္ဂါနံ။ပ။ ဒုက္ခာတိ၊ ဟူသော။ တေ ဝစနံ၊ ကို။ အာစရိယေဟိ၊ တို့သည်။ ဝုစ္စတိ၊ ၏။

အင်္ဂါနံ၊ အင်္ဂါကြီးငယ်တို့၏။ သိထိလီဘာဝါ၊ လျော့သည်၏ အဖြစ်ကြောင့်၎င်း။ ဣန္ဒြိယာနံ၊ စက္ခုစသော ဣန္ဒြေတို့၏။ ဝိကာရတော၊ ဖောက်ပြန်သည်၏ အဖြစ်ကြောင့်၎င်း။ ယောဗ္ဗနဿ၊ ပျိုမျစ်တင့်တယ်သောအရွယ်၏။ ဝိနာသေန၊ ပျက်စီးခြင်းကြောင့်၎င်း။ ဗလဿ၊ ခွန်အား၏။ ဥပဃာတတော၊ ပျက်စီးခြင်းကြောင့်၎င်း။

သတာဒီနံ၊ သတိ(သုတဝီရိယပညာ)စသည်တို့၏။ ဝိပ္ပဝါသာ၊ ပျောက်ကင်းခြင်းကြောင့်၎င်း။ အတ္တနော၊ ၏။ ပုတ္တဒါရေဟိ၊ သားမယားတို့သည်။ အပသာဒနီယတော စေဝ၊ သက်ကျားအိုဟု မရိုမသေ တစီးတစောင်း မောင်းမဲပြည်တွန်အပ်သည်၏ အဖြစ်ကြောင့်၎င်း။ ဘိယျော၊ အလွန်။ ဗာလတ္တပတ္တိယာ၊ သူငယ်အဖြစ်သို့ ရောက်ခြင်းကြောင့်၎င်း၊ ဝါ၊ သူငယ်ပြန်ခြင်းကြောင့်၎င်း[၂]။

---

၁-ဥပလက္ခဏအားဖြင့် သတိ-သာဟူသည်၊ ထိုကြောင့် ဂါထာ၌ သတာဒီနံ-ဟူသည်၊ သတာဒီနန္တိ သတိသုတဝီရိယပညာဒီနံ။ မူလဋီကာ ၂-၆၃။ စာအချို့၌ သတိမတိ-ဟူ၍ရှိ၏၊ သတိပညာကင်းခြင်းဟူ၍ပေး။ (ပြည်)

၂-အဝသဝတ္တာပစ္စင်္ဂတာယ သုဇိအသုစိအာဒိဝိစာရဏဝိရဟေန စ ဗာလကုမာရကကာလော ဝိယ ဇိဏ္ဏကာလော ဟောတီတိ အာဟ ဘိယျော ဗာလတ္တပတ္တိယာတိ။ မူလဋီကာ ၂-၆၂။ (ပြည်)

မစ္စေ၊ သတ္တဝါသည်။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ တထာ၊ ထို့မျိုး။ မာနသံ၊ စိတ်၌ဖြစ်သော။ ယံ ဒုက္ခံ၊ သို့။ ပပ္ပေါတိ၊ ရောက်၏။ တေ သဗ္ဗံ၊ ဤဒုက္ခအလုံးစုံသည်။ ယသ္မာ၊ ကြောင့်။ ဇရာဟေတု၊ ဇရာဟူသော အကြောင်းကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဇရာ၊ သည်။ ဒုက္ခာ၊ မည်၏။

အယံ ဇရာယံ ဝိနိစ္ဆယော။

## မရဏနိဒ္ဒေသ

၅၄၃။ မရဏမ္ပိ ဒုက္ခန္တိ ဧတ္ထာပိ၊ ၌လည်း။ မရဏံ၊ သည်။ သင်္ခတလက္ခဏဉ္စ၊ ဘင်တည်းဟူသော သင်္ခတလက္ခဏာလည်း။ ယံ၊ အကြင်ဘင်ဟူသော ခဏိကမရဏကို။ သန္ဓာယ၊ ၍။ ဇရာမရဏံ ဒွီဟိ ခန္ဓေဟိ သင်္ဂဟိတန္တိ ဧတ္ထ၊ ၌။ (မရဏန္တိ၊ ဟူ၍။) ဝုတ္တံ၊ ၏။ ဧကဘဝပရိယာပန္န-ဇီဝိတိန္ဒြိယပ္ပဗန္ဓဝိစ္ဆေဒေါ စ၊ တခုသောဘဝ၌အကျုံးဝင်သော ဇီဝိတိန္ဒြေ၏ အစဉ်၏ ပြတ်ခြင်းငှင်း။ ယံ၊ အကြင်ဇီဝိတိန္ဒြိယုပစ္ဆေဒဟု မှတ်အပ်သော ပါကဋမရဏကို။ သန္ဓာယ၊ ၍။ နိစ္စံ မရဏတော ဘယန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ [နိစ္စံ၊ အမြဲ။ မရဏတော၊ သေခြင်းအားဖြင့်။ ဘယံ၊ ဘေးသည်။ ဝါ၊ မရဏတော ဘယံ၊ သေခြင်းဟူသော ဘေးသည်[1]။ ဟောတိ၊ ၏။] (ဣတိ၊ သို့။) ဒုဝိဓံ၊ ၏။ တံ၊ ထိုဇီဝိတိန္ဒြိယုပစ္ဆေဒဟု မှတ်အပ်သော ပါကဋမရဏကို။ ဣဓ၊ ဤမရဏမ္ပိ ဒုက္ခံ-ဟူသော ပါဠ်၌။ အဓိပ္ပေတံ၊ ၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ (ပဝတ္တံ၊ သော။) မရဏံ၊ ငှင်း။ ဥပက္ကမမရဏံ၊ ပယောဂလုံ့လဖြင့် သေခြင်းငှင်း။ သရသ-မရဏံ၊ မိမိသဘောအားဖြင့် သေခြင်းငှင်း။ အာယုက္ခယမရဏံ၊ အသက် ကုန်၍ သေခြင်းငှင်း။ ပုညက္ခယမရဏံ၊ ဘုန်းကံကုန်၍သေခြင်းငှင်း။ ဣတိပိ၊ ဤသို့သော အမည်အပေါင်းသည်လည်း။ တဿေဝ၊ ထိုဇီဝိတိန္ဒြိ-ယုပစ္ဆေဒသညီတပါကဋမရဏ၏သာလျှင်။ နာမံ၊ တည်း။ တယိဒံ-တံ ဣဒံ၊ ထိုဇီဝိတိန္ဒြိယုပစ္ဆေဒသညီတပါကဋမရဏသည်။ စုတိလက္ခဏံ၊ (တခု

---

[1] ၁-နေယံ ပါဠိတော ပဏ္ဍနတော ဘယံ ဟောတိ၊ ပတနာဘယံ ဟောတိတိ အတ္ထော။ ဥပမာဖွင့်။ သုတ္တနိပါတ် အဋ္ဌကထာ ၂-၁၇၀ ကို ရှု။

သောဘာဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်၏)ရှေ့ခြင်းဟူ၍ မှတ်အပ်၏၊ ဝါ၊ စဝနတာ-ဟူ၍ပြအပ်သော ရွေ့ခြင်းလက္ခဏာရှိ၏။ ဝိယောဂရသံ၊ ပြည့်စုံသော ဘာဝခန္ဓာတို့မှ ကင်းစေခြင်းကိစ္စရှိ၏၊ ဝါ၊ ကင်းခြင်းကိစ္စရှိ၏။ တနည်း။ အကြင်အကြင်ရအပ်သော သတ္တဝါသန္တာနရတို့မှ ကင်းစေခြင်းကိစ္စရှိ၏၊ ဝါ၊ ခွင်းခြင်းကိစ္စရှိ၏[1]။ ဂတိဝိပ္ပဝါသပစ္စုပဋ္ဌာနံ၊ အကြင်အကြင်ရောက်ဆဲသောဂတိမှ ကင်းကွာစေသည်၏ အစွမ်းအားဖြင့် ဉာဏ်အားရှေးရှုထင်တတ်၏၊ ဝါ၊ အကြင်အကြင် ရောက်ဆဲသောဂတိမှ ကင်းကွာစေတတ်သည်ဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏[2]။ ပန၊ ဒုက္ခဖြစ်ကြောင်းကို ဆိုအံ့။ ဒုက္ခဿ၊ ၏။ ဝတ္ထုဘာဝတော၊ အကြောင်း၏အဖြစ်ကြောင့်။ ဒုက္ခန္တိ၊ ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။ တေန၊ ကြောင့်။ ပါပဿ။ပ။ဘာသိတန္တိ၊ ဟူသော။ တံ-ဝစနံ၊ ကို။ ဝုစ္စတိ၊ ၏။

ပါပကမ္မာဒိနိမိတ္တံ၊ အကုသိုလ်ကံစသော ကမ္မနိမိတ်, ဂတိနိမိတ်ကို၊ ဝါ၊ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်ဟုဆိုအပ်သော အကုသလဝိပါက်၏အာရုံကို[3]။ အနုပဿတော၊ အဖန်တလဲလဲမြင်ရသော။ မိယမာနဿ၊ သေဝနီးပါး

---

၁-သမ္ပတ္တိဘာဝခန္ဓေဟိ ဝိယောဇေတီတိ ဝိယောဂရသံ။ ဝိယောဂကိရိယာဘုတာယ ဝါ ဝိယောဂရသန္တိ ဝုတ္တံ။ မူလ။ ဝိယောဂရသန္တိ ယထာဓိဂတေဟိ သတ္တသန္တါနေဟိ ဝိယောဇနရသံ။ ဤဋီကာ။ (ပြည်)

၂-ယထူပပန္နာယ ဂတိယာ ဝိပ္ပဝါသနဝသေန ဂယှတီတိ ဝိပ္ပဝါသပစ္စုပဋ္ဌာနံ။ ဤဋီကာ။ သမ္မောဟဋီကား ဝိပ္ပဝါသပစ္စုပဋ္ဌာန်-ရှိ၏၊ ဂတိမပါ၊ သတ္တဿ ပရိမဘာဝတော ဝိပ္ပဝါသော ဟုတွာ ဥပဋ္ဌာတီတိ ဝိပ္ပဝါသပစ္စုဋ္ဌာနံ၊ ရင်းမူလဋီကာ။ ဤအလို သတ္တဝါ၏ သတ္တဝါကို ရှေးဘာဝမှ ကွေကွင်းခြင်းဖြစ်၍၊ ဝါ၊ ကွေကွင်းစေတတ်သည်ဖြစ်၍၊ ဝါ၊ ခွင်းတတ်သည်ဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏။ ပေး။ (ပြည်)

၃-ဤအနက်၏ မှီရာကို ပါပကမ္မာဒိနိမိတ္တန္တိ ပါပကမ္မာဒိနိမိတ္တံ ပါပဂတိနိမိတ္တဉ္စာတိ အတ္ထော-စသည်ဖြင့် မူလဋီကာကို ပြည်ရှင်း၌ ထုတ်ပြထား၏၊ အကုသိုလ်ကံ စသော ကမ္မနိမိတ် ဂတိနိမိတ်ကို-ဟု ပြန်ထားသော အဘက်ပါအနက်သည် ထိုဋီကာပါဌ်အား လျော်စွာ ပြန်ဆိုချက် ဖြစ်ပေသည်၊ သို့သော် ထိုပြန်ချက်၌ "စသော"၏အရ ယူရန်အနက် မရှိသောကြောင့် သင့်မြည်မထင်၊ ယခုမူလဋီကာ စာအုပ်တို့၌မူ ပါပကမ္မာဒိနိမိတ္တန္တိ ပါပကမ္မနိမိတ္တံ ပါပဂတိနိမိတ္တဉ္စာတိ အတ္ထော-စသည်ဖြင့် ပါဌ်ရှိ၏၊ ဤပါဌ်တွင် သံဝဏ္ဏနာ၌ အာဒိမပါ၊ သံဝဏ္ဏေတဗ္ဗ၌ အာဒိ-၏အရ ပါပဂတိနိမိတ်ကို ယူအပ်၏၊ ထို့ကြောင့် ပါပကမ္မာဒိနိမိတ္တံ၊ အကုသိုလ်ကံစသည်၏ နိမိတ်ကို၊ ဝါ၊ အကုသိုလ်ကမ္မနိမိတ် အကုသိုလ်၏အကျိုး ပါပဂတိနိမိတ်ကို၊ ဝါ၊ အကုသိုလ်ကံ အကုသိုလ်ကမ္မနိမိတ် အကုသိုလ်၏အကျိုး ပါပဂတိနိမိတ်ကို-ဟု ပြန်သင့်၏။ (ဆ-သံ-သော)

ရောက်သော။ ပါပဿ၊ မကောင်းမှုကံရှိသော ပုဂ္ဂိုလ်အား။ မာနသံ၊ စိတ်၌ဖြစ်သော။ ယံ ဒုက္ခံ၊ သည်။ (ဥပ္ပဇ္ဇတိ၊ ၏။) ဝိယောဂံ၊ ကွေကွင်းခြင်းကို။ အသဟန္တဿ၊ သည်းမခံနိုင်သော။ (မိယမာနဿ၊ သေဝနီးပါးရောက်သော။) ဘဒ္ဒဿာပိ၊ ပြုအပ်ပြီးသော ကောင်းမှုကုသိုလ်ကံရှိသော သူအားလည်း[၁]။ ပိယဝတ္ထုကံ၊ ချစ်အပ်သော ဝတ္ထုဖြစ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်းခြင်းလျှင် အကြောင်းရှိသော။ မာနသံ၊ သော။ ယံ ဒုက္ခံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ အဝိသေသတော၊ သာမန်အားဖြင့်၊ ဝါ၊ ပါပဘဒ္ဒရ-ဟု အထူးမဝေဖန်သောအားဖြင့်။ သဗ္ဗေသဉ္စာပိ၊ အလုံးစုံ လည်းဖြစ်ကုန်သော။ ဝိတုဇ္ဇမာနမမ္မာနံ၊ အစပ်အဆက်အဖွဲ့တို့ကို ဖြတ်တတ်သောလေသည် ထိုးကျင့်အပ်သော သေကွင်းအရပ်ရှိကုန်သော[၂]။ (သတ္တာနံ၊ တို့အား။) သန္ဓိဗန္ဓနစ္ဆေဒနာဒိကံ၊ အစပ်အဖွဲ့တို့၏ ပြတ်ခြင်းကြောင့် ဖြစ်သော ဆင်းရဲအစရှိသော၊ ဝါ၊ ပြတ်ခြင်းလျှင်အကြောင်းရှိသော[၃]။ သရီရဇံ၊ ကိုယ်၌ဖြစ်သော။ အသယှံ၊ သည်းမခံနိုင်အောင် နာကျင်ထသော။ အပ္ပတိကာရံ၊ (နတ်ဆေး, နတ်ဝါး, နတ်မန္တရားတို့ဖြင့်သော်လည်း) ကုစား၍ မရကောင်းထသော။ ယံ ဒုက္ခံ၊ သည်။ ဟောတိ၊ ၏။ ဣဒံ မရဏံ၊ သည်။ ယတော၊ ကြောင့်။ တေသံ ဒုက္ခဿ၊ ၏။ ဝတ္ထု၊ သည်။ (ဟောတိ၊ ၏။) တေန၊ ကြောင့်။ တေံ မရဏံ၊ ကို။ ဒုက္ခမိစ္စေဝ၊ ဒုက္ခ ဟူ၍သာလျှင်။ ဘာသိတံ၊ ၏။

အယံ မရဏေ ဝိနိစ္ဆယော။

**သောကာဒိနိဒ္ဒေသ**

[၁၃၄] ၅၄၄။ သောကာဒီသု၊ တို့တွင်။ ဉာတိဗျသနာဒီဟိ၊ ဆွေမျိုး၏ပျက်စီးခြင်းစသည်တို့သည်။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သောသူ၏။

---

၁-စာကိုယ်၌ ဘဒ္ဒဿာပါ'သဟန္တဿ-ဟု ရှိသင့်၏။ (ဆ-သံ-သော)

၂-မရန္တနေနာတိ မမ္မံ၊ ယသ္မိံ တာဠိတေ န ဇီဝတိ တံ။ (ဏွာဒိ ၁၃၆) မရတိ တေသ္မိံ ပဟာတေတိ မမ္မံ-ဟူ၍လည်း ဝစနတ္ထပြုသင့်၏။ အနာတရ ထိခိုက်မိလျှင် သေစေနိုင်သည့် အသည်းနှလုံးစသော ကိုယ်အင်္ဂါကို ယူအပ်၏။ (ဆ-သံ-သော)

၃-မူလဋီကာ ၂-၆၄ ကို မှီသည်။ (ပြည်)

စိတ္တသန္တာပေါ၊ စိတ်၏ပူပန်ခြင်းသည်၊ ဝါ၊ စိတ်ကိုပူပန်စေတတ်သော တရားသည်။ သောကော နာမ၊ မည်၏။ သော-သောကော၊ သည်။ အတ္တတော၊ ဖြင့်။ ဒေါမနဿမေဝ၊ ဒေါမနဿဝေဒနာသည်သာလျှင်။ ကိဉ္စာပိ ဟောတိ၊ ၏။ (စေတသိကန္တရာဘာဝတော၊ သောကစေတသိက်ဟု အထူးမရှိသည်၏အဖြစ်ကြောင့်တည်း။) ဧဝံ သန္တေပိ၊ ဤသို့ အတ္တအားဖြင့် ဒေါမနဿပင်ဖြစ်သော်လည်း။ (ဒေါမနဿဝိသေသတ္တာ၊ ဒေါမနဿအထူး၏အဖြစ်ကြောင့်။ သောကဿ စ၊ ၏လည်း။ ဝိသိဋ္ဌ-လက္ခဏာဒယော၊ ထူးသောလက္ခဏာစသည်တို့ကို။ ဝတ္တဗ္ဗာ၊ ဆိုသင့်ကုန်၏။) အန္တောနိဇ္ဈာနလက္ခဏော၊ ပျံ့ခြင်းကင်းသည်ဖြစ်၍ အတွင်း၌သာလျှင်တွန့်လျက် ကြံခြင်းလက္ခဏာရှိ၏၊ ဝါ၊ သွေ့ခြောက်ခြင်းလက္ခဏာရှိ၏[၁]။ (တနည်း) စိတ်၏ပူပန်ခြင်းလက္ခဏာရှိ၏[၂]။ စေတသော၊ စိတ်ကို။ ပရိဇ္ဈာပနရသော၊ ထက်ဝန်းကျင်မှလောင်ခြင်းကိစ္စရှိ၏။ အနုသောစန-ပစ္စုပဋ္ဌာနော၊ ဉာတိဗျသန စသည်အားလျော်သော စိုးရိမ်ခြင်းဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏၊ ဝါ၊ ထိုထိုဂုဏ်ဒေါသသို့လျှောက်၍ စိတ်၏ပူပန်ခြင်းဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏[၃]။ ပန၊ ဒုက္ခဖြစ်သည်ကို ဆိုအံ့။ ဒုက္ခဒုက္ခတော၊ ကြောင့်ငှာ။ ဒုက္ခဝတ္ထုတော စ၊ ကြောင့်ငှာ။ ဒုက္ခော၊ ၏။ (တေနေတံ ဝုစ္စတိ။)

သတ္တာနံ၊ တို့၏။ ဟဒယံ၊ နှလုံးကို။ သောကော၊ သည်။ ဝိသသလ္လံ၊ ဆိပ်လူးမြားသည်။ တုဇ္ဇတိ ဣဝ၊ စူးဝင်သကဲ့သို့။ တုဇ္ဇတိ၊ စူးဝင်တတ်၏၊ ဝါ၊ ထိုးကျင့်တတ်၏။ အဂ္ဂိတတ္တော၊ မီးရဲရဲပူသော။ နာရာစောဝ၊ စဉ်းသွားကဲ့သို့။ ဘုသဉ္စ၊ ပြင်းစွာလည်း။ ပုန၊ ထပ်တလဲလဲ။ ဒဟတေ၊ ပူလောင်၏။

---

၁-ဝိသာရရဟိတံ အန္တော ဧဝ သင်္ကိစိတံ စိန္တနံ သုက္ခနံ ဝါ အန္တောနိဇ္ဈာနံ။ မူလဋီကာ။ (ပြည်)

၂-အန္တောနိဇ္ဈာနံ စိတ္တသန္တာပေါ၊ ဤဋီကာ၊ ဤနည်း၌ စိတ်ကိုအဇ္ဈတ္တရဖြစ်၍ အန္တော-ဆိုသည်။ (ပြည်)

၃-ဉာတိဗျသနာဒိအနုရူပံ သောစနံ အနုသောစနံ၊ တံ တံ ဝါ ဂုဏံ ဒေါသဉ္စ အနုဂန္တွာ သောစနံ တပ္ပနံ အနုသောစနံ။ မူလဋီကာ ၂-၆၄။ (ပြည်)

ဗျာဓိံ၊ ဖျားနာခြင်းကို[၁]။ သမာဝဟတိ၊ လွန်စွာဆောင်တတ်၏။ ဇရာမရဏာဘေဒနံ၊ အိုခြင်း, သေခြင်း, ပျက်စီးခြင်းလျှင်အကြောင်းရှိသော[၁]။ ဝိဝိဓံ၊ သော။ ဒုက္ခမ္ပိ၊ ကိုလည်း။ ယသ္မာ၊ ကြောင့်။ သမာဝဟတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဒုက္ခောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

အယံ သောကေ ဝိနိစ္ဆယော။

**ပရိဒေဝ**

၁၃၅။ ဉာတိဗျသနာဒိဟိ၊ သည်။ ဖုဋ္ဌဿ၊ ၏။ ဝစီပလာပေါ၊ စပါးဖျင်းကဲ့သို့ အချည်းနှီးငိုကြွေးမြည်တမ်းသောအသံသည်။ ပရိဒေဝေါ နာမ၊ မည်၏။ သော ပရိဒေဝေါ၊ သည်။ လာလပ္ပနလက္ခဏော၊ အဖန်ဖန် မြည်တမ်းခြင်းလက္ခဏာရှိ၏။ ဂုဏဒေါသကိတ္တနရသော၊ ကျေးဇူးအပြစ်ကို ကြားခြင်းကိစ္စရှိ၏။ သမ္ဘမပစ္စုပဋ္ဌာနော၊ စီးပွါးရှိသည် မရှိသည်ကိုရင်း ရှက်ကြောက်သင့်သောသူကိုရင်း မစိစစ်မူ၍ ပုဂ္ဂိုလ်၏ဝေနောက်သော အဖြစ်ဖြစ်၍ ဉာဏ်အားရွေးရှူထင်တတ်၏၊ ဝါ၊ စိတ်၏ဝေနောက်မူးလည် ခြင်းကို ဖြစ်စေတတ်၏[၂]။ ပန၊ ဒုက္ခမည်ကြောင်းကိုဆိုအံ့။ သင်္ခါရဒုက္ခ-ဘာဝတော စ၊ ကြောင့်ရင်း။ ဒုက္ခဝတ္ထုတော စ၊ ကြောင့်ရင်း။ ဒုက္ခော၊ မည်၏။ (တေနေတံ ဝုစ္စတိ။)

ယံ-ယသ္မာ၊ ကြောင့်။ သောကသလ္လဝိဟတော၊ သောကဟူသော မြားငြောင့်သည် နှိပ်စက်ညှဉ်းဆဲအပ်သည်ဖြစ်၍။ ပရိဒေဝမာနော၊ ငိုကြွေး သော သူသည်။ ကဏ္ဌောဋ္ဌတာလုတလသောသဇံ၊ လည်ချောင်း, နှုတ်ခမ်း, အာစောက်အပြင်တို့၏ သွေ့ခြောက်ခြင်းကြောင့်ဖြစ်သော။ အပ္ပသယှံ၊ သည်းခံခြင်းငှါမတတ်ကောင်းသော။

ဘိယျော၊ သောကဒုက္ခ၏အထက်၌။ (သောကသမုဋ္ဌာနော ဟိ ပရိ-ဒေဝေါ။) အဓိမတ္တံ၊ လွန်ကဲသောအတိုင်းအရှည်ရှိသော။ ဒုက္ခံ၊ ကို။

---

၁-ဗျာဓိဇရာမရဏာဘေဒနံ၊ နာခြင်းအိုခြင်း သေခြင်းအထူးရှိသော၊ ဝါ၊ သေခြင်း အထူးဟူသော-ဟူ၍လည်း အနက်ပေးသင့်၏။ အတိသာရစသော အနာအထူးကိုရင်း, အချိန်မတန်မီ အိုခြင်းသေခြင်းတို့ကိုရင်း ဗျာဓိအထူးစသည်ဟု ယူအပ်၏ (ဆ-သံ-သော)

၂-မူလဋီကာ ၂-၆၅ မှီသည်။

အဓိဂစ္ဆတိယေဝ၊ ရသည်သာတည်း။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်။ ပရိဒေဝံ၊ ကို။ ဒုက္ခောတိ၊ ဟူ၍။ အာဟ၊ ဟောတော်မူ၏။ (ဤဂါထာ ကား ဝသန္တတိလကဂါထာတည်း။)

အယံ ပရိဒေဝေ ဝိနိစ္ဆယော။

## ဒုက္ခ

၁၄၆။ ကာယိကံ၊ သော။ ဒုက္ခံ၊ သည်။ ဒုက္ခံ နာမ၊ မည်၏။ တံ၊ ထိုကာယိကဒုက္ခသည်။ ကာယပီဠနလက္ခဏံ၊ ကိုယ်ကိုနှိပ်စက်ခြင်းလက္ခဏာ ရှိ၏။ ဒုပ္ပညာနံ၊ ပညာမဲ့တို့၏။ ဒေါမနဿကရဏရသံ၊ နှလုံးမသာခြင်းကို ပြုခြင်းကိစ္စရှိ၏။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ကိုယ်၌မှီသောအနာဟူ၍ ညဏ်အားရှေးရှုထင်တတ်၏။ ပန၊ ဒုက္ခမည်ကြောင်းကိုဆိုအံ့။ ဒုက္ခဒုက္ခ-တော စ၊ ကြောင့်ရင်း။ မာနသဒုက္ခာဝဟနတော စ၊ စေတသိကဒုက္ခကို ဆောင်တတ်သည်၏အဖြစ်ကြောင့်ရင်း။ ဒုက္ခံ၊ မည်၏။ (တေနေတံ ဝုစ္စတိ။)

ကာယိကံ၊ သော။ ဣဒံ ဒုက္ခံ၊ သည်။ (တံသမင်္ဂိံ၊ ထိုဒုက္ခနှင့်ပြည့်စုံ သော သူကို။) တနည်း။ (သမ္ပယုတ္တေ၊ တို့ကို။) ပီဠေတိ၊ နှိပ်စက်ညှဉ်းဆဲ တတ်၏။ မာနသံ၊ စိတ်၌ဖြစ်သော။ ဒုက္ခဥ္စ၊ ကိုလည်း။ ဘိယျော၊ လွန်စွာ။ ယသ္မာ၊ ကြောင့်။ ဇနယတိ၊ ဖြစ်စေတတ်၏။ တသ္မာ၊ ကြောင့်။ ဝိသေ-သတော၊ အထူးအားဖြင့်။ ဒုက္ခန္တိ၊ ဟူ၍။ (ဘဂဝတာ၊ သည်။) ဝုတ္တံ၊ ၏။ (အရိယာ ဂါထာ။ ပီဠေ-၄-မတြာ ပဌမဂိုဏ်း၊ တိကာယိ-ဒု၊ ကမိဒံ-တ၊ ဒုက္ခံ-စ၊ ဒုက္ခဉ်-မ၊ စမာန-ဆဋ္ဌ-ဇ-ဂိုဏ်း၊ သံဘိယ်-သ၊ ယော-ပါဒန္တဂရု။)[၁]

အယံ ဒုက္ခေ ဝိနိစ္ဆယော။

## ဒေါမနဿ

[၁၃၅] ၁၄၇။ မာနသံ၊ သော။ ဒုက္ခံ၊ သည်။ ဒေါမနဿံ နာမ၊ မည်၏။ တံ၊ ထိုဒေါမနဿသည်။ စိတ္တပီဠနလက္ခဏံ၊ စိတ်ကိုနှိပ်စက်ခြင်း လက္ခဏာရှိ၏။ မနောဝိဃာတရသံ၊ (ဗျာပါဒနှင့်ယှဉ်သည်၏ အစွမ်းအား

---

၁-ယခုစာကိုယ်၌ တတိယပါဒတွင် ဒုက္ခံ-တပုဒ်လိုနေ၏၊ ဒုက္ခံ ဒုက္ခဉ္စ မာနသံ ဘိယျော-ဟု ရှိမှ ပြည့်စုံသည်။ (ဆ-သံ-သော)

ဖြင့်) စိတ်ကိုညှဉ်းဆဲခြင်းကိစ္စရှိ၏။ မာနသဗ္ဗာဓိပစ္စုပဋ္ဌာနံ၊ နှလုံး၌ ဖြစ်သောအနာဟူ၍ ညဏ်အားရှေးရှုထင်တတ်၏။ ပန၊ ဒုက္ခမည်ကြောင်းကို ဆိုအံ့။ ဒုက္ခဒုက္ခတော စ၊ ၎င်း။ ကာယိကဒုက္ခာဝဟနတော စ၊ ကာယိကဒုက္ခကိုဆောင်တတ်သည်၏အဖြစ်ကြောင့်၎င်း။ ဒုက္ခံ၊ မည်၏။ ဟိ-သစ္စံ၊ ၏။ စေတောဒုက္ခသမပ္ပိတာ၊ စိတ်၏ဆင်းရဲခြင်းနှင့်ပြည့်စုံသော သတ္တဝါတို့သည်။ ကေသေ၊ ဆံတို့ကို။ ပကိရိယ၊ ကြဲဖြန့်၍။ ကန္ဒန္တိ၊ ငိုမြည်တမ်းကုန်၏။ ဥရာနိ၊ ရင်တို့ကို။ ပဋိပိသန္တိ၊ တီးခတ်ကြိတ်နှိပ်ကုန်၏။ အာဝဋ္ဋန္တိ၊ ရှေးရှုလူးလည်းကုန်၏။ ဝိဝဋ္ဋန္တိ၊ ကိုယ်ကိုလှိမ့်ကုန်၏။ ဥဒ္ဓံပါဒံ၊ ခြေမိုးမြော်။ ပပတန္တိ၊ လည်းကုန်၏။ သတ္ထံ၊ လက်နက်ကို။ အာဟရန္တိ၊ (မိမိကိုယ်၌ ထိုးခုတ်သောအားဖြင့်) ဆောင်ကုန်၏။ ဝိသံ၊ အဆိပ်ကို။ ခါဒန္တိ၊ စားကုန်၏။ ရဇ္ဇုယာ၊ ကြိုးဖြင့်။ ဥဗ္ဗန္ဓန္တိ၊ အထက်၌ချည်၍ ဆွဲချကုန်၏။ အဂ္ဂိံ၊ မီးပုံတွင်းသို့။ ပဝိသန္တိ၊ ဝင်ကုန်၏။ ဣတိ၊ သို့။ နာနပ္ပကာရကံ၊ အထူးထူးအပြားပြားရှိသော။ တံ ဒုက္ခံ၊ ထိုဆင်းရဲကို။ အနုဘဝန္တိ၊ ခံစားရကုန်၏။ (တေနေတံ ဝုစ္စတိ။)

(ဒေါမနဿံ၊ သည်။) ယတော၊ ကြောင့်။ စိတ္တဉ္စ၊ ကိုလည်း။ ပီဠေတိ၊ နှိပ်စက်တတ်၏။ ကာယဿ စ၊ ကိုယ်ကိုလည်း။ ပီဠနံ၊ နှိပ်စက်ခြင်းကို။ သမာဝဟတိ၊ မပြတ်ဆောင်တတ်၏။ တတော၊ ကြောင့်။ ဝိဒေါမနဿာ၊ ကင်းသော ဒေါမနဿရှိကုန်သော ဘုရားစသော အရိယာအရှင်တို့သည်။ ဒေါမနဿံ၊ ကို။ ဒုက္ခန္တိ၊ ဟူ၍။ အာဟု၊ ဟောတော်မူပေကုန်၏။ (အရိယာဂါထာ။)

## အယံ ဒေါမနဿေ ဝိနိစ္ဆယော။

## ဥပါယာသ

၅၄၈။ ဉာတိဗျသနာဒီဟိ၊ သည်။ ဖုဋ္ဌဿ၊ ၏။ အဓိမတ္တစေတော-ဒုက္ခပ္ပဘာဝိတော၊ လွန်ကဲစွာသော စိတ်၏ဆင်းရဲခြင်းသည် ဖြစ်စေအပ်သော။ ဒေါသောယေဝ၊ သည်ပင်လျှင်။ ဥပါယာသော နာမ၊ မည်၏။ သင်္ခါရက္ခန္ဓပရိယာပန္နော၊ သော။ (အညော၊ စုဒ္ဒသအကုသိုလ်စေတသိက်မှ တပါးသော။) ဧကော၊ သော။ ဓမ္မော၊ စေတသိက်တရားတည်း။ ဣတိ၊ သို့။ ဧကေ၊ ဧကေဆရာတို့သည်။ (ဝဒန္တိ၊ ဆိုကုန်၏။) သော-ဥပါယာသော၊

သည်။ စိတ္တပရိဒဟနလက္ခဏော၊ စိတ်ကိုထက်ဝန်းကျင်မှ လောင်ခြင်း လက္ခဏာရှိ၏။ နိတ္ထုနနရသော၊ ညည်းတွားခြင်းလျှင် ပြည့်စုံခြင်းရှိ၏၊ ဝါ၊ ညည်းတွားခြင်းကို ပြုခြင်းကိစ္စရှိ၏။ ဝိသာဒပစ္စုပဋ္ဌာနော၊ ကိုယ်စိတ်၏ မပျံ့ခြင်းကို ဖြစ်စေတတ်၏၊ ဝါ၊ ကိုယ်စိတ်၏နစ်ခြင်းကို ဖြစ်စေတတ်၏။ (ဝိသီဒနံ ဝိသာဒေါ။) ဝါ၊ ကိုယ်စိတ်၏နစ်ခြင်းကို ပြုတတ်သောတရားဟူ၍ ညာဏ်အားရှေးရှုထင်တတ်၏။ ပန၊ ဒုက္ခမည်ကြောင်းကို ဆိုအံ့။ သခ်ါရ-ဒုက္ခဘာဝတော စ၊ ၎င်း။ စိတ္တပရိဒဟနတော စ၊ စိတ်ကို ထက်ဝန်းကျင် လောင်တတ်သည်၏ အဖြစ်ကြောင့်၎င်း။ ကာယဝိသာဒနတော စ၊ ကိုယ်၏မပျံ့ခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့်၎င်း၊ ဝါ၊ ကိုယ်၏ နစ်ခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့်၎င်း။ ဒုက္ခော၊ မည်၏။ (တေ-နေတံ ဝုစ္စတိ။)

စိတ္တဿ၊ ၏၊ ဝါ၊ ကို။ ပရိဒဟနာ စ၊ ပူလောင်ခြင်းကြောင့်၎င်း။ ကာယဿ၊ ၏၊ ဝါ၊ ကို။ ဝိသာဒနာ စ၊ ပြင်းပြစွာနစ်စေခြင်းကြောင့်၊ ဝါ၊ ဖောက်ပြန်သောအားဖြင့် နစ်စေခြင်းကြောင့်၎င်း။ ဥပါယာသော၊ သည်။ အဓိမတ္တံ၊ လွန်ကဲစွာသော။ ဒုက္ခံ၊ ကာယိက-စေတသိကဒုက္ခကို။ ယံ-ယသ္မာ၊ ကြောင့်။ ဇနေတိ၊ ဖြစ်စေ၏¹။ တတော-တသ္မာ၊ ကြောင့်။ ဒုက္ခော၊ ဟူ၍။ ဝုတ္တော၊ ရှင်တော်ဘုရားဟောအပ်၏။ (အရိယာဂါထာ။)

အယံ ဥပါယာသေ ဝိနိစ္ဆယော။

---

၁-ဥပါယာသသည် အဘယ်သူတို့အား ဒုက္ခ၏ဝတ္ထုဖြစ်သနည်း၊ အဘယ့်ကြောင့်ကား စိတ်ကို ပူလောင်စေတတ်သနည်း၊ အဘယ်၏အစွမ်းအားဖြင့် ကိုယ်ကိုနစ်စေတတ်သနည်း၊ အဘယ့်ကြောင့်ကား ဒုက္ခကိုဖြစ်စေတတ်သနည်းဟူမူ ? ဝိသာဒပ္ပတ္တိယာ။ပ။ အဓိမတ္တံ ဒုက္ခံ ဇနယတီတိ ဒုက္ခောတိ ဝုတ္တော။ မူလဋီကာ ၂-၆၆။ ဝိသာဒပ္ပတ္တိယာ၊ နစ်ခြင်းသို့ ရောက်ခြင်းကြောင့်။ (ဝေဒနာပြင်းပြ၍ မိန်းမောတွေဝေ မလှုပ်မလှုက်နိုင်သည်ကို နစ်သည်ဟူ၍ လောကဝေါဟာရရှိ၏။) သုခဒုက္ခကာရဏံ၊ သုခဒုက္ခ၏အကြောင်းကို။ အဂဏ-ယိတွာ၊ မရေတွက်မူ၍။ ဒုက္ခဋ္ဌာနာဒီနိ၊ ဆင်းရဲ၏အကြောင်း စသည်တို့ကို၊ ဝါ၊ ဆင်းရဲသော ရပ်ခြင်း, ထိုင်ခြင်းစသည်တို့ကို။ ကရောန္တာနံ၊ ပြုကုန်သောသူတို့အား၊ ဝါ၊ သူတို့၏။ ဥပါယာသော၊ လွန်စွာပင်ပန်းခြင်းသည်။ ကာယိကဒုက္ခဿ၊ ၏။ ဝတ္ထု၊ တည်ရာအကြောင်းသည်။ ဟောတိ၊ ၏။ ဝိသာဒနဝသေန၀၊ အားကြီးသော နစ်ခြင်း၏ အစွမ်းအားဖြင့်သာလျှင်၊ ဝါ၊ ပြင်းပြသောနစ်ခြင်း၏ အစွမ်းဖြင့်သာလျှင်၊ ဝါ၊ ဖောက်ပြန်သောနစ်ခြင်း၏ အစွမ်းဖြင့်သာလျှင်။ (ဥဋ္ဌေတုံပိ အသက္ကုဏေယျတာကရဏဝသေန အတိဗလဝံ

စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤသောကစသည်တို့တွင်။ မန္ဒင်္ဂိနာ၊ အားနည်းသောမီးဖြင့်။ အန္တောဘာဇနေ၊ အိုးတွင်း၌သာလျှင်။ ပါကော ဝိယ၊ ကြိုချက်အပ်သောဝတ္ထု၏ ကျက်ခြင်းကဲ့သို့။ သောကော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ တိက္ခင်္ဂိနာ၊ ပြင်းစွာသောမီးဖြင့်။ ပစ္စမာနဿ၊ ကျက်သောဝတ္ထု၏။ ဘာဇနတော၊ အိုးမှ။ ဗဟိ၊ သို့။ နိက္ခမနံ ဝိယ၊ ဆူဝေခြင်းကဲ့သို့။ ပရိဒေဝေါ၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဗဟိ၊ သို့။ နိက္ခန္တာဝသေသဿ၊ ထွက်သည်မှကြွင်းသော။ နိက္ခမိတုံ၊ ထွက်ခြင်းငှါလည်း။ (ပိကြေ။) အပ္ပဟောန္တဿ၊ မလောက်သောဝတ္ထု၏။ အန္တောဘာဇနေယေဝ၊ ၌သာလျှင်။ ယာဝပရိက္ခယာ၊ ခန်းခြောက်တူးခြစ်သည်တိုင်အောင်။ ပါကော ဝိယ၊ သို့။ ဥပါယာသော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

## အပ္ပိယသမ္ပယောဂ

၁၄၉။ အမနာပေဟိ၊ နှလုံးကို မပွါးစေတတ်ကုန်သော။ သတ္တသင်္ခါရေဟိ၊ သတ္တဝါသင်္ခါရတို့နှင့်။ သမောဓာနံ၊ တွေ့ကြုံပေါင်းဆုံရခြင်းသည်။ အပ္ပိယသမ္ပယောဂေါ နာမ၊ မည်၏။ သော၊ ထိုအပ္ပိယသမ္ပယောဂသည်။ အနိဋ္ဌသမောဓာနလက္ခဏော၊ အနိဋ္ဌာရုံနှင့် တွေ့ကြုံပေါင်းဆုံခြင်း လက္ခဏာရှိ၏၊ ဝါ၊ တွေ့ကြုံပေါင်းဆုံခြင်းမျှဟူ၍ မှတ်အပ်၏။ စိတ္တဝိဃာတ-

---

ဝိရူပံ ဝါ သီဒနံ ဝိသီဒနံ၊ ဝိသီဒနံ ဝိသာဒေါ။ ၎င်းမူလဋီကာကိုရှု။) ဝါ၊ ပင်ပန်းခြင်း၏ အစွမ်းဖြင့်သာလျှင်။ (ဤအနက်ကား-အာယာသောတိ သံသီဒနဝိသီဒနာကာရပ္ပဝတ္တော စိတ္တကိလမထော-ဟူသော အဖွင့် (ဒီ-ဋ္ဌ ၂-၃၈၈)ကို ရှု၍ အဓိပ္ပါယ်ထုတ်ပေးသည်။) ဉာတိဝိနာသာဒီနိ၊ ဆွေမျိုး၏ပျက်စီးခြင်း စသည်တို့ကို။ စိန္တေန္တာနံ၊ ကြံကုန်သောသူတို့၏။ (ဥပါယာသော၊ သည်။) ဒေါမနဿဿ၊ ၏။ ဝတ္ထု၊ သည်။ ဟောတိ၊ ၏။ အတ္တနော၊ ၏။ ပဝတ္တိက္ခဏေယေဝ၊ ဖြစ်သောခဏ၌ပင်လျှင်။ ဥပါယာသော၊ သည်။ ဒေါမနဿသမ္ပယောဂတော၊ ကြောင့်။ စိတ္တံ၊ ကို။ ပရိဒဟတိ၊ လောင်တတ်၏။ အဝိပ္ပါရိကတာကရဏာသေန၊ မသုံ့သည်၏အဖြစ်ကို ပြုခြင်း၏အစွမ်းအားဖြင့်။ ကာယံ၊ ကို။ ဝိသာဒေတိ၊ ပြင်းပြစွာနစ်စေ၏၊ ဝါ၊ ဖောက်ပြန်သော အားဖြင့် နစ်စေ၏၊ ဝါ၊ ပင်ပန်းစေ၏။ တဒုဘယကရဏေနေဝ၊ ထိုစိတ်ကိုပူလောင်ခြင်း, ကိုယ်ကိုပြင်းပြစွာနစ်စေခြင်း, နှစ်ပါးစုံကိုပြုခြင်းဖြင့်လျှင်။ တတော၊ ထိုစိတ်ကိုပူလောင်ခြင်း, ကိုယ်ကိုပြင်းပြစွာနစ်စေခြင်းမှ။ ပရံ၊ ၌။ တံနိမိတ္တံ၊ ထိုစိတ်၏ပူလောင်ခြင်း ကိုယ်၏ပြင်းပြစွာ နစ်ခြင်းဟူသော အကြောင်းကြောင့်။ ကာယိကံ၊ လည်းဖြစ်သော။ စေတသိကံ၊ လည်းဖြစ်သော။ အဓိမတ္တံ၊ လွန်ကဲစွာသော။ ဒုက္ခဉ္စ၊ ကိုလည်း။ ဇနယတိ၊ ဖြစ်စေတတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဒုက္ခောတိ၊ ဟူ၍။ ဝုတ္တော၊ ၏။ ၎င်းနက်။ (ပြည်)

ကရဏရသော၊ စိတ်၏ပင်ပန်းဆင်းရဲခြင်းကို ပြုခြင်းကိစ္စရှိ၏။ အနုတ္တ-ဘာဝပစ္စုပဋ္ဌာနော၊ ကာယိကဒုက္ခ, စိတ္တာဝိဃာတစသော အနုတ္တတို့၏ ထင်ရှားရှိသည်၏အဖြစ်ကို ဖြစ်စေတတ်၏၊ (ဤဋီကာအလို) ဝါ၊ ကပ်၍ နှိပ်စက်တတ်သော ဘေးရန်ဥပဒ္ဒဝေါ၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏[၁]။ ပန၊ ဒုက္ခဖြစ်ကြောင်းကိုဆိုအံ့။ ဒုက္ခဝတ္ထုတော၊ ကြောင့်။ ဒုက္ခော၊ မည်၏။ (တေနေတံ ဝုစ္စတိ။)

[၁၃၆] အပ္ပိယေ၊ မချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့ကို။ ဒိသွာဝ၊ မြင်တည့်၍လျှင်။ ဣဓ-ဣမသ္မိံ လောကေ၊ ၌။ ပဌမံ၊ စွာ။ စေတသိ၊ ၌။ ဒုက္ခံ၊ သည်။ ဟောတိ၊ ၏။ အထ-ပစ္ဆာ၊ မှ။ ကာယေ၊ ၌။ တဒုပက္ကမသမ္ဘူတံ၊ ထိုမချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့၏ ပယောဂကြောင့်ဖြစ်သော။ ဒုက္ခံ၊ သည်။ ယတော-ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။

တတော-တသ္မာ၊ ကြောင့်။ ဒုက္ခဒ္ဒယဿာပိ၊ နှစ်ပါးစုံသော ကာယိက-ဒုက္ခ, စေတသိကဒုက္ခ၏လည်း။ ဝတ္ထုတော၊ အကြောင်း၏အဖြစ်ကြောင့်။ သော-အပ္ပိယေဟိ သမ္ပယောဂေါ၊ ကို။ မဟေသိနာ၊ သည်။ (ဣဓ-ဣမသ္မိံ ဒုက္ခနိဒ္ဒေသေ၊ ၌။) ဒုက္ခော၊ ဟူ၍။ ဝုတ္တော၊ ၏။ ဣတိ၊ သို့။ အပ္ပိ-ယေဟိ သမာဂမော၊ ကို။ ဝိညေယျော၊ ၏။

အယံ အပ္ပိယသမ္ပယောဂေ ဝိနိစ္ဆယော။

## ပိယဝိပ္ပယောဂ

၁၅၀။ မနာပေဟိ၊ ကုန်သော။ သတ္တသင်္ခါရေဟိ၊ တို့နှင့်။ ဝိနာ-ဘာဝေါ၊ ကွေကွင်းခြင်းသည်၊ ဝါ၊ ကင်း၍ဖြစ်ရခြင်းသည်။ ပိယဝိပ္ပ-ယောဂေါ နာမ၊ မည်၏။ သော-ပိယဝိပ္ပယောဂေါ၊ သည်။ ဣဋ္ဌဝတ္ထု-ဝိယောဂလက္ခဏော၊ ဣဋ္ဌဝတ္ထုနှင့် ကွေကွင်းခြင်းမျှဟူ၍ မှတ်အပ်၏။ သောကုပ္ပါဒနရသော၊ သောကကို ဖြစ်စေခြင်းကိစ္စရှိ၏။ ဗျသနပစ္စုပဋ္ဌာ-

---

၁-အနုတ္တဘာဝေါ ဥပဒ္ဒဝဘာဝေါ၊ မူလဋီကာ၊ ဤအလိုသော် အနုတ္တ၏အကြောင်း ဖြစ်သော ဥပဒ္ဒဝကို အနုတ္တဟူလိုသည်၊ ကာယိကဒုက္ခ စိတ္တာဝိဃာတစသော အနုတ္တတို့ကို ဖြစ်ပွါးစေတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ ဤကား-အနုတ္တာနံ ဘာဝေတိ ဝိဘာဝေတီတိ အနုတ္တဘာဝေါ၊ အနုတ္တဘာဝေါ ဟုတွာ ပစ္စုပဋ္ဌာတီတိ အနုတ္တဘာဝပစ္စုပဋ္ဌာနော-ဟု ကြံသော နေ့ာမတိတည်း။ (ပြည်)

နော၊ ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်ဖြစ်၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ (မူလဋီကာအလို) ဝါ၊ ဘေးရန်ဉပဒ္ဒဝေါ၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ (ဤဋီကာအလို) ပန၊ ဒုက္ခဖြစ်ကြောင်းကား။ သောကဒုက္ခဿ၊ ၏။ ဝတ္ထုတော၊ အကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခော၊ မည်၏။ (တေနေတံ ဝုစ္စတိ။)

ဉာတိဓနာဒိဝိယောဂါ၊ ဆွေမျိုးဉစ္စာစသည်တို့နှင့် ကွေကွင်းခြင်း ကြောင့်။ သောကသရသမပ္ပိတာ၊ သောကဟူသောမြားသည် စူးဝင်အပ် ကုန်သော။ ဗာလာ၊ မလိမ္မာသောသူတို့သည်။ ယတော-ယသ္မာ၊ ကြောင့်။ ဝိတုဇ္ဇန္တိ၊ နှလုံးတုန်ဆတ် အသည်းပြတ်မျှနာကျင်ကုန်၏။ တတော-တသ္မာ၊ ကြောင့်။ အယံ ပိယဝိပ္ပယောဂေါ၊ ကို။ ဒုက္ခောတိ၊ ဟူ၍။ မတော၊ ၏။

အယံ ပိယဝိပ္ပယောဂေ ဝိနိစ္ဆယော။

ဣစ္ဆိတာလာဘ

၅၅၁။ ယမ္ပိစ္ဆံ န လဘတိတိ ဧတ္ထ၊ ၌။ မယံ၊ တို့သည်။ ဇာတိဓမ္မာ၊ ပဋိသန္ဓေနေခြင်း သဘောရှိကုန်သည်။ န အဿာမ၊ မဖြစ်ရကုန်မူကား။ အဟော ဝတ၊ ကောင်းလေစွခြေ်။ ဣတိအာဒိသု၊ ကုန်သော။ အလဗ္ဘ-နေယျဝတ္ထူသု၊ တောင့်တ၍ မရကောင်းသောဝတ္ထုတို့၌။ ဣစ္ဆာဝ၊ အလိုကိုပင်လျှင်။ ယံပိစ္ဆံ န လဘတိ၊ တံပိ ဒုက္ခန္တိ၊ ဟူ၍။ (ဘဂဝတာ၊ သည်။) ဝုတ္တာ၊ ၏။ ယမ္ပိ-ယေနပိ ဓမ္မေန၊ အကြင်လိုချင်ခြင်းသဘောဖြင့်လည်း။ ဣစ္ဆံ-ဣစ္ဆန္တော၊ (တောင့်တ၍ မရစကောင်းသော မအိုမသေခြင်း အစရှိသောဝတ္ထုကို) လိုချင်တောင့်တသောသူသည်။ န လဘတိ၊ တောင်းတိုင်း မရ။ တမ္ပိ ဣစ္ဆနံ၊ ထို(တောင့်တ၍ မရစကောင်းသောဝတ္ထုကို) အလိုရှိခြင်း တောင့်တခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲခြင်း၏ အကြောင်းဒုက္ခတခု တည်း[၁]။ (တနည်း) ဣစ္ဆိတဝတ္ထုံ၊ လိုအပ်သောဝတ္ထုကို။ ဣစ္ဆံ-ဣစ္ဆန္တော၊

---

၁-ဤကား ယံ ပိစ္ဆန္တိ ယေနပိ ဓမ္မေန အလဗ္ဘနေယျဝတ္ထုံ ဣစ္ဆန္တော န လဘတိ၊ တံ အလဗ္ဘနေယျဝတ္ထုံပိ ဣစ္ဆနံ ဒုက္ခံ ဟူသော သတိပဋ္ဌာနသုတ် အဋ္ဌကထာနှင့်အညီ တည်း၊ ဤကိုရည်၍ မူလဋီကာ၌လည်း ယမ္ပီတိ ယေနပီတိ အတ္ထော ဝုတ္တော၊ ယဒါပိ ပန ယံ-သဒ္ဒေါ "ဣစ္ဆ"န္တိ ဧတံ အပေက္ခတိ၊ တဒါပိ အလာဘဝိသိဋ္ဌာ ဣစ္ဆာ ဝုတ္တာ ဟောတိ-ဟူသည်။ (ပြည်)

သော်လည်း။ ယံ န လဘတိ၊ အကြင်မရ။ တံ အလဘနံ၊ သည်။ ဒုက္ခံ၊ တည်း[၁]။ သာ ဣစ္ဆာ၊ ထိုမရကောင်းသည်၌ တောင့်တသော ဣစ္ဆာသည်။ အလဗ္ဘနေယျဝတ္ထုဣစ္ဆနလက္ခဏာ၊ တောင့်တ၍ မရကောင်းသောဝတ္ထုကို လိုချင်ခြင်းလက္ခဏာရှိ၏၊ ဝါ၊ လိုချင်ခြင်းမျှဟု မှတ်အပ်၏။ တပ္ပရိယေ-သနရသာ၊ ထိုမရကောင်းသောဝတ္ထုကို ရှာခြင်းကိစ္စရှိ၏။ တေသံ၊ ထိုအလဗ္ဘနေယျဝတ္ထုတို့သို့။ အပ္ပတ္တိပစ္စုပဋ္ဌာနာ၊ မရောက်နိုင်, မရနိုင်သည်ဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏။ ပန၊ အကြောင်းကား။ ဒုက္ခဝတ္ထုတော၊ ကြောင့်။ ဒုက္ခာ၊ ၏။ (တေနေတံ ဝုစ္စတိ။)

ဣဓ၊ ဤလူ့ရွာ၌၊ ဝါ၊ ဤဒုက္ခသစ္စနိဒ္ဒေသ၌။ တံ တံ၊ ထိုထိုဝတ္ထုကို။ ပတ္ထယမာနာနံ၊ တောင့်တကုန်သော။ သတ္တာနံ၊ တို့အား။ တဿ တဿ၊ ထိုထိုဝတ္ထုကို။ အလာဘတော၊ မရခြင်းကြောင့်။ ဝိဃာတမယံ၊ စိတ်ပင်ပန်းခြင်းကြောင့်ဖြစ်သော။ ယံ ဒုက္ခံ၊ အကြင်ဒေါမနဿသည်။ (တနည်း။) ယံ ဒုက္ခံ၊ အကြင်ကြိုးဆွဲချခြင်း, ပြင်းစွာဖျားခြင်း, ဝမ်းသွေးသွန်ခြင်း စသော ကာယိကဒုက္ခသည်။ ဇာယတိ၊ ၏။

အလဗ္ဘနေယျဝတ္ထူနံ၊ တောင့်တ၍ မရကောင်းသော ဝတ္ထုတို့ကို။ ပတ္ထနာ၊ တောင့်တခြင်းသည်။ တဿ၊ ထိုကာယိကဒုက္ခ, စေတသိကဒုက္ခ၏။ ကာရဏံ၊ သည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဇိနော၊ သည်။ ဣစ္ဆိတာလာဘံ-အလဗ္ဘနေယျဣစ္ဆံ၊ အလိုရှိသည်ကိုမရခြင်း,

၁-ဤကား-ဤဋီကာနှင့် အညီတည်း၊ သက်သက် အလာဘန မရခြင်းမျှကို ဒုက္ခဆို ကောင်း၏ မရောက်ခဲ့လေသလောဟူမူ? ယဒါ "န လဘတိ"တိ တေ အပေက္ခတိ၊ တဒါ ဣစ္ဆာ-ဝိသိဋ္ဌော အလာဘော ဝုတ္တော ဟောတိ-ဟု မူလဋီကာဆရာ မိန့်သော်၊ ယင်းသို့သော် ဣစ္ဆာနှင့်အလာဘ နှစ်ပါးရသည်မဟုတ်လော၊ အဘယ့်ကြောင့်။ ဣစ္ဆာ ဝ။ ပ။ ဝုတ္တာ။ ဆိုသနည်းဟူမူ-သော ပနတ္ထတော အညော မေ့ော နတ္ထီတိ တထာပိ အလဗ္ဘနေယျ-ဣစ္ဆာဝ ဝုတ္တော ဟောတိ၊ ၎င်း။ အဓိပ္ပါယ်ကား-အလာဘသည် ရကောင်းသော်လည်း ပရမတ္ထအားဖြင့် မရှိရကား လက္ခဏ ရသစသည်ကို ထုတ်လို၍ ပရမတ္ထအားဖြင့် ရကောင်းသော ဣစ္ဆာကို ဆိုအပ်သည် ဟူလိုသော်-ယင်းသို့သော် ဣစ္ဆိတာလာဘမဋ္ဌိဝိ-ဟူ၍၎င်း ဣစ္ဆိတာလာဘော-ဟူ၍၎င်း၊ အလာဘကို ဆိုလတံ့မဟုတ်လောဟူမူ-ဣစ္ဆိတာလာဘန္တိ အလဗ္ဘနေယျဣစ္ဆမေဝ ဝဒတိ။ ၎င်း။ (ပြည်)

မရကောင်းသည်၌ တောင့်တခြင်းကို။ ဒုက္ခံ၊ ဒုက္ခ၏ အကြောင်းတခုဟူ၍။ အပြဝိ၊ ဟောတော်မူပေ၏။

အယံ ဣစ္ဆိတာလာဘေ ဝိနိစ္ဆယော။

## ပဉ္စုပါဒါနက္ခန္ဓ

[၁၃၇] ၅၅၂။ ပန၊ တခန်းဆိုအံ့။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာတိ ဧတ္ထ၊ ၌။

တာဒိနာ၊ လောကဓံတို့ကြောင့် တုန်လှုပ်ခြင်းမရှိ သည်းခံချီတော်မူသော သဗ္ဗညုရှင်တော်ဘုရားသည်။ ဣဓ၊ ဤဒုက္ခသစ္စနိဒ္ဒေသ၌။ ဇာတိပ္ပ-ဘုတိကံ၊ သော။ ယံ ဒုက္ခံ၊ ကို။ (သရူပတော၊ ဖြင့်။) ဝုတ္တံ၊ ပြီ။ ယဥ္စ ဒုက္ခံ၊ ကိုလည်း။ အညတ္ထ၊ တပါးသောဒုက္ခက္ခန္ဓသုတ်, ဗာလပဏ္ဍိတသုတ် စသည်တို့၌။ ဝုတ္တမ္ပိ၊ သော်လည်း။ ဣဓ၊ ၌။ သရူပတော၊ ဖြင့်။ (အညတ္ထစသည်ကား ထည့်သည်။) အဝုတ္တံ၊ မဟောအပ်။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောဒုက္ခသည်။ ဧတေ၊ ဤဉပါဒါနက္ခန္ဓာတို့ကို။ ဝိနာ၊ ၍။ ယသ္မာ၊ ကြောင့်။ န ဝိဇ္ဇတိ၊ မရှိ။

တသ္မာ၊ ကြောင့်။ ဒုက္ခန္တဒေသကေန၊ ဒုက္ခ၏ဆုံးရာ နိဗ္ဗာန်ကိုသိပြီး၍ ခရီးညွှန်တော်မူတတ်သော၊ ဝါ၊ နိဗ္ဗာန်ကို ဟောကြားတော်မူတတ်သော။ မဟေသိနာ၊ သည်။ သင်္ခေပတော၊ ဖြင့်။ ဣမေ ဉပါဒါနက္ခန္ဓာ၊ တို့ကို။ ဒုက္ခာတိ၊ ဟူ၍။ ဝုတ္တာ၊ ကုန်၏။

တထာ-တံ ဝစနံ၊ ထိုစကားကို။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ပါဝကော၊ မီးသည်။ ဣန္ဓနံ၊ မီးစာကို။ ဗာဓေတိ ဣဝ၊ နှိပ်စက်သကဲ့သို့ရင်း။ ပဟရ-ဏာနိ၊ လက်နက်တို့သည်။ လက္ခံ၊ လက်မှန်တိုင်ကို[၁]။ ဗာဓေန္တိ ဣဝ၊ သို့ရင်း။ ဍံသမကသာဒယော၊ မှက်ခြင်စသည်တို့သည်။ ဂေါရူပံ၊ နွားအပေါင်းကို။ ဗာဓေန္တိ ဣဝ၊ သို့ရင်း။ လာယကာ၊ လယ်ရိတ်ယောကျ်ားတို့သည်။ ခေတ္တံ၊ လယ်ကို၊ ဝါ၊ ကောက်ပင်ကို။ ဗာဓေန္တိ ဣဝ၊ သို့ရင်း။ ဂါမဃာတကာ၊ မြို့ရွာဖျက်ဆီးသော ခိုးသားတို့သည်။ ဂါမံ၊ ကို။ ဗာဓေန္တိ ဝိယ၊ သို့ရင်း။

---

၁-စိုက်ဆောက်မယိုင် လက်မှန်တိုင်နှင့် ပြိုင်သော်တန်စိမ့်ရည်လသေး-ဟု ရှေးသူဟောင်းတို့ ဆိုသည်။ (ပြည်)

ဇာတိအာဒယော၊ တို့သည်။ ဥပါဒါနက္ခန္ဓပဥ္စကမေဝ၊ ကိုသာလျှင်။ နာနပ္ပကာရေဟိ၊ တို့ဖြင့်။ ဝိဗာဓေန္တော၊ နှိပ်စက်ကုန်သည်ဖြစ်၍။ တိဏလတာဒီနိ၊ တို့သည်။ ဘူမိယံ၊ ၌။ နိဗ္ဗတ္တန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့ရင်း။ ပုပ္ဖဖလပလ္လဝါနိ၊ အပွင့် အသီး အညွန့်တို့သည်။ ရုက္ခေသု၊ တို့၌။ (နိဗ္ဗတ္တန္တိ ဝိယ၊ သို့ရင်း။) ဥပါဒါနက္ခန္ဓေသုယေဝ၊ တို့၌သာလျှင်။ နိဗ္ဗတ္တန္တိ၊ ကုန်၏။ စ၊ ဆက်၍ဆိုအံ့။ ဥပါဒါနက္ခန္ဓာနံ၊ တို့၏။ အာဒိဒုက္ခံ၊ အစဖြစ်သော ဆင်းရဲသည်။ ဇာတိ၊ ဇာတိတည်း။ မဇ္ဈေဒုက္ခံ၊ သည်။ ဇရာ၊ တည်း။ ပရိယောသာနဒုက္ခံ၊ သည်။ မရဏံ၊ တည်း။ မာရဏန္တိကဒုက္ခာဘိဃာတေန၊ (သမား လက်ချ ခွင့်မရ၍ ပြင်းပြလွန်မင်း) သေခြင်း၏ အနီး၌ဖြစ်သော ဒုက္ခသည် အလွန်နှိပ်စက်ခြင်းကြောင့်။ ပရိဍယှနဒုက္ခံ၊ စိုးရိမ်ပူလောင်သော ဒုက္ခသည်။ သောကော၊ မည်၏။ တဒသဟနတော၊ ထိုသေဝပါးနီး အား ကြီးသော ဆင်းရဲကို သည်းမခံနိုင်ခြင်းကြောင့်။ လာလပ္ပနဒုက္ခံ၊ အထွေထွေ မြည်တမ်းခြင်းဟူသော ဆင်းရဲသည်ကား။ ပရိဒေဝေါ၊ မည်၏။ တတော၊ ထိုပရိဒေဝမှ။ ဥဒ္ဒံ၊ အထက်၌။ ဝါ၊ တတော၊ ပရိဒေဝထက်။ ဥဒ္ဒံ၊ အလွန်။ ဓာတုက္ခောဘသခ်ါတအနိဋ္ဌဖောဋ္ဌဗ္ဗသမာယောဂတော၊ (လည်ချောင်း ခြောက်သွေ့ခြင်း စသည်, ရိုးဆက်တို့၏ အစပ်ကိုဖြတ်ခြင်းစသည်ကို ဖြစ်စေ တတ်သော သလိပ်သည်းခြေ သွေးလေမညီ ပထဝီစသော) ဓာတ်ချောက် ချားခြင်းဟု ဆိုအပ်သော အလိုမရှိအပ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ကြုံခြင်း ကြောင့်။ ကာယဿ၊ ၏။ အာဗာဓနဒုက္ခံ၊ နာကျင်ခြင်းဆင်းရဲသည်ကား။ ဒုက္ခံ၊ မည်၏။ တေန၊ ထိုကာယိကဒုက္ခသည်။ ဗာဓိယမာနာနံ၊ နှိပ်စက်အပ် ကုန်သော။ ပုထုဇ္ဇနာနံ၊ တို့အား။ တတ္ထ၊ ထိုကာယိကဒုက္ခ၌။ ပဋိဃုပ္ပတ္တိတော၊ ဒေါသ၏ဖြစ်ခြင်းကြောင့်။ စေတောဗာဓနဒုက္ခံ၊ စိတ်၏နာကျင် ခြင်းဆင်းရဲသည်၊ ဝါ၊ စိတ်ကိုနှိပ်စက်တတ်သော ဒုက္ခသည်။ ဒေါမနဿံ၊ မည်၏။ သောကာဒိဗုဒ္ဓိယာ၊ သောကစသည်တို့၏ ပွါးခြင်းသည်။ ဇနိတဝိသာဒါနံ၊ ဖြစ်စေအပ်သော ပင်ပန်းခြင်းရှိသောသူတို့၏၊ ဝါ၊ ဖြစ်စေအပ် သော ပြင်းပြစွာနစ်ကုန်သောသူတို့၏။ အနုတ္ထုနနဒုက္ခံ၊ အတွင်း၌လောင် ကြေခြင်း ဆင်းရဲသည်ကား။ (အနုတ္ထုနနံ အန္တောနိဇ္ဈာယနံ။ ဋီကာ။) ဝါ၊ ညည်းတွားခြင်း ဆင်းရဲသည်ကား။ ဥပါယာသော၊ မည်၏။ မနောရထဝိဃာတပ္ပတ္တာနံ၊ နှလုံးအလိုပင်ပန်းခြင်းသို့ ရောက်ကုန်သောသူတို့အား၊ ဝါ၊ နှလုံးအလိုပျက်ခြင်းသို့ ရောက်ကုန်သောသူတို့အား။ ဣစ္ဆာဝိဃာတ-

ဒုက္ခံ၊ အလိုမပြည့် ပျက်ခြင်းကြောင့်ဖြစ်သော ဒုက္ခသည်။ ဣစ္ဆိတာ-လာဘော၊ အလိုရှိအပ်သည်ကို မရခြင်းမည်၏၊ ဝါ၊ မရစကောင်းသည်ကို အလိုရှိသည်မည်၏။ ဣတိ ဧဝံ၊ သို့။ နာနပ္ပကာရတော၊ အထူးထူး အပြားပြားအားဖြင့်။ ဥပပရိက္ခိယမာနာ၊ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်အပ် ကုန်သည်ရှိသော်။ ဥပါဒါနက္ခန္ဓာဝ၊ တို့သည်သာလျှင်။ ဒုက္ခာ၊ မည်ကုန်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။ ကေမေကံ၊ တခုတခုသော။ ယဒေတံ-ယံ ဧတံ ဒုက္ခံ၊ အကြင်ဒုက္ခကို။ ဒဿေတွာ၊ ပြ၍။ (တနည်း။) ယဒေတံ-ယံ ဧတံ ဒုက္ခံ၊ ကို။ ကေမေကံ၊ တပါးတပါးစီ။ ဒဿေတွာ၊ ဤလည်းဒုက္ခ-ဤလည်း ဒုက္ခဟုပြ၍။ ဝုစ္စမာနံ၊ ဟောအပ်သည်ရှိသော်။ အနေကေဟိပိ၊ များစွာ လည်းဖြစ်ကုန်သော။ ကပ္ပေဟိ၊ ကပ်ကမ္ဘာတို့ဖြင့်။ အသေသတော၊ အကြွင်းမရှိသောအားဖြင့်။ ဝတ္တုံ၊ ဟောခြင်းငှါ။ န သက္ကာ၊ မတတ် ကောင်း။ တသ္မာ၊ ကြောင့်။ သဗ္ဗံပိ၊ ဖြစ်သော။ တံ ဒုက္ခံ၊ ကို။ ဧကဇလ-ဗိန္ဒုမှိ၊ တခုသော သမုဒ္ဒရာရေပေါက်၌။ သကလသမုဒ္ဒဇလရသံ၊ အလုံးစုံ သော သမုဒ္ဒရာရေ၏ အရသာကို။ (သံခိပိတွာ၊ ချုံး၍။) ဒဿေတိ ဝိယ၊ ပြသကဲ့သို့။ ယေသု ကေသုစိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ (တိဿ၏ရင်း, ဖုဿ၏ရင်းဟု ဝိသေသမပြု) အကြင်အမှတ်မရှိသော ငါးပါးသော ဥပါဒါ-နက္ခန္ဓာတို့၌။ သံခိပိတွာ၊ (အလုံးစုံသော သတ္တဝါ၌ဖြစ်သော စက္ခုရောဂ စသော အလုံးစုံသောဒုက္ခသည်လည်း ဤသို့ သဘောရှိသည်သာလျှင် တည်းဟု) ချုံး၍။ ဒဿေတုံ ငှါ။ သံခိတ္တေန။ပ။ ဒုက္ခာတိ၊ ဟူ၍။ ဘဂဝါ၊ (ဒေသေတဗ္ဗပကာရကိုသိ၍ ဒေသနာအရာ၌ လိမ္မာတော်မူသော) ရှင်တော် ဘုရားသည်။ အဝေါစ၊ ဟောတော်မူပေပြီ။ ဣတိ၊ ဤဖွဲ့ခြင်းတရပ် အပြီး သတ်တည်း။

အယံ ဥပါဒါနက္ခန္ဓေသု ဝိနိစ္ဆယော။

အယံ တာဝ ဒုက္ခနိဒ္ဒေသေ နယော။

**သမုဒယနိဒ္ဒေသကထာ**

၅၃၃။ ပန၊ ထိုမှတပါး။ သမုဒယနိဒ္ဒေသေ၊ ၌။ ယာယံ တဏှာတိ၊ ကား။ ယာ အယံ တဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာတိ၊ ကား။ ပုနဗ္ဘဝကရဏံ၊ တဖန်အသစ်သောဘဝကို ပြုခြင်းသည်။ ပုနော-

ဗ္ဗဝေါ၊ မည်၏။[၁] [၁၃၈] ဝေါဿ၊ ထိုတဏှာ၏။ ပုနဗ္ဘဝေါ၊ တဖန်ဘဝအသစ်ကို ပြုခြင်းဟုဆိုအပ်သော။ သီလံ၊ သဘောအလေ့သည်။ အဿ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ သာ၊ ထိုတဏှာသည်။ ပေါနောဗ္ဘဝိကာ၊ မည်၏။ နန္ဒိရာဂေန၊ နန္ဒိရာဂမည်သော လောဘနှင့်၊ ဝါ၊ စုံမက်နှစ်သက်တတ် တပ်စွန်းတတ်သောလောဘနှင့်။ သဟဂတာ၊ တကွ အနက်သရုပ်တရားကိုယ် အားဖြင့်တူသည်၏ အဖြစ်သို့ရောက်သည်တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ နန္ဒိရာဂသဟဂတာ၊ မည်၏။ နန္ဒိရာဂေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ အတ္ထတော၊ အနက်သရုပ်တရားကိုယ်အားဖြင့်။ ဧကတ္တမေဝ၊ တူသည်၏ အဖြစ်သို့သာလျှင်။ ဂတာ၊ ရောက်သည်တည်း။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏[၂]။ တတြ တတြာဘိနန္ဒိနီတိ၊ ကား။ ယတြ ယတြ၊

ၢ-ကရဏ-ဟူသော နောက်ပုဒ်ကြေသည်ဟူလို။ မနောသမ္ဘဝေါ ၌ မနော-သဒ္ဒါကဲ့သို့ ပုရိမပဒ၏ ဩကာရန္တအဖြစ်ကို မှတ်အပ်၏။ တနည်းသည်း။ နာဝါယ တရတီတိ နာဝိ-ကော-၌ တရတိ-ကြိယာ၏အနက်ကို ဏိက-ပစ္စည်းဟော၍ ဝုတ္တတ္ထာနမပ္ပယောဂေါ-ဟူသော သုတ်ဖြင့်ကြေသကဲ့သို့ ကရဏ-ဟူသောကြိယာ၏ အနက်ကို ဏိက-ပစ္စည်း ဟောလေရကား ဝုတ္တတ္ထာနမပ္ပယောဂေါ-ဟူသော သုတ်ဖြင့်ကြေ၍ ကရဏ-သဒ္ဒါကွယ်သတည်း။ နည်းနှစ်ပါး တို့၏ အထူးကား ရှေးနည်း၌ ဥတ္တရပဒလောပဖြစ်သော ပုနောဗ္ဘဝ-နှင့် ဏိက-ပစ္စည်းကွဲ သည်။ နောက်နည်းအလိုသော် ပုနောဗ္ဘဝ-ကို ဥတ္တရပဒလောပ မကြံရပြီ၊ ကြိယာဝါစက-ကရဏ-သဒ္ဒါ ဏိက-ပစ္စည်းဟော၍ ကြေသည်၊ ဤကား နည်းနှစ်ပါး အထူးတည်း။ ပုနဗ္ဘဝံ ဒေတီတိ ပေါနောဗ္ဘဝိကာ။ နာနက္ခဏိက ကမ္မဝေဘနာနှင့် ဘကာ့သော တဏှာကို ကောက်။ ပုနဗ္ဘဝါယ သံဝတ္တတီတိ ပေါနောဗ္ဘဝိကာ၊ ကမ္မသဟာယဖြစ်သော တဏှာကိုကောက်။ ပုနပ္ပုနံ ဘဝေ နိဗ္ဗတ္တေတီတိ ပေါနောဗ္ဘဝိကာ၊ နှစ်ပါးစုံကိုကောက်။ သမ္မောဟဝိနောဒနီအဋ္ဌကထာ။ ပုနဗ္ဘဝံ ဖလံ အရဟတိ၊ သော ဝါ ဓေတိဿာ ပယောဇနန္တိ ပေါနောဗ္ဘဝိကာ။ ဤကား ဋီကာနည်း။ မူလဋီ ၂-၆၉။ (ပြည်)

၂-နန္ဒနဋ္ဌေန၊ စုံမက်တတ် နှစ်သက်တတ်သော အနက်ကြောင့်။ နန္ဒိ၊ မည်၏။ ရဉ္ဇနဋ္ဌေန၊ အဝတ်ကိုတပ်စွန်းသော ဆိုးရည်ကဲ့သို့ တပ်စွန်းတတ်သော အနက်ကြောင့်။ ရာဂေါ၊ မည်၏။ ယော စ နန္ဒိရာဂေါ၊ အကြင်စုံမက် နှစ်သက်တတ်, တပ်စွန်းတတ်သော လောဘသည်ရှိ၏။ ယာ စ တဏှာ၊ အကြင်အာရုံကို တောင့်တတတ်၍ တဏှာမည်သော လောဘသည်ရှိ၏။ အတ္ထိ၊ ရှိ၏။ ဧတံ ဥဘယံ၊ ဤနှစ်ပါးအပေါင်းသည်။ ဧကတ္တံ-အတ္ထတော ဧကံ၊ အနက် သရုပ်တရားကိုယ်အားဖြင့် တူကြ၏။ ဧကဉ္စနမေဝ၊ သဒ္ဒါသည်သာလျှင်။ နာနံ၊ ထူး၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ တဏှာ၊ တဏှာမည်သော လောဘကို။ နန္ဒိရာဂေန သဒ္ဓိံ အတ္ထတော ဧကတ္တံ ဂတာတိ၊ ဟူ၍။ အာစရိယေန၊ သည်။ ဝုတ္တာ၊ အပ်၏။ ဤသို့ ဖွင့်သော သမ္မောဟဋီကာ (၆၉) ကိုရှု၍ သဟဂတ-ကို တဗ္ဘော-ဟူ၍ ဤ၌ မဆိုသင့်။ သတလိင်္ဂဿ အတ္ထဿ၊ သဘာလက္ခဏာဓာရိနော။ ဓေကင်္ဒဿီ ဒုမ္မေဓော၊ သတဒဿဝ ပဏ္ဍိ-တော-ဟူသော ဂါထာနှင့်အညီ တခုသော အနက်၏ သကတ်ပဝတ္တိနိမိတ် များသည် ဖြစ်၍ လောဘဟူသော အနက်တရားကိုယ် တခုတည်းဖြစ်သော်လည်း "တဏှာ စ တသိဏာ

အကြောင်အကြောင်ဘဝ, ယောနိ, ဂတိ, ဌိတိ, သတ္တာဝါသတို့၌။ အတ္တဘာဝေါ၊ အတ္တဘောသည်။ နိဗ္ဗတ္တတိ၊ ၏။ တတြ တတြ၊ ထိုထိုအတ္တဘော၏ ဖြစ်ရာဘဝ, ယောနိ, ဂတိ, သတ္တာဝါသတို့၌။ အဘိနန္ဒိနီ၊ အလွန်ရှေးရှုနှစ်သက်တတ်၏။သေယျထိဒန္တိ သော သဒ္ဒေါ၊ သည်။ နိပါတော၊ တည်း။ တဿ၊ ထိုသေယျထိဒံ-ဟူသောနိပါတ်၏။ သာ၊ ထိုတဏှာသည်။ ကတရာ၊ အတိ

---

ဇော၊ ဇာလိနီ စ ဝိသတ္တိကာ။ ဆန္ဒော ဇဋာ နိကန္တျာသာ၊ သိဗ္ဗိနိ ဘဝနေတ္တိ စ” ဤသို့စသည် ပြအပ်သော အမည်ပညတ် များပြားသည်ဖြစ်၍ နန္ဒိရာဂဟူ၍ ဆိုအပ်သော လောဘနှင့် တဏှာဟူ၍ ဆိုအပ်သော လောဘသည် အနက်သရုပ်တရားကိုယ်အားဖြင့် မကွဲမပြား တူသည်၏ အဖြစ်သို့ရောက်သည်ဟု သိစိမ့်သောငှါ သဗ္ဗညုဘုရားသည် “ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ” ဟု ဟောတော်မူသည်ဟူလိုသော်။ ဋီကာ၌ကား “တဗ္ဘာဝတ္ထော ဟိ သေ သဟဂတသဒ္ဒေါ” ဟူ၏။ တဗ္ဘာဝတ္ထလက္ခဏာမထင်၊ ဆင်ခြင်။ ဤ၌ တဗ္ဘောဟူ၍ မဆိုသင့်သော် အဘယ်၌ ဆိုသင့်သနည်း? “ယာယံ တဏှာ ပေါနောဗ္ဘ-ဝိကာ နန္ဒိရာဂသဟဂတာတိ တဗ္ဘာဝေ ဝေဒိတဗ္ဗော၊ နန္ဒိရာဂဘူတာတိ အတ္ထော” ဟု ပဋ္ဌမကုသိုလ်စိတ်အဖွင့် အဋ္ဌသာလိနီ (၁၁၁) ၌ ဆိုသင့်သည်။ “ပုဒ်အနက် အထူးမရှိ တဗ္ဘော၊ ပစ္စည်းအနက် အထူးမရှိ သွတ္ထ”ဟု သဒ္ဒဝိဒူတို့ဆိုကြသည်။ တဗ္ဘောဟူသည်လည်း တဿ ဘာဝေါ အတ္ထော တဗ္ဘာဝေါ။ တဿ၊ ထိုရှေးပုဒ်၏။ ဘာဝေါ အတ္ထော၊ အနက်တည်း။ တဗ္ဘာဝေါ၊ အနက်။ တဗ္ဘာဝေ၊ ထိုရှေးပုဒ်အနက်၌။ နန္ဒိရာဂဟူသော ရှေးပုဒ်၏ အနက်၌ပင်လျှင် သဟဂတ-သဒ္ဒါဖြစ်သည်၊ အနက်အသီးအခြား မရှိဟူလို။ တနည်း။ သော ဧဝ ဘာဝေါ တဗ္ဘာဝေါ။ သော ဧဝ၊ ထိုနန္ဒိရာဂ-ဟူသောပုဒ်၏အနက်သည် ပင်လျှင်။ ဘာဝေါ၊ သဟဂတ-ဟူသောပုဒ်၏ အနက်တည်း။ တဗ္ဘာဝေါ၊ အနက်။ တဗ္ဘာဝေ၊ ထိုနန္ဒိရာဂ-ဟူသောပုဒ်၏ အနက်ဖြစ်သော လောဘဟူသော ပဒတ္ထ၌။ ဝေဒိတဗ္ဗော၊ ၏။ ဂူထဂတ, မုတ္တဂတ-၌ ဂူထ-သဒ္ဒါ မုတ္တ-သဒ္ဒါသည် ဟောအပ်သော ကျင်ကြီး,ကျင်ငယ်ဟူသော အနက်၌ပင်လျှင် ဂတ-သဒ္ဒါဖြစ်၍ ဂတ-သဒ္ဒါ၏အနက် အသီးအခြားမရှိဟူလို။ ထို့ကြောင့် နန္ဒိရာဂဘူတာတိ အတ္ထော-ဟုမိန့်သော်၊ စုံမက်နှစ်သက်တတ် တပ်စွန်းတတ်သော တရား ဖြစ်၍ ဖြစ်၏ဟူလို။ ဤကားနေ့ာမတိဖြစ်သော အဆုံးအဖြတ်တည်း။ အဋ္ဌသာလိနီဋီကာ-၌ကား တတြ တတြ၊ တိုထိုဘဝ ထိုထိုအာရုံ၌။ အဘိနန္ဒနတော၊ ရှေးရှုစုံမက် နှစ်သက်တတ်သည်၏ အဖြစ်ကြောင့်။ နန္ဒီ၊ မည်၏။ နန္ဒိဘူတော၊ စုံမက်နှစ်သက်တတ်သည်ဖြစ်၍ ဖြစ်သော။ ရာဂေါ၊ တပ်စွန်းတပ်သော သဘောတရားသည်။ နန္ဒိရာဂေါ၊ မည်၏။ နန္ဒိရာဂ-ဘာဝေန၊ စုံမက်နှစ်သက်တတ် တပ်စွန်းတတ်သောတရား၏ အဖြစ်ဟူသော သကတ်ပဝတ္တိ-နိမိတ်နှင့်။ သဟဂတာ၊ တကွဖြစ်သည်တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ နန္ဒိရာဂသဟဂတာ၊ မည်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤနန္ဒိရာဂသဟဂတာ-ဟူသောပုဒ်၌။ သမ္ပယောဂ-ဝသေန၊ ဖြင့်။ သဟဂတဘာဝေါ၊ သဟဂတအဖြစ်သည်။ န အတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့သမ္ပယုတ်အားဖြင့် သဟဂတအဖြစ် မရှိသည်၏ အဖြစ်ကြောင့်။ သဟဂတသဒ္ဒေါ၊ သည်။ တဏှာယ၊ ၏။ နန္ဒိရာဂဘာဝံ၊ နန္ဒိရာဂအဖြစ်ကို။ ဇောတေတိ၊ ထွန်းတတ်၏။ စ၊ ဆက်ဦးအံ့။ အဿ၊ ထိုနန္ဒိရာဂသဟဂတ-ဟူသောပုဒ်၏။ နန္ဒိရာဂဘူတာ၊ နန္ဒိရာဂ-

နည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍မေးငြားအံ့။ ဣတိ အတ္ထော၊ နက်။ ကာမတဏှာဘဝတဏှာဝိဘဝတဏှာတိ၊ ဟူကုန်သော။ ဣမာ၊ ဤတဏှာတို့သည်။ ပဋိစ္စသမုပ္ပါဒနိဒ္ဒေသေ၊ ၌။ အာဝိဘဝိဿန္တိ၊ ကုန်လတ့်။ ပန၊ ဆက်ဦးအံ့။ ဣဓ၊ ဤသမုဒယသစ္စနိဒ္ဒေသ၌။ တိဝိဓာပိ၊ သော။ အယံ တဏှာ၊ ကို။ ဒုက္ခသစ္စဿ၊ ကို။ နိဗ္ဗတ္တကဋ္ဌေန၊ ဖြစ်စေတတ်သည်၏ အဖြစ်ဟူသောသဘောဖြင့်။ ကေတ္တံ၊ တခုတည်း၏အဖြစ်သို့။ ဥပနေတွာ၊ ဆောင်၍။ ဒုက္ခသမုဒယော အရိယသစ္စန္တိ၊ ဟူ၍။ ဝုတ္တာ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

## နိရောဓနိဒ္ဒေသကထာ

၁၁၄။ ဒုက္ခနိရောဓနိဒ္ဒေသေ၊ ၌။ တဿာယေဝ တဏှာယာတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ယော သမုဒယနိရောဓော၊ ကို။ ဝုတ္တော၊ ၏။ သော သမုဒယနိရောဓော၊ ကို။ (တဿေဝ ဒုက္ခဿ နိရောဓောတိ၊ ဟူ၍။ အဝတွာ၊ မူ၍။ တဿာယေဝ တဏှာယာတိ၊ ဟူ၍။) ကသ္မာ၊ ကြောင့်။ ဝုတ္တော၊ နည်း။ ဣတိ၊ သို့။ စေ ဝဒေယျ၊ အံ့။ သမုဒယနိရောဓေန၊ အကြောင်းဖြစ်သော သမုဒယ၏ ချုပ်ခြင်းကြောင့်။ ဒုက္ခနိရောဓော၊ အကျိုးဖြစ်သောဒုက္ခ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ သမုဒယနိရောဓေန၊ ကြောင့်။ ဒုက္ခံ၊ သည်။ နိရုဇ္ဈတိ၊ ၏။ အညထာ၊ တပါးသောအကြောင်းကြောင့်။ န နိရုဇ္ဈတိ၊ မချုပ်။ (တသ္မာ၊ ကြောင့်။

အဖြစ်နှင့်တကွဖြစ်၍ ဖြစ်၏။ ဣတိ အတ္ထော၊ ဤကားအနက်- ဟုဆို၏၊ ဤဋီကာ အလိုသော် တဿ ဘာဝေါ တဗ္ဘာဝေါ။ တဿ၊ ထိုနန္ဒီရာဂ၏။ ဘာဝေါ၊ အဖြစ်ဟူသော သကတ်ပဝတ္တိနိမိတ်တည်း။ တဗ္ဘာဝေါ၊ နန္ဒီရာဂ၏ အဖြစ်ဟူသော သကတ်ပဝတ္တိနိမိတ်။ တဗ္ဘာဝေ၊ ၌။ ဝေဒိတဗ္ဗော၊ ၏။ ဤ၌ ဘာဝ ၏ သကတ်ပဝတ္တိနိမိတ်ဘောဟောဟူလိုသည်။ တိုအလိုကား ဘာဝေါ ပဒတ္ထော သတ္တာယ၊ မဝိပ္ပါယကြိယာသု စ။ သဘာဝသ္မိံ စ လီသာယံ၊ ပုရိသိတ္ထိန္ဒြိယေသု စ-ဟူ၍ မိန့်ရကား အာသယာသယီဘာဝေါ-၌ကဲ့သို့ ပဒတ္ထ၌ဖြစ်သည် ဟူလိုသည်။ ဘာဝေါ, အဝတ္ထာ, အဘိဓေယျော, ဝစနီယော, ဝစ္စံ-တို့ကား ပရိယာယ်တည်း။ အတ္တနော့မတိ ကိဥ္စာပိ၊ ကသိတာ သဗ္ဗဒုဗ္ဗလာ။ တထာပိ နယမာဒါယ၊ ကသိတတ္တာ အကောပိယာ။ အာကာရေန မနာပေန၊ ကထနေ ယေန ကေနစိ။ န ဝိရုဇ္ဈတိ စေ အတ္ထော၊ တံ ပမာဏံ သုဓီမတံ။ အမိပ္ပါယော သုဒ္ဓဗုဒ္ဓေါ၊ ယသ္မာ ဝိဇ္ဇတိ ပါဠိယံ။ တသ္မာ ဥပဋ္ဌဟံ ဂဏှေ၊ ဂရုံ ဂရုမတံ ဝိဒူ။ (ပြည်)

တဿာယေဝ တဏှာယာတိ၊ ဟူ၍။ ဝုတ္တော၊ ၏။) ဝေနာဟ၊ ကား ထင်ပြီ။

မူလေ၊ ရေသောက်မြစ်သည်။ အနုပဒ္ဒဝေ၊ ဥပဒ္ဒဝေါမရှိသည်ဖြစ်၍။ ဒဠှေ၊ မြဲမြံသည်ရှိသော်။ ဆိန္နောပိ၊ ဖြတ်အပ်သော ခက်မ, ခက်သေး ရှိသော်လည်း။ ရုက္ခော၊ သည်။ ပုနဒေဝ၊ တဖန်လျှင်။ ရူဟတိ ယထာပိ၊ ပေါက်ရောက်ပြန်သကဲ့သို့လည်း။ ဧဝံပိ၊ ဤအတူလည်း။ တဏှာနုသယေ၊ တဏှာနုသယည်းကို။ အနူဟတေ၊ မပယ်အပ်သေးလတ်သော်။ ဣဒံ ဒုက္ခံ၊ သည်။ ပုနပ္ပုနံ၊ တလုံလဲလဲ။ နိဗ္ဗတ္တတိ၊ ၏။

ဣတိ၊ သို့။ သမုဒယနိရောဓနေဝ၊ ကြောင့်သာလျှင်။ ဒုက္ခံ၊ သည်။ နိရုဇ္ဈတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဘဂဝါ၊ သည်။ ဒုက္ခနိရောဓံ၊ ကို။ ဒေသေန္တော၊ သော်။ သမုဒယနိရောဓေနေဝ၊ ဖြင့်သာလျှင်။ ဒေသေသိ၊ ၏။ ဟိ-သစ္စံ၊ ၏။ တထာဂတာ၊ တို့သည်။ သီဟသမာနဝုတ္တိနော၊ ခြသေ့နှင့်တူသော အကျင့်ရှိကုန်၏။ တော၊ ထိုခြသေ့တူလျော် ရှင်တော်ဘုရားတို့သည်။ ဒုက္ခံ၊ ကို။ နိရောဓေန္တော စ၊ ချုပ်စေကုန်သော်ငင်း။ ဒုက္ခနိရောဓံ၊ ကို။ ဒေသေန္တာ စ၊ ဟောတော်မူကုန်သော်ငင်း။ ဟေတုမှိ၊ ၌။ ပဋိပဇ္ဇန္တိ၊ ကုန်၏။ ဖလေ၊ ၌။ န ပဋိပဇ္ဇန္တိ၊ ကုန်။ ပန၊ ကွဲလွဲသည်ကို ဆိုအံ့။ တိတ္ထိယာ၊ တို့သည်။ သုဝါနဝုတ္တိနော၊ ခွေးနှင့်တူသော အကျင့်ရှိကုန်၏။ တော၊ ထိုခွေးအကျင့်ရှိသော တိတ္ထိတို့သည်။ ဒုက္ခံ၊ ကို။ နိရောဓေန္တာ စ၊ ငင်း။ ဒုက္ခနိရောဓံ၊ ကို။ ဒေသေန္တာ စ၊ ငင်း။ အတ္တကိလမထာနုယောဂဒေသနာဒီဟိ၊ တို့ဖြင့်။ ဖလေ၊ ၌။ ပဋိပဇ္ဇန္တိ၊ ကုန်၏။ ဟေတုမှိ၊ ၌။ န ပဋိပဇ္ဇန္တိ၊ ကုန်။ ဣတိ၊ ဤသို့မှတ်အပ်၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ တာဝ၊ စွာ။ ဒုက္ခနိရောဓဿ၊ ကို။ သမုဒယနိရောဓဝသေန၊ ဖြင့်။ ဒေသနာယ၊ ၏။ ပယောဇနံ၊ ကို။ ဝေဒိတဗ္ဗံ၊ ၏။

၅၅၅။ အယံ ပန၊ ကား။ အတ္ထော၊ တည်း။ တဿာယေဝ တဏှာယာတိ၊ ကား။ ပေါနောဗ္ဘဝိကာတိ၊ ဟူ၍။ ဝတွာ၊ ပြီး၍။ ကာမတဏှာဒိဝသေန၊ ဖြင့်။ တဿာ ဝိဘတ္တတဏှာယ၊ ထိုသို့ဝေဖန်အပ်ပြီးသောတဏှာ၏။ မဂ္ဂေါ၊ ကို။ ဝိရာဂေါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (ဣတိ-ကြေ။) ဟိ-သစ္စံ၊ ၏။ ဝိရာဂါ ဝိမုစ္စတီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဝိရာဂါ၊ သမုဒယ၏ ပြတ်ကြောင်းဖြစ်သော အရိယမဂ်ကြောင့်။ ဝိမုစ္စတိ၊ ၏၊ ဝါ၊ ဝိမုတ္တိဟူသောဖိုလ်

ဖြစ်၏။ (ဝိရဇ္ဇတိ ပလုဇ္ဇတိ ဆိဇ္ဇတိ သမုဒယော ဧတေနာတိ ဝိရာဂေါ ဝုစ္စတိ မဂ္ဂေါ။ ဋီကာ။) ဝိရာဂေန၊ မဂ်ဖြင့်။ နိရောဓော၊ ချုပ်ခြင်း။ ဝိရာဂနိရောဓော၊ မဂ်ဖြင့်ချုပ်ခြင်း။ အနုသယသမုဂ္ဃါတတော၊ အနုသယကို အကြွင်းမဲ့ ဖြတ်ခြင်းကြောင့်။ အသေသော၊ အကြွင်းမရှိကုန်အောင်စုံသော။ ဝိရာဂနိရောဓော၊ မဂ်ဖြင့်ချုပ်ခြင်း။ အသေသဝိရာဂနိရောဓော၊ ခြင်း။ (ဤအလိုသော် ရာဂ၏ အနုပ္ပါဒနိရောဓကို မှချယူ၍ နိဗ္ဗာန်ကို ဖလူပစာရအားဖြင့်ကောက်သည်။) အထ ဝါ၊ ကား။ ပဟာနံ၊ ကို။ ဝိရာဂေါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (ဝိရဇ္ဇနံ ပလုဇ္ဇနံ သမုစ္ဆိန္ဒနံ ဝိရာဂေါ-မူ၍ ပဟာန်ကိုရသည်။) တသ္မာ၊ ထိုသို့ ဝိရာဂ-သဒ္ဒါ, နိရောဓ-သဒ္ဒါ တို့၏ ပဟာန-ပရိယာယ်ဖြစ်သောကြောင့်။ [၁၃၉] အနုသယသမုဂ္ဃါတတော၊ ကြောင့်။ (ပဌမဝိကပ်ကဆောင်၍စပ်။) အသေသော၊ သော။ ဝိရာဂေါ၊ အကြွင်းမဲ့ဖြတ်ခြင်း,ပယ်ခြင်း။ အသေသော၊ သော။ နိရောဓော၊ အကြွင်းမဲ့ ချုပ်ခြင်း,ပယ်ခြင်း။ ဣတိ ဧဝမ္ပိ၊ သို့လည်း။ ဧတ္ထ၊ ဤအသေသဝိရာဂနိရောဓော ဟူသောပုဒ်၌။ ယောဇနာ၊ သမာသ်ယှဉ်တွဲခြင်းကို။ ဒဋ္ဌဗ္ဗာ၊ ၏[၁]။ ပန၊ ထိုသို့ဝိရာဂနိရောဓစသည်ကို ဝိရဇ္ဇနံ ဝိရာဂေါ နိရုဇ္ဈနံ နိရောဓော စသည်ပြု၍ ဘောကို ဟောသော်လည်း။ အတ္ထတော၊ ပရမတ္ထအားဖြင့်၊ ဝါ၊ သရုပ်အားဖြင့်။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဧတာနိ၊ ဤဝိရာဂေါ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာသယော-ပုဒ်တို့သည်။ နိဗ္ဗာနဿ၊ ၏။ ဝေဝစနာနိ၊ ဝေဝုစ်နှင်နှင်တို့တည်း[၂]။ ဟိ-သစ္စံ၊ ၏၊ ဝါ၊ ဟိ ယသ္မာ၊ ကြောင့်။ ပရမတ္ထတော၊ အားဖြင့်။ နိဗ္ဗာနံ၊ ကို။ ဒုက္ခနိရောဓော အရိယသစ္စန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (န ဒုက္ခဿ နိရုဇ္ဈနမတ္တံ။ လှန်။ ဒုက္ခဿ၊ ၏။ နိရုဇ္ဈနမတ္တံ၊ ချုပ်ခြင်းမျှကို။ န ဝုစ္စတိ၊ မဆိုအပ်။ တသ္မာ၊ ထိုသို့ နိဗ္ဗာန်စင်စစ်ကို ဒုက္ခနိရောဓ-

---

၁-ဤသို့ ပယ်ခြင်း, ချုပ်ခြင်းမျှကိုမှချယူ၍ ဖလူပစာရအားဖြင့် နိဗ္ဗာန်ကိုချည်း နှင်နှင် ဝိရာဂ, နိရောဓ, စာဂ, ပဋိနိဿဂ္ဂ, မုတ္တိ, အနာလယတို့၌ ကောက်ခဲလိုရကား အတ္ထတော ပန-စသည်ကိုမိန့်သော်။ (ပြည်)

၂-စာဂေါ စသော ပုဒ်တို့ကိုလည်း သင်္ဂြိုဟ်၍ သဗ္ဗာနေဝ ဧတာနိ ဟူသည်၊ ဝိရာဂနိရောဓောချည်းကိုသာမဟုတ်ဘူး။ စာဂါဒိပဒါနိပိ ဂဟေတွာ ဝဒတိ သဗ္ဗာနေဝ ဧတာနီတိ ဋီကာ။ ဆိုအပ်ပြီးသော အနက်ကို ပြီးစီးစေခြင်းငှါ ပရမတ္ထတော ဟိ-စသည်ကို မိန့်သော်။ ဟိ-ကား သမတ္ထနတည်း။ (ပြည်)

အရိယသစ္စဟုဆိုအပ်သည် အဖြစ်, ဒုက္ခသ နိရုဇ္ဈမတ္တကို ဒုက္ခနိရောဓ မဆို အပ်သည်၏ အဖြစ်ကြောင့်။ တဏှာယ ဝိရာဂနိရောဓာဒိသဒ္ဒါနိပိ-စသော ပုဒ်တို့သည်လည်း။ နိဗ္ဗာနဝေဝစနာနိ၊ နိဗ္ဗာန်၏ ပရိယာယ်နှင့်နှင့်တို့ပင် တည်း[၁]။) ပန၊ ဥပမာခဲကတ် ဝစနတ်မှတပါး အဖြောင့်သင့်သည်ကိုဆိုအံ့။ ယသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ အာရုံပြုသောအားဖြင့် ရောက်၍။ တဏှာ၊ သည်။ ဝိရဇ္ဇတိ စေဝ၊ အရိယမဂ်၏ အစွမ်းဖြင့် ကုန်ခြင်းသို့ ရောက်သည်ဖြစ်၍ ကင်းလည်းကင်း၏။ နိရုဇ္ဈတိ စ၊ တဖန် မဖြစ်ခြင်းသို့ ရောက်သည်၏အစွမ်းဖြင့် ချုပ်လည်းချုပ်၏[၂]။ တသ္မာ၊ ကြောင့်။ ဝိရာဂေါတိ စ၊ ၎င်း။ နိရောဓောတိ စ၊ ၎င်း။ ဝုစ္စတိ၊ ၏။ စ၊ ထိုမှတပါး။ ယသ္မာ၊ ကြောင့်။ တဒေဝ နိဗ္ဗာနမေဝ၊ ကိုသာလျှင်။ အာဂမ္မ၊ ၍။ တဿာ၊ ထိုတဏှာကို။ စာဂါဒယော၊ စွန့်ခြင်းစသည်တို့ သည်။ ဟောန္တိ၊ ကုန်၏။ စ၊ ပါး။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ကာမဂုဏာ-လယေသု၊ ကာမဂုဏ်ဟူသော အာလယစသည်တို့တွင်။ (ကာမဂုဏာ-လယာဒီသု-ရှိသင့်သောဟု ဋီကာဟူ၏။) ဧကောပိ၊ သော။ အာလယော၊ သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ (တံ နိဗ္ဗာနံ၊ ကို။) စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယောတိ စ၊ ဟူ၍လည်း။ ဝုစ္စတိ၊ ၏။

၅၅၆။ တယိဒံ-တံ ဣဒံ နိဗ္ဗာနံ၊ သည်။ သန္တိလက္ခဏံ၊ (ချက်ကုန်ရှိမှ့ သရွေသော ဝဋ္ဋ်ဆင်းရဲအပူကို)ငြိမ်းအေးစေခြင်းလက္ခဏာ ရှိ၏။ အစ္စုတိ-ရသံ၊ မရွေခြင်းဟူသောဂုဏ် ရှိ၏၊ ဝါ၊ ကား။ အဿာသကရဏရသံ၊ (သံသရာဒုက္ခမှ ငြီးငွေ့သောသူအား) သက်သာခြင်းကို ပြုခြင်းကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ပဉ္စက္ခန္ဓာဟူသောနိမိတ်မှ ဆိတ်သည်၏အဖြစ်ကြောင့် ကိုယ်အထည် လုံးလုံးလျောင်းလျောင်း မရကောင်းသည်ဖြစ်၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ ဝါ၊ ကား။ နိပ္ပပဉ္စပစ္စုပဋ္ဌာနံ၊ (သံသရာဒုက္ခ အစမဆုံး နိုင်အောင် ချဲ့တတ် ကျယ်ပွါးစေတတ်သော တဏှာ, ဒိဋ္ဌိ, မာန-ဟူသော)

---

၁-တသ္မာ စ သော လဒ္ဒဂုဏ်ကား ထည့်သည်၊ ယခုအခါ ဝိရဇ္ဇနံ ဝိရာဂေါ, နိရုဇ္ဈနံ နိရောဓော, စဇနံ စာဂေါ စသည်ဘာဝသာဓ်ပြု၍ နိဗ္ဗာန်ကို အရလုခုသည်ကား လိမ်သည် ဟူ၍ သောတုဇနတို့ ထင်ရာသောကြောင့်၊ တူညှတိုက်ချိက်ရသော ဝစနတ်ကို ဆိုပြန်လို ရကား ယသ္မာ ပန-စသည်ဆိုမိန့်သော်။ (ပြည်)

၂-ခယဂမနဝသေန ဝိရဇ္ဇတိ အပ္ပဝတ္တိဂမနဝသေန နိရုဇ္ဈတိ။ မူလဋီကာ ၂-၇၀။ ဤဋီကာကား ဝိရဇ္ဇီယတိ နိရောဓီယတိ-ဟူခဲ့ရကား ကံကြိုက်သည်။ (ပြည်)

ပပဉ္စကင်းသည်၏အဖြစ်ကို ဖြစ်စေတတ်၏။ (ဤတယိဒံ-စသောပါဌ်သည် ပေါရာဏမဟုတ်၊ နောက်တိုးဟူ၏။)

## နိဗ္ဗာနကထာ

၅၇၇။ နိဗ္ဗာနံ၊ သည်။ နတ္ထေဝ၊ မရှိသည်သာလျှင်တည်း။ သသဝိ-သာဏံ၊ ယုန်ချိုသည်။ နတ္ထိ ဝိယ၊ မရှိသကဲ့သို့တည်း။ (ကသ္မာ၊ ကား။) အနုပလဗ္ဘနီယတော၊ မရအပ်, မသိအပ်သည်၏အဖြစ်ကြောင့်။ ဣတိ၊ သို့။ (စောဒကော၊ သည်။) စေ ဝဒေယျ၊ အံ့ ။ (နိဗ္ဗာနံ၊ သည်။ နတ္ထေဝ၊ မရှိသည်ကား။) န၊ မဟုတ်။ (အတ္ထိ ဧဝ၊ ရှိသည်သာသျှင်တည်း။ ကသ္မာ၊ ကား။) ဥပါယေန၊ သမ္မာပဋိပတ်ဟူသော သင့်သောအကြောင်းဖြင့်။ (အရိယေဟိ။ တို့သည်။) ဥပလဗ္ဘနီယတော၊ ရအပ်,သိအပ်သည်၏အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ ၏။ ဝါ၊ ဟိ-ယသ္မာ၊ ကြောင့်။ တံ နိဗ္ဗာနံ၊ ကို။ တဒနုရူပပဋိပတ္တိသင်္ခါတေန၊ ထိုနိဗ္ဗာန်အားလျော်သော ပဋိပတ်ဟုဆိုအပ်သော။ ဥပါယေန၊ သမ္မာပဋိပတ်ဟူသော သင့်သောအကြောင်းဖြင့်။ ဥပ-လဗ္ဘတိ၊ ရအပ်,သိအပ်၏။ (ကိမိဝ၊ ကား။) စေတောပရိယညာဏေန၊ ဖြင့်။ ပရေသံ၊ တို့၏။ လောကုတ္တရစိတ္တံ၊ ကို။ ဥပလဗ္ဘတိ ဝိယ၊ သိအပ်သကဲ့သို့တည်း။ တသ္မာ၊ ကြောင့်။ အနုပလဗ္ဘနီယတော နတ္ထီတိ၊ ဟူ၍။ (တယာ၊ သည်။) န ဝတ္တဗ္ဗံ၊ မဆိုသင့်[၂]။ ဟိ-သစ္စံ၊ ၏။ ယံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်ကို။

---

၁-ဤစောဒနာ၌ နတ္ထေဝ နိဗ္ဗာနံ-သည် သာမညပဋိညာဉ်ဖြစ်အံ့၊ မိမိစောဒကသည် လိုအပ်သော ခယမတ္တာသော နိဗ္ဗာန်၏သည်း အဘာဝသည် ရောက်ခဲ့၏၊ ယင်းသို့ ရောက်သော် ပဋိညာဝိရောဓဖြစ်ရာ၏၊ ထိုသို့မဟုတ် သူတပါးတို့သည် လိုအပ်သော နိဗ္ဗာန်ကိုရည်၍ ပဋိညာဉ်ဖြစ်အံ့၊ ဤသို့ဖြစ်သော် အကြောင်းမထင်ရှားခဲ့၊ ထိုသို့အကြောင်း မရကောင်းသည်၏ အဖြစ်ကြောင့် စောဒနာ၏အမှိုသည်မပြီး၊ ထိုသို့ဖြစ်၍ ပစ္စက္ခအားဖြင့် မရကောင်းသလော၊ ယင်းသို့မဟုတ် အနုမာနအားဖြင့်သလော။ ပစ္စက္ခအားဖြင့် ဟူငြားအံ့၊ စက္ခုစသည်တို့ဖြင့် အနေကန္တိကတာအဖြစ်ကြောင့်, အနုမာနအားဖြင့်ဟူငြားအံ့၊ သူတပါး လိုအပ်သည်ကိုရည်၍ အကြောင်းမထင်၊ ထို့ကြောင့် ထိုစောဒကစကားကို န-ဟု ပဋိသေဓ ပြုပြီး၍ ဥပါယေန ဥပလဗ္ဘနီယတော-စသည်ကို မိန့်သော်။ (ပြည်)

၂-အခိပ္ပါယ်ကား စေတောပရိယညာဏလာဘီ အရိယာတို့သာ သူတပါးတို့လောကုတ္တရာစိတ်ကိုသိကုန်၏၊ ထိုတွင်လည်း ရဟန္တာတို့သာ အလုံးစုံတို့၏ ထိုစိတ်ကိုသိကုန်၏၊ ခပ်သိမ်းသောအရိယာတို့မသိကုန်။ ထိုအတူနိဗ္ဗာန်ကိုလည်း သီလသမာဓိပညာဟူသော သမ္မာ-ပဋိပတ်ဖြစ်သော ဥပါယဖြင့်သာ သိအပ်၏ဟူလို။ ဆိုအပ်ပြီးသော အကြောင်းကို သုံးသပ်၍ လဒ္ဓဂုဏ်ကို တသ္မာ။ပ။ န ဝတ္တဗ္ဗံ-ဟူသည်။ အဓိပ္ပါယ်ကား ဥပလဗ္ဘနီယတော-ဟိတ်လာ။ ထိုကိုဗျတိရိက်ဖြင့် မြဲစေလိုရကား န ဟိ ယံ-စသည်ကို မိန့်သော်။ (ပြည်)

ဗာလပုထုဇ္ဇနာ၊ တို့သည်။ န ဥပလဘန္တိ-န ပဋိဝိဇ္ဈန္တိ၊ ကုန်။ တံ၊ ကို။ နတ္ထီတိ၊ ဟူ၍။ န ဝတ္တဗ္ဗံ၊ အပ်။

၅၅၈။ (တကြောင်းတသွယ် ဖြေပြန်လိုရကား အပိ စ- စသည်ကို မိန့်သော်။) အပိ စ၊ တကြောင်းလည်း။ နိဗ္ဗာနံ၊ သည်။ နတ္ထီတိ၊ မရှိဘူး ဟူ၍။ န ဝတ္တဗ္ဗံ၊ အပ်။ ကသ္မာ၊ ကား။ ပဋိပတ္တိယာ၊ နိဗ္ဗာန်ရောက်စ သမ္မာပဋိပတ်၏။ ဝဉ္စျဘာဝါပဇ္ဇနတော၊ မြုံသည်၏အဖြစ်သို့ ရောက်ခြင်း ကြောင့်တည်း[၁]။ ဟိ၊ ထင်စေအံ့၊ ဝါ၊ မှန်၏။ နိဗ္ဗာနေ၊ သည်။ အသတိ၊ သော်။ သမ္မာဒိဋ္ဌိပုရေဇဝါယ၊ သမ္မာဒိဋ္ဌိပုဗ္ဗင်မဖြစ်သော။ သီလာဒိခန္ဓတ္တယ-သင်္ဂဟာယ၊ သီလစသောခန္ဓတ္တယဖြင့် သင်္ဂြိုဟ်အပ်သော။ သမ္မာပဋိပတ္တိ-ယာ၊ ၏။ ဝဉ္စျဘာဝေါ၊ မြုံသည်၏အဖြစ်သည်။ အာပဇ္ဇတိ၊ ဖြစ်ခဲ့ရာ၏။ (မြုံလိုလျှင် မြုံပစေဆရာ၊ ဘယ်သို့ကြောင့်ကြသနည်းကြောင့်-န စာယံ-စသည်ကို ဆက်ပြန်သော်။) စ၊ ဆက်ဦးအံ့။ အယံ သမ္မာပဋိပတ္တိ၊ သည်။ န ဝဉ္စျာ၊ မမြုံ။ နိဗ္ဗာနပါပနတော၊ နိဗ္ဗာန်သို့ရောက်သည်၏ အဖြစ်ကြောင့် တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ (နိဗ္ဗာနံ နတ္ထီတိ၊ ဟူ၍။ န ဝတ္တဗ္ဗံ၊ မဆို သင့်။) အဘာဝပါပကတ္တာ၊ သမ္မာပဋိပတ္တိဖြင့် ကိလေသာကို ဖြတ်ခြင်းကို မုခပြုသဖြင့် ခန္ဓာတို့၏ အဘာဝသို့ ရောက်စေသည်၏ အဖြစ်ကြောင့်။ ပဋိပတ္တိယာ၊ ပဋိပတ်၏။ ဝဉ္စျဘာဝပတ္တိ၊ မြုံသည်၏အဖြစ်သို့ ရောက်ခြင်း သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ တံ၊ သင်စောဒကသည်။ စေ ဝဒေယျာသိ၊ အံ့။ (ထိုစကားကို န-ဟု ပဋိက္ခေပပြုသတည်း။) (အဘာဝ-ပါပကတ္တာတိ၊ ဟူ၍။ ဝဒန္တေန၊ ဆိုသည်ဖြစ်၍။ တယာ၊ သည်။ ခန္ဓာနံ အဘာဝေါ နိဗ္ဗာနန္တိ၊ ဟူ၍။ ယံ ပဋိညာတံ၊ အကြင်ဝန်ခံအပ်ပြီ။ တံ၊ ထိုပဋိညာဉ်ကို။) န ကတ္တဗ္ဗံ၊ အပ်။ (ကသ္မာ၊ နည်း။) အတီတာနာဂတာ-ဘာဝေပိ၊ အတိတ်အနာဂတ် ခန္ဓာတို့၏ မရှိခြင်းအဘာဝ၌လည်း။ နိဗ္ဗာန-ပတ္တိယာ၊ နိဗ္ဗာန်သို့ရောက်ခြင်း၏။ အဘာဝတော၊ ကြောင့်တည်း။ (အတီတာနာဂတာနမေဝ ကေဝလံ၊ အတိတ်အနာဂတ် သက်သက်တို့၏

---

၁-သံသာရတော သံဝိဂ္ဂမာနဟဒယာ သမ္မာပဋိပတ္တိယာ နိဗ္ဗာနံ အဓိဂစ္ဆန္တိ-ဟူသော ဤနယသည် သဗ္ဗသမယဖြင့်ပြီး၏၊ ထိုသမယ၌ သာသနာနှင့် ယှဉ်သော သမယကိုသာ မှီ၍ ပဋိပတ္တိယာ ဝဉ္စျဘာဝါပဇ္ဇနတော-ကိုမိန့်သော်။ (ပြည်)

သာလျှင်။ နု၊ မဟုတ်။ အထ ခေါ၊ ကား။) ဝတ္တမာနာနမ္ပိ၊ ပစ္စုပ္ပန် ခန္ဓာတို့၏လည်း။ အဘာဝေါ၊ သည်။ နိဗ္ဗာနံ၊ တည်း။ ဣတိ၊ သို့။ တွံ၊ သင် စောဒကသည်။ စေ ဝဒေယျာသိ၊ အံ့။ (တံ ဝစနံ၊ ကို။) န ဝတ္တဗ္ဗံ၊ အပ်။ (ကသ္မာ၊ ကား။) တေသံ၊ ထိုဝတ္တမာန်ခန္ဓာတို့၏။ အဘာဝါသမ္ဘဝတော၊ အဘာဝ၏မဖြစ်သင့်သောကြောင့်တည်း။ အဘာဝေ စ၊ မရှိလျှင်လည်း။ အဝတ္တမာနဘာဝါပဇ္ဇနတော၊ ဝတ္တမာန်မဟုတ်သောအဖြစ်သို့ ရောက်သောကြောင့်တည်း[၁]။ ဝတ္တမာနက္ခန္ဓနိဿိတမဂ္ဂက္ခဏေ၊ ပစ္စုပ္ပန်ခန္ဓာကိုမှီသော မဂ်ခဏ၌။ သောပါဒိသေသနိဗ္ဗာနဓာတုပတ္တိယာ၊ သဥပါဒိသေသ နိဗ္ဗာန ဓာတ်သို့ ရောက်ခြင်း၏။ အဘာဝဒေါသတော၊ မရှိဟူသော အပြစ်ရှိသော ကြောင့်။ (န ဝတ္တဗ္ဗံ၊ အပ်။) (မယံ၊ တို့သည်။ သဗ္ဗေသံယေဝ၊ ရှိသမျှ အလုံးစုံသော တရားတို့၏သာလျှင်။ အဝတ္တမာနတာယ၊ ဝတ္တမာန်မဟုတ် သည်၏အဖြစ်ဖြင့်၊ ဝါ၊ ကြောင့်။ နိဗ္ဗာနံ၊ ကို။ န ဝဒါမ၊ မဆိုပါကုန်။ စရဟိ၊ ထိုသို့မဆိုသော်။ ကာရဏံ၊ အကြောင်းကား။ ကိံ၊ နည်း။ ဣတိ စေ၊ အံ့။) တဒါ၊ ထိုမဂ်ခဏ၌။ ကိလေသာနံ၊ တို့၏။ အဝတ္တမာနတ္တာ၊ ဝတ္တမာန် မဟုတ်သည်၏အဖြစ်ကြောင့်တည်း။ (တသ္မာ၊ ကြောင့်။) န ဒေါသော- ယထာဝုတ္တဒေါသာဘာဝေါ၊ အရှင်ဆိုအပ်သော ဒေါသ၏မရှိခြင်းသည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ တွံ၊ သင်စောဒကသည်။ စေ ဝဒေယျာသိ၊ အံ့[၂]။ တံ ဝစနံ၊ တဒါ ကိလေသာနံ အဝတ္တမာနတ္တာ-ဟူသော ထိုစကားကို။ တယာ၊ သည်။ န ဝတ္တဗ္ဗံ၊ အပ်။ တနည်း။ န န ဒေါသော၊ အပြစ်မရှိသည် မဟုတ်။ (သဒေါသောယေဝ၊ အပြစ်အတိ ချုံ့သိုငြိသည်သာလျှင်တည်း။

---

၁-စဉ်းငယ်ထိုထက်လွန်စွာ အပြစ်ဆိုဖွယ်ရှိသေး၏။ အကယ်၍ ဝတ္တမာနတို့၏ အဘာဝ သည် နိဗ္ဗာန်ဖြစ်အံ့၊ မဂ်ဖြစ်သောအခိုက်၌ ထိုမဂ်၏နိဿယဖြစ်ကုန်သော ခန္ဓာတို့သည် ဝတ္တမာန်ဖြစ်ကုန်၏။ ထိုကြောင့် ထိုအခါ နိဗ္ဗာန်၏အဘာဝသည်ဖြစ်ရာ၏၊ ယင်းသို့ဖြစ်က လည်း မဂ်ခဏ၌လည်း နိဗ္ဗာနသစ္ဆိကိရိယာ၏အဘာဝသည် ရောက်၏ဟု ပြလိုသည်ဖြစ်၍- "ဝတ္တမာန ။ပ။ဒေါသတော"-ဟုမိန့်သော်။ (ပြည်)

၂-မဂ်ခဏ၌ ကိလေသာတို့၏ အဝတ္တမာန်ဖြစ်ဆဲ မဟုတ်သည်၏ အဖြစ်သည် နိဗ္ဗာန်မည် ရကား ဝတ္တမာနာနမ္ပိ အဘာဝေါ နိဗ္ဗာနံ-ဟု ငါတို့ဆိုသော စကားသည် အပြစ်စိုးစိမရှိ၊ အလုံးစုံသော ပစ္စုပ္ပန်ခန္ဓာတို့၏ မရှိခြင်းကိုရည်၍ မဆိုပါဘူးဟူသောစကားကို ဆိုငြားအံ့ ဟူလိုသော်။ (ပြည်)

ကသ္မာ၊ ကား[၁]။) အရိယမဂ္ဂဿ၊ ၏။ နိရုတ္တကဘာဝါပဇ္ဇနတော၊ နိရုတ္တက-ဘာဝအဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ ဟိ-သစ္စံ၊ ၏၊ ဝါ၊ ဟိ-ယသ္မာ၊ ကြောင့်။ ဝေံ-ဣမသ္မိံ အဘာဝဿ နိဗ္ဗာနဘာဝေ၊ ဤမဂ်ခဏ၌ ကိလေသာတို့၏မရှိခြင်း အဘာဝ၏ နိဗ္ဗာန်မည်သည်၏အဖြစ်သည်။ သတိ၊ ရှိခဲ့သော်။ အရိယမဂ္ဂက္ခဏတော၊ အရိယမဂ်ဖြစ်သောခဏမှ။ ပုဗ္ဗေပိ၊ ရှေးအဖို့၌လည်း။ ကိလေသာ၊ တို့သည်။ န သန္တိ၊ မရှိကုန်။ ဣတိ-တသ္မာ၊ ကြောင့်။ အရိယမဂ္ဂဿ၊ ၏။ နိရုတ္တကဘာဝေါ၊ သည်။ အာပဇ္ဇတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ နိဗ္ဗာန်၏ အနုပလဗ္ဘနီယအဖြစ်, အဘာဝမတ္တအဖြစ်၏ မဖြစ်သင့်ခြင်းစသော အကြောင်းကြောင့်။ (နိဗ္ဗာနဿ၊ ၏။ အဘာဝသာဓနတ္ထံ၊ မရှိသည်၏အဖြစ်ကို ပြီးစေခြင်းအကျိုးငှါ။ ယဒိဒံ-ယံ ဣဒံ ကာရဏံ၊ အနုပ-လဗ္ဘနီယတော အဘာဝပါပကတ္တာ တဒါ ကိလေသာနံ အဝတ္တမာနတ္တာ-ဟု ဤသို့ရေရွတ်အပ်သော အကြင်အကြောင်းကို။ တယာ၊ သည်။ ဝုတ္တံ၊ ပြီ။ ။ဤကား အနိယတ်ဝါကျထည့်သည်။) တေံ ကာရဏံ၊ ဤသင်ရေရွတ်ထုတ်ဖော်အပ်သော အကြောင်းတုသည်။ အကာရဏံ၊ သင့်သော အကြောင်းယုတ္တိမဟုတ်။

၅၅၉။ ယော ခေါ အာဝုသော။ပ။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ ခယော၊ ရာဂဒေါသမောဟတို့၏ ကုန်ခြင်းသည်။ နိဗ္ဗာနံ၊ မည်၏။ ဣတိ ဝစနံ၊ ကို။ (တွံ၊ သည်။) စေ ဝဒေယျာသိ၊ အံ့။ (တံ ဝစနံ၊ ကို။ တယာ၊ သည်။) န ဝတ္တဗ္ဗံ၊ အပ်။ ကသ္မာ၊ ကား။ အရဟတ္တဿာပိ၊ ၏လည်း။ ခယမတ္တာပဇ္ဇနတော၊ ကုန်ခြင်းခယမျှအဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ တမ္ပိ၊ ထိုအရဟတ္တဖိုလ်ကိုလည်း။ [၁၄၀] ယော ခေါ။ပ။ အာဒိနာ၊ သော။ နယေန၊ ဖြင့်။ နိဒ္ဒိဋ္ဌံ၊ ပြီ။ ကိဉ္စ ဘိယျော၊ လွန်စွာအပြစ်ဆိုဖွယ်ရှိသေး၏။ နိဗ္ဗာနဿ၊ ၏။ ဣတ္တရကာ-လာဒိပ္ပတ္တိဒေါသတော၊ တိုသောကာလရှိသော အဖြစ်သို့ရောက်ခြင်းစသော များစွာသောအပြစ်ရှိသည်၏ အဖြစ်ကြောင့်လည်း။ (ခယော

---

၁-အကယ်၍ ကိလေသာတို့၏ အဝတ္တမာနဖြစ်ဆဲမဟုတ်သည်၏ အဖြစ်ဟုဆိုအပ်သော အဘာဝသည် နိဗ္ဗာန်ဖြစ်အံ့၊ ယင်းသို့ဖြစ်သော် အရိယမဂ်၏ နိရုတ္တကအဖြစ်သို့ ရောက်၏။အဘယ့်ကြောင့်နည်း? မဂ်ခဏမှ ရှေး၌လည်း ထိုအဘာဝပြီးသောကြောင့်တည်း။ ထိုအနက်ကို ပြလိုသည်ဖြစ်၍ အရိယမဂ္ဂဿ-စသည်ကိုမိန့်သော်။ (ပြည်)

နိဗ္ဗာနန္တိ ဝစနံ၊ ကို။ တယာ၊ သည်။ န ဝတ္တဗ္ဗံ၊ အပ်။) ဟိ၊ ချဲ့အံ့။ ဧဝံ သတိ၊ ဤသို့နိဗ္ဗာန်၏ ခယမတ္တအဖြစ် ရှိလတ်သော်၊ ဝါ၊ သင် စောဒက ဆိုတိုင်း ခယမတ္တသည် နိဗ္ဗာန်မည်ခဲ့လတ်သော်။ နိဗ္ဗာနံ၊ သည်။ ဣတ္တရ-ကာလံ၊ တိုသောကာလရှိသော အဖြစ်သို့ရင်း။ သင်္ခတလက္ခဏံ၊ သင်္ခတ လက္ခဏာရှိသော အဖြစ်သို့ရင်း။ သမ္မာ။ပ။ ဘာဝဥ္စ၊ သမ္မာပယောဂကို ငဲ့ခြင်းကင်း၍ မိမိသဘောအားဖြင့် သိအပ်ရအပ်သည်၏ အဖြစ်သို့ရင်း။ အာပဇ္ဇတိ၊ ရောက်ရာ၏။ စ၊ ဆက်အံ့။ သင်္ခတလက္ခဏတ္တာယေဝ၊ သင်္ခတ လက္ခဏာရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ သင်္ခတပရိယာပန္နံ၊ သင်္ခတ တရားအပေါင်း၌အကျုံးဝင်သည်။ သင်္ခတပရိယာပန္နတ္တာ၊ ၌အကျုံးဝင် သည်၏ အဖြစ်ကြောင့်။ ရာဂါဒီဟိ၊ ကုန်သော။ အဂ္ဂီဟိ၊ တဆဲ့တသီး မီးတို့သည်။ အာဒိတ္တံ၊ ပြင်းစွာလောင်အပ်သည်။ အာဒိတ္တတ္တာ၊ ကြောင့်။ ဒုက္ခဉ္စ၊ မည်သည်လည်း။ ဟောတိ၊ ၏။ ဣတိပိ ဒေါသံ၊ ဤသို့သော အပြစ်သို့လည်း။ အာပဇ္ဇတိ၊ ရာ၏။ (တသ္မာ၊ ထိုသို့ အပြစ်များစွာ ရောက်သည်၏အဖြစ်ကြောင့်။ ခယော နိဗ္ဗာနန္တိ ဝစနံ၊ ကို။ တယာ၊ သည်။ န ဝတ္တဗ္ဗံ၊ အပ်။) ယသ္မာ ခယာ၊ အကြင်ရာဂစသည် အလုံးစုံ တို့၏ အဆုံးစွန်ဖြစ်သော ကုန်ခြင်းမှ။ ပဋ္ဌာယ၊ ၍။ ဘိယျော ဥပရိ၊ အထက်၌။ (ရာဂါဒီနံ၊ တို့၏။) ပဝတ္တိ နာမ၊ မည်သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ သဗ္ဗပရိယောသာနဿ ရာဂါဒိခယဿ၊ ၏။ နိဗ္ဗာနဘာဝ-တော၊ ကြောင့်။ န ဒေါသော၊ မရှိ။ ဣတိ၊ သို့။ စေ ဝဒေယျာသိ၊ အံ့။ (တံ ဝစနံ၊ ကို။ တယာ၊ သည်။) န ဝတ္တဗ္ဗံ၊ အပ်။ တနည်း။န ဒေါသော၊ အပြစ်မရှိသည်ကား။ န၊ မဟုတ်။ (ကသ္မာ၊ ကား။) တာဒိသဿ ခယဿ၊ ထိုသို့သဘောရှိသော သဗ္ဗပရိယောသာနရာဂါဒိခယ၏။ အဘာဝတော၊ ကြောင့်တည်း။ (တာဒိသော၊ ထိုသို့သဘောရှိသောခယသည်။) ဘာဝေပိ၊ လည်း။ အဿ ခယဿ၊ ထိုသို့သော ခယ၏။ ဝုတ္တပ္ပကာရဒေါသာနတိ-ဝတ္တနတော၊ ဆိုအပ်ပြီးသော အပြားရှိသော ဒေါသကိုမလွန်နိုင်ခြင်း ကြောင့်။ (န ဒေါသောတိ ဝစနံ၊ ကို။ န ဝတ္တဗ္ဗံ၊ အပ်[၁]။) စ၊

---

၁-ခယော-ဟူသောကြောင့် ယင်းခယမတ္တကို အကယ်၍ နိဗ္ဗာန်ဟုမှတ်အံ့၊ ဤသို့ မှတ်ခဲ့သော် ခယေ ဉာဏံ-စသည်တို့၌ မဂ်ကိုခယဟု ဟောသောကြောင့် ထိုမဂ်ဖြစ်သည်မှ စ၍လည်း ရာဂစသည်တို့၏ အနုပ္ပတ္တိဖြစ်ရကား မဂ်၏လည်းနိဗ္ဗာနဘာဝါပတ္တိ-ဒေါသငြိသည် ဟုပြလို၍ အရိယမဂ္ဂဿ စ-စသည်ကိုမိန့်သတည်း။ (ပြည်)

အပြစ် သည်သာမဟုတ်သေး၊ ဝါ၊ ဆိုဖွယ်ရှိသေး၏။ အရိယမဂ္ဂဿ၊ ၏။ နိဗ္ဗာနဘာဝါပဇ္ဇနတော၊ နိဗ္ဗာန်မည်သည်၏ အဖြစ်သို့ရောက်ခြင်းကြောင့်လည်း။ (န ဝတ္တဗ္ဗံ၊ အပ်။) ဟိ၊ ချဲ့အံ့။ အရိယမဂ္ဂေါ၊ သည်။ ဒေါသော၊ ရာဂစသောအပြစ်တို့ကို။ ခီဏေတိ၊ ကုန်စေ၏။ တသ္မာ၊ ကြောင့်။ ခယော၊ မည်၏။ ဣတိ၊ သို့။ ဝုစ္စတိ၊ ၏။ စ၊ ဆက်အံ့။ တတော၊ ထိုအရိယမဂ်ဖြစ်သည်မှ။ ပဌာယ၊ ၍။ ဘိယျော၊ အထက်၌။ ဒေါသာနံ၊ ရာဂါဒိဒေါသတို့၏။ ပဝတ္တိ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ-တသ္မာ၊ ကြောင့်။ (ခယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။)

ပန၊ အလျှော်ကိုဆိုအံ့။ အနုပ္ပတ္တိနိရောဓသင်္ခါတဿ၊ တဖန်မဖြစ်ခြင်းသာလျှင်ဖြစ်သော နိရောဓဟုဆိုအပ်သော။ ခယဿ၊ ခယ၏။ ပရိယာယေန၊ အားဖြင့်။ ဥပနိဿယတ္တာ၊ ဥပနိဿယမည်သည်၏ အဖြစ်ကြောင့်[၁]။ (ဝုတ္တံ-၌စပ်။) ယဿ၊ အကြင်ခယ၏။ ဥပနိဿယော၊ သည်။ ဟောတိ၊ ၏။ တဒုပစာရေန၊ အတ္ထအားဖြင့် ထိုခယ၏ဝေါဟာရအားဖြင့်။ (ဖလူပစာရဟူလို။) (နိဗ္ဗာနံ၊ ကို။) ခယောတိ၊ ဟူ၍။ (ဓမ္မသေနာပတိနာ၊ သည်။ ဇမ္ဗုခါဒကသုတ္တေ၊ ၌။) ဝုတ္တံ၊ ၏။ သရူပေနေဝ၊ သရုပ်အားဖြင့်သာလျှင်။ ကသ္မာ၊ ကြောင့်။ (နိဗ္ဗာနံ၊ ကို။) န ဝုတ္တံ၊ နည်း။ ဣတိ၊ သို့။ စေ ဝဒေယျ၊ အံ့။ အတိသုခုမတ္တာ၊ ကြောင့်။ န ဝုတ္တံ၊ အပ်။ အဿ နိဗ္ဗာနဿ၊ ၏။ အတိသုခုမတာ စ၊ သည်လည်း။ ဘဂဝတော၊ ၏။ အပ္ပေါသုက္ကဘာဝါဝဟနတော၊ တရားမဟောကြောင့်ကြမ့်နေလိုသည်၏ အဖြစ်ကိုဆောင်ခြင်းကြောင့်ငှင်း။ အရိယေန၊ အရိယာတို့၏ ဥစ္စာဖြစ်သော။ စက္ခုနာ၊ မျက်စိသဖွယ်ဖြစ်သော မဂ်ဉာဏ်ဖြင့်။ ပဿိတဗ္ဗတော စ၊ အရိယာ

---

၁-အနုပ္ပတ္တိ ဇဝ နိရောဓော အနုပ္ပတ္တိနိရောဓော၊ ဖြစ်ထိုက်သော ကိလေသာတို့၏ မဂ်ဖြစ်သည်မှစ၍ မဖြစ်ခြင်းသည်ပင် နိရောဓမည်သတည်း။ အဘယ့်ကြောင့် နိရောဓဟူသနည်း? ယထာ နိရုဒ္ဓါ န သန္တိ၊ ဇဝံ အနုပ္ပန္နာပိတိ အဘာဝသာမညတော နိရောဓသဒ္ဒိသဘာယ-ဟူသည်။ အဘယ့်ကြောင့် ထိုနိရောဓကို ခယဟူသနည်း? အယံ ဟိ မဂ္ဂေန ခေပေတဗ္ဗာကာရော၊ ယဒိဒံ ဥပ္ပဇ္ဇနာရဟဿ အနုပ္ပတ္တိဓမ္မတာပါဒနန္တိ ခယောတိ စ ဝုစ္စတီတိ။ ဋီကာ။ ထိုခယကို ခဏနိရောဓ ခယမှထူးစေလိုသည်ဖြစ်၍ အနုပ္ပတ္တိနိရောဓသင်္ခါတဿ-မ-သည်။ ထိုခယ၏လည်း အနိပ္ဖန္နအဖြစ်ကြောင့် ပရိယာယေန ဥပနိဿယတ္တာ-ဟူသည်။ (ပြည်)

သခင်တို့သာမြင်အပ်သည်၏ အဖြစ်ကြောင့်ရှင်း။ သိဒ္ဓါ၊ ထင်ရှား၏၊ ဝါ၊ ပြီး၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

၅၆၀။ တယိဒံ-တံ ဣဒံ နိဗ္ဗာနံ၊ သည်။ မဂ္ဂသမင်္ဂိနာ၊ အရိယမဂ်နှင့် ပြည့်စုံသော သခင်သည်သာ။ ပတ္တဗ္ဗတော၊ ရောက်အပ်သော တရား၏ အဖြစ်ကြောင့်။ အသာဓာရဏံ၊ ခပ်သိမ်းသောပုဂ္ဂိုလ်တို့အား မဆက်ဆံ။ ပုရိမကောဋိယာ၊ (ဤမည်သော ဘုရားလက်ထက်တော်၌ ဖြစ်၏ဟု) ရှေးအစွန်း၏။ အဘာဝတော၊ မရှိသောကြောင့်။ အပ္ပဘဝံ၊ အမွန်အစ မရှိ။ "မဂ္ဂဘာဝေ၊ အရိယမဂ်ရှိလသော်။ ဘာဝတော၊ ရှိသောကြောင့်။ အပ္ပဘဝံ၊ အကြောင်းအမွန်အစမရှိသည်။ န၊ မဟုတ်"။ ဣတိ၊ သို့။ စေ ဝဒေယျာသိ၊ အံ့။ (တေံ ဝစနံ၊ န အပ္ပဘဝံ-ဟူသော ဤစကားကို။ တယာ၊ သည်။) န ဝတ္တဗ္ဗံ၊ အပ်။ ကသ္မာ၊ ကား။ မဂ္ဂေန၊ အရိယမဂ်သည်။ အနုပ္ပါဒနီယတော၊ မဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ-ယသ္မာ၊ ကြောင့်။ တေံ၊ ဤနိဗ္ဗာန်သည်။ မဂ္ဂေန၊ သည်။ ပတ္တဗ္ဗမေဝ၊ အချို့ပြုသော အားဖြင့် ရောက်အပ်သော တရားသာတည်း။ န ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ် သော တရားကားမဟုတ်။ တသ္မာ၊ ကြောင့်။ အပ္ပဘဝမေဝ၊ အကြောင်း အမွန်အစမရှိသည်သာတည်း။ အပ္ပဘဝတ္တာ၊ ကြောင့်။ အဇရာမရဏံ၊ အိုခြင်း, သေခြင်းလည်းမရှိ။ ပဘဝဇရာမရဏာနံ၊ တို့၏။ အဘာဝတော၊ ကြောင့်။ နိစ္စံ၊ မြဲ၏။

နိဗ္ဗာနဿ၊ ၏။ နိစ္စဘာဝပ္ပတ္တိ ဣဝ၊ မြဲသောအဖြစ်သို့ ရောက်ခြင်းကဲ့သို့။ အဏုအာဒီနမ္ပိ၊ အဏုမြူ ပကတိ ကာလ ပုရိသ စသည်တို့၏လည်း။ နိစ္စဘာဝပ္ပတ္တိ၊ ခြင်းသည်။ (သိယာ၊ ဖြစ်ကောင်း၏။) ဣတိ၊ သို့။ စေ ဝဒေယျာသိ၊ အံ့။ န ဝတ္တဗ္ဗံ၊ အပ်။ ကသ္မာ၊ နည်း။ ဟေတုနော၊ (ထိုအဏု စသည်တို့၏ နိစ္စဘာဝကို အသင့်အားဖြင့် ပြီးစေတတ်သော) အကြောင်း၏။ အဘာဝါ၊ ကြောင့်တည်း။ နိဗ္ဗာနဿ၊ ၏။ နိစ္စတ္တာ၊ ကြောင့်။ တေ၊ ထိုအဏု ပကတိ-ကာလ ပုရိသစသည်တို့သည်။ နိစ္စာ၊ ကုန်၏။ ဣတိ၊ သို့။ စေ ဝဒေယျာသိ၊ အံ့။ န ဝတ္တဗ္ဗံ၊ အပ်။ ကသ္မာ၊ ကား။ ဟေတုလက္ခဏဿ၊ အကြောင်းဟူသော လက္ခဏာ၏။ အနုပပတ္တိတော၊ မဖြစ်သင့်သောကြောင့်တည်း။ နိဗ္ဗာနံ ဝိယ၊ နိဗ္ဗာန်သည် မြဲသကဲ့သို့။ (တေ၊ ထိုအဏုစသည်တို့သည်။) ဥပ္ပါဒါဒီနံ၊ ဥပ္ပါဒ လက္ခဏာစသည်တို့၏။ အဘာဝတော၊ မရှိသောကြောင့်။ နိစ္စာ၊ ကုန်၏။

ဣတိ၊ သို့။ စေ ဝဒေယျာသိ၊ အံ့။ န ဝတ္တဗ္ဗံ၊ အပ်။ (ကသ္မာ၊ ကား။) အဇာ-အာဒီနံ၊ တို့၏။ အသိဒ္ဓတ္တာ၊ နိဗ္ဗာန်ကဲ့သို့ ပရမတ္ထအားဖြင့် သဘောမထင်သည်၏ အဖြစ်ကြောင့်တည်း။ (ဤပါဠ်ဖြင့် နိစ္စာ အဇာဒယော-ဟု ပရမတိပဋိညာဉ်ဖြင့် နိစ္စအဖြစ်ဟူသော သဘောရှိသော အဇာစသော ဝတ္ထုမထင်၊ ထိုကြောင့်လည်း အကြောင်းသည် နိဿယအားဖြင့်မထင်ဟု ပြ၏။ အပ္ပဘဝတ္တာ-ဟု မိမိဆိုအပ်ပြီးသောအကြောင်းကိုရည်၍ ယထာ-ဝုတ္တယုတ္တိသဗ္ဘာဝတော-စသည်ကိုမိန့်သော်)။

၅၆၁။ ပန၊ အလျှော်ကိုဆိုအံ့။ ယထာဝုတ္တယုတ္တိသဗ္ဘာဝတော၊ ဆိုအပ်ပြီးသော အပြားရှိသော အပ္ပဘဝတ္တာ-ဟူသော ယုတ္တိရှိသည်၏အဖြစ်ကြောင့်။ ဣဒမေဝ၊ အသင်္ခတနိဗ္ဗာန်သည်သာလျှင်။ နိစ္စံ၊ ၏။ ရူပ-သဘာဝါတိက္ကမတော၊ ရုပ်၏သဘောကိုလွန်ခြင်းကြောင့်။ အရူပံ၊ ရုပ်မဟုတ်၊ ဝါ၊ ရုပ်၏သဘောမရှိ[၁]။ ဗုဒ္ဓါဒီနံ၊ တို့၏။ နိဋ္ဌာယ၊ ပြီးခြင်းဆုံးခြင်း၏။ ဝိသေသာဘာဝတော၊ အထူးမရှိသောကြောင့်။ ဧကာဝ၊ တပါးသာဖြစ်သော။ နိဋ္ဌာ၊ သည်။ ဟောတိ၊ ၏။ ယေန၊ အကြင်သူသည်။ ဘာဝနာယ၊ အရိယမဂ်ကိုပွါးစေသဖြင့်။ ပတ္တံ၊ ရောက်အပ်သိအပ်၏။ တဿ၊ ထိုသူ၏။ ကိလေသဝူပသမဥ္စ၊ ကိလေသာငြိမ်းခြင်းကိုရင်း။ ဥပါဒိသေသဉ္စ၊ ကိလေသာတို့မှကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိကိုရင်း[၂]။ ဥပါဒါယ၊ စွဲ၍။ ပညာပနီယတ္တာ၊ သိစေအပ်သည်၏အဖြစ်ကြောင့်။ (ယံ နိဗ္ဗာနံ၊ ကို။) ဥပါဒိသေသေန၊ နှင့်။ သဟ၊ တကွ။ ပညာပိယတိ၊ သိစေအပ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ (တံ နိဗ္ဗာနံ၊ သည်။) သဥပါဒိသေသံ၊ မည်၏။ စ၊ ထိုမှတပါး။ သမုဒယပ္ပဟာနေန၊ သမုဒယကိုပယ်သဖြင့်။ ဥပဟတာယတိကမ္မဖလဿ[၃]၊ ပယ်ဖျက်အပ်ပြီးသော အနာဂတ်၌ ဖြစ်လတံ့သော ကံ၏အကျိုးရှိသော။ အဿ၊ ထိုအရိယာပုဂ္ဂိုလ်၏။

---

၁-ဤပါဠိဖြင့် ရုပ်တရားတို့၏ ရုပ္ပနသဘောသည်ရင်း ပဋိဃာတဝန္တအဖြစ်ဖြင့် ကလာပ်အားဖြင့် ဖြစ်ခြင်းကြောင့် ပဒေသနှင့် စပ်ခြင်းသည်ရင်း သဘောဖြစ်သကဲ့သို့ ထိုအတူ နိဗ္ဗာန်၏တစုံတခု၌ ပဋိဃာတအဖြစ်သည်ရင်း သပ္ပဒေသအဖြစ်သည်ရင်း မရှိဟုပြ၏။ (ပြည်)

၂-ဥပါဒီယတိ ကာမုပါဒါဒီဟီတိ ဥပါဒိ၊ ဥပါဒါနက္ခန္ဓပဉ္စကဿေတမဓိဝစနံ၊ ဥပါဒိယေဝ သေသော ဥပါဒိသေသော။ (ပြည်)

၃-အာယတိံ ဥပ္ပဇ္ဇမာနံ ကမ္မဖလံ အာယတိကမ္မဖလံ၊ ဥပဟတံ အာယတိကမ္မဖလံ ယေနာတိ ဥပဟတာယတိကမ္မဖလော၊ တဿ-ဟု ဝစနတ္ထပြု။ (ဆ-သံ-သော)

စရိမစိတ္တတော၊ အဆုံးစုတိစိတ်မှ။ ဥဒ္ဓံ၊ နောက်၌။ ပဝတ္တိခန္ဓာနံ၊ ပဝတ္တိဖြစ်သော ခန္ဓာတို့၏။ အနုပ္ပါဒနတော စ၊ မဖြစ်ခြင်းကြောင့်ရင်း။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသောခန္ဓာတို့၏။ အန္တရဓာနတော စ၊ ကွယ်ခြင်းကြောင့်ရင်း။ [၁၄၁] ယော ဥပါဒိသေသာဘာဝေါ စ၊ အကြင်ကိလေသာမှကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိ၏မရှိခြင်းသည်လည်း။ (ဟောတိ၊ ၏။) တံ-ဥပါဒိသေသာဘာဝံ၊ ထိုကိလေသာမှကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိ၏ မရှိခြင်းကို။ ဥပါဒါယ၊ စွဲ၍။ ပညာပနီယတော၊ သိစေအပ်သည်၏ အဖြစ်ကြောင့်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဥပါဒိသေသော၊ ကိလေသာမှကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိသည်။ နတ္ထိ၊ မရှိ။ ဣတိ-တသ္မာ၊ ကြောင့်။ (တံ-နိဗ္ဗာနံ၊ သည်။) အနုပါဒိသေသံ၊ မည်၏။

အသိထိလပရက္ကမသိဒ္ဓေန၊ လျော့လျည်းမဟုတ် တင်းမာသော ဝီရိယကြောင့် ပြီးသော။ ဉာဏဝိသေသေန၊ လောကီမှထူးသော လောကုတ္တရာဉာဏ်ဖြင့်။ အဓိဂမနီယတော စ၊ သိအပ်သည်၏အဖြစ်ကြောင့်ရင်း။ သဗ္ဗညုဝစနတော စ၊ သဗ္ဗညုရှင်စောဘုရားသည် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်ရင်း။ ပရမတ္ထေန၊ ပရမတ္ထအားဖြင့်။ (သဘာဝတော၊ ထင်ရှားရှိသည်၏အဖြစ်ကြောင့်[၁]။) နိဗ္ဗာနံ၊ သည်။ အဝိဇ္ဇမာနံ၊ (ပရမတ္ထအားဖြင့်) မရှိသည်။ န၊ မဟုတ်။ (ဝိဇ္ဇမာနမေဝ၊ သာတည်း။) ဟိ-သစ္စံ၊ ၏။ အတ္ထိ။ ပ။ အသင်္ခတန္တိ၊ သော။ ဝေါ၊ ကို။ ဝုတ္တံ၊ ၏။

[ဘိက္ခဝေ၊ တို့။ အဇာတံ၊ ဝေဒနာစသည်တို့ကဲ့သို့ ဟေတုပစ္စယသမဝါယဟုဆိုအပ်သော ကာရဏသာမဂ္ဂီကြောင့် ဖြစ်သည်ပြီးသည်မဟုတ်သော။ အဘူတံ၊ အကြောင်းနှင့်ကင်း၍ ကိုယ်တိုင်သာလျှင် ထင်ရှားဖြစ်သည်လည်း မဟုတ်သော။ အကတံ၊ တစုံတခုသောအကြောင်းသည် ပြုအပ်သည်လည်းမဟုတ်သော။ အသခ်တံ၊ အသင်္ခတဖြစ်သော တရားသည်၊ ဝါ၊ သခ်တမဟုတ်သောတရားသည်။ အတ္ထိ၊ ၏။]

ဣဒံ ဒုက္ခနိရောဓနိဒ္ဒေသေ ဝိနိစ္ဆယကထာမုခံ။

---

[၁] ဝိသုဒ္ဓိမဂ်ဂ် ယခုစာကိုယ်၌ သဘာဝတော-ဟု ရှိ၏၊ သဘောအားဖြင့်-ဟု အနက်ပေးရာ၏။ ဋီကာ၌ ပရမတ္ထေန နာဝိဇ္ဇမာနံ ဝိဇ္ဇမာနမေဝ-ဟု မိန့်ဆိုသောကြောင့် ဤအရာ၌ သဗ္ဘာဝတော-ဟူ၍ရင်း သဘာဝတော-ဟူ၍ရင်း ဤ ၂-ပုဒ်လုံးပင် လိုမည် မထင်ပေ။ (ဆ-သံ-သော)

## မဂ္ဂနိဒ္ဒေသကထာ

၅၆၂။ ပန၊ ထိုမှတပါး။ ဒုက္ခနိရောဓဂါမိနိပဋိပဒါနိဒ္ဒေသေ၊ ၌။ ဝုတ္တာ၊ ဆိုအပ်ကုန်ပြီးသော။ (သမ္မာဒိဋ္ဌိအာဒယော၊ ကုန်သော။) အဋ္ဌ ဓမ္မာ၊ တို့ကို။ ခန္ဓနိဒ္ဒေသေပိ၊ လည်း။ အတ္ထတော၊ သရုပ်အားဖြင့်။ ကာမံ ပကာသိတာယေဝ၊ အကယ်၍ကား ပြအပ်ကုန်ပြီးသည်သာတည်း။ ပန၊ ထိုသို့ပြပြီးဖြစ်သော်လည်း။ ဣဓ၊ ဤသစ္စနိဒ္ဒေသ၌။ ဧကက္ခဏေ၊ တခုသောခဏ၌။ ပဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ နေသံ၊ ထိုရှစ်ပါးသော တရားတို့၏။ ဝိသေသာဝဗောဓနတ္ထံ၊ (ပဋိပက္ခဖြစ်သော ကိလေသာတို့ကို သတ်ခြင်းအစရှိသော ပဝတ္တိအာကာရ)အထူးကို သိစေခြင်းငှါ။ ဝဒါမ၊ ကုန်အံ့။ ဟိ-သစ္စံ၊ ၏။ သင်္ခေပတော၊ ဖြင့်။ စတုသစ္စပဋိဝေဓာယ၊ ခြင်းငှါ။ ပဋိပန္နဿ၊ သော။ ယောဂိနော၊ ၏။ နိဗ္ဗာနာရမ္မဏံ၊ နိဗ္ဗာန် လျှင် အာရုံရှိသော။ အဝိဇ္ဇာနုသယသမုဂ္ဃါတကံ၊ အဝိဇ္ဇာနုသယကို အကြွင်းမဲ့ဖြတ်တတ်သော။ ပညာစက္ခု၊ သည်။ သမ္မာဒိဋ္ဌိ၊ မည်၏။ သာ၊ ထိုသမ္မာဒိဋ္ဌိသည်။ သမ္မာဒဿနလက္ခဏာ၊ မဖောက်မပြန် သစ္စာကို မြင်ခြင်းလက္ခဏာရှိ၏။ ဓာတုပ္ပကာသနရသာ၊ ပရမတ္ထဖြစ်သော စတုသစ္စကို ထင်စွာပြခြင်းကိစ္စရှိ၏[၁]။ အဝိဇ္ဇန္ဓကာရဝိဒ္ဓံသနပစ္စုပဋ္ဌာနာ၊ အဝိဇ္ဇာ ဟူသော အမိုက်မှောင်ကို ဖျက်ဆီးခြင်းဖြင့် ဉာဏ်အားရှေးရှုထင်တတ်၏၊ ဝါ၊ ဖျက်ဆီးခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။ တထာ သမ္ပန္နဒိဋ္ဌိနော၊ ထိုအဝိဇ္ဇာနုသယကို အကြွင်းမဲ့ဖြတ်သောအခြင်းအရာ အားဖြင့် (ဖြစ်သော) သမ္မာဒိဋ္ဌိနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏။ (ဋီကာနှင့် အညီပေးသည်။ တထာ၊ ထိုအတူ။ တထာ၊ ထိုမှတပါးဟု လွယ်စကာ မပေးနှင့်။) တံသမ္ပယုတ္တော၊ ထိုမဂ်သမ္မာဒိဋ္ဌိနှင့် သမ္ပယုတ်ဖြစ်သော။ မိစ္ဆာသင်္ကပ္ပနိဃါတကော၊ ကာမသင်္ကပ္ပစသော မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ ဖြတ်တတ် သတ်တတ်သော။ စေတသော၊ ကို။ နိဗ္ဗာနပဒါဘိနိရောပနော၊ နိဗ္ဗာန်ဟူသောအာရုံသို့ ရှေးရှုတက်စေတတ်သော မဂ္ဂင်သည်။ (မဂ္ဂင်ိ-ကို ငဲ့၍ နပုံးရှိသည်။) သမ္မာသင်္ကပ္ပေါ၊ မည်၏။ သော၊ ထိုသမ္မာသင်္ကပ္ပသည်။ သမ္မာစိတ္တာဘိနိရောပနလက္ခဏော၊ မဖောက်မပြန် သမ္ပယုတ်စိတ်ကို

---

၁-ဋီကာ၌ ပရမတ္ထပ္ပကာသနရသာ-ဟု ဖွင့်သောကြောင့် အတ္ထပ္ပကာသနရသာ-ဟု ရှိသော သီဟိုဠ်မူကဲ့က ယုတ္တတရဖြစ်ပေသည်။ (ဆ-သံ-သော)

နိဗ္ဗာန်အာရုံသို့ ရှေးရှုတက်စေခြင်း လက္ခဏာရှိ၏။ အပ္ပနာရသော၊ သမ္ပယုတ်ကို နိဗ္ဗာန်အာရုံ၌ သွင်းခြင်းကိစ္စရှိ၏၊ ဝါ၊ ဖြစ်စေခြင်းကိစ္စရှိ၏။ မိစ္ဆာသင်္ကပ္ပပဟာနပစ္စုပဋ္ဌာနော၊ မိစ္ဆာသင်္ကပ္ပကို ပယ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏၊ ဝါ၊ ပယ်တတ်သောတရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။

တထာ ပဃာတော၊ ထိုဆိုအပ်ပြီးသော အပြားရှိသောမဂ် သမ္မာဒိဋ္ဌိဖြင့် ရှုသည်လည်းဖြစ်ထသော။ ဝိတက္ကယတော စ၊ ဝုတ္တပကာရသမ္မာသင်္ကပ္ပ ဖြင့် နိဗ္ဗာန်အာရုံ၌ စိတ်ကိုဘက်စေသည်လည်းဖြစ်ထသော။ (ယောဂိနော၊ ၏။) တံသမ္ပယုတ္တာဝ၊ ထိုသမ္မာသင်္ကပ္ပနှင့်ယှဉ်သည်သာလျှင်ဖြစ်သော။ ဝစီဒုစ္စရိတသမုဂ္ဃါတိကာ၊ ဝစီဒုစ္စရိုက်ကို အကြွင်းမဲ့သတ်တတ်, ဖြတ်တတ်သော။ မိစ္ဆာဝါစာယ၊ မှ။ ဝိရတိ၊ ကြဉ်တတ်သောတရား, ကြဉ်ခြင်းတရား, ကြဉ်ကြောင်းဖြစ်သောတရားသည်။ သမ္မာဝါစာ နာမ၊ မည်၏။ သာ၊ ထိုသမ္မာဝါစာသည်။ ပရိဂ္ဂဟလက္ခဏာ၊ နာသောသူတို့ကိုရင်း, သမ္ပယုတ် တရားတို့ကိုရင်း သိမ်းဆည်းခြင်းလက္ခဏာရှိ၏။ ဝိရမဏရသာ၊ မိစ္ဆာဝါစာမှ ကြဉ်ခြင်းကိစ္စရှိ၏။ မိစ္ဆာဝါစာပဟာနပစ္စုပဋ္ဌာနာ၊ မိစ္ဆာဝါစာကို ပယ်ခြင်း လျှင် ဉာဏ်အားရှေးရှုထင်သောအခြင်းအရာရှိ၏၊ ဝါ၊ ပယ်တတ်သော တရားဟူ၍ ဉာဏ်အားရှေးရှုထင်တတ်၏။ တထာ ဝိရမတော၊ ထိုဝုတ္တပကာ ရသမ္မာဝါစာဖြင့် ကြဉ်သောယောဂီ၏။ တံသမ္ပယုတ္တာဝ၊ ထိုဆိုအပ်ပြီးသော မဂ္ဂင်နှင့် ယှဉ်သည်သာလျှင်ဖြစ်သော။ မိစ္ဆာကမ္မန္တသမုစ္ဆေဒိကာ၊ မိစ္ဆာ ကမ္မန္တကို အကြွင်းမဲ့ဖြတ်တတ်သော။ ပါဏာတိပါတာဒိဝိရတိ၊ ပါဏာတိ ပါတစသောကာယဒုစ္စရိုက်တို့မှ ကြဉ်တတ်သောတရား, ကြဉ်ခြင်းတရား, ကြဉ်ကြောင်းဖြစ်သောတရားသည်။ သမ္မာကမ္မန္တော နာမ၊ မည်၏။ သော၊ ထိုသမ္မာကမ္မန္တသည်။ သမုဋ္ဌာပနလက္ခဏော၊ အပြစ်ကင်းသောကိုယ်ဖြင့် ပြုအပ်သောအမှုကို ကောင်းစွာဖြစ်စေခြင်းလက္ခဏာရှိ၏။ ဝိရမဏရသော၊ မိစ္ဆာကမ္မန္တမှ ကြဉ်ခြင်းကိစ္စရှိ၏။ မိစ္ဆာကမ္မန္တပဟာနပစ္စုပဋ္ဌာနော၊ မိစ္ဆာ ကမ္မန္တကိုပယ်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏၊ ဝါ၊ ပယ်တတ်သောတရားဟူ၍ ဉာဏ်အားရှေးရှုထင်တတ်၏။ ပန၊ ထိုမှတပါး။ အဿ-ယောဂိနော၊ ၏။ တေသံ သမ္မာဝါစာကမ္မန္တာနံ၊ ထိုဆိုအပ်ပြီးသော သမ္မာဝါစာ သမ္မာကမ္မန္တတို့၏။ ဝိသုဒ္ဓိဘူတော၊ အထူးသဖြင့်စင်ကြောင်း

ဖြစ်၍ဖြစ်သော။ တံသမ္ပယုတ္တာ၀၊ ထိုဆိုအပ်ပြီးသော မဂ္ဂင်တို့နှင့်ယှဉ်သည်သာလျှင်ဖြစ်သော။ ကုဟနာဒိဥပက္ကိလေသဒိကာ၊ အံ့ဖွယ်ပြုခြင်းစသည်ကို လွန်စွာဖြတ်တတ်သော။ ယာ မိစ္ဆာဇီဝဝိရတိ၊ အကြင်မိစ္ဆာဇီဝမှ ကြဉ်တတ်သောတရား, ကြဉ်ခြင်းတရား, ကြဉ်ကြောင်းဖြစ်သောတရားသည်။ (အတ္ထိ၊ ၏။) သော၊ ထိုမိစ္ဆာဇီဝဝိရတိသည်[၁]။ သမ္မာအာဇီဝေါ နာမ၊ မည်၏။ သော၊ ထိုသမ္မာအာဇီဝသည်။ ဝေါဒါနလက္ခဏော၊ ကိုယ်နှုတ်တို့ကို၊ ဝါ၊ ခန္ဓာအစဉ်ကို စင်ကြယ်စေခြင်း လက္ခဏာရှိ၏။ ဉာယာဇီဝပဝတ္တိရသော၊ လျောက်ပတ်သော အသက်မွေးခြင်းကိုဖြစ်စေခြင်း ကိစ္စရှိ၏။ မိစ္ဆာဇီဝပ္ပဟာနပစ္စုပဋ္ဌာနော၊ မိစ္ဆာဇီဝကိုပယ်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏၊ ဝါ၊ ပယ်တတ်သောတရားဟူ၍ ဉာဏ်အားရှေးရှုထင်တတ်၏[၂]။

---

၁-သမ္မာအာဇီဝေါဟူသော ပဓာနပုဒ်ကိုနှဲ၍ ပုလ္လိင်ဖြင့်ဆားသည်၊ ကမ္မခာရည်းသမာသ် ဝါကျမှ တပါးသောအရာ၌ နည်းတူပင် ပဓာနပုဒ်နှင့် လိင်တူမြဲဖြစ်သည်။ (ဆ-သံ-သော)

၂-စတုရင်္ဂသမန္နာဂတာ၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော။ ဝါစာ၊ စကားသည်။ ဇနံ၊ နားထောင်သူအပေါင်းကို။ သင်္ဂဏှာတိ၊ သိမ်းယူတတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ တဗ္ဗိပက္ခဝိရတိသဘာဝါ၊ ထိုလေးပါးအင်္ဂါနှင့်ပြည့်စုံသော စကားကောင်း၏ ဆန့်ကျင်ဘက်အနှိုဖြစ်သော မုသာဝါဒအစရှိသည်မှ ကြဉ်ခြင်းသဘောရှိသော။ သမ္မာဝါစာ၊ သည်။ ဘေဒကရဏမိစ္ဆာဝါစာပဟာနေန၊ ကွဲပြားခြင်းကို ပြုတတ်သော မိစ္ဆာဝါစာကို ပယ်ခြင်းဖြင့်။ ဇနေ၊ နားထောင်သူတို့ကိုရင်း။ သမ္ပယုတ္တေ စ၊ တို့ကိုရင်း။ ပရိဂ္ဂဏှနကိစ္စဝတီ၊ သိမ်းယူခြင်းကိစ္စရှိသည်။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ပရိဂ္ဂဟဏလက္ခဏာတိ၊ ဟူ၍။ အာစရိယေန၊ သည်။ ဝုတ္တာ၊ ၏။ စီဝရကမ္မာဒိကော၊ သင်္ကန်းချုပ်ခြင်းစသော ပယောဂဟု ဆိုအပ်သော။ ကမ္မန္တော၊ ကမ္မန္တသည်။ ကော၊ သော။ ကာတဗ္ဗံ၊ ပြုအပ်သော ကိစ္စကို။ သမုဋ္ဌာပေတိ နိပ္ဖါဒေတိ ယထာ၊ ပြီးစေသကဲ့သို့ရင်း။ တံတံကိရိယာနိပ္ဖါဒကော၊ ထိုသိုကိရိယာကို ပြီးစေတတ်သော။ စေတနာသင်္ခါတော၊ စေတနာဟုဆိုအပ်သော။ ကမ္မန္တော၊ သည်။ ဟတ္ထပါဒစလနာဒိကိရိယံ၊ လက်သှုပ်ခြင်း ခြေလှုပ်ခြင်းစသော အမှုအရာကို။ သမုဋ္ဌာပေတိ ယထာ ပါ, ပြီးစေသကဲ့သို့ရင်း။ ဇဝ-တထာ၊ တူ။ သာဝဇ္ဇကတ္တဗ္ဗကိရိယာသမုဋ္ဌာပကမိစ္ဆာကမ္မန္တပ္ပဟာနေန၊ အပြစ်နှင့်တကွဖြစ်သော ပြုအပ်သော အမှုအရာကို ဖြစ်စေတတ်သော မိစ္ဆာကမ္မန္တကို ပယ်ခြင်းဖြင့်။ သမ္မာကမ္မန္တော၊ သည်၊ နိရဝဇ္ဇသမုဋ္ဌာပနကိစ္စဝါ၊ အပြစ်မရှိသော ပြုဖွယ်ကိစ္စကိုဖြစ်စေခြင်း ကိစ္စရှိသည်။ ဟောတိ၊ ၏။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။ သမုဋ္ဌာပေန္တော ဝေ၊ မိစ္ဆာကမ္မန္တ၏ ဆန့်ကျင်ဖက်ဖြစ်၍ ဖြစ်သောဓမ္မကိစ္စအားလျော်သည်၏အဖြစ်ဖြင့် ဖြစ်စေလျက်သာလျှင်။ ပဝတ္တံ စ၊ ဖြစ်သည်း ဖြစ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ သမုဋ္ဌာပနလက္ခဏောတိ၊ ဟူ၍။ အာစရိယေန၊ သည်။

အထ၊ ထိုအခါ၌။ သမ္မာဝါစာကမ္မန္တာဇီဝသင်္ခါတာယ၊ သော။ တဿာ သီလဘူမိယံ၊ ထိုသီလဟူသောမြေ၌။ ပတိဋ္ဌိတဿ၊ တည်ပြီးသော။ အဿ၊ ထိုပုဂ္ဂိုလ်၏။ တဒနုရူပေါ၊ ထိုဆိုပြီးသော မဂ္ဂင်အားလျော်သော။ တံသမ္ပယုတ္တော၀၊ ထိုဆိုပြီးမဂ္ဂင်နှင့် ယှဉ်သည်သာလျှင်ဖြစ်သော။ ကောသဇ္ဇသမုစ္ဆေဒကော၊ ပျင်းခြင်းကိုဖြတ်တတ်သော။ ယော ဝီရိယာရမ္ဘော၊ အကြင်ဝီရိယဟုဆိုအပ်သော အာရမ္ဘသည်။ (အတ္ထိ၊ ၏။) သေ-သော၊ ထိုဝီရိယာရမ္ဘသည်။ သမ္မာဝါယာမော နာမ၊ မည်၏။ သော၊ ထို သမ္မာဝါယာမသည်။ ပဂ္ဂဟလက္ခဏော၊ သမ္ပယုတ်တရားတို့ကို ချီးပင့်ခြင်း လက္ခဏာရှိ၏၊ ဝါ၊ သံကိလေသပက္ခမှ ချီကြွခြင်းလက္ခဏာရှိ၏။ အနုပ္ပန္နအကုသလာနုပ္ပါဒနာဒိရသော၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းစသောကိစ္စ ရှိ၏။ မိစ္ဆာဝါယာမပ္ပဟာနပစ္စုပဋ္ဌာနော၊ ၏။ ဝေ-ဝုတ္တနယေန၊ ဖြင့်။ ဝါယာမတော၊ လုံ့လအားထုတ်သော။ တဿ၊ ထိုယောဂီ၏။ တံသမ္ပယုတ္တော၀၊ သော။ မိစ္ဆာသတိဝိနိဒ္ဓုနနော၊ အကုသိုလ်ခန္ဓာဟူသော မိစ္ဆာသတိကို အကြွင်းမဲ့ဖျက်ဆီးတတ်သော။ စေတသော၊ စိတ်၏။ [၁၄၂] အသမ္မောသော၊ မေ့လျော့ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော တရားသည်။ သမ္မာသတိ နာမ၊ မည်၏။ သာ၊ ထိုသမ္မာသတိသည်။ ဥပဋ္ဌာနလက္ခဏာ၊ အာရုံသို့ကပ်၍တည်ခြင်း လက္ခဏာရှိ၏၊ ဝါ၊ အာရုံကို သဘောအလျောက် မဖောက်မယွင်း မှတ်နိုင်ခြင်းလက္ခဏာရှိ၏။ အသမ္မုဿနရသာ၊ အာရုံကို မမေ့မလျော့စေခြင်းကိစ္စရှိ၏။ မိစ္ဆာသတိပ္ပဟာနပစ္စုပဋ္ဌာနာ၊ ၏။ ဝေ-ဝုတ္တနယေန၊ ဖြင့်။ အနုတ္တရာယ၊ လောကုတ္တရာဖြစ်သော။ သတိယာ၊ သည်။ သံရက္ခိယမာနစိတ္တဿ၊ ကောင်းစွာစောင့်အပ်သောစိတ်ရှိသော ယောဂီ၏။ တံသမ္ပယုတ္တော၀၊ သော။ မိစ္ဆာသမာဓိဝိဒ္ဓံသိကာ၊ သော။ စိတ္တေကဂ္ဂတာ၊ သည်။ သမ္မာသမာဓိ နာမ၊ မည်၏။ သော၊ ထိုသမ္မာသမာဓိသည်။ အဝိက္ခေပလက္ခဏော၊ မပျံ့လွင့်ခြင်းလက္ခဏာရှိ၏၊ ဝါ၊ သမ္ပယုတ်တရားတို့၏ မပျံ့လွင့်ကြောင်း၏ အဖြစ်

---

ဝုတ္တော၊ ၏။ ကာယဝါစာနံ၊ တို့၏၊ ဝါ၊ တို့ကိုရင်း။ ခန္ဓသန္တာနဿ စ၊ ခန္ဓာ အစဉ်၏ရင်း၊ ဝါ၊ ကိုရင်း။ သံကိလေသဘူတမိစ္ဆာအာဇီဝပ္ပဟာနေန၊ ညစ်ညူးကြောင်းဖြစ်သော မိစ္ဆာအာဇီဝကို ပယ်ခြင်းဖြင့်၊ ဝါ၊ ညစ်ညူးစေတတ်သည်ဖြစ်၍ ဖြစ်သော မိစ္ဆာအာဇီဝကိုပယ်ခြင်းဖြင့်။ သမ္မာအာဇီဝေါ၊ ကို။ ဝေါဒါပနလက္ခဏောတိ၊ ဟူ၍။ အာစရိယေန၊ သည်။ ဝုတ္တော၊ ၏။ မူလဋီကာ ၂-၇၁-၏ အနက်။ (ပြည်)

လျှင် လက္ခဏာရှိ၏။ သမာဓာနရသော၊ သမ္ပယုတ်စိတ်ကို အညီအညွတ် ကောင်းစွာအာရုံ၌ထားခြင်းကိစ္စရှိ၏။ မိစ္ဆာသမာဓိပ္ပဟာနပစ္စုပဋ္ဌာနော၊ မိစ္ဆာသမာဓိကိုပယ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သောအခြင်းအရာရှိ၏၊ ဝါ၊ မိစ္ဆာသမာဓိကို ပယ်တတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်တတ်၏။ ဣတိ၊ ဤရွေ့တရားအပြီးတည်း။ အယံ ဒုက္ခနိရောဓဂါမိနိပဋိပဒါ-နိဒ္ဒေသေ နယော။ (ဤပါဠိအချို့မရှိ။) ဧဝံ-ဝုတ္တနယေန၊ ဖြင့်။ ဧတ္ထ၊ ဤသစ္စနိဒ္ဒေသ၌။ ဇာတိအာဒီနံ၊ တို့၏။ ဝိနိစ္ဆယော၊ ကို။ ဝေဒိ-တဗ္ဗော၊ ၏။

၅၆၃။ ဉာဏကိစ္စတောတိ၊ ကား။ သစ္စဉာဏဿ၊ သစ္စာတို့ကို အာရုံပြု၍ဖြစ်သော ဉာဏ်၏။ ကိစ္စတောပိ၊ အားဖြင့်လည်း။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ ချဲ့အံ့။ သစ္စဉာဏံ၊ သည်။ အနုဗောဓဉာဏံ၊ တကြိမ်မဟုတ် အဖန်တလဲလဲ သိသောဉာဏ်ရင်း၊ ဝါ၊ အနုဿဝစသည်သို့ လျှောက်၍သိသောဉာဏ်ရင်း။ ပဋိဝေဓဉာဏဉ္စ၊ ထိုးထွင်း၍သိသောဉာဏ်ရင်း။ (ဣတိ၊ သို့။) ဒုဝိဓံ၊ ၏။ တတ္ထ၊ တို့တွင်။ အနုဗောဓဉာဏံ၊ သည်။ လောကိယံ၊ လောကီဖြစ်၍။ အနုဿဝါဒိဝသေန၊ ဖြင့်။ နိရောဓေ စ၊ နိရောဓသစ္စာ၌ရင်း။ မဂ္ဂေ စ၊ မဂ္ဂသစ္စာ၌ရင်း။ ပဝတ္တတိ၊ ၏။ ပဋိဝေဓ-ဉာဏံ၊ သည်။ လောကုတ္တရံ၊ တရားဖြစ်၍။ နိရောဓံ၊ ကို။ အာရမ္မဏံ ကတွာ၊ ၍။ ကိစ္စတော၊ ပိုင်းခြား၍သိခြင်း, ပယ်ခြင်း, ပွါးစေခြင်း, မျက်မှောက်ပြုခြင်းကိစ္စအားဖြင့်။ စတ္တာရိပိ၊ ကုန်သော။ သစ္စာနိ၊ တို့ကို။ ပဋိဝိဇ္ဈတိ၊ ၏။ ယထာဟ၊ ကား။ ဘိက္ခဝေ၊ တို့။ ယော ပုဂ္ဂလော၊ သည်။ ဒုက္ခံ၊ ကို။ ပဿတိ၊ ၏။ သော ပုဂ္ဂလော၊ သည်။ ဒုက္ခသမုဒယမ္ပိ၊ ဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ ပဿတိ၊ ၏။ပ။ ဣတိ၊ သို့။ အာဟ၊ ၏။ သဗ္ဗံ၊ အလုံးစုံသောသုတ်ကို။ ဝတ္တဗ္ဗံ၊ ၏။ ပန၊ ဆက်ဦးအံ့။ အဿ၊ ထိုပဋိဝေဓဉာဏ်၏။ တံ ကိစ္စံ၊ ထိုပရိညေယျစသော သစ္စာလေးပါးတို့ကို ပိုင်းခြား၍သိခြင်း ပယ်ခြင်းစသော ကိစ္စသည်။ ဉာဏဒဿနဝိသုဒ္ဓိယံ၊ ဉာဏဒဿနဝိသုဒ္ဓိကထာ၌။ အာဝိ၊ စွာ။ ဘဝိဿတိ၊ လတ္တံ့။

ပန၊ အဖို့တပါးကိုဆိုအံ့။ လောကိယံ၊ လောကီဖြစ်သော။ ယံ ဧတံ သစ္စဉာဏံ၊ အကြင်သို့သော ဤသစ္စာဉာဏ်သည်။ (အတ္ထိ၊ ၏။) တတ္ထ၊ ထိုလောကီသစ္စာဉာဏ်၌။ ဒုက္ခဉာဏံ၊ ဒုက္ခသစ္စာကို သိသောဉာဏ်သည်။

ပရိယုဋ္ဌာနာဘိဘဝဝသေန၊ ပရိယုဋ္ဌာန်ဟုဆိုအပ်သော နှိပ်ခြင်း၏ အစွမ်းဖြင့်။ (ပရိယုဋ္ဌာနသင်္ခါတော အဘိဘဝေါ ပရိယုဋ္ဌာနာဘိဘဝေါ၊ ဋီကာ။) ဝါ၊ အလွန်ဖိစီးနှိပ်စက်ခြင်း အစွမ်းအားဖြင့်။ (အနက်တူသဒ္ဒါထပ်၍ သာတိသယဖြစ်သည်။) ပဝတ္တမာနံ၊ သော။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိ ပရိယုဋ္ဌာန်ကို။ နိဝတ္တေတိ၊ ၏။ သမုဒယဉာဏံ၊ သည်။ ပရိယုဋ္ဌာနာဘိဘဝဝသေန၊ ဖြင့်။ ပဝတ္တမာနံ၊ သော။ (ဤနှစ်ပုဒ်ကား လိုက်သည်၊ နောက်နှစ်ပါး၌လည်း နည်းတူပင်လိုက်။) ဥစ္ဆေဒဒိဋ္ဌိံ၊ ကို။ (နိဝတ္တေတိ၊ ၏။) နိရောဓဉာဏံ၊ သည်။ သဿတဒိဋ္ဌိံ၊ ကို။ (နိဝတ္တေတိ၊ ၏။) မဂ္ဂဉာဏံ၊ သည်။ အကိရိယဒိဋ္ဌိံ၊ အကိရိယဒိဋ္ဌိကို။ (နိဝတ္တေတိ၊ ၏။) ဝါ၊ ကား။ ဒုက္ခဉာဏံ၊သည်။ ဓုဝသုဘသုခတ္တဘာဝဝိရဟိတေသု၊ဓုဝအဖြစ်,သုဘအဖြစ်, သုခအဖြစ်, အတ္တအဖြစ်တို့မှ ကင်းကုန်သော။ ခန္ဓေသု၊ တို့၌။ ဓုဝသုဘသုခတ္တဘာဝသညာသင်္ခါတံ၊ ဓုဝအဖြစ်, သုဘအဖြစ်, သုခအဖြစ်, အတ္တအဖြစ်ဖြင့် အမှတ်မှားဟုဆိုအပ်သော။ ဖလေ၊ ၌။ ဝိပ္ပဋိပတ္တိံ၊ ဖောက်ပြန်မှားယွင်းသောအကျင့်ကို။ (နိဝတ္တေတိ၊ ၏။)သမုဒယဉာဏံ၊ သည်။ ဣဿရပဓာနကာလသဘာဝါဒီဟိ၊ ပရမိဿာ ဗြဟ္မာမင်းစသော ဣဿရ အကြောင်း,ပကတိအဗျတ္တဟူသော ပဓာနအကြောင်း,ကာလအကြောင်း, သဘာဝအကြောင်းစသည်တို့ဖြင့်။ လောကော၊ ကသည်။ ပဝတ္တတိ၊ ၏။ ဣတိ၊ သို့။ အကာရဏေ၊ ၌။ ကာရဏာဘိမာနပဝတ္တံ၊ အကြောင်းဟု အမှတ်မှားသောအားဖြင့်ဖြစ်သော။ ဟေတုမှိ၊ ၌။ ဝိပ္ပဋိပတ္တိံ၊ ကို။ (နိဝတ္တေတိ၊ ၏။) နိရောဓဉာဏံ၊ သည်။ အရူပလောကလောကထူပိကာဒီသု၊ အရူပဘုံ, ရုပ်ရှိသောလောက၏ အထွဋ်အဖျားဖြစ်သော အသညသတ်ဘုံစသည်တို့၌[၁]။ အပဝဂ္ဂဂ္ဂါဟဘူတံ၊ သင်္ခါရတို့၏ ကင်းရာမောက္ခနိဗ္ဗာန်ဟု စွဲလမ်းယူမှားသည်ဖြစ်၍ဖြစ်သော။ နိရောဓေ၊ ၌။ ဝိပ္ပဋိပတ္တိံ၊ ကို။ နိဝတ္တေတိ၊ ၏။ (အပဝဇ္ဇန္တိ သင်္ခါရာ ဧတသ္မာတိ အပဝဂ္ဂေါ။) မဂ္ဂဉာဏံ၊ သည်။ ကာမသုခလ္လိကအတ္တကိလမထာနုယောဂပ္ပဘေဒေ၊ ကိလေသာကာမနှင့် ယှဉ်သောသုခ၌ ကပ်ငြိသောအကျင့်ကို အားထုတ်ခြင်း, ကိုယ်ကိုပင်ပန်းဆင်းရဲစေတတ်သော အကျင့်ကို အားထုတ်ခြင်း အပြားရှိသော။ အဝိသုဒ္ဓိ-

၁-လောကထူပိကာယာတိ အသညဘဝေ။ မဓု။ ဆရာကြီးတို့ကား နေဝသညာနာသညာယတနဘုံဟူ၍၊ အရူပလောကကို အသီးဆိုပြီးရကား မသင့်စန်း။

မဂ္ဂေ၊ စင်ရာစင်ကြောင်း နိဗ္ဗာန်၏အကြောင်းမဟုတ်သည်၌။ ဝိသုဒ္ဓိမဂ္ဂဂ္ဂါ-ဟဝသေန၊ စင်ရာစင်ကြောင်း နိဗ္ဗာန်၏အကြောင်းဟု စွဲလမ်းမှတ်မှားသည်၏ အစွမ်းဖြင့်။ ပဝတ္တံ၊ သော။ ဥပါယေ၊ အကြောင်း၌။ ဝိပ္ပဋိပတ္တိံ၊ ကို။ နိဝတ္တေတိ၊ ၏။ တေန၊ ကြောင့်။ လောကေ။ပ။ သစ္စာနီတိ၊ ဟူသော။ တံ-ဝစနံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ (အင်္ဂုတ္တရ-ဂါထာ။)

[ဘိက္ခဝေ၊ တို့။ ယော နရော၊ သည်။ ယာဝ၊ လောက်။ သစ္စာနိ၊ တို့ကို။ န ဝိဇာနာတိ၊ မသိ။ တာဝ၊ လောက်။ သော နရော၊ သည်။ လောကေ၊ ဒုက္ခသစ္စာ၌ရင်း။ လောကပ္ပဘဝေ၊ ဒုက္ခ၏ အကြောင်းအမှန် သမုဒယသစ္စာ၌ရင်း။ သိဝေ၊ ပူပန်ခပ်သိမ်း မကပ်လိမ်း၍ ငြိမ်းအေးချမ်းမြေ့သော။ လောကတ္ထင်္ဂမေ စ၊ ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာ၌ရင်း။ တဒုပါယေ၊ ထိုနိရောဓသစ္စာသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာ၌ရင်း။ သမ္မုယှတိ၊ ပြင်းစွာတွေဝေ၏။] (ဝေမတ္တ ဉာဏကိစ္စတောပိ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။)

၅၆၄။ အန္တောဂဓာနံ ပဘေဒါတိ၊ ကား။ ဟိ၊ ချဲ့အံ့။ တဏှံ၊ တဏှာကိုင်ရင်း။ အနာသဝဓမ္မေ စ၊ အာသဝေါတို့၏ အာရုံမဟုတ်သော လောကုတ္တရာတရားတို့ကိုရင်း။ ဌပေတွာ၊ ၍။ သေသာ၊ ကုန်သော။ သဗ္ဗဓမ္မာ၊ အလုံးစုံသော လောကီတရားတို့သည်။ ဒုက္ခသစ္စံ၊ ၌။ (အန္တောဂဓာ၊ အတွင်းဝင်ကုန်၏။) ဆတ္တိံသတဏှာဝိစရိတာနိ၊ သုံးဆဲ့ခြောက်ပါးသော တဏှာဝိစရိုက်တို့သည်။ သမုဒယသစ္စေ၊ ၌။ (အန္တော-ဂဓာနိ၊ ကုန်၏။) နိရောဓသစ္စံ၊ သည်။ အသမ္မိဿံ၊ တပါးတည်းဖြစ်၍ တစုံတခုသောတရားနှင့်မရောနှော။ (ကုတော တဒန္တောဂဓပ္ပဘေဒေါတိ အဓိပ္ပါယော။) မဂ္ဂသစ္စေ၊ ၌။ သမ္မာဒိဋ္ဌိမုခေန၊ သမ္မာဒိဋ္ဌိကို ပဓာနပြုသာဖြင့်။ ဝီမံသိဒ္ဓိပါဒ။ပ။ င်္ဂါနိ၊ ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်တို့သည်။ (အန္တောဂဓာနိ၊ ကုန်၏။) သမ္မာသင်္ကပ္ပါ-ပဒေသေန၊ သမ္မာသင်္ကပ္ပကိုညွှန်းသဖြင့်။ [၁၄၃] တယော၊ ကုန်သော။ နေက္ခမ္မဝိတက္ကာဒယော၊ နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်တို့သည်။ (အန္တောဂဓာ၊ ကုန်၏။) သမ္မာဝါစာပဒေသေန၊ သမ္မာ-

ဝါစာကို ညွှန်းသဖြင့်။ စတ္တာရိ၊ ကုန်သော။ ဝစီသုစရိတာနိ၊ တို့သည်။ပ။ သမ္မာဝါစာမည်၏ဟု တဗိုန်ဖြစ်သောကြောင့်။ ... 

သမ္မာဇီဝမုခေန၊ ဖြင့်။ အပ္ပိစ္ဆတာ စ၊ သည်ရင်း။ သန္တုဋ္ဌိတာ စ၊ သည်ရင်း။ (အနွေ့ာဂဓာ၊ ၏။) ဝါ၊ ကား။ သဗ္ဗေသံယေဝ၊ ကုန်သော။ တေသံ သမ္မာဝါစာကမ္မန္တာဇီဝါနံ၊ တို့၏။ အရိယကန္တသီလတ္တာ စ၊ အရိယာတို့သည် ချစ်နှစ်သက်အပ်သော သီလ၏အဖြစ်ကြောင့်ရင်း။ အရိယကန္တသီလဿ၊ ၏။ သဒ္ဓါဟတ္ထေန၊ သဒ္ဓါလက်ဖြင့်။ ပဋိဂ္ဂဟေတဗ္ဗတ္တာ စ၊ သိမ်းယူအပ်သည်၏အဖြစ်ကြောင့်ရင်း။ တေသံ၊ ထိုသဒ္ဓါနြေ့စသည်တို့၏။ အတ္ထိတာယ၊ ရှိသည်၏အဖြစ်ဖြင့်။ (သီလဿ၊ ၏။) အတ္ထိဘာဝတော၊ ရှိသည်၏အဖြစ်ကြောင့်။ သဒ္ဓိန္ဒြိယ။ပ။ ပါဒါ၊ တို့သည်။ပ။ သမ္မာဝါယာမာပဒေသေန၊ ဖြင့်။ စတုဗ္ဗိဓ။ပ။ ဂ်ါနိ၊ တို့သည်။ပ။ သမ္မာသတိအပဒေသေန၊ ဖြင့်။ စတုဗ္ဗိဓ။ပ။ ဂ်ါနိ၊ တို့သည်။ သမ္မာသမာဓိအပဒေသေန၊ ဖြင့်။ သဝိတက္ကသဝိစာရာဒယော၊ သဝိတက္ကသဝိစာရသမာဓိအစရှိကုန်သော။ တယော၊ ကုန်သော။ သမာဓိ၊ တို့သည်ရင်း။ စိတ္တသမာဓိ။ပ။ ဂ်ါနိ၊ စိတ္တိဒ္ဓိပါဒ်ဟူသော စိတ္တသမာဓိ။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့သည်။ အနွေ့ာဂဓာနိ၊ ကုန်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ (ဝေမေတ္ထ အနွေ့ာဂဓာနံ ပဘေဒတောပိ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။)

၅၆၅။ ဥပမာတောတိ၊ ကား။ ဟိ၊ ချဲ့အံ့။ ဘာရော ဝိယ၊ ဝန်ကိုကဲ့သို့။ ဒုက္ခသစ္စံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဘာရာဒါနမိဝ၊ ဝန်ကိုယူခြင်းကိုကဲ့သို့။ သမုဒယသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) ဘာရနိက္ခေပနမိဝ၊ ဝန်ကိုချခြင်းကိုကဲ့သို့။ နိရောဓသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) ဘာရနိက္ခေပနူပါယော ဝိယ၊ ဝန်ကိုချခြင်း၏ အကြောင်းကိုကဲ့သို့။ မဂ္ဂသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) စ၊ တနည်းလည်း။ ရောဂေါ ဝိယ၊ အနာကိုကဲ့သို့။ ဒုက္ခသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) ရောဂနိဒါနမိဝ၊ အနာ၏အကြောင်းရင်းကိုကဲ့သို့။ သမုဒယသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏[1]။) ရောဂ-

၁-ရောဂါ၏နိဒါန်းကား အကြောင်းရင်းတည်း၊ သမုဋ္ဌာန်ကား နီးသောအကြောင်းတည်း။ ထိုတွင် မလျော်ကန်ပတ်မသင့်တင့်သော ဘောဇဉ် အာဟာရဥတုစသည်ကို မှီဝဲခြင်းသည် ဝေးသောအကြောင်း ဖြစ်ရကား နိဒါန်းတည်း၊ သလိပ်သည်းခြေ သွေးလေ မညီ ပထဝီစသောဓာတ်ဘို၏ ချောက်ခြား ဖောက်ပြန်သည်ကား နီးသောအကြောင်း ဖြစ်ရကား သမုဋ္ဌာန်တည်း။ (ပြည်)

ဝူပသမော ဝိယ၊ ရောဂါ၏ငြိမ်းခြင်း ပျောက်ခြင်းကိုကဲ့သို့။ နိရောဓသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) ဘေသဇ္ဇမိဝ၊ အနာပျောက်ကြောင်းဆေးကောင်းကို ကဲ့သို့။ မဂ္ဂသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) ဝါ၊ ကား။ ဒုဗ္ဘိက္ခမိဝ၊ ရခဲသော ထမင်းအစာရှိသည်၏အဖြစ်ကိုကဲ့သို့၊ ဝါ၊ ဝတ်မွတ်ရှားပါး အစားအစာ ရခဲသောအခါကိုကဲ့သို့။ ဒုက္ခသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) ဒုဗ္ဗုဋ္ဌိ ဝိယ၊ မိုးမကောင်း သောအခါကိုကဲ့သို့၊ ဝါ၊ မိုးမရွာသောအခါ လွန်စွာမိုးရွာသောအခါကို ကဲ့သို့။ သမုဒယသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) သုဘိက္ခမိဝ၊ ရလွယ်သောထမင်း အစာရှိသည်၏အဖြစ်ကိုကဲ့သို့၊ ဝါ၊ ကုံတံပေါများ အစားအစာ ဝပြော သောအခါကိုကဲ့သို့။ နိရောဓသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) သုဝုဋ္ဌိ ဝိယ၊ လုပ်ချိန် အခါ အသင့်အတင့်ကောင်းစွာ မိုးရွာခြင်းကိုကဲ့သို့။ မဂ္ဂသစ္စံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) အပိ စ၊ တနည်းလည်း။ ဝေရီဝေရမူလဝေရသမုဂ္ဃါတ ဝေရသမုဂ္ဃါ- တူပါယေဟိ၊ ရန်ရှိသောသူ, ရန်, ရန်ကိုအကြွင်းမဲ့သတ်ရာ, ရန်ကိုအကြွင်းမဲ့ သတ်ခြင်း၏ အကြောင်းတို့နှင့်ရင်း။ ဝိသရုက္ခ။ပ။ နုပါယေဟိ၊ အဆိပ်ပင်, အဆိပ်ပင်၏အမြစ်, အမြစ်ပြတ်ခြင်း,ထိုအမြစ်ပြတ်ခြင်း၏အကြောင်းတို့နှင့် ရင်း။ ဘယ။ပ။ ပါယေဟိ၊ ဘေး, ဘေး၏အကြောင်း, ဘေးကင်းခြင်း, ထိုဘေးကင်းရာသို့ရောက်ခြင်း, သိခြင်း၏အကြောင်းတို့နှင့်ရင်း။ ဩရိမ။ပ။ ဝါယာမေဟိ စ၊ ဤမှာဖက်ကမ်း, ကြီးစွာသောရေအယဉ်, ထိုမှာဖက်ကမ်း, ထိုမှာဖက်ကမ်းသို့ ရောက်စေတတ်သောလုံ့လတို့နှင့်ရင်း။ ယောဇေတွာပိ၊ ယှဉ်၍လည်း။ ဧတာနိ၊ ထိုသစ္စာလေးပါးတို့ကို။ ဥပမာတော၊ ဖြင့်။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ဣတိ၊ ဤရှေ့တရပ်အပြီးသတ်တည်း။ ဝေမေတ္ထ ဥပမာတော ဝိနိစ္ဆယော ဝေဒိတဗ္ဗော။

၅၆၆။ စ၊ ထိုမှတပါး။ စတုက္ကတောတိ၊ ကား။ ဧတ္ထ၊ ဤသစ္စာ လေးပါးတို့၌။ ဒုက္ခံ၊ ဒုက္ခသာမည်၍။ န အရိယသစ္စံ၊ အရိယသစ္စာမမည် သောတရားသည်။ အတ္ထိ၊ ၏။ အရိယသစ္စံ၊ အရိယသစ္စာသာမည်၍။ န ဒုက္ခံ၊ ဒုက္ခမမည်သော တရားသည်။ အတ္ထိ၊ ၏။ ဒုက္ခဉ္စေဝ၊ ဒုက္ခလည်း မည်သော။ အရိယသစ္စဉ္စ၊ အရိယသစ္စာလည်းမည်သော တရားသည်။ အတ္ထိ၊ ၏။ နေဝ ဒုက္ခံ၊ ဒုက္ခလည်းမမည်သော။ န အရိယသစ္စံ၊ အရိယ သစ္စာလည်းမမည်သောတရားသည်။ အတ္ထိ၊ ၏။ သမုဒယာဒီသု၊ သမုဒယ

စသည်တို့၌။ သေ နယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ တတ္ထ၊ ထိုစတုက္က၌။ မဂ္ဂသမ္ပယုတ္တာ၊ မဂ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ၊ မဂ္ဂင်ရှစ်ပါးကြဉ်သော မဂ်စိတ္တုပ္ပါဒ် နှစ်ဆဲ့ကိုးပါး တရားတို့သည်လည်းကောင်း။ သာမညဖလာနိ စ၊ မဂ်၏အကျိုးဖြစ်ကုန်သော ဖိုလ်စိတ္တုပ္ပါဒ် သုံးဆဲ့ခုနစ်ခုတို့သည်လည်းကောင်း။ ယံ၊ အကြင်သဘောတရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော သဘောတရားသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဣတိ ဝစနတော၊ ဤသို့ ဟောတော်မူသောကြောင့်။ သင်္ခါရဒုက္ခတာယ၊ သင်္ခါရဒုက္ခ၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခသာမည်၏။ န အရိယသစ္စံ၊ အရိယသစ္စာကားမမည်။ နိရောဓော၊ နိဗ္ဗာန်သည်။ အရိယသစ္စံ၊ အရိယသစ္စာသာမည်၏။ န ဒုက္ခံ၊ ဒုက္ခမမည်။ ပန၊ ထိုမှတပါး။ ဣတရံ၊ ဒုက္ခနိရောဓတို့မှ တပါးသော။ အရိယသစ္စဒ္ဒယံ၊ သမုဒယမဂ္ဂသစ္စာဟူသော အရိယသစ္စာနှစ်ပါး အပေါင်းသည်။ အနိစ္စတော၊ အနိစ္စ၏အဖြစ်ကြောင့်။ (သင်္ခါရဒုက္ခတာယ၊ သင်္ခါရဒုက္ခ၏ အဖြစ်ဖြင့်၊ ဝါ၊ ကြောင့်။) ဒုက္ခံ၊ ဒုက္ခမည်သည်။ သိယာ၊ ဖြစ်ကောင်း၏။ ပန၊ ထိုသို့ဖြစ်ကောင်းသော်လည်း။ ယဿ၊ အကြင်ဒုက္ခသစ္စာကို။ ပရိညာယ၊ ပိုင်းခြား၍သိခြင်းငှါ။ ဘဂဝတိ၊ မြတ်စွာဘုရားအထံတော်၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုဿတိ၊ သုံး၏။ (တဿ၊ ထိုဒုက္ခသစ္စာ၏။) တထဋ္ဌေန၊ မဖောက်မပြန် မှန်သောပရိညေယျ အဖြစ်ဟူသော သဘောဖြင့်။ (ဒုက္ခံ၊ ဒုက္ခမည်သည်။) န သိယာ၊ မဖြစ်ကောင်း။ ပန၊ အလျှော်ကိုဆိုအံ့။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အပြားအားဖြင့်။ တဏှာယ၊ တဏှာကို။ အညတြ၊ ထား၍။ ဥပါဒါနက္ခန္ဓပဉ္စကံ၊ ငါးပါးအပေါင်းသည်။ ဒုက္ခဋ္ဌေဝ၊ ဒုက္ခလည်းမည်၏။ အရိယသစ္စဥ္စ၊ အရိယသစ္စာလည်းမည်၏။ မဂ္ဂသမ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ စ၊ တို့သည်လည်းကောင်း။ သာမညဖလာနိ စ၊ တို့သည်လည်းကောင်း။ ယဿ၊ ကို။ ပရိညတ္ထံ၊ ငှါ။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ ကို။ ဝုဿတိ၊ ၏။ (တဿ၊ ၏။) တထဋ္ဌေန၊ ဖြင့်။ နေဝ ဒုက္ခံ၊ ဒုက္ခမမည်သည်သာတည်း။ န အရိယသစ္စံ၊ အရိယသစ္စာမမည်သည်သာတည်း။ ဧဝံ၊ ဤအတူ၊ ဝါ၊ ဤသို့သော နည်းဖြင့်။ သမုဒယာဒီသုပိ၊ သမုဒယသစ္စာ စသည်တို့၌လည်း။ ယထာယောဂံ၊ ယှဉ်သင့်သည်အားလျော်စွာ။ ယောဇေတဗ္ဗာ၊ ယှဉ်၍။ ဧတ္ထ၊ ဤသစ္စာလေးပါးတို့၌။ စတုက္ကတောပိ၊ ဖြင့်လည်း။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

[၁၄၄] ၅၆၇။ သုညတေကဝိဓာဒီဟိတိ ဧတ္ထ၊ ဌ္ဓ။ တာ၀၊ စွာ။ သုညတော၊ အားဖြင့်။ (ဝိနိစ္ဆယော ဝေဒိတဗ္ဗောတိ သေသော၊) ဟိ၊ ချဲ့အံ့။ ပရမတ္ထေန၊ အားဖြင့်။ သဗ္ဗာနေ၀၊ ကုန်သော။ သစ္စာနိ၊ တို့သည်။ ဝေဒကကာရကနိဗ္ဗုတဂမကာဘာ၀တော၊ ခံစားတတ်သောသူ, ပြုတတ်သောသူ,ငြိမ်းတတ်သောသူ,သွားတတ်သောသူမရှိခြင်းကြောင့်။ သုညာနိ၊ ဗာဟိရကတိတ္ထိတို့သည် ကြံအပ်ကုန်သော ခံစားတတ်သောသူစသည်တို့မှ ဆိတ်ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ တေနေတံ ဝုစ္စတိ-လွှယ်ပြီ။

[ဟိ-သစ္စံ၊ ၏။ ဒုက္ခမေဝ၊ သည်သာလျှင်။ (အတ္ထိ၊ ၏။) ကောစိ၊ သော။ ဒုက္ခိတော၊ ဒုက္ခကိုခံစားတတ်သောသူသည်။ န ဝိဇ္ဇတိ၊ မရှိ။ ကိရိယာ၀၊ ပြုခြင်းသည်သာလျှင်။ ဝိဇ္ဇတိ၊ ၏။ ကာရကော၊ ပြုတတ်သော သူသည်။ န ဝိဇ္ဇတိ၊ မရှိ။ နိဗ္ဗုတိ၊ ငြိမ်းရာနိဗ္ဗာန်သည်။ အတ္ထိ၊ ၏။ နိဗ္ဗုတော၊ ငြိမ်းတတ်သော။ ပုမာ၊ ကျားသည်။ န အတ္ထိ၊ မရှိ။ (မဂ္ဂ-မတ္ထိ-ကို မဂ္ဂေါ+အတ္ထိဖြတ်၊ ဩ-ကို အ-ရေး၊ မ-အာဂုံ။) မဂ္ဂေါ၊ နိဗ္ဗာန်သို့ သွားရာသွားကြောင်း အကျင့်ခရီးသည်။ အတ္ထိ၊ ၏။ ဂမကော၊ နိဗ္ဗာန်သို့ သွားတတ်သော။ ပုမာ၊ သည်။ န ဝိဇ္ဇတိ၊ မရှိ။] (ရထောဒ္ဓတဂါထာ။)

အထ ဝါ၊ ကား။ ပုရိမဒ္ဒယံ၊ ရှေးဖြစ်သော ဒုက္ခသမုဒယသစ္စာနှစ်ပါး အပေါင်းသည်။ ဓုဝသုဘသုခတ္တသုညံ၊ မြဲသောသဘော, တင့်တယ်သော သဘော, ချမ်းသာသောသဘော, အတ္တဟူသောသဘောမှ ဆိတ်၏။ အမတပဒံ၊ အမြိုက်နိဗ္ဗာန်သည်။ အတ္တသုညံ၊ အတ္တမှဆိတ်၏။ မဂ္ဂေါ၊ မဂ္ဂ-သစ္စာသည်။ ဓုဝသုခအတ္တဝိရဟိတော၊ ဓုဝသုခအတ္တမှကင်း၏။ ဣတိ၊ သို့။ တေသု၊ ထိုသစ္စာလေးပါးတရားတို့၌။ သုညတာ၊ ဆိတ်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။ (အရိယာဂါထာ။)

ဝါ၊ ကား။ (ဧတ္ထ၊ ဤသစ္စာလေးပါးတို့တွင်။) တီဏိ၊ သုံးပါးသော သစ္စာတို့သည်။ နိရောဓသုညာနိ၊ နိရောဓသစ္စာမှ ဆိတ်ကုန်၏။ နိရောဓော စ၊ သည်လည်း။ သေသတ္တယသုညော၊ ကြွင်းသောသစ္စာသုံးပါးအပေါင်းမှ ဆိတ်၏။ ဝါ၊ ကား။ ဧတ္ထ၊ ဤလေးပါးသောသစ္စာတို့တွင်။ ဟေတု၊ သမုဒယ-မဂ္ဂမည်သော အကြောင်းသစ္စာသည်။ ဖလသုညော၊ အကျိုးသစ္စာမှ ဆိတ်၏။ ကသ္မာ၊ ကား။ သမုဒယေ၊ ပေါ်နေဘ္ဘဝိက တဏှာဟူသော သမုဒယ၌။ ဒုက္ခဿ၊ ပုနဗ္ဘဝဟုဆိုအပ်သော အာယတိ ဒုက္ခ၏။ အဘာဝ-

တော စ၊ ကြောင့်ငှင်း။ မဂ္ဂေ၊ ၌။ နိရောဓေသ၊ (၏။ အဘာဝတော စ၊ ကြောင့်တည်း။) ပကတိဝါဒီနံ၊ တို့၏။ ပကတိ၊ မာယာမည်သော ပကတိ သည်။ (ဝိကာရေဟိ၊ မဟာအဟံကာရ စသောဝိကာရတို့ဖြင့်။) သဂဗ္ဘာ ဝိယ၊ မျိုးရှိသကဲ့သို့၊ ဝါ၊ မျိုးနှင့်တကွဖြစ်သကဲ့သို့။ ဧဝံ·တထာ၊ တူ။ (ဟေတု၊ အကြောင်းသစ္စာသည်။) ဖလေန၊ အကျိုးသစ္စာဖြင့်။ သဂဗ္ဘော၊ မျိုးရှိသည်။ န ဟောတိ၊ မဖြစ်[၁]။ ဒုက္ခသမုဒယာနဉ္စ၊ တို့၏ငှင်း။ နိရောဓမဂ္ဂါနဉ္စ၊ တို့၏ငှင်း။ အသမဝါယာ၊ အညီအညွတ်တကွမဖြစ်ခြင်းကြောင့်။ ဖလံ၊ အကျိုးသစ္စာသည်။ ဟေတုသုညဉ္စ၊ အကြောင်းသစ္စာမှ ဆိတ်သည် လည်း။ ဟောတိ၊ ၏။ သမဝါယဝါဒီနံ၊ သမဝါယဝါဒီတိတ္ထိတို့၏။ (ဝါဒေ၊ ၌။) ဒွိအဏုကာဒိ၊ အကြောင်းပရမာဏုမြူနှစ်ခုရှိသော တခုသော အကျိုးစသည်သည်။ ဟေတုသမဝေတံ၊ အကြောင်းနှင့်တကွတည်သည်။ (ဧကီဘူဘာဝိ၀ သမ္ဗန္ဓံ၊ အကြောင်းနှင့်တကွတခုတည်းကဲ့သို့ဖြစ်၍စပ်သည်။) ဟောတိ ဝိယ၊ သို့။ ဟေတုဖလံ၊ အကြောင်း၏အကျိုးသစ္စာသည်။ ဟေတု-သမဝေတံ၊ အကြောင်းသစ္စာနှင့်တကွတည်သည်။ (ဧကီဘူတမိဝ သမ္ဗန္ဓံ၊ တခုတည်းကဲ့သို့ဖြစ်၍စပ်သည်။) န ဟောတိ၊ မဖြစ်။ (တေနေတံ ဝုစ္စတိ။)

[ဣဓ၊ ဤသစ္စာလေးပါး၌။ တယံ၊ ဒုက္ခ, သမုဒယ, မဂ္ဂဟူသော သစ္စာ သုံးပါးအပေါင်းသည်။ နိရောဓသုညံ၊ နိရောဓသစ္စာမှဆိတ်၏။ နိဗ္ဗုတိပိ၊ နိရောဓသစ္စာသည်လည်း။ တေန တယေန၊ ထိုဆိုပြီးသော သစ္စာသုံးပါးမှ။ သုညာ၊ ၏။ ဟေတု၊ အကြောင်းသစ္စာသည်။ ဖလေန၊ အကျိုးသစ္စာမှ။ သုညော၊ ၏။ ဖလံပိ၊ အကျိုးသစ္စာသည်လည်း။ တံဟေတုနာ၊ ထိုအကြောင်းသစ္စာမှ။ သုညံ၊ ၏။] (အရိယာဂါထာ၊ နိဗ္ဗုတိဿုညာ ဟေတုပ္ဖလံ-ဟု သံယုတ်နှင့်ရွတ်။) ဧဝံ တာဝ[၂]သုညတော ဝိနိစ္ဆယော ဝေဒိတဗ္ဗော။

### ကေဝိဓာဒိဝိနိစ္ဆယကထာ

၅၆၈။ စ၊ ထိုမှတပါး။ ကေဝိဓာဒီဟီတိ၊ ကား။ ဧတ္ထ၊ ဤသစ္စာ လေးပါးတို့တွင်။ သဗ္ဗမေဝ၊ သော။ ဒုက္ခံ၊ သည်။ (သံသာရဿ၊ ၏။)

---

၁-ကိုယ်ဝန်ဆောင်သော သတ္တဝါကို မျိုးရှိသည်ဆိုသကဲ့သို့ ဤ၌အကျိုးကိုဂဗ္ဘဗီဇ ကိုယ်ဝန်မျိုးဟူ၍ဆိုသည်။ (ပြည်)

၂-သုညတေကဝိဓာဒီဟိ·ဟု ပဒုဒ္ဓါရပြုခဲ့ရာကွင် သုညတော ဝိနိစ္ဆယလက်ဦးဆိုပြီး၍ ကေဝိဓာဒိ ကျန်ချေသေးရကား တာဝ-ဟူသည်။ (ပြည်)

ပဝတ္တိဘာဝတော၊ မပြတ်ဖြစ်ခြင်းသဘောအားဖြင့်။ (ဘာဝ-သည် သဘောဟော။) ကေဝိမံ၊ သည်။ ဟောတိ၊ ၏။ နာမရူပတော၊ နာမ်ရုပ် အားဖြင့်။ ဒုဝိမံ၊ ၏။ ကာမရူပါရူပ္ပပဝတ္တိဘာဝဘေဒတော၊ ကာမ-ရူပ-အရူပ ဟူသော ဥပပတ္တိအပြားအားဖြင့်။ တိဝိမံ၊ ၏။ စတုအာဟာရဘေဒတော၊ အားဖြင့်။ စတုဗ္ဗိမံ၊ ၏။ ပဉ္စုပါဒါနက္ခန္ဓဘေဒတော၊ အားဖြင့်။ ပဉ္စဝိမံ၊ ၏။

သမုဒယောပိ၊ သည်လည်း။ ပဝတ္တကဘာဝတော၊ ပဝတ္တိဟုဆိုအပ် သော ဒုက္ခသစ္စာကို ဖြစ်စေတတ်သော သဘောအားဖြင့်။ ကေဝိဓော၊ တပါးအဖို့ရှိ၏။ (ဘာဝ-သည်သဘာဝဟော။) ဒိဋ္ဌိသမ္ပယုတ္တာသမ္ပယုတ္တ-တော၊ ဒိဋ္ဌိသမ္ပယုတ်, ဒိဋ္ဌိဝိပ္ပယုတ်အားဖြင့်။ ဒုဝိဓော၊ ၏။ ကာမဘဝ-ဝိဘဝတဏှာဘေဒတော၊ ကာမတဏှာ-ဘဝတဏှာ-ဝိဘဝတဏှာ အပြား အားဖြင့်။ တိဝိဓော၊ ၏။ စတုမဂ္ဂပ္ပဟေယျတော၊ လေးပါးသောမဂ်တို့ သည် ပယ်အပ်သည်၏ အဖြစ်အားဖြင့်။ စတုဗ္ဗိဓော၊ ၏။ ရူပါဘိနန္ဒနာဒိ-ဘေဒတော၊ ရူပက္ခန္ဓာ၌တပ်သော တဏှာအစရှိသော အပြားအားဖြင့်၊ ဝါ၊ ရူပါရုံ၌တပ်သော တဏှာအစရှိသောအပြားအားဖြင့်။ ပဉ္စဝိဓော၊ ၏။ ဆတဏှာကာယဘေဒတော၊ ခြောက်ပါးသော တဏှာကာယအပြားအား ဖြင့်။ ဆဗ္ဗိဓော၊ ၏။

[၁၄၅] နိရောဓောပိ၊ သည်လည်း။ အသင်္ခတဓာတုဘာဝတော၊ အသင်္ခတဓာတ်၏ အဖြစ်ဖြင့်။ ကေဝိဓော၊ ၏။ ပရိယာယေန ပန၊ အကြောင်းအမြွက်အားဖြင့်ကား။ သဉပါဒိသေသအနုပါဒိသေသဘေဒ-တော၊ ကိလေသာတို့မှကြွင်းသော ဥပါဒါနက္ခန္ဓာနှင့်တကွဖြစ်သော နိဗ္ဗာန ဓာတ် ကိလေသာတို့မှကြွင်းသော ဥပါဒါနက္ခန္ဓာမရှိသော နိဗ္ဗာနဓာတ် အပြားအားဖြင့်။ ဒုဝိဓော၊ ၏။ ဘဝတ္တယဝူပသမတော၊ ဘဝသုံးပါး အပေါင်း၏ ငြိမ်းရာ၏အဖြစ်ဖြင့်။ တိဝိဓော၊ ၏။ စတုမဂ္ဂါဓိဂမနီယတော၊ လေးပါးသောမဂ်တို့သည် သိအပ်သည်၏ အဖြစ်ဖြင့်၊ ဝါ၊ လေးပါးသော မဂ်တို့သည် အာရုံပြု၍ရောက်အပ်သည်၏ အဖြစ်ဖြင့်။ စတုဗ္ဗိဓော၊ ၏။ ပဉ္စာဘိနန္ဒနာဝူပသမတော၊ ရူပါဘိနန္ဒနစသော ငါးပါးသောအဘိနန္ဒနတို့ ၏ ငြိမ်းရာ၏အဖြစ်ဖြင့်။ ပဉ္စဝိဓော၊ ၏။ ဆတဏှာကာယက္ခယဘေဒတော၊

ခြောက်ပါးသော တဏှာကာယတို့၏ကုန်ရာ၏ အဖြစ်ဟူသော အပြားအားဖြင့်။ ဆဗ္ဗိဓော၊ ၏။

မဂ္ဂေါပိ၊ သည်လည်း။ ဘာဝေတဗ္ဗတော၊ ဘာဝေတဗ္ဗအဖြစ်ဟူသော သာမညလက္ခဏာအားဖြင့်။ ကေဝိဓော၊ ၏။ သမထဝိပဿနာဘေဒတော၊ သမထ-ဝိပဿနာအပြားအားဖြင့်။ ဒုဝိဓော၊ ၏။ ဝါ၊ ကား။ ဒဿန-ဘာဝနာဘေဒတော၊ ဒဿန-ဘာဝနာအပြားအားဖြင့်။ ဒုဝိဓော၊ ၏။ ခန္ဓတ္တယဘေဒတော၊ သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓဟူသော သုံးပါးတို့၏အပေါင်း၏ အပြားအားဖြင့်။ တိဝိဓော၊ ၏။ ဟိ-သစ္စံ၊ ၏။ အယံ မဂ္ဂေါ၊ ကို။ သပ္ပဒေသတ္တာ၊ သီလက္ခန္ဓစသည်တို့၏ အစိတ်၏အဖြစ်ကြောင့်။ နဂရံ၊ မြို့ကို။ ရဇ္ဇေန၊ မင်း၏နိုင်ငံဖြင့်။ သင်္ဂဟိတံ ဝိယ၊ ရေတွက်အပ်သကဲ့သို့။ နိပ္ပဒေသေဟိ၊ ကြွင်းသောအစိတ်မရှိကုန်သော။ တီဟိ ခန္ဓေဟိ၊ တို့ဖြင့်။ သင်္ဂဟိတော၊ ၏။ ယထာဟ။ [အာဝုသော ဝိသာခ၊ ဒကာဝိသာခ။ အရိ-ယေန၊ အရိယာဖြစ်သော။ အဋ္ဌင်္ဂိကေန၊ သော။ မဂ္ဂေန၊ ဖြင့်။ တယော၊ ကုန်သော။ ခန္ဓာ၊ တို့ကို။ ခေါ၊ စစ်။ န သင်္ဂဟိတာ၊ ကုန်။ အာဝုသော ဝိသာခ၊ ခ။ တီဟိ၊ ကုန်သော။ ခန္ဓေဟိ စ၊ တို့ဖြင့်ကား။ အရိယော၊ သော။ အဋ္ဌင်္ဂိကော၊ သော။ မဂ္ဂေါ၊ ကို။ ခေါ၊ စင်စစ်။ သင်္ဂဟိတော၊ ၏။ အာဝုသော ဝိသာခ၊ ခ။ ယာ စ သမ္မာဝါစာ၊ သည်လည်းကောင်း။ ယော စ သမ္မာကမ္မန္တော၊ သည်လည်းကောင်း။ ယော စ သမ္မာအာဇီဝေါ၊ သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ တို့ကို။ သီလက္ခန္ဓေ၊ သီလကျေးဇူးဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ ယော စ သမ္မာဝါယာမော၊ သည်လည်းကောင်း။ ယာ စ သမ္မာသတိ၊ သည်လည်းကောင်း။ ယော စ သမ္မာသမာဓိ၊ သည်လည်းကောင်း။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ သမာ-ဓိက္ခန္ဓေ၊ ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ ယာ စ သမ္မာဒိဋ္ဌိ၊ သည်လည်းကောင်း။ ယော စ သမ္မာသင်္ကပ္ပော၊ သည်လည်းကောင်း။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ ပညာက္ခန္ဓေ၊ ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။]

ဟိ-ယသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤပါဠိ၌၊ ဝါ၊ ဤမဂ္ဂင်ရှစ်ပါး၌။ သမ္မာ-ဝါစာဒယော၊ ကုန်သော။ တယော၊ တို့သည်။ သီလမေဝ၊ သီလပင်တည်း။ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ ထိုသမ္မာဝါစာစသော သုံးပါးသောတရားတို့ကို။ သဇာတိတော-သမာနဇာတိတော၊ ဝစီဒုစ္စရိတဝိရတိစသော ဘေဒ

တို့၌ တူသောသီလဇာတ်အားဖြင့်။ သီလက္ခန္ဓေန၊ သီလကျေးဇူးဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ ဟိ-သစ္စံ၊ ၏။ ပါဠိယံ၊ ၌။ သီလက္ခန္ဓေ-တိ၊ ဟူ၍။ ဘုမ္မေန၊ သတ္တမီဝိဘတ်ဖြင့်။ နိဒ္ဒေသော၊ ညွှန်းခြင်းကို။ ကိဋ္ဌာပိ ကတော၊ အကယ်၍ကား ပြုအပ်၏။ ပန၊ ထိုသို့ပြုအပ်သော်လည်း။ ကရဏဝသေနေဝ၊ တတိယာဝိဘတ်၏ အစွမ်းဖြင့်သာလျှင်။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ပန၊ ဆက်၍ဆိုအံ့။ သမ္မာဝါယာမာဒီသု၊ ကုန်သော။ တီသု ဓမ္မေသု၊ တို့တွင်။ သမာဓိ၊ သမာဓိသည်။ အတ္တနော၊ ၏။ ဓမ္မ-တာယ၊ သဘောအားဖြင့်။ အာရမ္မဏေ၊ ၌။ ဧကဂ္ဂဘာဝေန၊ တခုသော အာရုံရှိသည်၏အဖြစ်ဖြင့်။ အပ္ပေတုံ၊ သက်ဝင်ခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ ပန၊ စင်စစ်သော်ကား။ ဝီရိယေ၊ ဝီရိယသည်။ ပဂ္ဂဟကိစ္စံ၊ သမ္ပယုတ်တရားတို့ကို ချီးပင့်ခြင်းကိစ္စကို။ သာဓေန္တေ၊ ပြီးစေသည်ရှိသော်။ သတိယာ စ၊ သတိသည်လည်း။ အပိလာပနကိစ္စံ၊ မပေါ်စေခြင်းကိစ္စကို၊ ဝါ၊ မဒွမလျော့ခြင်းကိစ္စကို။ သာဓေန္တိယာ၊ ပြီးစေသည်ရှိသော်။ လဒ္ဓူ-ပကာရော၊ ရအပ်သောကျေးဇူး ပြုခြင်းရှိသည်။ ဟုတွာ၊ ၍။ (အပ္ပေတုံ၊ ငှါ။) သက္ကောတိ၊ ၏။

တတြ၊ ထိုသို့တတ်နိုင်ရာ၌။ အယံ၊ ဤဆိုလတ့်သည်ကား။ ဥပမာ၊ တည်း။ ဟိ၊ ထင်ရှားစေအံ့။ နက္ခတ္တံ၊ သဘင်ကို။ ကီဠိဿာမ၊ ကစားကုန်အံ့။ ဣတိ၊ သို့။ ဥယျာနံ၊ သို့။ ပဝိဋ္ဌေသု၊ ကုန်သော။ တီသု၊ ကုန်သော။ သဟာယေသု၊ သူငယ်ချင်းတို့တွင်။ ဧကော၊ သည်။ သုပုပ္ဖိ-တံ၊ လှိုင်လှိုင်ပွင့်သော။ စမ္ပကရုက္ခံ၊ စကားပင်ကို။ ဒိသွာ၊ ၍။ ဟတ္ထံ ဥက္ခိပိတွာ၊ လက်ကိုမြှောက်၍။ ဂဟေတုံပိ၊ ဆွတ်ခြင်းငှါလည်း။ န သက္ကု-ဏေယျ၊ မစွမ်းနိုင်ရာ။ အထ၊ ထိုသို့မစွမ်းနိုင်လတ်သော်။ အဿ၊ ထို လက်လှမ်းသောသူအား။ ဒုတိယော၊ နှစ်ယောက်မြောက်သော အဖော်သည်။ ဩဏမိတွာ၊ ကုန်း၍။ ပိဋ္ဌိံ၊ ကျောက်ကုန်းကို။ ဒဒေယျ၊ ပေးရာ၏။ သော၊ ထိုသူသည်။ တဿ၊ ထိုကုန်းသောအဖော်၏။ ပိဋ္ဌိယံ၊ ၌။ ဌတွာပိ၊ ရပ်လျက်လည်း။ ကမ္ပမာနော၊ တုန်သည်ဖြစ်၍။ ဂဟေတုံ၊ ငှါ။ န သက္ကုဏေယျ၊ ရာ။ အထ၊ ထိုသို့တုန်လတ်သော်။ အဿ၊ ထိုသူအား။ ဣတရော၊ သုံးယောက်မြောက်သော အဖော်သည်။ အံသကူဋံ၊ ပခုံးစွန်းကို။ ဥပနာမေယျ၊ ညွတ်စေရာ၏။ သော၊ သည်။ ဧကဿ၊ ၏။ ပိဋ္ဌိယံ၊

၌။ ဌတွာ၊ ၍။ ဧကဿ၊ ၏။ အံသကူဋံ၊ ကို။ ဩလုဗ္ဘ၊ လက်ထောက်၍။ ယထာရုစိ၊ အလိုအတိုင်း။ ပုပ္ဖါနိ၊ တို့ကို။ ဩစိနိတွာ၊ ဆွတ်၍။ ပိဠန္ဓိတွာ၊ ပန်၍။ နက္ခတ္တံ၊ ကို။ ကီဠေယျ ယထာ၊ ကြည့်စားရာသကဲ့သို့။ ဣဒံ၊ ဤ ဤဥပမေယျကို။ ဧဝံ သမ္ပဒံ၊ ဤဥပမာနှင့်အတူ ပြီးစီးပြည့်စုံသည်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။

[၁၄၆] ဟိ-ကထံ၊ အသို့တူသနည်း ဟူမူကား၊ ဝါ၊ ချဲ့။ ဧကတော၊ တပေါင်းတည်း။ ဥယျာနံ၊ သို့။ ပဝိဋ္ဌာ၊ ကုန်သော။ တယော၊ ကုန်သော။ သဟာယာ ဝိယ၊ တို့ကဲ့သို့။ ဧကတော၊ တည်း။ ဇာတာ၊ ကုန်သော။ သမ္မာဝါယာမာဒယော၊ ကုန်သော။ တယော၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။ သုပုပ္ဖိတစမ္ပကော ဝိယ၊ ကောင်းစွာပွင့်သော စကားပင်ကဲ့သို့။ အာရမ္မဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဟတ္ထံ ဥက္ခိပိတွာပိ၊ ၍လည်း။ ဂဟေတုံ၊ ငှါ။ အသက္ကောန္တော ဝိယ၊ မစွမ်းနိုင်သောသူကဲ့သို့။ အတ္တနော၊ ၏။ ဓမ္မတာယ၊ ဖြင့်။ အာရမ္မဏေ၊ ၌။ ဧကဂ္ဂဘာဝေန၊ ဖြင့်။ အပ္ပေတုံ၊ ငှါ။ အသက္ကောန္တော၊ သော။ သမာဓိ၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပိဋ္ဌိံ ဒတွာ၊ ၍။ ဩဏတသဟာယော ဝိယ၊ ကဲ့သို့။ ဝါယာမော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ အံသကူဋံ ဒတွာ၊ ၍။ ဌိတသဟာယော ဝိယ၊ ကဲ့သို့။ သတိ၊ ကို။ ဒဋ္ဌဗ္ဗာ၊ ၏။ တေသု၊ ထိုသူငယ်ချင်းသုံးယောက်တို့တွင်။ ဧကဿ၊ ၏။ ပိဋ္ဌိယံ၊ ၌။ ဌတွာ၊ ၍။ ဧကဿ၊ ၏။ အံသကူဋံ၊ ကို။ ဩလုဗ္ဘ၊ ၍။ ဣတရော၊ ဤမှတပါး ပန်းဆွတ်သောသူသည်။ ယထာရုစိ၊ တိုင်း။ ပုပ္ဖံ၊ ကို။ ဂဟေတုံ၊ ငှါ။ သက္ကောတိ ယထာ၊ သို့။ ဧဝမေဝ၊ တူ။ ဝီရိယေ၊ သည်။ ပဂ္ဂဟကိစ္စံ၊ ကို။ သာဓေန္တေ၊ သော်။ သတိယာ စ၊ သည်လည်း။ အပိလာပနကိစ္စံ၊ ကို။ သာဓေန္တိယာ၊ သော်။ (လဒ္ဓု-ပကာရော၊ သည်။ ဟုတွာ၊ ၍။) သမာဓိ၊ သည်။ အာရမ္မဏေ၊ ၌။ ဧကဂ္ဂဘာဝေန၊ ဖြင့်။ အပ္ပေတုံ၊ ငှါ။ သက္ကောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤသုံးပါးသောတရားတို့တွင်။ သမာဓိယေဝ၊ ကိုသာလျှင်။ သဇာ-တိတောတိ၊ သဝိတက္က-သဝိစာရစသည်ပြားသော သမာဓိတို့၌ တူသော သမာဓိ၏ သမာဓာန သဘောဟူသောဇာတ်အားဖြင့်။ သမာဓိက္ခန္ဓေန၊ သမာဓိကျေးဇူးဖြင့်။ သင်္ဂဟိတော၊ ၏။ ဝါယာမသတိယော ပန၊ တို့သည်ကား။ ကိရိယတော၊ သမာဓိအားကျေးဇူးပြုသော သမာဓိအားလျော်

သော ကိစ္စအားဖြင့်။ (သမာဓိကစ္စေန၊ ဖြင့်။) သင်္ဂဟိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ကိရိယတော၊ ၏။

သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပေသုပိ၊ တို့တွင်လည်း။ ပညာ၊ သည်။ အတ္တနော၊ ၏။ ဓမ္မတာယ၊ ဖြင့်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ တ္တဟူ၍။ အာရမ္မဏံ၊ ကို။ နိစ္ဆေတုံ၊ ဆုံးဖြတ်ခြင်းငှါ။ န သက္ကောတိ၊ နိုင်။ ပန၊ စင်စစ်။ ဝိတက္ကော၊ ဝိတက်သည်။ အာကောဋေတွာ၊ ခေါက်၍ ခေါက်၍။ ဒေန္တေ၊ ပေးသည်ရှိသော်။ နိစ္ဆေတုံ၊ ငှါ။ သက္ကောတိ၊ ၏။ ကထံ၊ အဘယ်သို့ တတ်နိုင်သနည်း[၁]။ ဟေရညိကော၊ ပွဲစားမင်းသည်။ ကဟာပဏံ၊ အသပြာကို။ ဟတ္ထေ၊ ၌။ ဌပေတွာ၊ ၍။ သဗ္ဗဘာဂေသု၊ အလုံးစုံသော အဖို့တို့၌။ ဩလောကေတုကာမော၊ ကြည့်ခြင်းငှါလိုသည်။ သမာနောပိ၊ ဖြစ်သော်လည်း။ စက္ခုတလေနေဝ၊ မျက်စိအပြင်ဖြင့်သာလျှင်။ ပရိဝတ္တေတုံ၊ ထိုမှဤမှလှန်ခြင်းငှါ။ န သက္ကောတိ၊ နိုင်။ ပန၊ စင်စစ်။ အင်္ဂုလိပဗ္ဗေဟိ၊ လက်ချောင်းတို့ဖြင့်။ ပရိဝတ္တေတွာ ပရိဝတ္တေတွာ၊ လှန်၍ လှန်၍။ ဣတော စိတော စ၊ ဤမှဤမှလည်း။ ဩလောကေတုံ၊ ကြည့်ခြင်းငှါ။ သက္ကោ- တိ ယထာ၊ သို့။ ဧဝမေဝ၊ တူ။ ပညာ၊ သည်။ အတ္တနော၊ ၏။ ဓမ္မတာယ၊ ဖြင့်။ အနိစ္စာဒိဝသေန၊ ဖြင့်။ အာရမ္မဏံ၊ ကို။ နိစ္ဆေတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။ ပန၊ စင်စစ်သော်ကား။ အဘိနိရောပနလက္ခဏေန၊ သမ္ပယုတ် တရားတို့ကို အာရုံသို့ ရှေးရှုတက်စေခြင်း လက္ခဏာရှိသော။ အာဟနန- ပရိယာဟနနရသေန၊ ရှေးရှု ခေါက်ခြင်း, အဖန်တလဲလဲ ခေါက်ခြင်း, ထက်ဝန်းကျင် ခေါက်ခြင်း ကိစ္စရှိသော။ ဝိတက္ကေန၊ သည်။ အာကော- ဋေန္တေန ဝိယ၊ (အနိစ္စံ အနိစ္စံ စသည်ဖြင့် ပညာ၏ကိစ္စနှင့် တူသောကိစ္စဖြင့်) ထက်ဝန်းကျင်မှ အဖန်တလဲလဲခေါက်သကဲ့သို့ရင်း။ ပရိဝတ္တေန္တေန ဝိယ စ၊ (အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန ဤသို့အစရှိသည်ဖြင့်) လှန်လှော်သကဲ့သို့ ရင်း။ အာဒါယ ဝိယ၊ ယူ၍ကဲ့သို့[၂]။ (ဝိယလိုက်။) ဥဂ္ဂဟိတွာ၊ ကြံ၍ ကြံ၍။

---

၁-အကျယ်ချဲ့လိုသော ကျမ်းဆရာတို့သည် ကထံ-သဒ္ဒါ, သေယျထိဒံ-သဒ္ဒါတို့ဖြင့် တက်မြဲ၊ ထို့ကြောင့် ယထာ ဟိ-၌ ဟိ-ကား နိပါတ်ချသာ အနက်မရှိဟု ဆရာတို့ဆို ဆိုကုန်၏။ (ပြည်)

၂-ဝိသုဒ္ဓိမဂ်စာကိုယ်၌ အာဒါယာဒါယ-ဟု ရှိ၏၊ ဟူ၍ ယူ၍-ဟု အနက်ပေးရာ၏။ (ဆ-သံ-သော)

(ဝိစ္ဆာလောပ-ထည့်[1]။) ဒိန္နမေဝ၊ ပေးအပ်သော အာရုံကိုသာလျှင်။ ပညာ၊ သည်။ နိစ္ဆေတုံ၊ ငှါ။ သက္ကောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဣမာပိ၊ ဤသမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပတို့တွင်လည်း။ သမ္မာဒိဋ္ဌိယေဝ၊ ကိုသာလျှင်။ သဇာတိတော၊ ဒုက္ခေဉာဏံ စသည်တို့၌တူသော ပဇာနနသဘော ဟူသော ပညာ၏ ဇာတ်အားဖြင့်။ ပညာက္ခန္ဓေန၊ ဖြင့်။ သင်္ဂဟိတာ၊ ၏။ သမ္မာ-သင်္ကပ္ပေါ ပန၊ သည်ကား။ ကိရိယတော၊ ပညာ၏ကိစ္စနှင့်တူသော ကိစ္စ အားဖြင့်[2]။ သင်္ဂဟိတော၊ သည်။ ဟောတိ၊ ၏။

ဣတိ၊ ဤသို့။ ဣမေဟိ တီဟိ ခန္ဓေဟိ၊ တို့ဖြင့်။ မဂ္ဂေါ၊ သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆတိ၊ ၏။ တေန၊ ကြောင့်။ တိဝိဓော ခန္ဓတ္တယဘေဒတောတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ သောတာပတ္တိမဂ္ဂါဒိဝသေနေဝ၊ သောတာပတ္တိမဂ် စသည်တို့၏ အစွမ်းဖြင့်ပင်လျှင်။ စတုဗ္ဗိဓော၊ ၏။

အပိ စ၊ တနည်းကို။ ဝုစ္စတေ၊ ၏။ သဗ္ဗာနေဝ၊ ကုန်သော။ သစ္စာနိ တို့သည်။ အဝိတထတ္တာ၊ မဖောက်မပြန် မှန်သည်၏ အဖြစ်ကြောင့်ရင်း။ အဘိညေယျတ္တာ ဝါ၊ ရှေးရှုမျက်မှောက်သိအပ်သည်၏အဖြစ်ကြောင့်ရင်း။ ဧကဝိဓာနိ၊ တပါးအဖို့ရှိကုန်၏။ လောကိယလောကုတ္တရတော ဝါ၊ အား ဖြင့်ရင်း။ သင်္ခတာသင်္ခတတော ဝါ၊ အားဖြင့်ရင်း။ ဒုဝိဓာနိ၊ ကုန်၏။ ဒဿနဘာဝနာဟိ၊ တို့ဖြင့်။ ပဟာတဗ္ဗတော စ၊ ပယ်အပ်သည်၏ အဖြစ် အားဖြင့်ရင်း။ အပ္ပဟာတဗ္ဗတော စ၊ အားဖြင့်ရင်း။ တိဝိဓာနိ၊ ကုန်၏။ (ဒဿနပဟာတဗ္ဗတစ်, ဘာဝနာပဟာတဗ္ဗတစ်, ဒဿနဘာဝနာအပ္ပဟာ-တဗ္ဗတစ် သုံးဖြစ်၏။) ပရိညေယျာဒိဘေဒတော၊ ပရိညေယျ,ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ,ဘာဝေတဗ္ဗ အပြားအားဖြင့်။ စတုဗ္ဗိဓာနိ၊ ကုန်၏။ ဣတိ၊ ဤရွေ့တခန်းတည်း။ (ဝေမေတ္တ ကေဝိခါဒိဟိ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။)

---

၁-အာဒါယ ဉီဟိဟ္ဝာ၊ မူလဋီ ၂-၅၉။ အာဒါယ ဉီဟိတ္ဝာတိ ဂဟေတွာ ဝိယ တက္ကေတွာ ဝိတက္ကေတွာ၊ အနု ၂-၆၈။ (ပြည်)

၂-ပေတို့၌ ကိရိယဝသေန-ရှိ၏၊ ရှိသည်အတိုင်းလည်း နိသျည်း၌ ယောဇနာ၏။ ကိရိယတောတိ ဧတ္ထ ပညာသဒိသကိစ္စံ ကိရိယာတိ ဝုတ္တံ၊ ပုဗ္ဗေ ပန သမာဓိဉပကာရကံ တဒနုရူပကိစ္စန္တိ အယမေတ္ထ ဝိသေသော-ဟုလာသော ဤဋီကာ၊ ရင်းနည်းတူ မူလ-ဋီကာတို့၌ လာသောကြောင့် ပါဠ်ဟောင်း မမှတ်သာ။ (ပြည်)

[၁၄၇] ၅၆၉။ သဘာဂဝိသဘာဂတောတိ၊ ကား။ သဗ္ဗာနေဝ၊ ကုန်သော။ သစ္စာနိ၊ တို့သည်။ အဝိတထတော၊ အားဖြင့်ရင်း။ အတ္တသုညတော၊ အတ္တမှဆိတ်သောအားဖြင့်ရင်း။ ဒုက္ကရပဋိဝေဓတော စ၊ ခဲယဉ်းစွာ ထိုးထွင်း၍သိအပ်သည်၏ အဖြစ်အားဖြင့်ရင်း၊ ဝါ၊ ထိုးထွင်း၍ သိခြင်းငှါ ခဲယဉ်းသည်၏ အဖြစ်အားဖြင့်ရင်း။ အညမညသဘာဂါနိ၊ အချင်းချင်း တူသောအဖို့ရှိကုန်၏၊ ဝါ၊ တူသောသဘော ရှိကုန်၏။ ယထာဟ——

